

# ဗုဒ္ဓသပိတ်တော်

မောင်စိုးမောင် (သာဂရ)

မြန်မာ့အလင်းအယ်ဒီတာချုပ်

စာပေတိုက်

—

သာဂရစာပေ

၃၂ က၊ ရွှေတောင်ကြားလမ်း

ဗဟန်းစာတိုက်၊ ရန်ကုန်။

[ဖုံး။ ။၃၁၁၄၅]

ပြည်လုံးကျွတ်ဖြန့်ချိသူ

—

အောင်ကျော်ဦးစာပေ

၁၉၉၊ ဗိုလ်အောင်ကျော်လမ်း

ရန်ကုန်။

ပုံနှိပ်ခြင်း

ပထမ၊ ။၁၃၃၇/၁၉၇၆

—

စောင်ရေ

၃၀၀၀

—

မျက်နှာဖုံးဒီဇိုင်း

**စံတိုး**

—

မျက်နှာဖုံးဘလောက်

**လွင်**

—

မျက်နှာဖုံးပုံနှိပ်

**ရွှေစင်၊ ၃၉ လမ်း**

—


စာအုပ်ချုပ်

**မောင်မြင့်၊ ၃၄ လမ်း**

—

**ဦးအောင်ကြီး၊ အညာကြန်နံ့ လူသားစာပေ (မြဲ ။ ။၀၉၈၆)၊ အမှတ် ၅ တင့်ဆန်းလမ်း ဥတ္တလစ်၊ ရန်ကုန်က ထုတ်ဝေ၍၊ မောင်ကိုဦး၊ ကုမာရပုံနှိပ်တိုက် (မြဲ ။ ။၀၇၃၆)၊ အမှတ် ၁၂၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ ရန်ကုန် (ပုဂံစာအုပ်တိုက် အဆောက်အဦ)က 'ကုမာရစက်' ဖြင့် ပုံနှိပ်သည်။**

[တန်ဖိုး။ ။၁၀ကျပ်]



အဇာတသတ်
အသောက
ကနိသျှက
ကူဗလိုင်ခန်(နှင့်)


# ဗုဒ္ဓသပိတ်တော်


ပြုစုရေးသားသူ
မောင်စိုးမောင်(သာဂရ)
(မြန်မာ့အလင်းအယ်ဒီတာချုပ်)



သာဂရစာအုပ်တိုက်

၁၃၃၇-ခု၊ တပေါင်းလပြည့်နေ့
၁၉၇၆-ခု၊ မတ်လ ၁၄ ရက်



[ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် - ၇၆၁၉/က]

ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏ သမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါထမံ။

— မဟာအာဋာန ဋိယသုတ

# မာတိကာ


—။ မိတ်ဆက် .... .... .... ဈ

၁။ ဗုဒ္ဓ၏ ပထမသပိတ်တော် .... .... ၁

၂။ ဗုဒ္ဓ၏ ဒုတိယသပိတ်တော် .... .... ၁၁

၃။ သုဒ္ဓောဒန၊ အာနန္ဒာနှင့် သပိတ်တော် .... ၂၅

၄။ စန္ဒကူးသပိတ်နှင့် ဗုဒ္ဓအဆုံးအမ.... .... ၃၂

၅။ ဗုဒ္ဓသပိတ်တော်ကိုင် ရဟန်းတော်များ .... ၄၃

၆။ သပိတ်တော် တန်ခိုးပြခြင်း .... .... ၅၆

၇။ အဇာတသတ်မင်း၏ ဌာပနာတိုက် .... ၆၃


၈။ အသောကနှင့် ဗုဒ္ဓသပိတ်တော်.... .... ၇၅

၉။ လင်္ကာဒီပသို့ သပိတ်တော်ကို ပင့်ခြင်း .... ၉၆

၁၀။ သပိတ်တော်ကို ဖူးခဲ့သူ ဖာဟီယန် .... .... ၁၀၆

၁၁။ ဘာမီယန် မြစ်ဝှမ်း သာသနာခေတ် .... ၁၂၃

၁၂။ မဏိမေခလေပြဇာတ် .... .... ၁၃၅
၁၃။ ဗုဒ္ဓအရိပ်တော်ကို ဖူးကြရခြင်း .... .... ၁၅၂
၁၄။ ဗောဓိဝမ္မနှင့် သပိတ်တော် .... .... ၁၆၆
၁၅။ ကူဗလိုင်ခန်နှင့် ဗုဒ္ဓသပိတ်တော် .... ၁၇၈
၁၆။ မုဆိုးဘဝ ရောက်ခဲ့စဉ်အချိန် .... .... ၁၈၆
၁၇။ သေရအံ့ဆဲဆဲ အတွေ့အကြုံ .... .... ၂၀၀
၁၈။ ဟိမဝန္တာခြေရင်းမှ ရွာကလေး .... .... ၂၁၁
၁၉။ သူတော်စင်တို့ မွေ့လျော်ရာ .... .... ၂၂၈
၂၀။ ထူးမြတ်သောဆုလာဘ် .... .... ၂၃၇



# မိတ်ဆက်

ကနဦးကတော့ စာအုပ်အဖြစ် ရေးသားပြုစုရန် ရည်ရွယ်ရင်း မရှိခဲ့ပါ။ အိန္ဒိယ သတင်းစာတစောင်၌ ဖော်ပြ ထားသော ဆောင်းပါးတပုဒ်ကို ဖတ်မိရင်းက ထိုအကြောင်းကို မြန်မာစာဖတ် ပရိသတ်များလည်း စိတ်ဝင်စားလိမ့်မည် ဟူသော အတွေးဖြင့် အလျဉ်းသင့်ရာ မဂ္ဂဇင်း၊ ဂျာနယ် တခုခုတွင် ရေးမည်ဟုသာ စိတ်ကူးမိခဲ့ပါသည်။ ယင်းသို့ စိတ်ကူး ပေါ်ခဲ့သည်မှာလည်း နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပါပြီ။

၁၉၅၃ ခုနှစ်လောက်က ဆိုဗီယက်ယူနီယံသို့သွားသောအခါ ကာလကတ္တားမြို့၌ တနေ့တာမျှ ခရီးတထောက်နားရစဉ် အိန္ဒိယ သတင်းစာ တစောင် ၌ ဗုဒ္ဓ သပိတ်တော်နှင့် ပတ်သက်သော ဆောင်းပါးကို ဖတ်ရှုမိပါသည်၊ ဆောင်းပါးအကြောင်းအရာမှာ စိတ်ဝင်စားဖွယ်ရာကောင်းနေသဖြင့် ထိုဆောင်းပါးကို ဖြတ်ယူ၍ သိမ်းဆည်းထားခဲ့ပါသည်။သို့နှင့် ခရီးဆက်သောအခါ လမ်းတွင် ပါကစ္စတန်နိုင်ငံ ပက်သျှဝါမြို့သို့ဝင်၍ လေးရက်လောက် နားရ

ပြန်ပါသေးသည်။ ဆိုဗီယက်ယူနီယံသို့ သွားရသောခရီးသည် ယခုအချိန်မှာ ရန်ကုန်၊ ဘုံဘေ၊ တီဟီရန်၊ မော်စကို စသည်ဖြင့် အဲရိုးဖလုတ် လေယာဉ်ကြီးနှင့် တမြို့တွင် တနာရီစီလောက် နား၍ သွားရသလို ဖြူးဖြူးခဲဖြောင့်ဖြောင့် မရှိခဲ့ပါ။ ရန်ကုန်မှ ကာလကတ္တား၊ ထိုမှ နယူးဒေလီ တဖန် လေယာဉ်နှင့် ပါကစ္စတန်နိုင်ငံ လဟိုမြို့၊ နောက် မီးရထားတတန်စီး၍ ပက်ဉ္ဇာဝါမြို့သို့ရောက်လျှင် ထိုမြို့မှအာဖဂန်နစ္စတန်၊ကာဘူးလ်သို့ ကိုင်ဘာတောင်ကြားလမ်းမှ တနေ့နှင့် တည ခရီးကို ဘတ်စကားစီး၍ ဆက်ကြရပြန်သည်။ ကာဘူးလ်ရောက်တော့မှ ရုရှား လေယာဉ်ကို စောင့်စီးရသည်။ ခရီးကလည်း ပင်ပန်း ကြမ်းတမ်း၍ ပြေပြေ ပြစ်ပြစ် ချောချော မွေ့မွေ့ မရှိ။ တကယ့်ကိုမှ သက်စွန့် ဆံဖျားခရီး။

မဟာဗဟုသုတတော့ ကောင်းကောင်းကြီး ရပါသည်။

စောစောက ကာလကတ္တား၌ တွေ့ရသော ဆောင်းပါးတွင် ပက်ဉ္ဇာဝါမြို့နှင့် ဆက်စပ်နေသော အကြောင်းအရာများ ပါရှိလေသည်။ သို့နှင့် ပက်ဉ္ဇာဝါမြို့တွင် လေးရက်လောက် နားနေရသောအခါ၌ ထိုဆောင်းပါးပါ အချက်အလက်အချို့ကို စုံစမ်းရရှိ၍ ကျော်ကြားထင်ရှားသော ပက်ဉ္ဇာဝါ ရှေးဟောင်းပစ္စည်းဆိုင်ရာ ပြတိုက်သို့လည်း သွားရောက်လေ့လာခွင့် ရရှိခဲ့လေသည်။

အိန္ဒိယနိုင်ငံမှ ပါကစ္စတန်နိုင်ငံအဖြစ် ခွဲထွက်တည်ထောင်သည့် အချိန်ထိ ပက်ဉ္ဇာဝါပြတိုက်တွင် ကျောက်သားသပိတ်တလုံး ပြသထား သည်ဟု ဆိုလေသည်။ ထိုသပိတ်မှာ ရာစုနှစ် ၂၀၀ လောက် ဆီကပင် ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ ကျောင်းတော်ရာမှ တူးဖော်ရရှိခဲ့သည်ဟုလည်း သိရသည်။ သပိတ် ပြုလုပ်ထားပုံမှာ အလွန် လက်ရာပြောင်မြောက်စွာဖြင့် ကျောက်ညိုသား ပကတိကို ထွင်းထားရာ ချောမော ပြေပြစ်လျက် အပြစ်အနာအဆာ ဟူ၍

လုံးဝမရှိသဖြင့် လေ့လာကြည့်ရှုဖူးသူတိုင်းက တအံ့တဩ ချီးကျူး ကြရသည်။

ပက်သျှဝါ ရှေးဟောင်းပစ္စည်းဆိုင်ရာပြတိုက် ပြကိုက်မှူးအား ယင်းသပိတ်တော်ကို ကြည့်ရှုလိုကြောင်းနှင့် ပြောပြသောအခါ နှစ်ပေါင်းအတန်ကြာကပင် ထိုပစ္စည်းသည် ပြတိုက်မှ ပျောက်ကွယ် သွားခဲ့သည်ဖြစ်၍ ယခု မရှိတော့ကြောင်း၊ ယခုအခါမှာဆိုလျှင် အဖိုးတန်သော ပစ္စည်းအချို့ကို လုံခြုံသောနေရာ၌ သံသေတ္တာ ကြီးများထဲ၌ ထည့်၍သိမ်းဆည်းထားရကြောင်း၊ သပိတ်တော်မှာ ဗုဒ္ဓအသုံးပြုခဲ့သော သပိတ်တော် မဟုတ်၊ တက်ဆီလာဟု ယခု အခါ၌ ခေါ်ဝေါ်လျက်ရှိသော ရှေးတက္ကသိုလ်မြို့အနီး ကျောင်း တော်ရာမှ တူးဖော်ရရှိခဲ့၍ ဗုဒ္ဓခေတ် နောက်ပိုင်းလောက်တွင် ဗုဒ္ဓ ဘာသာ ရဟန်းသံဃာများ အသုံးပြုခဲ့သော သပိတ်သာ ဖြစ်ပါ သည်။ မြန်မာနိုင်ငံမှ တကူးတကန့်ရောက်လာသော မိမိတို့ မဟာ မိတ် နိုင်ငံ၏ ဧည့်သည်တော်များ ဖြစ်၍ လုံခြုံစွာထားရသော ပစ္စည်းများကို ထုတ်ပြပါမည်ဟု သော့အတန်တန်ခတ်ထားသော သံသေတ္တာကြီးထဲမှ ရွှေကြုပ်တခုကို ထုတ်ပြလေသည်။

ထိုရွှေကြုပ်မှာ အခေါက်ရွှေဖြင့် ပြုလုပ်ထားရာ များစွာမှပင် ပျော့ပျောင်းနူးညံ့သည့်အသွင်ကို ဆောင်စေသည်။ ပက်သျှဝါမြို့ အနီး ရှားဂျီကီဒါရှိ အရပ်တွင် ကနိသျှ သို့မဟုတ် ကနိသျှက မင်းကြီး တည်ထားခဲ့သော စေတီပုထိုးပြိုပျက်သွားရာမှ ထိုကြုပ်ကို တွေ့ရှိခဲ့၏။ ရွှေကြုပ်ပုံသဏ္ဌာန်မှာ ရှေးခေတ် အိန္ဒိယ နိုင်ငံတွင် အဖိုးတန်ရတနာ လက်ဝတ်တန်ဆာများ ထည့်သော ကြုပ်နှင့် တူလေသည်။ ကြုပ်အဖုံးပေါ်၌ ရုပ်တော်မူ ဗုဒ္ဓ ပုံတော်နှင့် ရဟန္တာ သို့မဟုတ် ဗောဓိသတ္တဟု ထင်ရသော ပုံတော်များ၊ လက်ဝဲ လက်ယာ ကြာပဒုမ္မာ ပွင့်လွှာများပေါ်တွင် ရပ်တော် မူနေဟန် တခုစီ ခွဲထား နိုင်အောင် အရှင် တပ်ဆင်ထားသည်။

အဖုံး ပတ်လည်တွင် ဟင်္သာငှက်က ပန်းကုံးကို ချီလာပုံကို ပတ်လည်ဖြန့်၍ ပုံသွင်းထား၏။ ကြုပ်ဘေးပတ်လည်တွင် ကနိသျှက မင်းကြီးအား နေလနှစ်ပါး ဘဂဝါက်စိဝန်းရံလျက် အခြေအရံများက ပူဇော်နေဟန် တွေ့ရလေသည်။ ရွှေကြုပ်ပါ ကမ္ပည်းစာတန်းတွင် စာအချို့မှာ ပျက်နေသော်လည်း ယင်းကြုပ်ကို သွန်းလုပ်သော ခေါမတိုင်းသား အနုပညာရှင်နှစ်ဦး၏ အမည်မှာကားထင်ရှားစွာ ပေါ်လွင်နေသေးသည်။

ယင်းရွှေကြုပ်တွင်းမှ ရရှိသော ဗုဒ္ဓ၏ အရိုးဓာတ်တော်များမှာ ယခုအခါတွင် မန္တလေးတောင် ဂန္ဓကုဋိ ဓာတ်တော် တိုက်၌ စံပယ်လျက်ရှိသည်။ အချို့သောပုဂ္ဂိုလ်များက ထိုဓာတ်တော်များသည် ဗုဒ္ဓ၏ အံတော်ဓာတ်ဖြစ်သည်ဟု ဆိုကြသည်။ ပက်သျှဝါမြို့ အနီး၌ ပြိုပျက်နေသော စေတီ ပုထိုးကို အိန္ဒိယ ရှေးဟောင်း သုတေသနဌာန ကျောက်စာဝန် ကန်နင်ဟမ်ကိုယ်တိုင် ကြီးကြပ် တူးဖော်ကြည့်သော အခါတွင် ရွှေကြုပ်၌ ထည့်သွင်း ဌာပနာ ထားသော ဗုဒ္ဓ၏ ဓာတ်တော်များကို တွေ့ရသည်။ ထိုစဉ်က ယင်းသတင်းမှာ ဟိုးလေးတကျော်ဖြစ်ခဲ့ရာ မန္တလေးတောင် ရသေ့ကြီး ဦးခန္တိက ဓာတ်တော်များကို မြန်မာနိုင်ငံသို့ ပင့်ယူ ကိုးကွယ် လိုကြောင်း မေတ္တာရပ်ခံချက်အရ အိန္ဒိယဘုရင်ခံချုပ်ကြီး လော့ဒ်မင်တို၏ သဘောတူညီချက်ဖြင့် ဗုဒ္ဓသာသနာတော် ထွန်းကားရာ မြန်မာနိုင်ငံသို့ ပေးအပ်ခဲ့သည်။ ပါကစ္စတန်နိုင်ငံ ပက်သျှဝါမြို့ ရှေးဟောင်းပစ္စည်းများဆိုင်ရာ ပြတိုက်၌ကား ဓာတ်တော်များ ထည့်သွင်းခဲ့သည့် ရွှေကြုပ်သာလျှင် ကျန်ခဲ့တော့သည်။

ပြတိုက်မှူးအား သပိတ်တော်အကြောင်း မေးမြန်း စုံစမ်းရင်း မှသည် ရာစုနှစ် ၂၀၀ လောက်ဆီက ကနိသျှက မင်းကြီး ဗုဒ္ဓ ဓာတ်တော်များကို ထည့်၍ ဌာပနာခဲ့သော ရွှေကြုပ်ကို ကိုင်တွယ် ကြည့်ရှု လေ့လာခွင့် ရသောကြောင့် ကျေနပ်ရပါသေးသည်။

ပါကစ္စတန်နိုင်ငံရှိ ဗုဒ္ဓဘာသာနှင့် ပတ်သက်သော နေရာဒေသ အချို့တွင် လေ့လာခဲ့ရသည်ပင်လျှင် ဤစာအုပ် ပြုစုရေးသားရာ၌ များစွာ အထောက်အကူ ဖြစ်စေပါသည်။ ထို့မှတဖန် ကိုင်ဘာ တောင်ကြားလမ်းမှတဆင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ရောက်သော အခါမှာလည်း ထို့အတူပင် စောစောက အိန္ဒိယ သတင်းစာမှ ဖြတ်ယူခဲ့သော ဆောင်းပါးပါ အချက်အလက်များကို ထပ်မံ စုံစမ်း လေ့လာခွင့်ရလေသည်။

ဂန္ဓာရတိုင်းဟု ရှေးအခါက ကျော်ကြားသော ဒေသကား ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံများကို ခွ၍ တည်ရှိ ခဲ့လေသည်။ ပက်သျှဝါမြို့ အနောက်မြောက်ဖက် အိန္ဒုမြစ် အနောက်ခြမ်း တောင်ကမူများ ထူထပ်သော ဆွဒ် နှင့် ဘူနာ နယ်များဖြစ်၍ မြောက်ဖက်တွင် တောင်ကုန်းမြင့်များ၊ တောင်ဖက်နှင့် အနောက်ဖက်တွင် ကာဘူးလ်မြို့နှင့် ဆွဒ် မြစ်များ အသီးသီး တည်ရှိလေသည်။ ခေါမ ပန်းပု ကျောက်ဆစ် အနုပညာများထက် ရောမ ပန်းပု ကျောက်ဆစ်အနုပညာများက ဂန္ဓာရ အနုပညာ ရုပ်တုများတွင် နွယ်နေသည်ဟု သုံးသပ်ကြသည်။ ဂန္ဓာရ ကျောက်ဆစ် ရုပ်ကြွ လက်ရာများနှင့် ရုပ်တုများကို ကာဘူးလ် မြစ်ဝှမ်းဒေသနှင့် ဟိန္ဒူကွတ်ရှ် တောင်တန်း၏ တောင်ဖက်ရှိ နယ်များနှင့် ပန်ဂျပ် ပြည်နယ် မြောက်ပိုင်း ဒေသများအထိ အနှံ့အပြား တွေ့ရသည့် အပြင် အောဆမြစ် မြောက်ပိုင်းဒေသနှင့် အိန္ဒုမြစ် တောင်ဖက် တက်ဆီလာမြို့ (ရှေးတက္ကသိုလ်မြို့တော်) တဝိုက်တွင်လည်း တွေ့ရ ပြန်လေသည်။

မဂဓတိုင်းတွင် ဗိမ္ဗိသာရ မင်းကြီး မင်းပြုစဉ် ဂန္ဓာရတိုင်း တက္ကသိုလ်မြို့၌ ပုက္ကုသာတိမင်း စိုးစံနေခဲ့၏။ ပုက္ကုသာတိမင်း၏ နိုင်ငံတွင် ဝေဒ ကျမ်းများ၊ အထဗ္ဗဏဝေဒ ကျမ်းများ၊ ဇောတိ သတ္တ ကျမ်းများကို တဖက်ကမ်းခတ် တတ်ကျွမ်းသော ပညာရှင်

များ၊ လေး၊မြား၊ဓား၊လှံ စသော လက်နက်အတတ်၌ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များ၊ စောင်း ညင်း ပတ်သာ စသော တူရိယာ အတီးအမှုတ် အနုပညာအရပ်ရပ်၌ တတ်ကျွမ်းသူ အနုပညာရှင်များ၊ အထည်အဝတ်များကို ထူးခြားစွာ ယက်လုပ်နိုင်သော ယက်ကန်းသည် ပညာရှင်များ စသည်ဖြင့် လောကီပညာရှင်များ ပေါများလှသဖြင့် မဇ္ဈိမဒေသ၌ ကျော်ကြားလှ၏။ ဒိသာပါမောက္ခ ပညာပါရဂူများ နေထိုင်ရာ ဒေသလည်း ဖြစ်၏။

မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်္ဂသုတ်၊ ယင်းအဋ္ဌကထာတွင် ဗုဒ္ဓခေတ်၌ ထိုဒေသအထိ သာသနာ ပြန့်နှံ့ခဲ့ပုံ ပြဆိုထား၏။ ပုက္ကုသာတိမင်းသည် အရောင်အဆင်း ထူးခြားလှ၍ အလွန် နူးညံ့လှသော ကမ္ဗလာရှစ်ထည်ကို ကြွေအံစာ၌ ထည့်ကာ ဗိမ္ဗိသာရမင်းထံ ပို့ဆက်ရာ ဗိမ္ဗိသာရမင်းက ဝမ်းမြောက်ကျေးဇူးတင်လှသဖြင့် ဘုရား တရား သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို ရွှေပြား၌ရေး၍ မေတ္တာတုံ့ပြန်ခဲ့၏။ပုက္ကုသာတိမင်းသည် ရတနာသုံးပါးကို ဆင်ခြင်သုံးသပ်ရာ၌ ရွှန်ချမ်းသာ ခံစားရသောအခါ နိုင်ငံနှင့် ထီးနန်းကိုစွန့်၍ ဗုဒ္ဓရှိရာသို့ တကိုယ်တည်း ထွက်ခဲ့၏။ ပုက္ကုသာတိမင်းသည် အိုးထိန်းသည်၏ အိမ်၌ တည်းခိုနေခိုက် ဗုဒ္ဓ သိတော်မူ၍ သာဝတ္ထိမှ အိုးထိန်းသည်၏ အိမ်သို့ မထင်ရှားသော ရဟန်းတပါး အသွင် ကြွလာလျက် ဓာတုဝိဘင်္ဂသုတ်ကို ဟောကြားရာ မဂ်သုံးပါး တည်သောအခါမှ ဗုဒ္ဓဖြစ်ကြောင်း သူ သိရ၏။ ဤတွင် ရဟန်းပြုပါရစေဟု ဗုဒ္ဓထံ၌ ခွင့်တောင်းပြီးလျှင် သပိတ် သင်္ကန်း အရှာထွက်ရာမှ နွားဝှေ့၍ ကွယ်လွန်ခဲ့ရလေသည်။ ထို ပုက္ကုသာတိမင်းမှာ သေလွန်သည်၏ အခြားမဲ့တွင် ဗြဟ္မာ့ဘုံသို့ ရောက်လေသည် စသည်ဖြင့် ဖတ်ရှုရလေသည်။

ဂန္ဓာရတိုင်းသို့ ဗုဒ္ဓသာသနာ ပြန့်နှံ့ခဲ့သည်မှာ စန္ဒဂုတ်မင်း ခေတ်ထက်ပင် စောသည်ဟု ဆိုလင့်ကစား ကုသျှန်မင်းများခေတ် ရောက်သောအခါတွင်မှ ကျယ်ပြန့် ထွန်းတောက် လာခဲ့လေသည်။ မှတ်သားဖွယ်ရာ အချက်တရပ်မှာ ဗုဒ္ဓသည် နုစဉ်အခါ ဂန္ဓာရတိုင်း နေရာအသီးသီးတွင် ဘဝပေါင်း များစွာ ကျင်လည်၍ ပါရမီ ဆည်းပူးခဲ့သည်။ ဥပမာအားဖြင့် ဆိုရလျှင် သတ္တနိပါတ် ဂန္ဓာရဇာတ်၌ "ဘုရားလောင်း ဂန္ဓာရမင်းသည် ကသ္မီယဂန္ဓာရတိုင်းတွင် မင်းအဖြစ် စိုးစံရစဉ် ဝင်းဝင်း ရွှန်းမြ တောက်ပနေသော လမင်းကို ရာဟုဖမ်း၍ မှေးမှိန်သွားသည်ကို မြင်ရသောအခါ သံဝေဂရပြီးသျှင် ထီးနန်းကို စွန့်၍ တောထွက်ခဲ့သည်"ဟု ဗုဒ္ဓ ဟောကြားခဲ့သည်။

ဂန္ဓာရယဉ်ကျေးမှု၊ ဘာမိယန်ယဉ်ကျေးမှုများကို ပက်သျှဝါ၊ ကာဘူးလ် ဒေသများတလျှောက် တွေ့ကြရသဖြင့်လည်း ပက်သျှဝါနှင့် ကာဘူးလ် ရှေးဟောင်းပစ္စည်းများဆိုင်ရာ ပြတိုက်များသို့ ဝင်ရောက်ကြည့်ရှု လေ့လာရသည်ကပင် စိတ်ဝင်စားဖွယ်ရာနှင့် စုံစေ့ပြည့်နှက်နေလေသည်။ ကုသျှန်မင်းများတွင် အထင်ရှားဆုံးဖြစ်သော ကနိသျှကမင်း လက်ထက်တွင် ဆိုလျှင် ဂန္ဓာရတိုင်း အပါအဝင် အရှေ့ဖက်တွင် မဂဓတိုင်း၊ မြောက်ဖက်တွင် ကသ္မီယတိုင်း၊ အနောက်ဖက်တွင် ဆိုလျှင် ပါးရှားပြည် အထိ ဗုဒ္ဓသာသနာ ပြန့်နှံ့ခဲ့ရာ ထိုဒေသများသို့လည်း ဗုဒ္ဓ သပိတ်တော်သည် လှည့်လည် ကိန်းဝပ်ခဲ့သည်ဟု ဆိုလေသည်။

ဂန္ဓာရနှင့် ဘာမိယန်ယဉ်ကျေးမှုများမှ စတင်၍ ဗုဒ္ဓ ရုပ်တုတော်များလည်း ပေါ်ပေါက်ခဲ့သည်။ ထိုခေတ်မတိုင်မီ အသောကမင်းတရား ခေတ်အထိ ဗုဒ္ဓ ရုပ်တုတော်များ မရှိခဲ့သေး။ စေတီကျောင်းကန်များ၏ မုခ်ဝ မုခ်ဦးများတွင် ဆိုလျှင် ဗုဒ္ဓအား ဗောဓိပင် ပုံဖြင့် ကိုယ်စားပြုလေသည်။ ဥပမာ ပဉ္စဝဂ္ဂီတို့အား

ဗုဒ္ဓ တရားဟောနေပုံ ဆိုလျှင် ပလ္လင်ပေါ်၌ ဗောဓိပင်ပုံကိုပြ၍ ပလ္လင်အောက်တွင် ရဟန်းတော်ငါးပါး ထိုင်၍ ရှိခိုးနေဟန်ဖြင့် ရုပ်လုံးဖော်သောအခါ မြင်ရသူ ပရိသတ်က ဗုဒ္ဓ တရားဦးဟော ခန်းဟု နားလည်နိုင်သည်။ အသောကမင်းကြီး၏ ကောင်းမှု ဆန်ချီ ပုထိုး မုခ်ဝများတွင် အထူးသဖြင့် ယင်းသို့ သရုပ်ဖော် ထားသည်ကို တွေ့မြင်နိုင်ပါသည်။

ကနိသျှကမင်းခေတ် ရောက်သောအခါ ခေါမ ရောမ ပန်းပု ကျောက်ဆစ် အနုပညာရပ်များ ဝင်လာခဲ့ပြီ။ ခေါမ ရောမ ကျောက်ဆစ် ပန်းပုအနုပညာသည်များသည် သူတို့၏ နတ်ဘုရား ရုပ်တုများကို ထုလုပ်နေကြလေပြီ။ ထိုအစဉ်အလာမှသည် တစစ နှင့် ဗုဒ္ဓဘာသာ ကျောင်းကန်များသို့ ဗုဒ္ဓရုပ်တုတော်များ ရောက် လာခဲ့သည်။ အစ ပထမတွင် ဗုဒ္ဓ ရုပ်တုတော်များ မဟုတ်သေး။ ဗုဒ္ဓ အလောင်းတော် ဗောဓိသတ္တ၏ ရုပ်တုများသာ ရှိချေသေး ၏။ ဗုဒ္ဓလောင်းလျာ ရုပ်တုများကို ထုလုပ် လာကြရင်းမှသည် နောင် တဖြည်းဖြည်းနှင့် ဗုဒ္ဓ ရုပ်တုတော်များ ထုလုပ်လာသည် အထိ ကျယ်ပြန့်လာခဲ့၏။ ထိုခေတ် ဂန္ဓာရ ဘာမီယန်ဒေသ ဗုဒ္ဓ ရုပ်တုတော်များမှာ မျက်နှာတော် ပုံပန်းမှစ၍ ကိုယ်ဟန်လက္ခဏာ များသည် ရောမ ခေါမ ရုပ်တုများနှင့် တူနေသည်ကို တွေ့ကြရ တော့သည်။

ဗုဒ္ဓ သပိတ်တော်နှင့် ပတ်သက်သော ဆောင်းပါးပါ အချက် အလက်များကို ဖတ်ရှုရင်း ဂန္ဓာရခေတ်၊ ဘာမီယန်ခေတ်များ၌ စိတ်ပင်စားလာရသည်နှင့် တဆက်တည်းမှာပင် ကျွန်တော်တို့ သည် ကိုင်ဘာ တောင်ကြားလမ်းခရီးကိုလည်း အာဖဂန်နစ္စတန် နိုင်ငံ ကာဘူးလ်မြို့သို့ ရောက်သည်အထိ ဘတ်စကားကြီးစီး၍ လာခဲ့ရသည်။ မက်စီဒိုနီယန်သွေးပါသော အလက်ဇန်ဒါဘုရင် သည် ကိုင်ဘာတောင်ကြားလမ်းမှ ဒိန္ဒိယပြည် အနောက်မြောက်

ပိုင်းသို့ တက်ဆီလာမြို့ (ရှေးခေတ် တက္ကသိုလ်မြို့) ကို ဖြတ်လျက် ဝင်ရောက်ခဲ့ရာ ပိုရှစ်မင်းက ရှုပ်ရှုပ်ချချ ခုခံခဲ့သည်။ ဤတွင် ကိုင်ဘာ တောင်ကြားသမ်းသည်ပင် သွေးခင်းသော လမ်းအဖြစ် ထင်ရှားခဲ့သည်။

ထိုသို့သော စိတ်ဝင်စားဖွယ်ရာ အကြောင်းများ ကိုသာ ရေးနေရလျှင် ဤမိတ်ဆက်နိဒါန်းသည်ပင် ဆုံးနိုင်ဖွယ် ရှိတော့မည် မဟုတ်ပါ။ ဗုဒ္ဓသာသနာတော်နှင့်ပတ်သက်၍ ရေးလိုရင်း ပင်မ အကြောင်းအရာများသည် ကွယ်ပျောက်သွားပေလိမ့်မည်။

ဂန္ဓာရသည် ထိုမျှ စိတ်ဝင်စားဖွယ်ရာဒေသ ဖြစ်ခဲ့၏။

ဆိုဗီယက်ရုရှားနိုင်ငံမှ အပြန်ခရီးတွင်လည်း အာဖဂန်နစ္စတန်မှ ကိုင်ဘာတောင်ကြားကို ဖြတ်သန်း၍ ပါကစ္စတန်နိုင်ငံသို့ဝင်လျက် ထိုဒေသများတွင်ပင် ထပ်၍ နားနားနေနေ အပန်းဖြေခဲ့ရပြန်သည်။ ဤတွင် လဟိုမြို့၌ တနေ့တာမျှ ရပ်နားရပြန်သောကြောင့် ရှေးဟောင်း ပစ္စည်း ပြတိုက်သို့ ဝင်၍ ဗဟုသုတ ဖြစ်ဖွယ်ရာ အကြောင်းရပ်များကို ဖြည့်စွက်လေ့လာခွင့် ရပြန်လေသည်။ သို့နှင့် ပင်ပန်းနွမ်းနယ်စွာ သွားလာခဲ့ရသော ထိုခရီးကိုပင် ကံကောင်း ထောက်မ၍ တသက်တွင်တခါ ကြုံတောင့်ကြုံခဲနှင့် ဗဟုသုတ လေ့လာ စုဆောင်းနိုင်ခဲ့သော ခရီးဟု ကျေနပ်ရင်း ယခုတိုင် ကြည်နူး စမြုံ့ပြန်နေရပါသည်။

အိန္ဒိယသတင်းစာ၌ တွေ့ခဲ့ရသော ဆောင်းပါးကို ဆိုဗီယက် ခရီးမှ အိမ်ပြန်ရောက်သောအခါ အသိမ်းအဆည်းလွန်သွားသဖြင့် သတိမရပဲ နေခဲ့သည်ကပင် နှစ်အတန် ကြာသွားပြီးနောက် ၁၉၅၇ ခုနှစ်လောက်တွင် တကြိမ် အိန္ဒိယနိုင်ငံသို့ ခရီးထွက်ခွင့် ရခဲ့ပြန်ပါသည်။ ထိုအကြိမ်၌ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သတင်းစာများမှ အယ်ဒီတာများကွန်ဖရင့် ကျင်းပသဖြင့် မြန်မာနိုင်ငံမှ လေ့လာသူအနေနှင့် တက်ရောက်ခွင့်

ရခြင်း ဖြစ်ပါသည်။ ထိုခရီးတွင် ကျွန်တော် ရှာဖွေဝယ်ယူမိသော မဂ္ဂဇင်းဟောင်းတခု၌ ပထမအခေါက် အိန္ဒိယနိုင်ငံသို့ ရောက်ခဲ့စဉ်က ဖတ်ရှုပြီး သိမ်းဆည်းထားခဲ့သော ဆောင်းပါးနှင့် ဆက်နွယ်နေသည့် ဆောင်းပါးတစောင်ကို တွေ့ရပြန်သည်။ သို့ဖြစ်ရာ ပထမ ရရှိခဲ့သော ဆောင်းပါးနှင့် နောက်ဖတ်ရသော ဆောင်းပါးမှ အကြောင်းအရာ အချက်အလက်များကို စုပေါင်း၍ မိမိကိုယ်တိုင်ကလည်း လက်လှမ်းမီသလောက် ထပ်မံစုဆောင်းလျက် စာအုပ်တအုပ် ဖြစ်လာအောင် ကြိုးပမ်းရပါမူ မြန်မာစာဖတ်ပရိသတ်များ အနေနှင့်လည်း ပို၍ စိတ်ဝင်စားဘနာကောင်းပါခဲ့ဟု ယုံကြည်မိပါသည်။

ထို့ကြောင့် မိမိလက်ဝယ်၌ရှိသော စာအုပ်များနှင့် မိတ်ဆွေများ ထံမှ ငှားရမ်းရရှိသော စာအုပ်များကို လေ့လာဖတ်ရှုရင်း အချက်အလက်များ တဖြည်းဖြည်း စုဆောင်း မှတ်သားခဲ့ပါသည်၊ ယင်းသို့ကြိုးပမ်းရင်း ဗုဒ္ဓ၏သပိတ်တော်နှင့် ပတ်သက်သော ထူးခြားသည့် အကြောင်းအရာ အဖြစ်အပျက်များ တစစ စုံလင်လာခဲ့ပါသည်။

ဗုဒ္ဓသည် သပိတ်တော်ကို မည်သည့်အချိန်ကာလမှ စတင်၍ အလှူခံယူ ရရှိခဲ့သနည်း၊ မည်သည့် ပုဂ္ဂိုလ်များက ဗုဒ္ဓအား သပိတ်တော်ကို လှူခဲ့သနည်း၊ ဗုဒ္ဓ သက်တော်ထင်ရှား ရှိတော်မူစဉ်အချိန်က သပိတ်တော်ကို မည်သို့များ ထူးခြားစွာ သုံးစွဲခဲ့သေးသနည်း၊ ဗုဒ္ဓ ပရိနိဗ္ဗာန်စံမူတော်သောအချိန်နှင့် နောက်ပိုင်းတွင် သပိတ်တော်သည် မည်သည့်နေရာသို့ ရောက်ခဲ့သနည်း၊ ယခုအခါတွင် သပိတ်တော်သည် အဘယ်အရပ်သို့ ရောက်နေသနည်း၊ သပိတ်တော်၏ တန်ခိုးဣဒ္ဓိပါဒ်ကား မည်သို့ရှိသနည်း၊ သပိတ်တော်ကို ဘယ်သူများ ဖူးတွေ့ခဲ့ရသနည်း စသည့် မေးခွန်းများ၏ အဖြေများကို တွေ့လာခဲ့သည်။ ထို မေးခွန်း အဖြေ များကို

ကျွန်တော် စိတ်ဝင်စားလာ သကဲ့သို့ပင် စာဖတ် ပရိသတ်များ လည်း စိတ်ဝင်စားလာဖွယ် ရှိပါလိမ့်မည်။

ထိုအချိန်ထိ ကျွန်တော်သည် ရေးလိုသော အချက်အလက် များကို ဗလာစာအုပ်တွင် မှတ်သား ထားရသော အခြေ၌ပင် ရှိသေး၏။ ကျွန်တော် ရှာဖွေလေ့လာနေသော စာအုပ်စာတန်း များတွင် စာအုပ်ရေးရသောအခါ အလွယ်တကူ တွေ့နိုင်လေ အောင် စာမျက်နှာအချို့တွင် မျဉ်းသား၍ တေးထားရရုံသာ ရှိသေး၏။ အိန္ဒိယသတင်းစာ မဂ္ဂဇင်းပါ ဆောင်းပါးများကို လည်း သတင်းစာဖြတ်စမျိုးစုံ ဖိုင်တွဲ၌ သိမ်းထားရသဲအခြေ၌သာ ရှိနေသေးသည်။

လွန်ခဲ့သည့် ခြောက်လခန့်က မိတ်ဆွေ စာပေသမား တဦးနှင့် တွေ့၍ ထို မိတ်ဆွေက "စာမရေးတော့ဖူးလား။ စာရေးတဲ့ အလုပ်ကို ဖြတ် မထားပါနဲ့။ အားလပ်တဲ့ အချိန်ကလေးတွေမှာပဲ ကြိုးစားရေးပါ"ဟု အကြံပေးလာပါသည်။ ထိုအခါတွင် ဗုဒ္ဓ သပိဘ်တော် အကြောင်းနှင့် ပတ်သက်၍ စုဆောင်းထားသော အကြောင်းအရာ အချက်အလက်များကို စာအုပ်အဖြစ် ရေးသား အကောင်အထည်ဖော်ရန် အလုပ်စတော့မည်ဟု ဆုံးဖြတ်ရင်း ထုတ်ဝေသူတဦးနှင့် ကြုံသောအခါ ကျွန်တော့် အကြံအစည် စိတ်ကူးကို စကားစပ်မိရင်း ပြောပြပါသည်။

မိတ်ဆွေ ထုတ်ဝေသူကလည်း ကျွန်တော်ပြောပြသော အ ကြောင်းအရာများတွင် စိတ်ဝင်စားလာပါသည်။ ကျွန်တော်နှင့် တွေ့တိုင်း "စာအုပ်မပြီးသေးဖူးလား။ မြန်မြန်ပြီးအောင်ရေးပါ" စသည်ဖြင့် မကြာခဏ တိုက်တွန်းနေသောအခါ အမြဲသတိပေး နှိုးဆော်နေသူတဦးကို တွေ့နေရပြီဖြစ်သောကြောင့် သတင်းစာနှင့် ပတ်သက်သော နေ့စဉ်နှင့်အမျှ လုပ်ဆောင်နေရသည့် တာဝန်များ

ကြားမှပင် အားလပ်သောအချိန် ရသမျှယူ၍ ဤစာအုပ်ကို ကြိုးစား ရေးသားနိုင်ခဲ့ပါပြီ။

ဗုဒ္ဓ၏ဖြစ်တော်စဉ် ဗုဒ္ဓဝင်များတွင် ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ဗုဒ္ဓ၏ ပရိက္ခရာရှစ်ပါးအကြောင်းကို လေ့လာရှာဖွေသောအခါ ဟိနယာန (သို့မဟုတ်) ထေရဝါဒဂိုဏ်းဝင်များ၏ ဗုဒ္ဓဝင်နှင့် မဟာယာနဂိုဏ်းဝင်များ၏ ဗုဒ္ဓဝင်မှာ အချို့အချို့သော နေရာများတွင် ကွဲပြားခြားနားနေသည်ကို တွေ့ရပြန်ပါသည်။

မဟာယာနဗုဒ္ဓဝင်ဆိုရာ၌ တိဗက်နိုင်ငံတွင် ယုံကြည်လေ့လာလျက်ရှိသော ပိဋကတ်တော်များမှ ထုတ်နုတ်ရေးသားထားသော ဗုဒ္ဓဝင် ဖြစ်သည်။ ဗုဒ္ဓ၏ ဖြစ်တော်စဉ် ဗုဒ္ဓဝင်နှင့် ဗုဒ္ဓဝါဒ၏ ရှေးဦးမဏ္ဍ မှတ်တမ်းဝင်သမိုင်း ဟူသော အင်္ဂလိပ်ဘာသာဖြင့် မစ္စတာ ဒဗလျူ ဒဗလျူ ရော့ဟီးလ် အမည်ရှိ ပုဂ္ဂိုလ် ပြုစုသည့် စာအုပ်သည် တိဗက်နိုင်ငံမှ မစ္စတာ အေ ဒီ စီ အလက်ဇန်းဒါးကော့စမာ ဒေ ကိုရူးစ် ကူးယူခဲ့သော တိဗက်မဟာယာန ပိဋကတ်တော်လာ အချက်အလက်များကို ဘာသာပြန်ဆို ထားခြင်း ဖြစ်လေသည်။

မဟာယာန ဗုဒ္ဓဝင်တွင်

ကဏ္ဍကမြင်းကိုဆွဲ၍ ကပိလဝတ္ထုမြို့သို့ ဆန္နအမတ် ပြန်သွားပြီးနောက် ဗုဒ္ဓဖြစ်အံ့သော အလောင်းတော် မင်းသားသည် မကြာမြင့်မီမှာပင် သံလျက်ဖြင့် ဥဿျောင်ဆံကေသာကိုဖြတ်၍ ကောင်းကင်သို့ မြှောက်လျက် ပစ်တင်လိုက်သောအခါ သိကြားမင်းသည် ဝမ်းသာအားရစွာဖြင့် ဆံတော်ကိုခံယူ၍ တာဝတိံသာ နတ်တို့ဒေသသို့ ပင့်ဆောင်သွားခဲ့သည်။ ဗုဒ္ဓလောင်းလျာ ဆံတော်ပယ်ရာအရပ်တွင် နှောင်းလူတို့ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် စေတီတည်ထား အမှတ်အသားပြုလျက် ကိုးကွယ်ကြ၏။

ဗုဒ္ဓလောင်းလျာ ဝတ်ရုံဖွယ်ရာ သင်္ကန်းတော်အလှူခံရရှိပုံကား ဤသို့ဖြစ်၏။

လွန်လေပြီးသော ဘဝ ဘဝပေါင်းများစွာက အနုရုပအမည်ရသော ကြွယ်ဝချမ်းသာသူ ပုဂ္ဂိုလ်ကြီးတဦးတွင် သားယောကျ်ားဆယ်ဦး ထွန်းကားခဲ့၏။ ရှေးရှေးဦးသောဘဝများက ဖြည့်ဆည်းပူးအပ်သော ပါရမီ ရင့်သန်ကြသည်နှင့် အရွယ်ရောက်လတ်သော် ရဟန်းပြုကြရာမှ အားလုံးပင် ပစ္စေကဗုဒ္ဓရဟန္တာများ ဖြစ်သွားကြ၏။ ထိုပစ္စေကဗုဒ္ဓတို့သည် ချည်မျှင်ဝါဖြင့် သန့်စင်စွာ ယက်လုပ်အပ်သော သင်္ကန်းတစုံကို အလဲလဲ အလှယ်လှယ် တပါးစီတပါးစီ ဝတ်ရုံခဲ့လျက် ပရိနိဗ္ဗာန်ပြုသွားကြရာ နောက်ဆုံး ညီငယ်ပစ္စေကဗုဒ္ဓာပရိနိဗ္ဗာန်ပြုခါနီးတွင် ထိုသင်္ကန်းကို အိုမင်းလှပြီ ဖြစ်သော အဖွားကြီးတဦးအား အပ်နှံ၍ မိမိပရိနိဗ္ဗာန် ပြုပြီးနောက် ကပိလဝတ္ထုမြို့တွင် နန်းစံသော သုဒ္ဓောဒနမင်းကြီး၏သားသည် လောကထွဋ်ထား ဘုရားဖြစ်တော်မူလိမ့်မည်။ ထိုအခါ ထိုသင်္ကန်းကို ဘုရားမြတ်စွာအား လှူဒါန်း၍ ဖူးမြော်ပါလေဟု မှာကြားခဲ့သည်။

အဖွားအိုသည် သုဒ္ဓောဒနမင်းကြီး၏ သားတော် ဘုရားဖြစ်ပြီဟူသောသတင်းကို စောင့်စားရင်းနှင့်ပင် အလွန်အမင်း ဇရာ ဖိစီးလာ၍ အိပ်ရာထဲ၌သာ လဲလျောင်းနေရသော အချိန် ရောက်ခဲ့၏။ ထိုအချိန်၌ အဖွားအိုသည် သမီးအား အကျိုးအကြောင်းမှာကြားပြန်လျက် သင်္ကန်း ကိုအပ်နှံ၍ ကွယ်လွန်ခဲ့သည်။အဖွားအိုသမီးသည်လည်း ဘုရားပွင့်ပြီဟူသော သတင်းစကား ကြားရအံ့သောအချိန်ကို စောင့်မျှော်ရင်းနှင့်ပင် နာမကျန်း ဖြစ်သည်တွင် သစ်ပင်စောင့်နတ်ထံ သင်္ကန်းကို အပ်နှံလျက် ကွယ်လွန်ခဲ့ပြန်၏။

ယင်းအဖြစ်အပျက်များကို သိကြားမင်းသိထားသဖြင့် ရုက္ခစိုးနတ်ထံမှ သင်္ကန်းကို ဆောင်ယူ၍ အိုမင်းခါးကိုင်းနေသော မုဆိုး

အသွင် ဖန်ဆင်းလျက် တောထွက်လာသော အလောင်းတော် မင်းသားနှင့် မလှမ်းမကမ်းသော နေရာ၌ ရပ်၏။

အလောင်းတော် မင်းသားသည် မုဆိုးထံ၌သင်္ကန်းကို မြင်သည်တွင် မိမိ၏ ကာသိဘိုင်းဖြစ် အဝတ်တန်ဆာများနှင့် လဲလှယ်ရန် မိန့်ကြားလေရာ မုဆိုးကလည်း သဘော တူလေသည်။ သိကြားမင်းသည် အလောင်းတော်၏ ပုဆိုးတန်ဆာပလာတို့ကို တာဝတိံသာသို့ ဆောင်ယူသွား၏။ ဗုဒ္ဓလောင်းလျာဝတ်လဲတော်ချွတ်၍ သင်္ကန်းဝတ်ရုံသော နေရာ၌လည်း နှောင်းလူတို့သည် စေတနာ ထက်သန် အားရစွာဖြင့် အမှတ်အသားပြု စေတီ တည်ထား ကိုးကွယ်ကြ၏။

အလောင်းတော်သည် ကပိလဝတ္ထုမြို့နှင့် နီးကပ်စွာ နေထိုင်၍ တရားအားထုတ်ရလျှင် သာကီဝင် မင်းသားတို့သည် မိမိအား အနှောင့်အရှက် ပြုလိမ့်မည်၊ ဂင်္ဂါမြစ်ကို ဖြတ်ကူးပြီးမှ ရာဇဂြိုဟ် အနီး တောအုပ်သို့သွား၍ တရားအားထုတ်အံ့ဟု အကြံဖြစ်ပြီး နောက် ဂင်္ဂါမြစ်ကို ဖြတ်ကူး၏။ ဗုဒ္ဓလောင်းလျာသည် ယောကျ်ားမြတ်တို့ တတ်အပ်သော လောကီ သိပ္ပ အတတ် ပညာများကို သူမတူအောင် ကျွမ်းကျင် တတ်မြောက်ရကား အလွယ်တကူနှင့်ပင် တဖက်ကမ်းသို့ ရောက်ခဲ့၏။ ထိုနောက်တွင်ကား ရာဇဂြိုဟ် ပြည်တွင်း၌ ဆွမ်းအလို့ငှာ အလှူခံကြွလျှင် ထည့်ယူရန် ကရိဝီရသစ်ရွက်များကို ပေါင်းစပ်၍ သပိတ်ပြုလုပ်တော်မူသည်။ × × × × × × × × × × ×။

အလောင်းတော်မင်းသားသည် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးနောက် ထိုအကျင့်ဖြင့် သစ္စာလေးပါးမြတ်တရား သိမြင်ရန် အလှမ်း ကွာဝေးလိမ့်မည်ဟု ဆင်ခြင် သုံးသပ်၍ အစာ အာဟာရကို ဘုဉ်းပေးရန် ဆုံးဖြတ်လိုက်ပြန်သည်။

အားအင်ပြန်လည်ပြည့်တော်မူလာသောအခါ သေနရွာသူကြီး နေထိုင်ရာ သေနရွာသို့ ကြွတော်မူသည်။ သေနရွာသူကြီးတွင် နန္ဒ၊ နန္ဒာဗလခေါ်တွင်သော သမီးနှစ်ဦးရှိ၏။ မဆွကပင် ကပိလဝတ် ပြည်သား သကီဝင်နွယ်ဖွား သိဒ္ဓတ္ထမင်းသားသည် လေးကျွန်း ရှင်စကြာမင်းသော်လည်း ဖြစ်အံ့၊ သစ္စာလေးပါး မြတ်တရားကို သိမြင်သော ဗုဒ္ဓသော်လည်း ဖြစ်အံ့ဟူသော ဗေဒင်ပညာ၌ ဆရာ မထားသော ပုဏ္ဏားတို့ ဟောပြောထားကြောင်း သတင်းစကား ကြားထားပြီ ဖြစ်သဖြင့် ထိုသတို့သမီးနှစ်ဦးသည် ဗုဒ္ဓလောင်းလျာ ကြွလာသောအခါကပ်လှူရန်ဃနာနို့ဆွမ်းချက်ပြုတ်ထားကြသည်။

အလောင်းတော် မင်းသားသည် ရွာသူကြီးသမီးနှစ်ယောက်တို့ ဆက်ကပ်သော နို့ဆွမ်းကို ဗြဟ္မာ့ဘုံမှ ဗြဟ္မာမင်းကြီး နှစ်ယောက် လှူလာသော ရတနာတို့ဖြင့် စီခြယ်အပ်သည့် ကျောက်သပိတ်တော် ဖြင့် အလှူခံတော်မူ၏။

အလောင်းတော်မင်းသားသည် ဃနာနို့ဆွမ်းကို ဆောင်ယူ၍ ပထမ နေရဉ္စရာ မြစ်ဆိပ်သို့ကြွလျက် ရေသပ္ပာယ်ရာ ကမ်းပေါ်သို့ အတက်တွင် နတ်များက ထောက်ကြံ့ပင်၏ အကိုင်းအခက်တို့ကို တန်ခိုးဖြင့်ညွတ်ပေးရကား သစ်ကိုင်းတို့ကိုဆွဲလျက် ကမ်းပေါ်သို့ တက်ခဲ့၍ ကမ်းစပ်၌ ထိုင်တော်မူပြီးနောက် ဃနာ နို့ဆွမ်းကို ဘုဉ်းပေးတော်မူသည်။ ထိုနောက် သပိတ်ကို နေရဉ္စရာမြစ်ထဲသို့ မျှောတော်မူသည်။

နဂါး အပေါင်းတို့သည် ဗုဒ္ဓလောင်းလျာ၏ သပိတ်တော်ကို ဆောင်ယူလျက် တာဝတိံသာနတ်များအား ပေးအပ်ကြသဖြင့် နတ်အပေါင်းတို့ သပိတ်တော်ကို ဌာပနာ၍ စေတီ တည်ထား ကိုးကွယ်ကြလေသည်။

ဗုဒ္ဓလောင်းလျာသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသောအခါတွင် လွန်စွာအားရဝမ်းမြောက်

တော်မူ၏။ ခုနစ်ရက်ပတ်လုံး မည်သည့် အာဟာရဘောဇဉ်ကိုမျှ မသုံးဆောင်ပဲ နေတော်မူသည်။

ယင်းအချိန်မှ ခုနစ်ရက် လွန်မြောက်သောအခါ တဖုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့သည် လှည်းပေါင်း ငါးရာတွင် အထူးထူးအပြားပြားသော ကုန်များကိုတင်၍ ဗုဒ္ဓပွင့်တော်မူရာ အရပ်နှင့် မနီးမဝေးသော နေရာသို့ ရောက်လာခဲ့ကြ၏။

ဤတွင် မထင်ရှားသော တောစောင့်နတ် တပါးက ဗုဒ္ဓ ပွင့်တော်မူပြီဟု အသံပြုသဖြင့် ကုန်သည်ညီနောင်တို့ ကြားရ၍ ပျားရည်ဖြင့်လုပ်သော မုန့်များကို ယူလျက် ဗုဒ္ဓ ထံတော်ပါး၌ ဝပ်စင်းခစားလျက် ကပ်လှူလေ၏။

ယင်းအချိန်တွင် အရပ်လေးမျက်နှာ၌ စောင့်ကြပ်ကြကုန်သော ဓတရဋ္ဌ၊ဝိရူပက္ခ၊ ဝိရူဠ္ဌကနှင့် ကုဝေရ နတ်မင်းကြီးလေးယောက် သည် ဗုဒ္ဓထံတော်ပါးသို့ ရောက်လာ၍ ကုန်သည် ညီနောင်တို့၏ ပျားရည်မုန့်ကို အလှူခံယူရန် သပိတ်တလုံးစီ ဆက်ကပ်ကြသည်။ ဗုဒ္ဓသည် နတ်မင်းကြီးလေးယောက် လှူသော သပိတ်လေးလုံးကို တလုံးတည်းဖြစ်ရန် အဓိဋ္ဌာန်လျက် ထိုသပိတ်ဖြင့် ပျားရည်မုန့်ကို အလှူခံတော်မူလေသည်။

မဟာယနာကျမ်းဂန်လာ ဗုဒ္ဓဝံသ ဗုဒ္ဓဝင်တွင် ဗုဒ္ဓ၏ သပိတ် တော်နှင့်စပ်လျဉ်း၍ ဤရွေ့ဤမျှသာ တွေ့ရ၏။ သရဏဂုံ နှစ်ပါး တည်စေ၍ ကုန်သည်ညီနောင်တို့အား ဘုရားရတနာ၊တရားရတနာ နှင့် နောင်သောအခါတွင် ငါဘုရား၏ သာသနာတော်ကို စောင့် ရှောက်သွားကြမည့် သံဃာတော်များအား ကိုးကွယ် ဆည်းကပ် ကြဟု မိန့်ကြားလိုက်ကြောင်း ပါရှိသည်။ နေရပ်သို့ ပြန်ရောက်ကြ သောအခါ ကိုးကွယ်ရန်အတွက် ဆံတော်များ ချီးမြှင့်ပေးသနား လိုက်သည်ဟူသော အကြောင်း မရှိပါပေ။

× × ×

ဗုဒ္ဓသပိတ်တော်အကြောင်း စဉ်းစားရင်းနှင့် ဗုဒ္ဓ ရုပ်ပွားတော်များတွင် သပိတ်ပိုက်လျက်၊ သို့မဟုတ် သပိတ်ကိုင်လျက် နေဟန်ရုပ်တုတော် အလွန်ရှားပါးလှသည်ကို သတိပြုမိပါသေးသည်။ မကြာမီကမှ တည်ထားပြီးစီးသွားသောရန်ကုန်မြို့မြောက်ဥက္ကလာပမယ်လမု စေတီတဝိုက်ရှိ ရုပ်ပွားတော် နှစ်ဆူမှာ သပိတ်ကိုင်လျက်ရှိသည်ကို ဖူးရပေလိမ့်မည်။ တဆူမှာ တဖုသ နှင့် ဘလ္လိကထံမှ မုန့်ကြွက်ကျစ်နှင့်ပျားဆုပ်မုန့် အလှူခံပုံနှင့် တဆူမှာ ဗုဒ္ဓဆွမ်းဘုဉ်းပေးနေပုံများ ဖြစ်ပေသည်။

ရှေးကျသော ရုပ်ပွားတော်များထဲမှဆိုလျှင်လည်း ၁၉၂၇-၂၈ ခုနှစ် လောက်ဆီက သရေခေတ္တရာ မြို့ဟောင်းနေရာ မှော်ဇာမြို့-မကြာရွာအနီးတပိုက်တွင် ကျောက်စာဌာနမှ တူးဖော်ရှာဖွေရာ ငရှဉ့်ကန့်ကုန်း တောင်ဖက်ကုန်း တကုန်းမှ အခြား ရှေးဟောင်း ပစ္စည်းများနှင့် အတူ တွေ့ရသော အုတ်ခွက် ဘုရားတဆူမှာ ကြာပလ္လင်ပေါ်၌ ထက်ဝယ်ခွေ ထိုင်နေတော်မူပုံတွင် တင်ထားလျက်ရှိသော လက်တော်သည် သပိတ်ကိုပိုက်ထားဟန်ပြုလုပ်ထား၏။ယင်း အုတ်ခွက်ဘုရားပုံ ပလ္လင်အောက်ခြေ၌ ပါရှိသော စာတကြောင်းမှာလည်း ပျူစာဖြစ်သည်။ အိန္ဒိယတောင်ပိုင်းအက္ခရာမှ ဆင်းသက်လာသောအက္ခရာဖြင့် ရေးသားထားပါသည်။ စာ၏ အဓိပ္ပာယ်ကို မဖော်ပြနိုင်ကြသော်လည်း အစတွင် ဗံဆိုသောစာလုံး၊ အလယ်နှင့် အဆုံး၌ ဓောဆိုသော စကားနှစ်လုံးကို ဆက်စပ်ကြည့်၍ မင်းတို့၏ မင်း၊ ရာဇာဓိရာဇာ ဗုဒ္ဓ ဘုရားဟု ဆိုလိုဟန်ရှိကြောင်း အနက်ကောက်ယူခဲ့သည်ဟု သိရှိရပါသည်။

ပါကစ္စတန်နိုင်ငံ လဟိုပြတိုက်သို့ရောက်ခဲ့စဉ် နှစ်ရာစုနှစ်အစောပိုင်းက ထုလုပ်ခဲ့သော ဗုဒ္ဓအား နတ်မင်းကြီးလေးပါးက သပိတ်

လေးလုံး လှူနေဟန် ရုပ်တုတော်မှာလည်း ဂန္ဓာရခေတ် ပြောင်မြောက်သော ကျောက်ဆစ်ပညာရှင်တို့၏ လက်ရာကို အကဲခတ်မိနိုင်လောက်ပေသည်။ ဤသည်မှာ သပိတ်တော် ကိုင်လျက်ရှိသော ရုပ်ပွားတော်များနှင့် ပတ်သက်၍ ကျွန်တော် ဖူးတွေ့ လေ့ လာ မိသလောက် ရှားရှား ပါးပါး ရှိသုံ့သော ထူးခြားချက်တရပ်ကို အလျဉ်းသင့်၍ တင်ပြရခြင်းဖြစ်ပါသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်ပိုင်းတွင် အသောက မင်းတရားကြီးမှအစ ဗုဒ္ဓသာသနာတော်ကို မဇ္ဈိမဒေသနှင့်တကွသော အိမ်နီးချင်းနိုင်ငံများတွင် ပြန့်ပွား နှံ့စပ်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့သော သာသနာပြုမင်းများ၊ ရဟန်းတော်များသည် ဗုဒ္ဓ၏ ပရိဘောဂသပိတ်တော်ကို အ မြတ် တ နိုး ကိုးကွယ်ခဲ့ကြသည်။ မဇ္ဈိမဒေသနှင့် ဗုဒ္ဓသာသနာ ပွင့်လင်းရာ ဒေသများတွင် ဖျော်လည်ကိန်းဝပ်ခဲ့သော ဗုဒ္ဓ၏ သပိတ်တော်သည် ထူးခြားသော တန်ခိုးဣဒ္ဓိပါတ် များဖြင့် ပြည့်စုံ၍ အခါခပ်သိမ်း အံ့မခန်းဖွယ်ရာ ဆန်းကြယ်စွာသော အကျိုးတရား ပွားများစေသဖြင့် သာသနာပြုမင်းမျိုးသည်ပင် မိမိတို့ နိုင်ငံများ၌ သပိတ်တော်ကို ထာဝစဉ်ထားရှိကာ ပူဇော်သက္ကာယ ပြုလိုသည့်ဆန္ဒ ပြလာခဲ့ကြသေးသည်။

ဗုဒ္ဓ၏ သပိတ်တော်သည် ကေန် အမှန်ပင် တန်ခိုး ဣဒ္ဓိပါတ်နှင့် ပြည့်စုံ၍ ဝေနေယျသတ္တဝါအပေါင်းတို့ အားထားကြည်ညို ကိုးကွယ်ရာ ဗုဒ္ဓ၏ထံမှ အမွေအနှစ်ကျန်ရစ်သော ဗုဒ္ဓပရိဘောဂတဆူဖြစ်သည်ကိုကား ဤစာအုပ်ကို အဆုံးသတ် ဖတ်ရှုပြီးသည့်အချိန်တွင် စာဖတ်ပရိသတ်များ ကြည်ညို လက်ခံ သွားလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်ပြီးသည့်နောက် နှစ်ပေါင်း ၉၀၀လောက်ကြာမြင့်လေသောအခါတွင်မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာ

ထွန်းကားစည်ပင်လျက်ရှိနေသေးရကား ဗုဒ္ဓဟောကြားခဲ့သောစာပေ ပိဋကတ်ကျမ်းဂန်များကို လေ့လာဆည်းပူးရင်း ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အခါက သီတင်းသုံးသွားသော နေရာများ၊ ဗုဒ္ဓ၏ ဓာတ်တော်မွေတော်နှင့် ပရိဘောဂများကို ကိုးကွယ်ထားရာစေတီ ပုထိုး ကျောင်းကန်များကိုလည်း ဖူးမျှော်ရန်အလို့ငှာ နီးဝေးနိုင်ငံများမှ ရဟန်းခရီးသည် လူခရီးသည်ပေါင်းများစွာသည် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့ ရောက်ခဲ့ကြပါလိမ့်မည်။ ထိုပုဂ္ဂိုလ်များထဲမှ တရုတ်ရဟန်းတော် ဖာဟီယန်သည် မိမိ၏ခရီးစဉ်များကို မှတ်တမ်းတင်ထားခဲ့သည်။ ထိုပုဂ္ဂိုလ်၏မှတ်တမ်းကို ယခုတိုင် သမိုင်းသုတေသီတို့ လေ့လာကိုးကား အားထားနေရသည်။ဗုဒ္ဓ၏ သပိတ်တော်ကို ...က်ရဟန်းတော်ဖာဟီယန်နှင့်တကွ သူနှင့်အတူပါရှိသည့် တရုတ်ရဟန်းတော်အချို့တို့ ထိုအချိန်က ဖူးမျှော်ခဲ့ရသည်ကိုလည်း ထိုမှတ်တမ်း၌ တွေ့ရလေသည်။

ဗုဒ္ဓ၏ သပိတ်တော်နှင့် ပတ်သက်၍ ကျွန်တော် တွေ့ရှိမှတ်သားရသောအကြောင်းများကို ဤစာအုပ်တွင် ပြည့်စုံစွာ ဖော်ပြထားပါသည်။ နောက်ဆုံး ဗုဒ္ဓ၏ သပိတ်တော်ဖြစ်မည်ဟု ယူဆရသော သပိတ်ကိုဖူးမျှော်ရင်း အကျွတ်တရားရသွားသောပုဂ္ဂိုလ်မှာလည်း မူလပထမတွင် ဗုဒ္ဓဘာသာ၌ သက်ဝင် ယုံကြည်သူတဦး မဟုတ်ပဲ မုဆိုးဘဝနှင့် အိန္ဒိယတောတွင်း ဒေသများတွင် လှည့် လည် ကျက်စားရင်း ပုဂ္ဂိုလ်ထူး တဦးနှင့် တွေ့ရာမှ ထိုပုဂ္ဂိုလ် ဆောင်ကြဉ်းသွားမှုကြောင့် ဟိမဝန္တာ တောတောင်အနှံ့ ရောက် ခဲ့ ပြီး လျှို့ဝှက်သူတော်စင် သူတော်မြတ်တို့ တရားအားထုတ် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းရာ နေရာများသို့ရောက်ခဲ့သူဖြစ်သည်။ သူ့အဖြစ်အပျက်ကိုလည်း စာဖတ်ပရိသတ်များ စိတ်ဝင်စားနိုင်ပါလိမ့်မည်။

မိတ်ဆက်စာကိုအဆုံးမသတ်မီ ကျွန်တော်၏ အာသီသကိုလည်း တင်ပြပါရစေ။ ဤစာအုပ်ကို ဖတ်ရှုရင်း ဗုဒ္ဓ၏ အတိုင်းမသိသော ကျေးဇူးတော်များကို စာဖတ်ပရိသတ်များ တဒင်္ဂတခဏမျှ သတိရ အောက်မေ့၍ စိတ်ထဲမှ အာရုံပြု ဦးစိုက်မိသည်ဆိုလျှင်ပင် ဤစာအုပ်ကို ပြုစု ရေးသားရကျိုးနပ်ပါပြီ။

မောင်စိုးမောင် (သာဂရ)

မြန်မာ့အလင်းသတင်းစာတိုက်

၂၅-၁၁-၇၅၊

ပါကစ္စတန်နိုင်ငံ
လဟိုမြို့ ဗဟိုအမျိုးသားယဉ်ကျေးမှု ပြတိုက်၌
ပြသထားသော
၂ ရာစု (သို့မဟုတ်) ၃ရာ စုနှစ်များအတွင်း
ကလုပ်ထားခဲ့သည့်
သိဒ္ဓတ္ထမင်းသား ရုပ်တုပုံ။



ပါကစ္စတန်နိုင်ငံ
လဟိုမြို့ ဗဟိုအမျိုးသားယဉ်ကျေးမှု ပြတိုက်တွင်
ပြသထားသော
[illegible] ရာစုနှစ်အစောပိုင်း ကျောက်ဆစ်ပန်းပုပညာရှင်များလက်ရာ။
ကျောက်သားနှင့် ထုထွင်းထားသော
ဗုဒ္ဓအား နတ်မင်းကြီးလေးယောက်တို့က
သပိတ်လေးလုံး ကပ်လှူနေဟန်
ရေးဟောင်းလက်ရာ။






ပါကစ္စတန်နိုင်ငံ
လာဟိုမြို့-ဗဟိုအမျိုးသားယဉ်ကျေးမှု ပြတိုက်တွင်
ပြသထားသော
၂ ရာစုနှစ်များအတွင်း ထုလုပ်ထားခဲ့သော
ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်။


ပါကစ္စတန်နိုင်ငံ
ပက်သျှဝါမြို့ ပြတိုက်တွင် တွေ့ခဲ့ရသော
ဗုဒ္ဓဓာတ်တော်များ ထည့်သွင်းဌာပနာခဲ့သည့်
ကနိသျှက ဘုရင်ကြီး၏ ရွှေသားကြုပ်တော်။
(ယင်းကြုပ်တော်တွင်းမှ ဓာတ်တော်များမှာ
မန္တလေးတောင်၌ ကိန်းဝပ်လျက်ရှိ၏)






အာဖဂန်နစ္စတန်နိုင်ငံ ဘာမီယန်တောင်ကြားတွင်
ယခုတိုင်တွေ့ရသော ဗုဒ္ဓသာသနာခေတ် နောက်ပိုင်း
ရှေးဟောင်းမျှော်စင်ကြီး။

အာဖဂန်နစ္စတန်နိုင်ငံ ဘာမီယန်ဒေသ
ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစဉ်က
ကျောက်တောင်ကြီး၌ ထွင်းထုထားသော
၃ ရာစုနှစ်အတွင်း ကျောက်ဆစ်ပန်းပုပညာရှင်တို့၏လက်ရာရုပ်ပွားတော်၊






သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) အနုရာဓပုရမြို့ရှိ
ဒေဝါနံ ပိယတိဿမင်းကြီး၏ ကောင်းမှု
ရှေးအကျဆုံး စေတီတော်၊
(ယင်းစေတီတွင် ဗုဒ္ဓညှပ်ရိုးတော်ဓာတ်ကို
ဗုဒ္ဓသပိတ်တော်ပွားတွင်ထည့်၍ ဌာပနာထားခဲ့သည်၊)



အိန္ဒိယပြည် မဒရပ်မြို့ အစိုးရပြတိုက်တွင် ပြသထားသော
၂ ရာစုနှစ် အမရဝတီ ကျောက်ဆစ် ပန်းပုပညာရှင်များ လက်ရာ။
ဗုဒ္ဓသပိတ်တော်ကို ပြည်သူလူထုအပေါင်းတို့က
ကြည်ညိုလေးစားစွာ ပင့်ဆောင်ပူဇော်နေဟန်။
(ကျောက်ပြား၌ ထွင်းထုထားသည်။)



## ဗုဒ္ဓ၏
## ပထမ သပိတ်တော်

ကပိလဝတ်ပြည် သုဒ္ဓောဒနမင်းကြီး၏ သားတော် သိဒ္ဓတ်မင်းသား ဗုဒ္ဓလောင်းလျာသည် သက်တော် ၂၉ နှစ် သက္ကရာဇ် ၉၇၃၀ ခါဆိုလပြည့် တနင်းလာနေ့သန်ကောင်အချိန် တောထွက်တော် မူခဲ့ပြီးနောက် ရဟန်းပြုရန် ဆံတော်ကို ပယ်လျက်ကာသိတိုင်းဖြစ် မင်းသားတို့ ဝတ်ဆင်အပ်သော ပုဆိုးသည်မိမိနှင့် မလျောက်ပတ် မအပ်စပ်ဟု အကြံဖြစ်ခဲ့သည်။ သို့နှင့်ရဟန်းအသွင်သို့ ကူးပြောင်းတော့မည့် အချိန်တွင် သပိတ်၊ သင်္ကန်း စသော ရဟန်းတို့ အသုံးအဆောင် ပရိက္ခရာရှစ်ပါး လိုအပ်လာခဲ့၏။

ထိုအချိန်တွင် ကဿပ ဘုရားရှင်လက်ထက်က မိတ်ဆွေခင်ပွန်းအဖြစ် တဦးနှင့် တဦး တွေ့ဆုံရင်းနှီးခဲ့ဖူး၍ ဗြဟ္မာ

ဖြစ်နေသော ဃဋိကာရသည် ကြာရိုးကြာစွယ်တို့မှ ဖြဟ္မာတို့၏ တန်ခိုးဖြင့် ကြာသကၤန်း၊ ကိုယ်ဝတ်၊ ဒူးကုဋ္ဋ၊ သင်းပိုင်၊ ခါးပန်း၊ အပ်၊ ပဲကုပ်၊ သပိတ်၊ ရေစစ် အစရှိသော ပရိက္ခရာ ရှစ်ပါး ဖန်ဆင်းဆောင်ယူခဲ့၍ "ဤကြာသကၤန်းနှင့် တကွသော ပရိက္ခရာ ရှစ်ပါးကို အလှူခံတော်မူ၍ ရဟန်းပြုတော်မူပါ" ဟု သိဒ္ဓတ်မင်းသားအား ဆက်ကပ်ခဲ့သည်။ ဃဋိကာရဗြဟ္မာ လှူအပ်သော သပိတ်တော်ကား ဗုဒ္ဓလောင်းလျာ ပထမဆုံး အလှူခံယူသော သပိတ်တော်ဖြစ်သည်။

ဘုရားလောင်း မင်းသားသည် တန်ဖိုးမဖြတ်နိုင်သော ကာသိတိုင်းဖြစ် ပုဆိုးကို ချွတ်လျက် ဃဋိကာရဗြဟ္မာမင်း လှူအပ်သော ကြာသကၤန်းကို ဝတ်ရုံ၍ ရဟန်းပြုခဲ့သည်။ ဃဋိကာရ ဗြဟ္မာမင်းသည် အလောင်းတော်မင်းသား စွန့်အပ်သော ကာသိတိုင်းဖြစ် ပုဆိုးကို ဗြဟ္မာပြည်သို့ ဆောင်ယူလျက် အကနိဋ္ဌ ဗြဟ္မာဘုံတွင် ရတနာကိုးပါး အုတ်များဖြင့် ဒုဿစေတီ တည်ထား၍ ကိုးကွယ်လေသည်။

အလောင်းတော်မင်းသား ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ဃဋိကာရ ဗြဟ္မာမင်း၏ ကုသိုလ်သပိတ်ကို ကိုင်၍ ပထမဦးစွာ အနုပိယအမည်ရှိသော သရက်တောအုပ်ကြီးသို့ ဝင်၍ နားနေခဲ့သည်။ သရက်တောအုပ်ကြီးတွင် ခုနစ်ရက်မျှ သီတင်း သုံးနေပြီးနောက် သရက်တောနှင့် ယူဇနာ ၃၀ ကွာသော ရာဇဂြိုဟ်သို့ နေ့ချင်းကြွသွား၍ ဆွမ်းခံလေသည်။

ရာဇဂြိုဟ်ဘုရင် စီးတော်မူသော ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည့် နာဋ္ဌာဂီရိ ဆင်ကြီးဝင်လာသဖြင့် ရာဇဂြိုဟ်အလုံး

အုတ်အော် သောင်းနင်း ချောက်ချား သွားဘိသကဲ့သို့ အလောင်းတော် ရဟန်း ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်လာစဉ် အလောင်းတော် ရဟန်း၏ တင့်တယ်သော အဆင်းသဏ္ဌာန် ကြောင့် မြင်တွေ့ရသော ရာဇဂြိုဟ်ပြည်သားတို့သည် ဝမ်း မြောက် ရွှင်လန်း အားပါးတရ ရှိခဲ့ကြသည်။ တအံ့တသြ တယောက်နှင့်တယောက် သတင်းစကားပြောကြရင်း အကျော် ဒေးယျ ဖြစ်သွားခဲ့သည်။

ထိုအဖြစ်အပျက်ကို မင်းချင်းယောကျ်ားတို့ တွေ့ကြရ သဖြင့် ဗိမ္ဗိသာရမင်းထံ သွားရောက်၍ အကျိုးအကြောင်း သံတော်ဦးတင်ကြသည်။ မင်းကြီးသည် ပြာသာဒ်ပြင်ထက် ရပ် ၍ လေသွန်ပြတင်းဖြင့်ရှုကြည့်တော်မူသည်။ ဤတွင် အလောင်း တော်ရဟန်း သပိတ်ပိုက်၍ ဆွမ်းခံနေသည်ကို မြင်တွေ့ရသည်။

ဗိမ္ဗိသာရမင်းသည် "လူလော၊ နတ်လော၊ နဂါးလော၊ ဂန္ဓဗ္ဗလော။ အံ့ဘွယ်သရဲ မဖြစ်ဖူးမြဲတကား။ သွား၍ကြည့်ကြ ချေကုန်" ဟု မင်းချင်းတို့ကို စေတော်မူလိုက်သည်။ မင်းချင်း တို့သည် မင်းကြီး အမိန့်ပေးသည့် အတိုင်း သပိတ်ပိုက်၍ လှည့်လည်ဆွမ်းခံနေသော အလောင်းတော် ရဟန်းနောက်သို့ ထက်ကြပ်မကွာ လိုက်၍ ကြည့်ကြရသည်။

အလောင်းတော်ရဟန်းသည် သပိတ်တော်ပိုက်လျက် ဆွမ်း ခံပြီးလျှင် မြို့မှထွက်ခဲ့၍ မြို့အရှေ့ဖက် ပဏ္ဍဝ အမည်ရှိသော တောင်၏အရိပ်သို့ကပ်ပြီးနောက် ထိုင်တော်မူ၍ ဆွမ်းဘုဉ်းပေး အံ့သောငှာ သပိတ်တော်ကို ဖွင့်ကြည့်သည်။ ထိုအခါ အနီ၊ အဖြူ၊ အကြောင်အကြား အရောရော အနှောနှောဖြစ်နေသော

အိမ်ထောင်စုအသီးသီးမှ လှူလိုက်သည့် ဆွမ်းခဲဘွယ် ဘောဇဉ်များကို မြင်ရသောအခါ အူအူသည်း ပြောင်းပြန်လှန်၍ ပျို့အန်မည်ကဲ့သို့ ရှိတော်မူသည်။ ထိုအခါ အလောင်းတော်ရဟန်းသည် ကိုယ်တော်ကို အလိုလို ဆုံးမတော် မူသည်။

"သိဒ္ဓတ်မင်းသား၊ သင်သည် 'သန့်စင်မွှေးကြိုင်လှသော သလေးဆန်ဖြင့် ချက်သောထမင်းကို စွန့်ခွာ၍ ရလွယ်ရာသော အာဟာရဖြင့် မျှတမီတင်းလျက် ပဋ္ဌသန္တေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားအပေါင်းနှင့် မတွေ့ရာ ဘဝအဆုံးကို ရှာတော့အံ့' ဟု ရည်မှတ်ကြံရွယ်၍ ကြီးမြတ်သော မင်း၏ ချမ်းသာစည်းစိမ် ဥစ္စာရတနာ ရွှေ၊ ငွေ၊ မောင်းမမိဿံတို့ကို စွန့်ခွာခဲ့ပြီမဟုတ်လော။ ရှုံရှာဖွယ်ရာသော၊ စက်ဆုပ်ဖွယ်ရာသော ခန္ဓာကိုယ်ကို တန်ဆာဆင်ခြင်း၌ အဘယ်ကြောင့် ရောင့်ရဲဟင်းတိမ်ခြင်း မရှိရသနည်း"

ဤသို့လျှင် ကိုယ်တော်ကို ဆုံးမလျက် သပိတ်အတွင်း၌ ရောပြွမ်းလျက်ရှိသော ဆွမ်းခဲဘွယ် ဘောဇဉ်ကိုဘုဉ်းပေးတော်မူသည်။

မလှမ်းမကမ်းမှ ကြည့်နေသော မင်း ချင်း တို့ သည် အလောင်းတော်ရဟန်း၏ အကြောင်းခြင်းရာ အလုံးစုံကို မြင်ရသောအခါ ဗိမ္ဗိသာရမင်းအား ခရေစေ့တွင်းကျ တလုံးမချန် လျှောက်ထားကြသည်။ မင်းကြီးသည် သုဒ္ဓောဒနမင်း၏ သားမှန်းသိ၍ ဘုရားလောင်းရဟန်းထံ ချက်ချင်းသွားပြီးလျှင် မိမိ၏ နိုင်ငံကို ထက်ဝက်ခွဲ၍ ပေးအပ်မည့်အကြောင်း၊ တောမထွက်ပဲ မင်း၏ စည်းစိမ်ချမ်းသာကို ခံစားပါမည့်အကြောင်း၊

အသက် အရွယ် ငယ် သေး၍ ရဟန်း မပြု သင့် သေး သည့် အကြောင်းများကို လျှောက်ကြားသည်။ ဘုရား လောင်း ရဟန်းသည် မင်းကြီး၏စကားကို ကြားရသောအခါ ထီးနန်း စည်းစိမ်ကို မမက်မော မစုံမက်၍ တောထွက်လာခဲ့သည်ကို ထင်ရှားစွာ သိစေသည်။

ဗိမ္ဗိသာရမင်းသည် အလောင်းတော်ရဟန်း၏ အဆိုအမိန့် ကို ကြားရသောအခါ ဝမ်းမြောက်စွာ သာဓုခေါ်လျက် "သိဒ္ဓတ္ထမင်းသား၊ ဖြောင့်မတ်စွာသောလျှင် သူတော်ကောင်း တရားများကို ကြိုးပမ်းအားထုတ်ပါ။ တရားထူး တရားမြတ်ကို တွေ့၍ ဗုဒ္ဓစင်စစ် အမှန်ဖြစ်လာသောအခါ ရာဇဂြိုဟ်သို့ ရှေး ဦးစွာ ကြွခဲ့ပါ" ဟု လျှောက်ပြန်ရာ အလောင်းတော်ရဟန်း သည် ကောင်းပြီဟု ဝန်ခံလေသည်။

ယင်းသို့လျှင် ဘုရားလောင်းရဟန်း ဗုဒ္ဓအဖြစ်သို့ ရောက် တော်မမူမီ ဃဋိကာရ ဗြဟ္မာမင်း လှူအပ်သော ပထမသပိတ် တော်ကို ကိုင်၍ ဆွမ်းအလို့ငှာ ရာဇဂြိုဟ်သို့ ဝင်ခဲ့သည့် အကြောင်းကို ဗုဒ္ဓဝင်၌ ပြဆိုထားလေသည်။

ဃဋိကာရ ဗြဟ္မာမင်းလှူသော သပိတ်တော်မှာ သဗ္ဗညုတ ရွှေဉာဏ်ရ၍ ဗုဒ္ဓဖြစ်လာသောအခါတွင် ကွယ်ခဲ့လေသည်။ ဗုဒ္ဓ၏ ပထမသပိတ်တော် ကွယ်ခဲ့ရပုံကို ဗုဒ္ဓဝင်၌ အောက်ပါ အတိုင်း ပြဆိုပြန်သည်။

အလောင်းတော် ရဟန်းသည် ကိုယ်တော်တဦးတည်း ကျင့်တော်မူ၍ လူတို့ သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လဆန်း ၁၄

ရက်နေ့ညဉ့်တွင် ဘုရားဖြစ်တော့မည့် နိမိတ် အိပ်မက်ကြီး ငါးအင်ကို မြင်မက်လေသည်။

ထိုအိပ်မက်ကို ဆင်ခြင်သောအခါ "ယနေ့ပင်လျှင် ငါသည် ဘုရားဖြစ်လိမ့်မည်" ဟူ၍ မြင်၏။ သို့နှင့် မိုးသောက်ယံ အရုဏ်တက် ဆွမ်းခံသွားအံ့သော အချိန်တွင် ဆွမ်းခံကြွတော်မမူတော့ပဲ သေနနိဂုံးအနီးရှိ ညောင်ပင်ကြီး ပင်ရင်းသို့ နံနက် စောစောကြွသွားလျက် ထွန်းလင်းသောကိုယ်ရောင်ကို ဖြစ်ပေါ်စေ၍ ထိုင်နေလေသည်။

တချိန်က ဥရုဝေလတောအနီး၊ သေနနိဂုံး - မဟာသေန သူကြွယ်၏ သမီး သုဇာတာသည် အရွယ်ရောက်သောအခါက ပင် ညောင်ပင်ရင်းသို့ ကပ်၍ ဆုယူခဲ့ဖူးသည်။

"ကျွန်ုပ်သည် အမျိုးတူသော ယောကျ်ားနှင့် ထိမ်းမြား လက်ထပ် ပေါင်းသင်းမိကြ၍ သားဦးယောကျ်ား မွေးဖွား ရသည် ဖြစ်အံ့၊ အရှင်ညောင်ပင်စောင့် ရုက္ခစိုးအား တနှစ် တကြိမ် တသိန်းသော ဥစ္စာ အကုန်အကျခံ၍ ပူဇော်ပါမည်။ ကျွန်ုပ်အား စောင့်ရှောက် မစပါ" ဟူ၏။

သူကြွယ် သမီး သုဇာတာသည် ညောင်ပင်ရင်းတွင် ဆုတောင်းခဲ့သည့်အတိုင်း ပြည့်စုံလာသောအခါ ကဆုန်လပြည့်နေ့၌ ညောင်ပင်စောင့်ရုက္ခစိုးအား ဗလိနတ်စာ ပူဇော်ပါရစေဟု ခွင့်တောင်းပြီးလျှင် ထိုနေ့မတိုင်မီကပင် နွားမတထောင်ကို နွယ်ချိုတော၌ ထိန်းကျောင်း အစာကျွေးခဲ့၏။ ထိုနွားမ တထောင်ကို ငါးစုခွဲ၍ နွားမရှစ်ရာမျှရသော်နို့ကို နွားမ နှစ်ရာ

အား တိုက်ကျွေး၏။ ထိုနွားမနှစ်ရာကို ငါးစုပြန့်၍ တရာ့
ခြောက်ဆယ်သော နွားမတို့၏ နို့ရည်ကို လေးဆယ်သော
နွားမတို့အား တိုက်ကျွေးပြန်၏။ ထိုလေးဆယ်ကို ငါးစုပြု
ပြန်၍ လေးစုတို့၏ နို့ရည်ကို ရှစ်စုသော နွားမတို့၌ တိုက်ပြန်
သည်။ ထိုရှစ်စုသောနွားတို့၏ နို့ရည်ဖြင့်သာ ဃနာနို့ဆွမ်းကို
ချက်လေသည်။ ဤတွင် လောကဓာတ် တခုလုံးကို စောင့်ကြပ်
ကြရသော လောကပါလနတ်မင်းကြီးလေးပါးတို့သည် သုဇာ
တာ၏ ဃနာနို့ဆွမ်းကို အလောင်းတော်ရဟန်း ဘုဉ်းပေးလိမ့်
မည်ဟု သိကြလေသောကြောင့် ဆွမ်းပြင်ရာ ခုံအောက် လာ
၍ စောင့်ကြသည်။ ဗြဟ္မာမင်းကထီးဖြင့် ကာသည်။ သိကြား
မင်းက ထင်းထိုးပေးသည်။ တသောင်းသော စကြဝဠာ
နတ်ဗြဟ္မာအပေါင်းတို့သည် ဃနာနို့ဆွမ်းချက်ရာ၌ ကောင်း
မြတ်သော နတ်သြဇာကို ထည့်သွင်းလှူဒါန်းကြလေသည်။

သုဇာတာသည် နို့ဆွမ်းချက်ပြုတ် စီမံပြီးသောအခါ ပုဏ္ဏာ
အမည်ရှိသော ကျွန်မတယောက်ကိုခေါ်၍ ညောင်ပင်ရင်း၌
ညောင်စောင့်နတ်အား ပူဇော်ပသမည့်နေရာကို သန့်စင်ရှင်း
လင်းချေဟု ခိုင်းလိုက်လေသည်။ညောင်ပင်ရင်းသို့ ပုဏ္ဏာ ရောက်
၍ နေရာသန့်စင်ရန် ကြည့်သောအခါ ကိုယ်တော်ရောင်ဖြင့်
ညောင်ပင်အလုံးမှာ ထွန်းလင်းနေလျက် ညောင်ပင်ရင်း၌
အရှေ့လောကဓာတ်သို့ ရှေ့ရှုနေသော ဘုရားလောင်းရဟန်းကို
မြင်ရလေသည်။ ပုဏ္ဏာသည် ဘုရားလောင်းရဟန်းအား ညောင်
ပင်စောင့်ရုက္ခစိုးနတ် ထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာ ပျော်
ရွှင်စွာဖြင့် သုဇာတာရှိရာသို့ အမြန်ပြန်သွား၍

"အရှင်မ၊ ယနေ့ ငါတို့အရှင် ရုက္ခစိုးနတ်သည် ညောင်ပင်ရင်း၌ ကိုယ်ထင်ပြ၍ ကိုယ်အရောင်အဝါ တောက်ပတင့်တယ်စွာဖြင့် စံနေတော်မူသည်။ အံ့ဖွယ်လည်း ကောင်းလှသည်။ အမြန်သွားရောက်၍ ပူဇော်ပါ" ဟု ပြောတော့သည်။

ပုဏ္ဏာ၏ စကားကို ကြားရသောအခါတွင် အားပါးတရ စေတနာ သဒ္ဓါဟုန် တက်ကြွစွာဖြင့် အသပြာတသိန်း ထိုက်တန်သော ရွှေခွက်တွင် ဃနာနို့ဆွမ်းကိုထည့်၍ သုဇာတာသည် ညောင်ပင်ရင်းဆီသို့ လာခဲ့သည်။ ညောင်ပင်ရင်းတွင် ထိုင်နေသော အလောင်းတော်ရဟန်းကို တွေ့သဖြင့် အလောင်းတော်၏ တင့်တယ်ခြင်းကို ဖူးမြင်ရသည်တွင် သဒ္ဓါတရား လွန်ကဲလာပြန်သောကြောင့် ရွှေခွက်ကိုပါ လှူခဲ့၏။

ထိုအချိန်တွင် ဃဋိကာရ ဗြဟ္မာမင်းလှူသော သပိတ်တော်မှာ ကွယ်ခဲ့လေပြီ။ ဘုရားလောင်းရဟန်းသည် ဃနာနို့ဆွမ်းနှင့်တကွ ထည့်ထားသောရွှေခွက်ကိုပါ အလှူခံသည်။ ဗုဒ္ဓလောင်းလျာတို့မည်သည် ဘုရားဖြစ်သည့်နေ့တွင် အဖိုးတသိန်းထိုက်တန်သော ရွှေခွက်ကို ရမြဲဓမ္မတာ ဖြစ်၏။ အလှူခံရရှိသော ရွှေခွက်ကိုလည်း ဗုဒ္ဓလောင်းလျာဖြစ်သော ရဟန်းတို့သည် ဃနာနို့ဆွမ်း ဘုဉ်းပေးစဉ် အချိန်မှာသာလျှင် အသုံးပြုမြဲ ဖြစ်သည်။

ဗုဒ္ဓဝင်လာ အကြောင်းအရာအဖြစ်အပျက်များကို လေ့လာသောအခါ အလောင်းတော်ရဟန်းသည် ဃနာနို့ဆွမ်းအလှူကို လက်ခံတော်မူပြီးနောက် ညောင်ပင်နှင့် မနီးမဝေးသော နေရဉ္ဇရမြစ်သို့ ကြွတော်မူ၍ ဘုရားလောင်းတို့ ရေချိုး

စမြဲဖြစ်သော သုပတိတ္ထ ရေဆိပ်၌ ရေဆင်းချိုးပြီးမှ ကမ်းခုံ စထက် အာရှေအရပ်သို့ ရှေးရှုနေတော်မူလျက် ဃနာနို့ဆွမ်းကို ထန်းသီးမှည့် ပမာဏရှိသော ဆွမ်းလုပ် (အချို့ဆရာတို့က ထန်းသီးမှည့် အစေ့ပမာဏဟု ဆိုသည်။) ဖြင့် လေးဆယ့်ကိုး လုပ် ဘုဉ်းပေးလေသည်။ ထိုနောက် ရွှေခွက်ဖြင့် အဓိဋ္ဌာန်ပြု လေသည်။


"ငါသည် ယနေ့စင်စစ် ဘုရားဖြစ်မည်မှန်မူ ဤရွှေခွက် သည် မြစ်ထဲသို့ချသည်နှင့် ရေညာသို့ ဆန်တက်စေသတည်း" ထိုနောက် ရွှေခွက်ကို မျှောတော်မူရာ ရေအယဉ်ကိုဖြတ်၍ မတ် မတ်ဆန်သဖြင့် မြစ်လယ်သို့ ရောက်သည်တွင် မြစ်ညာသို့ အတောင်ရှစ်ဆယ်ခန့် ဆန်ပြီးမှ မြုပ်လေသောကြောင့် ကာလ နဂါးတို့၏အပါး၊ ရှေးရှေးက ပွင့်ပြီးခဲ့ကြကုန်သော ဘုရား တို့၏ ရွှေခွက်သုံးလုံးကို ထိ၍ တည်လေသည်။ ဘုရားလောင်း ရဟန်းလည်း ဆွမ်းဘုဉ်းပေးပြီးသည့်နောက် နေရဉ္စရာ မြစ် အနီးရှိ အင်ကြင်းတော၌ နေသန့်တော်မူပြီး နောက် မူလ ကမ္မဋ္ဌာန်းဟု ဆိုအပ်သော ကာယဝတာ သတိဘာဝနာကို စီးဖြန်းသည်။

ညချမ်းရောက်သောအခါ ကာလနဂါးမင်း၏ "ခုတင် ခု ပင် လူ့ပြည်၌ ဘုရားပွင့်ပေသည်" ဟူ၍ မြည်တမ်းကောင်း ချီးပေးသံကို ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ နတ်အသူရာ၊ ဗြဟ္မာ၊ သိကြား စသော နတ်တို့ကြားသဖြင့် ရှစ်ဉဿဘကျယ်၍ ပန်းမျိုးစုံတို့ ဖြင့် ပြွမ်းသော နတ်လမ်းမကို မဟာဗောဓိရှိရာသို့ ဗုဒ္ဓလောင်း လျှာ ကြွတော် မူနိုင်ရန် ဖန်ဆင်းပေးကြလေသည်။

ဗုဒ္ဓအဖြစ်သို့ မရောက်မီ ရဟန်းအဖြစ်နှင့် ဿဋ္ဌိကာရပြုဟူ လှူသော သပိတ်ကို သုံးစွဲပြီးလျှင် သဗ္ဗညုတ ရွှေဉာဏ်တော် ရှင်အဖြစ် ရောက်ရှိတော့မည့်နေ့ သူကြွယ်သမီး သုဇာတာထံမှ ရွှေခွက်ကို အလှူခံရမည့်အချိန်တွင် ကွယ်ပျောက်ခဲ့ကြောင်း သိခဲ့ရပြီ။

ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူ၍ ပရိနိဗ္ဗာန် ပြုတော်မူသော အချိန်ထိ ဆွမ်းရရန်အလို့ငှာ ကိုင်ဆွဲအသုံးပြုသော သပိတ်တော် စတင် ရရှိသောနေ့သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်၏ သမိုင်းဖြစ်စဉ်နှင့် ဆက်စပ်လျက်ရှိသည်ကို ဗုဒ္ဓဝင်၌ ထူးခြားစွာတွေ့ရပြန်လေသည်။





## ဗုဒ္ဓ၏
## ဒုတိယ သပိတ်တော်

အလောင်းတော်ရဟန်းသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မဟာဗောဓိပင် တောင်မျက်နှာ အလံ လေးဆယ်ကွာ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သမာပတ် ဝင်စားတော် မူနေစဉ် ဒုတိယမြောက် ဖြစ်သော သပိတ်တော်ကို အလှူခံယူရမည့်အကြောင်း ဆိုက်လာခဲ့လေသည်။ ယင်းသို့ အကြောင်းဆိုက်လာပုံနှင့်ဆက်စပ်၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး ပေါ်ပေါက်လာခဲ့ရသည့် အကြောင်းခြင်းရာ သမိုင်းသည်လည်း ထိုအချိန်မှာပင် စတင်ခဲ့၏။

လင်းလွန်းပင်ရင်းတွင် သမာပတ် ဝင်စားခဲ့သည်မှာ ခုနစ်ရက် စေ့သည့် တနေ့သော နံနက်ခင်း၌ မျက်နှာသစ်တော်မူလိုသော အကြံတော် ဖြစ်သဖြင့် သိကြားမင်းသည် ကြဇူသီး၊

ပ၆၀၄

ကွမ်းရိုး ဒန်ပူ၊ အနောတတ်အိုင်မှ ရေများကို ဆောင်ယူကပ်လှူခဲ့၏။ သိကြားမင်းလှူအပ်သော ပစ္စည်းများကို အသုံးပြုတော်မူပြီးစ အခါ ဖြစ်သည်။

ရာမညတိုင်း၊ ဥက္ကလာပ ဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ကုန်သွယ်ခြင်းငှာ လှည်းငါးရာနှင့် မဇ္ဈိမဒေသသို့ လာကြသည်။ ကုန်သည်ညီနောင်တို့သည် ဗုဒ္ဓရှိရာ လင်းလွန်းပင်နှင့် မနီးမဝေးသော အရပ်သို့ရောက်ခဲ့ကြသည်။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့နှင့် ရှေးဘဝပေါင်းများစွာ အတိတ်အခါက မိတ်ဆွေရင်းချာ ဖြစ်ခဲ့ဖူးသော သူတဦးသည် နတ်ဖြစ်နေရာ မိတ်ဟောင်းဆွေဟောင်းအား ဗုဒ္ဓပွင့်တော်မူနေသည်ကို သိစေ၍ ကိုးတောင့်ကိုးခဲလှသော ဒုလ္လဘကိုလည်း ရပါစေဟု ကုန်လှည်းများ ရှေ့သို့ မရွေ့နိုင်အောင် ဆွဲထားခဲ့၏။

ကုန်သည်ညီနောင်တို့သည် ထူးခြား ဆန်းကြယ်သော အခြင်းအရာကြောင့် ဗလိနတ်စာကျွေး၍ တောစောင့် တောင်စောင့်နတ်တို့အား ပူဇော်ပသကြသည်။ ဤတွင် ကုန်သည်ညီနောင်တို့၏ မိတ်ဆွေဟောင်း နတ်သားသည် ကိုယ်ထင်ပြ၍

"ညီနောင်တို့၊ ယခုအချိန်မှာ လင်းလွန်းပင်ရင်း၌ လောကသုံးပါးတွင် အတုမရှိ၊ မနိုင်းယှဉ်အပ်သော ဗုဒ္ဓရှင်တော်ဘုရား ပွင့်နေလေပြီ။ ကိုးကိုက်ခဲလှသော ဤအချိန်တွင် သင်တို့၏ အကျိုးစီးပွား ရစိမ့်သောငှာ သင်တို့၌ပါသော လှူဖွယ်ရာ ပစ္စည်းကို လှူဒါန်းကြပါလေ"ဟု ပြောပြ၏။

ကုန်သည်ညီနောင်တို့သည် လှန်စွာမှ သဒ္ဓါတရား ပွား များလာ၍ ရှင်လန်း ဝမ်းမြောက်စွာဖြင့် မိမိတို့နှင့် အတူ ဆောင်ကြဉ်းခဲ့သော စားနပ်ရိက္ခာထဲမှ ကြွက်ကျစ်မုံ့၊ ပျား မုံ့ဆုပ်တို့ကိုယူ၍ လင်းလွန်းပင်ရင်း၌ သီတင်း သုံးနေတော်မူ သော ဗုဒ္ဓမြတ်စွာအား လှူကြသည်။

ကုန်သည်ညီနောင်တို့ လှူလာသော မုံ့များကို ဘယ်အရာ ဝတ္ထုဖြင့် အလှူခံလျှင် သင့်လျော်မည်နည်းဟု အကြံတော် ဖြစ်ရင်း ရှေးရှေးက ပွင့်တော်မူခဲ့ကြသော နောင်တော် ဘုရားရှင်တို့သည် အဘယ်ဝတ္ထုဖြင့် အလှူခံခဲ့သနည်း ဟု အတိတ်ကာလဖြစ်စဉ်ကို ရှုမြင်ရာတွင် ဗုဒ္ဓသည် သပိတ်တော် ကို အောက်မေ့မိ၏။ သပိတ်တော်ဖြင့် ကုန်သည် ညီနောင်တို့ လှူလာသော မုံ့ကို အလှူခံ ယူရသော် သင့်၏ဟု အကြံဖြစ် မိ၏။

ထိုသို့ အကြံပေါ်သည်ကို စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ သိသဖြင့် ဣန္ဒနီလာ မြသား ကျောက်ညိုဖြင့် ပြုလုပ်အပ်သော သပိတ်လေးလုံးကို ဆက်ကပ်၏။ မြတ်စွာ ဘုရားသည် ထိုသပိတ်များကို လက်မခံချေ။ ထိုသပိတ်များ မှာ အဖိုးထိုက် အဖိုးတန် ပစ္စည်းများ ဖြစ်ရကား၊ ရသေ့ ရဟန်းတို့နှင့် မအပ်စပ်။ အဖိုးထိုက် အဖိုးတန် ပစ္စည်းများကို နောင်သောအခါ ရသေ့ရဟန်းတို့ သုံးစွဲခြင်းဖြင့် ကိုယ်ကျင့် တရားများကို ညှိုးနွမ်းစေအံ့သော အန္တရာယ်မြင်ပြီး ဖြစ်၍ လက်ခံတော်မမူခြင်း ဖြစ်သည်။

ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကို လှူပြန်သောအခါမှ လက်ခံ၍ လေးလုံးသော သပိတ်ကို အဓိဋ္ဌာန်ပြုလျက် နှိပ်လျှင် အနားရေး လေးခုရှိသော သပိတ်တလုံးတည်း ဖြစ်လာ၍ ထိုသပိတ်ဖြင့်ပင် တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ လှူအပ်သော ကြွက်ကျစ်မုံ့၊ ပျားမုံ့ဆုပ်ကို အလှူခံတော်မူလေသည်။

ထို ကုန်သည်ညီနောင်တို့အားလည်း "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ" ဟူသော ဒွေဝါစိက သရဏံကို ပေးတော်မူပြီးလျှင် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်လက်တဆုပ်ကိုလည်း ကုန်သည်ညီနောင်တို့ တောင်းပန်အပ်သည်ဖြစ်၍ အစဉ်သဖြင့် ကိုးကွယ်ဆည်းကပ်ရန် ချီးမြှင့်လေသည်။

× × ×

ဗုဒ္ဓ၏ သပိတ်တော်နှင့် ပတ်သက်၍ ကုန်းဘောင်ခေတ်၌ ထင်ရှားခဲ့သော ကျည်းကန်ရှင်ကြီး မေးမြန်းချက် လင်္ကာများကို **စွယ်စုံကျော်ထင်ကျမ်း၌** ကြီးသဲလေးထပ် ဆရာတော်က ဖြေဆိုခဲ့၏။

**စွယ်စုံကျော်ထင်ကျမ်း၌** ကျည်းကန်ရှင်ကြီး မေးထားပုံမှာ

"သပိတ်လေးလုံး၊ လက်နှိပ်ဖုံး
တလုံးတည်းဖြစ်၊ ဘယ်နေ့တည်း။
နတ်လေးယောက်လုံး၊ လှူစည်းရုံး
မြင့်ဆုံး ဘယ်နတ်သပိတ်နည်း။"

ကျီးသဲလေးထပ် ဆရာတော် အဖြေမှာ လောကပါလ နတ်မင်းကြီးလေးပါး သပိတ်တော် လေးလုံး လှူသောနေ့မှာ ဝါဆိုလဆန်း ၅ ရက် ဖြစ်သည်။

ထိုနေ့တွင်ပင်လျှင် တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့အား ဗုဒ္ဓက ဆံတော်များ ချီးမြှင့်ခဲ့သည်ဖြစ်သဖြင့် ရွှေတိဂုံစေတီတော်၏ သမိုင်းအစ၊ ဗုဒ္ဓ၏ သပိတ်တော် ဖြစ်ထွန်းပေါ်ပေါက်လာသည့် သပိတ်တော် သမိုင်းအစဟု ဆိုရမည် ဖြစ်သည်။ ဗုဒ္ဓသည် နတ်မင်းလေးပါး လှူအပ်သော သပိတ်များကို ခံယူ၍ တပေါင်းတည်း တလုံးတည်း ပြုတော်မူပြီးနောက် သက်တော်ထင်ရှား ရှိစဉ်တလျှောက် အသုံးပြုတော်မူသည်။

တဖန် ကျည်းကန်ရှင်ကြီးက 'နတ်လေးယောက်လုံး၊ လှူစည်းရုံး၊ မြင့်ဆုံး ဘယ်နတ်သပိတ်နည်း'ဟု မေးထားပြန်သည်။ ကျီးသဲဆရာတော်က ဖြေဆိုရာ၌ ဗုဒ္ဓဝင် အဋ္ဌကထာကျမ်းများ၌ တိုက်ရိုက်မပြဆို။ သို့ရာတွင် နတ်မင်းလေးပါးအနက် နောက်ဆုံးမှ ရောက်လာသော ကုဝေရ နတ်မင်းသပိတ် ဖြစ်နိုင်သည်ဟု ဖြေဆိုထားလေသည်။

တဖန်(အိတ်)ကာရန်ကဗျာတွင်
"ဘုရားသပိတ်၊ ရောင်ဖိတ်ဖိတ်
ဖုံးပိတ် ဘယ်ဖြင့် ပြီးသနည်း" ဟု မေးခဲ့ပြန်သည်။ ဤသည်ကို ကျီးသဲလေးထပ် ဆရာတော်ဘုရားက စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် ပထမတွင် ဣန္ဒနီလာမြသား သပိတ်လေးလုံးကို လှူဒါန်းရာ၌ ဗုဒ္ဓက လက်ခံတော်မမူပဲ

ပဲနောက်အဆင်းရှိသော ကျောက်သပိတ် လေးလုံးကိုသာ လက်ခံ၍ သပိတ်တခုတည်းဖြစ်အောင် ထပ်ဆင့်စီတင်၍ လက်တော်ဖြင့် ကိုင်နှိပ်ရာ သပိတ်လေးလုံးသည် အနားလေးရစ် ရှိသော တလုံးတည်းသော သပိတ်ဖြစ်လာသည်။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ လှူသော မုံ့ကို ခံယူဘုဉ်းပေးသည်ဟုသာ ဗုဒ္ဓဝင်၌ ဆိုသည်။ မည်သို့သော အဖုံးဖြင့် သပိတ်ကို ဖုံးအုပ်ထားသည်ဟု ဗုဒ္ဓဝင်ကျမ်း၌ မတွေ့ရကြောင်း ဖြေဆိုခဲ့လေသည်။

နတ်မင်းကြီးလေးပါးလှူသော သပိတ်တော်ကိုပင်ဗုဒ္ဓသည် ပရိနိဗ္ဗာန် ပြုအံ့သော အချိန်ကာလအထိ အသုံးပြုတော်မူခဲ့သည်ကို ဗုဒ္ဓဝင် အဋ္ဌကထာများ၌ နတ်မင်းကြီးများ လှူအပ်သော အနားလေးရစ်ဖြင့် ပြီးသည့်သပိတ်ဟု အခါများစွာ အကြိမ်များစွာ ထုတ်ဖော် ရည်ညွှန်းပြဆိုထားသည်ကို တွေ့ရလေသဖြင့် ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်ပြီးသည့်နောက် လူအပေါင်းတို့ ကိုးကွယ်ရန် ကျန်ရစ်သော သပိတ်သည်လည်း ယင်းသပိတ်ပင် ဖြစ်လေသည်။

ထိုအချက်ကို ထင်ရှားစေရန် ဗုဒ္ဓဝင်များ၌ သပိတ်တော်ကို ဖော်ပြသော ဖြစ်ရပ်များကို ကောက်နုတ်ဖော်ပြသွားပါမည်။

ဗုဒ္ဓသည် ဥပက ရဟန်းကြီးနှင့် တွေ့၍ ရဟန်းပြုပေးပြီးနောက် 'တစပဉ္စက ကမ္မဋ္ဌာန်း' ကို ချီးမြှင့်လျက် အစဉ်အတိုင်း ကြွတော်မူရာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ ဝင်ရောက်တော်မူသည်။ ပဉ္စဝဂ္ဂီတို့က အဝေးမှကြွလာသည့်

ဗုဒ္ဓကို မြင်လျှင်ပင် ရှင်ဂေါတမသည် ဘုရားအဖြစ်ကို ရခြင်းငှာ ဒုက္ခရစရိယာ အကျင့်ကို ကျင့်သည်။ ဘုရားမဖြစ်မီ ကပင် ဤအကျင့်မှထွက်၍ ဆွမ်း၊ သက်န်းများ ရအောင် ရှာ လျက် မြို့ရွာအရပ်ရပ်သို့ လှည့်လည်သည်။ အကျင့်ပျက်သသူ ဖြစ်သည်။ ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်း၊ သောက်ရေ သုံးရေ တည်ထားခြင်းစသော ဝတ်ကို မပြုလင့်ဟု အချင်းချင်း ကတိကဝတ် ထားကြသည်။ ပဉ္စဝဂ္ဂီတို့အနီးသို့ ဗုဒ္ဓ ရောက်လာ သော အခါတွင် ပဉ္စဝဂ္ဂီတို့ အချင်းချင်း ကတိကဝတ် မတည် နိုင်တော့ပဲ စိတ်နှလုံး ယိမ်းယိုင် တုန်လှုပ်လာကြကာ အချို့က သပိတ်၊ အချို့က သက်န်းကို လှမ်းယူသည်။ အချို့က ခြေ ဆေးရည် တည်လင့်သည်။ ထိုပြဆိုချက်များကို ထောက်၍ ဗုဒ္ဓသည် မိဂဒါဝုန်သို့ ကြွသည့်အချိန်မှစ၍ နတ်မင်းကြီး လေးပါးတို့ လှူသော သပိတ်ကို စတင် ဆောင်ယူအပ်ပြီဟု မှတ်ယူနိုင်လေပြီ။

မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ မထေရ်ငါးပါးအား လည်း ကောင်း၊ ကပ္ပာသိကတောအုပ်အတွင်း ဘဒ္ဒဝဂ္ဂီ မင်းသား ညီ နောင် သုံးကျိပ်တို့အားလည်းကောင်း တရားထူးတရားမှန်ကို ပြသတော်မူပြီးနောက် ဗုဒ္ဓသည် ဥရုဝေလ တောအုပ်၌ ဥရု ဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ စသော ရသေ့ညီ နောင်သုံးဦးနှင့်တကွသော ရသေ့ပေါင်း တထောင်ကို တန်ခိုး ပြာဋိဟာ ပြတော်မူ၍ အကျွတ်တရား ရစေရာတွင် ပထမ ဦးစွာ ဥရုဝေလကဿပနှင့် တွေ့သောအခါ သပိတ်တော်နှင့် တန်ခိုးပြာဋိဟာ ပြတော်မူသည်ကို ဗုဒ္ဓဝင်၌ တွေ့ရလေသည်။

ဗုဒ္ဓသည် ဥရုဝေလ ကဿပရသေ့၏ သင်္ခမ်းကျောင်းသို့ ကြွရောက်တော်မူပြီးလျှင် ဥရုဝေလကဿပရသေ့ကို

"အို ရှင်ကဿပ။ သင့်အား အကယ်၍ ဝန်မလေးခဲ့ပါမူ သင်၏ မီးတင်းကုပ်၌ ယနေ့တညဉ့်တာမျှ ငါဘုရား သီတင်းသုံး နေထိုင်လိုပါသည်" ဟု ခွင့်ပန်စကား မိန့်ကြားတော်မူလေ၏။

ဥရုဝေလကဿပ ရသေ့ကလည်း "အို ရဟန်းကြီး၊ ကျွန်ုပ်အတွက် တာဝန်လေးမှု မရှိပါ။ အထူး မှာကြားလိုသည်ကတော့ ဤမီးတင်းကုပ်၌ ကြမ်းတမ်းလှ၍ တန်ခိုးကြီးမား လျက် ထက်မြက်လျင်မြန် ပြင်းထန်သည့် အဆိပ်ရှိသော နဂါးမင်း ရှိပါသည်။ ထိုနဂါးမင်းသည် သင်ရဟန်းကြီးကို မညှဉ်းပန်း မနှိပ်စက်စေချင်ပါ" ဟူ၍ ပြန်ကြားပြောဆို၏။

ဗုဒ္ဓက နှစ်ကြိမ်မြောက် ခွင့်ပန်စကား ရှေးနည်းအတူ ပြောကြားသောအခါနှင့် သုံးကြိမ်မြောက် ခွင့်ပန်စကား ရှေးနည်းအတူ ပြောကြားသောအခါများမှာလည်း ဥရုဝေလ ကဿပ ရသေ့သည် ရှေးနည်းအတိုင်းပင် မိမိအဖို့ရာ ဝန်မလေးကြောင်း၊ သို့ရာတွင် မီးတင်းကုပ်ထဲမှာ တန်ခိုးပြင်းထန် လျင်မြန် ထက်မြက်သည့် အဆိပ်ရှိသော နဂါးမင်းရှိ၍ ထိုနဂါးမင်းက ရဟန်းကြီးအား မညှဉ်းပန်း မနှိပ်စက်စေလိုကြောင်း၊ ညှင်းပန်းနှိပ်စက်မည်ကို စိုးရိမ်မိကြောင်း ပြန်ကြားပြောဆို ရှာသော် နေ၏။

စတုတ္ထ အကြိမ်မြောက်၌ မြတ်စွာဘုရားက "အို ကဿပ၊ ထိုနဂါးမင်းသည် ငါဘုရားကို ညှဉ်းပန်းနှိပ်စက်မှု ကောန်ပင်

မပြုနိုင်ပါ။ ငါတိုက်တွန်းလိုသည်မှာ သင်ကသာ ငါဘုရားကို မီးတင်းကုပ်၌ နေထိုင်ရန် ခွင့်ပြုပါလော့” ဟု မိန့်ဆို၏။ ထိုအခါမှပင် ဥရုဝေလ ကဿပ ရသေ့က “အိုရဟန်းကြီး၊ အလိုရှိတိုင်းသာ ချမ်းသာစွာ နေထိုင်ပါလော့” ဟု ခွင့်ပြုစကား ပြန်ကြားပြောဆို၏။

ထိုသို့ ဥရုဝေလ ကဿပရသေ့က ခွင့်ပြုလေသောအခါ ဗုဒ္ဓသည် မီးတင်းကုပ်အတွင်းဝင်၍ မြက်ဖျာကိုခင်းကာ ကိုယ်ကို မတ်မတ်ထားလျက် ကမ္မဋ္ဌာန်းအာရုံကို ရှေးရှု သတိကို ဖြစ်စေတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလေ၏။ နဂါးသည် ဗုဒ္ဓ မီးတင်းကုပ်အတွင်း ဝင်လာသည်ကို မြင်လျှင် အလွန်ပင် စိတ်ဆိုးလှသဖြင့် ဖွဲပြာကဲ့သို့ ဗုဒ္ဓကို မုန့်မုန့်ညက်ညက် ပျက်စီးရန် ရည်သန်၍ ဗုဒ္ဓရှိရာသို့ အခိုးတလူလူလွှတ်လေ၏။

ထိုအခါ ဗုဒ္ဓသည် ‘ငါကား ဤနဂါး၏ အရေထူ အရေပါး အသားအကြော အရိုး ရိုးတွင်းချဉ်ဆီများကို မထိပါး မနာကျင်စေမူ၍ သူ့တန်ခိုးကို ငါ၏တန်ခိုးဖြင့် အုပ်မိုးဖိလွှမ်း ကုန်ခမ်းစေရမူ ကောင်းလေစွ’ ဟု အကြံဖြစ်၏။ ထိုနောက် နဂါး၏ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို မထိပါး မနာကျင်စေရန်တန်ခိုးတော်ကို ပြုတော်မူ၍ နဂါးလွှတ်သော အခိုးထက်သာ၍ ပြင်းထန်သော အခိုးကိုလွှတ်တော်မူ၏။ နဂါးသည် မိမိ အမျက်ကို မအောင့်အည်းနိုင်ရကား မီးတောက် မီးလျှံများကို လွှတ်ပြန်လေ၏။ ဗုဒ္ဓသည် တေဇောကသိဏဈာန် ဝင်စား၍ နဂါးတို့ထက် ကြီးမားပြင်းထန်သော မီးတောက်မီးလျှံများကို လွှတ်လေ၏။ ဗုဒ္ဓနှင့်နဂါး နှစ်ဦးသားတို့၏ ကြီး

မာသော မီးတောက် မီးလျှံများကြောင့် မီးတင်းကုပ်တခု လုံး မီးဟုန်းဟုန်းတောက်လုမတတ် ရှိလေ၏။

ထိုအခါ ဥရုဝေလ ကဿပရသေ့ဆရာကြီးနှင့် တကွသော ရသေ့အပေါင်းတို့သည် မီးတင်းကုပ်ကို ချဉ်းကပ်ဝိုင်းအုံကြ ကုန်လျက်

"အို အချင်းတို့၊ အလွန်အမင်းအဆင်းလှပသော ရဟန်း ကြီးကို နဂါးမင်းသည် ညှဉ်းပန်း နှိပ်စက်အပ်ပါပေါ့တကား" ဟု စိုးရိမ်စွာ ပြောကြကုန်၏။

ဗုဒ္ဓသည် ထိုညဉ့်လွန်မြောက် မိုးသောက်လတ်သောအခါ နဂါး၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို မထိပါး မနာကျင် စေမူ၍ ကိုယ်တော်မြတ်၏ တန်ခိုးဖြင့် နဂါး၏တန်ခိုးကို အုပ် မိုးဖိလွှမ်း ကုန်ခမ်းစေပြီးလျှင် နဂါးကို သပိတ်အတွင်းထည့် ကာ

"အို ကဿပ၊ ဤကား သင်ပြောသော နဂါးပေတည်း။ ထိုနဂါး၏ တန်ခိုးကို ငါ၏တန်ခိုးဖြင့် အုပ်မိုးဖိလွှမ်း ကုန် ခမ်းစေအပ်ပြီ" ဟု ပြောဆိုမိန့်ကြား၏။ သပိတ်အတွင်းဝယ် ခွေနေသော နဂါးကိုလည်း ဥရုဝေလ ကဿပ ရသေ့နှင့် တကွ သော ရသေ့များကို ပြ၏။

ထိုအခါ ဥရုဝေလရသေ့က 'ရဟန်းကြီးသည် တန်ခိုးပြင်း ထန် လျင်မြန်သော အဆိပ်ရှိသည့် နဂါး၏တန်ခိုးကို မိမိတန်ခိုး ဖြင့် အုပ်မိုးဖိလွှမ်း ကုန်ခမ်းစေနိုင်ပြီ။ ကြီးမားသော တန်ခိုး အာနုဘော် ရှိပေစွတကား။ ထိုသို့ပင် တန်ခိုးအာနုဘော်

ကြီးမားသော်လည်း ငါလိုတော့ အာသဝေါကုန်ခမ်း ရဟန္တာ ကား မဟုတ်သေးချေ’ ဟု ကြံလေသည်။

နတ်မင်းကြီးလေးပါးတို့ လှူအပ်သော သပိတ်တော်တွင် တန်ခိုး ကုန်ခမ်းစေ၍ နဂါးကြီးကို ထည့်လျက် ပထမအကြိမ် တန်ခိုးပြာဋိဟာ ပြခြင်း ဖြစ်၏။

ဥရုဝေလ ကဿပအား တန်ခိုးပြာဋိဟာ အထူးထူးအပြား ပြား ပြသတော်မူပြီးမှ နောက်ဆုံးတွင် သတိသံဝေဂ ရစေ၍ ဗုဒ္ဓက ရဟန်းပြုပေးတော်မူသည်။ ဥရုဝေလ ကဿပနှင့် ရသေ့ ငါးရာသည် ဗုဒ္ဓ၏ မဂ်ဖိုလ်တရားကို ကြားနာရသည်၏အဆုံး ၌ ရဟန္တာများ ဖြစ်ကုန်ကြသည်။

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်သို့ ပထမ ကြွတော်မူသည်။ ယင်းသို့ ပထမ ကြွတော်မူရခြင်းမှာ ဗုဒ္ဓမဖြစ်မီ အလောင်းတော် ရဟန်းဘဝနှင့် ဗိမ္ဗိသာရမင်းကြီးအား တွေ့ခဲ့စဉ် မင်းကြီးက ဂယာသီဉ္မမွေ့ လျော်သမျှနေတော်မူ၍ ဘုရားဖြစ်လျှင် အကျွန်ုပ် ပြည်သို့ ရှေဦးပထမ ကြွတော်မူပါဟု လျှောက်ထားခဲ့သော ကြောင့် ဖြစ်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ဥယျာဉ်တွင်း၌ မင်းကြီးသည် နန်းတော်ကို အရုံတက္ကနှင့် ရေစက်သွန်းချ၍ ဗုဒ္ဓထံ လှူတော်မူသည်။ ဗုဒ္ဓသည် ဝေဠုဝန်ကျောင်း၌ သီတင်း သုံး နေတော်မူကြောင်းကို ဖခင်ဖြစ်သော သုဒ္ဓေါဒနမင်းကြီး ကြားသိသဖြင့် ကပိလဝတ်ပြည်သို့ ကြွလာရန် ပင့်လျှောက် သောကြောင့် ဝါဆိုတော်မူပြီးမှ သက္ကရာဇ် ၁၀၄ ခုနှစ် တပေါင်းလ၌ ကပိလဝတ်ပြည်သို့ ကြွတော်မူသည်။ ဗုဒ္ဓ ကြွ လာတော် မူပြီဆိုသော သတင်းကို ဇာဃာ့ဒါယီထေရ်သည်


သုဒ္ဓောဒနမင်းကြီးထံ ကောင်းကင်ခရီးဖြင့် ကြွသွား၍ သတင်းပို့နှင့်၏။ မင်းကြီးသည် ဆွမ်းဘောဇဉ်ကို ချက်ပြုတ်ပြင်ဆင်၍ ဗုဒ္ဓအား ကပ်လှူပေးပါရန် ကာလုဒါယီထံ ပန်ကြားသည့်ပြင် ကပိလဝတ်ပြည် ရောက်သည့်တိုင်အောင် မိမိ၏နန်းတော်မှ ဆွမ်းဘောဇဉ်ကိုသာ ဆောင်ယူ၍ ဗုဒ္ဓအား ကပ်လှူပေးရန်ကိုလည်း ထပ်ဆင့်မေတ္တာရပ်ခံခဲ့သည်။ ကာလုဒါယီထေရ်သည် သုဒ္ဓောဒနမင်းကြီးလှူသော ဆွမ်းကို ကောင်းကင်ခရီးဖြင့် ဆောင်ယူခဲ့၍ ဗုဒ္ဓအား ကပ်လှူသည်။ ဤနည်းဖြင့် ကာလုဒါယီထေရ်သည် နေ့စဉ်နေ့တိုင်း သုဒ္ဓောဒနမင်းကြီး နန်းတော်သို့ ကြွလာပြီးလျှင် ဆွမ်းဘောဇဉ်ကို ဆောင်ယူ၍ ဗုဒ္ဓအား ဆက်ကပ်သဖြင့် ဗုဒ္ဓသည် ဖခင်မင်းကြီး၏ဆွမ်းကိုသာ လမ်းခရီးတလျှောက်လုံးတွင် ဘုဉ်းပေးတော်မူရသည်။ ယင်းသို့ ထူးခြားစွာ စွမ်းဆောင်နိုင်သဖြင့်လည်း ကာလုဒါယီထေရ်အား ကုလပ္ပသာဒတေဒဂ် ထားတော်မူ၏။


ဗုဒ္ဓသည် တနေ့လျှင် တယူဇနာ ကြွချီခြင်းဖြင့် ကပိလဝတ်ပြည်သို့ နှစ်လမြောက်သောနေ့၌ ဆိုက်ရောက်တော်မူသည်။ နိဂြောဓ သာကီဝင်မင်း၏ ဥယျာဉ်အလယ်၌ ဆွေတော် မျိုးတော်များက ဗုဒ္ဓအား ကျောင်းဆောက်လှူဒါန်းရာ ထိုကျောင်းသည် နိဂြောဓာရုံကျောင်း ဟု တွင်လေသည်။ ကပိလဝတ်ပြည်၌ ဆွေတော်မျိုးတော်များအား တရားဟောကြားပြီးသောအခါ ဆွေတော်မျိုးတော်တို့သည် ဦးခေါင်းညွတ်ရိုး ရှိခိုး၍ အသီးသီးသာ ပြန်ကြကုန်သည်။ တဦးတယောက်သော သူကမျှ ဆွမ်းအလှူခံတော်မူပါဟု မပင့်မိကြ

ခပ။ ဖခင်ဖြစ်သူ သုဒ္ဓောဒနမင်းကြီးသည်လည်း ငါ့သား ဘုရားသည် ငါ့နန်းတော်သို့သာ နေ့စဉ်နေ့တိုင်း ဆွမ်းစားကြွမှာပဲဟု ယူဆ၍ ဆွမ်းစားမပင့်မိပဲ နန်းတော်သို့ ပြန်ခဲ့၏။ ထိုည၌ကုန်မြောက်၍ နံနက်အလင်းရောက်သောအခါ ရှေးရှေးက ပွင့်တော်မူပြီးကုန်သော နောင်တော်ဗုဒ္ဓတို့သည် ဘွားတော်မူရာ မြို့ရွာဒေသသို့ ရောက်သည်တွင် အဘယ်သို့လျှင် ဆွမ်းခံဝင်ကြသနည်း၊ အိမ်စဉ်လျှောက်၍ ဆွမ်းခံကြသလော၊ သို့တည်းမဟုတ် မင်းစိုးရာဇာ မျက်နှာကြီးတို့၏ အိမ်များကိုမှ ရွေး၍ ဆွမ်းခံလေသလော၊ သို့တည်းမဟုတ် မျက်နှာကြီးငယ်မရွေး အိမ်စဉ်မပြတ် ဆွမ်းရပ်လေသလောဟု ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်ဖြင့် ဆင်ခြင် ကြည့်ရှုတော်မူသည်။ ရှေးက ပွင့်တော်မူပြီးကုန်ကြသော နောင်တော်ဘုရားရှင်တိုင်းပင်လျှင် မင်း၊ မှူးမတ်၊ သူဌေး၊ သူကြွယ်၊ လူကုံထံတို့အိမ်များမှာသာ ဆွမ်းမရပ်ပဲ မျက်နှာကြီးငယ်မရွေး အိမ်စဉ်မပြတ် ဆွမ်းခံခဲ့သည်ကို မြင်တော်မူသည်။

ယခု ငါသည်လည်း ရှေးရှေးသော နောင်တော်ဗုဒ္ဓတို့၏ ကျင့်စဉ်ကို လိုက်နာမှ သင့်မြတ်ချိမ့်မည်။ နောင်သောအခါ ငါ၏ တပည့်သား ရဟန်းသံဃာများသည်လည်း ငါ၏အတုကို ယူကြပြီးလျှင် အယုတ်အလတ် အမြတ်မရွေး မျက်နှာကြီးငယ်မလိုက် အိမ်စဉ်လှည့်၍ ဆွမ်းရပ်ကာ ရဟန်းသံဃာတို့ ကျင့်ဝတ်ကို ဖြည့်ကျင့်လိမ့်မည်ဟု အကြံဖြစ်သဖြင့် မြို့တံခါးဝင်ဝအဖျားအစွန်ကျသော အိမ်မှသည်တဲကုပ်အိမ်ငယ် အနိမ့်အမြင့်မရွေး အိမ်ရှေ့အိမ်ရှေ့တိုင်းတွင် နတ်မင်းလေးပါး

လှူအပ်သော ကျောက်ညိုသပိတ်ကို ပိုက်၍ ဗုဒ္ဓဆွမ်းရပ်ခဲ့သည်။ ဤကား ကျောက်ညိုသပိတ်တော်ကို ကိုင်စွဲ၍ အိမ်စဉ်လှည့်လျက် ပထမဆုံး ဆွမ်းရပ်သော ဗုဒ္ဓဝင်ကျမ်းလာအကြောင်းရပ် ဖြစ်ပေသည်။





## သုဒ္ဓောဒန၊
## အာနန္ဒာနှင့် သပိတ်တော်

ကပိလဝတ်ပြည်တွင်း အိမ်စဉ်လှည့်၍ ဆွမ်းခံသော ဗုဒ္ဓအား ကပိလဝတ် ပြည်သူပြည်သားအပေါင်းတို့သည် ထူးခြားဆန်းကျယ်လှသည်ဟု နန်းပြတင်း၊ အိမ်ပြတင်းများ ဖွင့်၍ အလုအယက်ဖူးမြှော်ကြသည်။ ရာဟုလာ၏မယ်တော် ယသော်ဓရာ မင်းသမီးသည်လည်း ထိုအခြင်းအရာကို မြင်ရသဖြင့် သုဒ္ဓောဒနမင်းကြီးထံပါး သွားရောက် လျှောက်ထားရာ မင်းကြီးသည် ဆောလျင်စွာ နန်းတော်မှ ထွက်ခဲ့ပြီးနောက် ဗုဒ္ဓရှေ့မှောက် သွားရောက်ရပ်ပြီးလျှင်

“အရှင်မြတ်ဘုရား၊ တပည့်တော်တို့နှင့်တကွ ဆွေစဉ်မျိုးဆက်၏ အရှက်ကို ခွဲရက်ပါဘိသည်။ အဘယ်ကြောင့် အိမ်စဉ်လှည့်၍ ယခုကဲ့သို့ ဆွမ်းခံ တောင်းရမ်းနေရပါသနည်း။

ရဟန်းတော် နှစ်သောင်းအတွက် ခမည်းတော်ထံတွင် ဆွမ်းကိစ္စ ပြည့်စုံအံ့ မထင်ပါသလော” ဟု ဗုဒ္ဓအား လျှောက်ထား၏။

ထိုအခါ ဗုဒ္ဓသည် ခမည်းတော်မင်းကြီးအား အကျိုးအကြောင်းကို သိစေလိုသောအားဖြင့် “ခမည်းတော်မင်းမြတ်၊ သပဒါနစရိတ ဟူသော အယုတ်အလတ် အမြတ်မရွေး အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်ခြင်းသည် ဗုဒ္ဓအဆူဆူ၏ စဉ်ဆက်ကျင့်စဉ် ဖြစ်သည်”ဟု မိန့်ကြား၏။ သုဒ္ဓောဒန မင်းကြီးသည် ယင်းသို့ ဗုဒ္ဓ ဖြေကြားသည်ကို မကျေနပ်သေးသဖြင့် “သားတော် အရှင်သူမြတ်ဘုရား၊ ခမည်းတော်၏ အမျိုးအနွယ်သည် ကမ္ဘာဦးအစ သမ္မတမင်းမှ အနွယ်အဆက်မပြတ် ဆင်းသက်လာခဲ့သော မဟာသမ္မတ - ခတ္တိယ အနွယ်သာ ဖြစ်၏။ ခမည်းတော်တို့ မျိုးရိုးစဉ်ဆက် ခတ္တိယအနွယ်တွင် တပါးသောမင်းမျှလည်း ဆွမ်းခံ တောင်းရမ်းစားခြင်းမရှိခဲ့ပါ”ဟု ပြန်လျှောက်၏။

ဗုဒ္ဓက “မှန်ပေသည် မင်းကြီး၊ မင်းကြီး၏ အနွယ်သည် ခတ္တိယ အနွယ်ပါပေ။ သို့ရာတွင် ဗုဒ္ဓ မြတ်စွာတို့၏ အနွယ်ကား ဒီပင်္ကရာ ဘုရားမှသည် ကဿပဘုရားအထိ ဖြစ်သည်။ ဂင်္ဂါဝါလု သဲထုမက ပွင့်ပြီး ကြကုန်သော ဗုဒ္ဓမြတ်စွာအပေါင်းတို့သည်လည်း အယုတ် အလတ် အမြတ် မခွဲခြားမူပဲ အိမ်စဉ်ရွေ့ရပ်၍သာ ဆွမ်းခံမြဲ ဖြစ်သည်။ ယင်းအကျင့်ကို ကျင့်၍သာ အသက်မွေးကြကုန်သည်”ဟု ထပ်မံ ရှင်းလင်းမြွက်ကြားတော်မူလေသည်။

"ခမည်းတော်မင်းမြတ်၊ ရဟန်းတို့သည် ဆွမ်းလှူအံ့သော အလှူရှင်၏ အိမ်တံခါးရှေ့ဝယ် အိန္ဒြေရစွာ အလှူခံ၍ ရအပ်သော ဆွမ်းကို မမေ့အပ်။ ရဟန်းတို့သည် ကောင်းစွာ ကျင့်၍ လှည့်လည် ဆွမ်းအလှူခံရသည်။ ဆွမ်းခံခြင်းကို အမြဲမပြတ်ပြုသော ရဟန်းသည် ပစ္စုပ္ပန် တမလွန်ဘဝများ၌ ကိုယ်စိတ်ချမ်းသာစွာ နေရ၏"ဟု ဆွမ်းခံရင်း အနီးမှ လိုက်ပါနေသော ခမည်းတော် သုဒ္ဓောဒနမင်းကြီးအား ဟောတော်မူရာ သုဒ္ဓောဒနမင်းကြီးသည် သောတာပန် ဖြစ်သွားခဲ့၏။ သောတာပန် ဖြစ်သော ခဏ၌ပင် နန်းတော် သွားရာ လမ်းတလျှောက် အိမ်တိုင်းစေ့မှ လှူသော ဆွမ်းထည့်ရာ သပိတ်တော်ကို ဗုဒ္ဓလက်မှ လှမ်းယူ ပွေ့ဆောင်ခဲ့လေသည်။

ဤသည်မှာလည်း ဗုဒ္ဓသပိတ်တော်ကို ခမည်းတော် သုဒ္ဓောဒနမင်းကြီးကိုယ်တိုင် သောတာပန် အဖြစ်နှင့် ပထမဦးစွာ ကိုင်ဆောင်ခွင့် ပြုတော်မူသော အကြောင်း တရပ် ဖြစ်ကြောင်း ဗုဒ္ဓဝင်၌ပင် မှတ်တမ်းတင်ထားလေသည်။

× × ×

ဗုဒ္ဓသည် နတ်မင်းကြီးလေးပါး လှူအပ်သော ကျောက်ညိုသပိတ်ဖြင့် ညီတော် နန္ဒမင်းသား (နောင်တွင် ရှင်အာနန္ဒာဖြစ်လာသော ပုဂ္ဂိုလ်) အား ရဟန်းဘဝသို့ ရောက်အောင် ဆောင်ကြဉ်းလာခဲ့ပုံကိုလည်း ဗုဒ္ဓဝင်၌ တွေ့ရလေသည်။ ဤအခန်းကို တိပိဋကဓရ ဆရာတော် ရှင်ဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားအပ်သော နိုင်ငံတော် ဗုဒ္ဓသာသန **မဟာဗုဒ္ဓဝင်** (တတိယတွဲ)မှ ထုတ်နုတ် ဖော်ပြပါမည်။

မြတ်စွာဘုရားရှင် ကပိလဝတ် နေပြည်တော်သို့ ရောက်၍ သုံးရက်မြောက်သောနေ့၌ ခမည်းတော် သုဒ္ဓောဒနမင်းကြီးသည် သားတော် နန္ဒမင်းသားအား အိမ်ရှေ့မင်း ဥဿျှောင်တော် ထုံးဖွဲ့ရန်အတွက် မင်းသားငယ်ကာလက ထုံးဖွဲ့ရင်းရှိသော ဥဿျှောင် ဆံထုံးကို ဖြည်ခြင်း မင်္ဂလာ၊ အိမ်ရှေ့မင်းဟူ၍ ကမ္ပည်းတံဆိပ် ခပ်နှိပ်ထားသည့် ရွှေပြားသင်းကျစ်တော်ကို နဖူး၌ တပ်ဆင်ခြင်း မင်္ဂလာ၊ အိမ်ရှေ့စံ နန်းတော် အပ်နှင်းပွဲ မင်္ဂလာ၊ နှမတော် ဇနပဒကလျာဏီနှင့် လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာ၊ အိမ်ရှေ့ ထီးဖြူတော် စိုက်ဆောက် အပ်နှင်းခြင်း မင်္ဂလာ စသော ငါးပါးသော မင်္ဂလာတို့ကို ဆင်ယင်ကျင်းပမှု ပြုလုပ်စေလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရွှေနန်းတော်သို့ ကြွသွားတော်မူ၍ နန္ဒမင်းသားအား ရှင်ရဟန်းပြုစေတော်မူလိုသည်၍ အနုမောဒနာ မင်္ဂလာတရားစကားဟောကြားတော်မူ၏။ ထို့နောက် နေရာမှထကာ နန္ဒမင်းသားအား သပိတ်တော်ကိုပွေ့ယူစေပြီးလျှင်ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့လေသည်။

ရွှေနန်းတော် ခန်းမဆောင်၌ပင် မြတ်စွာဘုရားသည် ကိုယ်တော်၏ သပိတ်ကို ကိုယ်တော်တိုင် ယူရန် ဖြစ်သော်လည်း ရှင်ရဟန်းပြုပေးလိုသည့်အတွက် နန္ဒမင်းသား၏လက်မှသပိတ်ကို ယူတော် မမူခဲ့ချေ။ နန္ဒမင်းသားသည်လည်း နောင်တော် မြတ်စွာဘုရား၌ အလွန်အလွန် ရိုသေလှသဖြင့် "နောင်တော်မြတ်ဘုရား၊ အရှင် နောင်တော်မြတ်ဘုရား၏ သပိတ်တော်ကို ယူတော်မူပါဘုရား" ဟူ၍ မလျှောက်ဝံ့ပဲ ရှိလေ

သည်။ နန္ဒမင်းသားသည် စောင်းတန်း (လှေကား) ဦးသို့ ရောက်လျှင် သပိတ်တော်ကို ယူတော်မူလိမ့်မည်ဟု ကြံစည် အောက်မေ့ကာ သပိတ်တော်ကို ပွေ့ချီလျက်သာ လိုက်ပါ ရလေ၏။ စောင်းတန်း လှေကားဦးသို့ ရောက်သောအခါ၌ လည်း မြတ်စွာဘုရားသည် သပိတ်တော်ကို ယူတော်မမူချေ။

နန္ဒမင်းသားသည် 'စောင်းတန်း လှေကားရင်း အောက် ခြေသို့ ရောက်လျှင် သပိတ်တော်ကို ယူတော်မူလိမ့်မည်' ဟု ကြံစည် အောက်မေ့ကာ သပိတ်တော်ကို ပွေ့ချီလျက်သာ လိုက်ပါရလေ၏။ စောင်းတန်း လှေကားရင်း အောက်ခြေသို့ ရောက်သောအခါလည်း မြတ်စွာဘုရား သည် သပိတ်တော်ကို ယူတော်မမူချေ။ နန္ဒမင်းသားသည် မင်းယင်ပြင် နန်းတော်၏ အပြင်အပ မြေကွက်လပ်သို့ ရောက်လျှင် သပိတ်တော်ကို ယူ တော်မူလိမ့်မည်ဟု ကြံစည် အောက်မေ့ကာ သပိတ်တော်ကို ပိုက်လျက် လိုက်ပါရလေ၏။ မင်းယင်ပြင်သို့ ရောက်သော အခါ၌လည်း မြတ်စွာဘုရားသည် သပိတ်တော်ကို ယူတော် မမူပဲ ကြွသွားမြဲသာ ကြွသွားတော်မူလေ၏။ နန္ဒမင်းသား သည် အလိုမရှိပဲ လိုက်ပါရသည်ဖြစ်၍ ပြန်လည် ဆုတ်နစ်လိုပါ သော်လည်း နောင်တော်ဘုရား၌ အလွန့်အလွန် ရိုသေလေး စား သဖြင့် 'သပိတ်တော်ကို ယူတော်မူပါဘုရား' ဟူ၍ မလျှောက်ထားဝံ့ပဲ 'ဤအရပ်သို့ ရောက်လျှင် ယူတော်မူလိမ့် မည်'ဟု ယူလိမ့်နိုးနိုး မျှော်ကိုးလျက်သာ လိုက်ပါသွားရရှာ လေ၏။

ထိုအခါ ဇနပဒကလျာဏီ၏ ရံရွေတော် မောင်းမတို့သည် ထိုအခြင်းအရာကို မြင်ကြ၍ ဇနပဒကလျာဏီထံသို့ သွား ရောက်ပြီးလျှင်

"အရှင်မ၊ မြတ်စွာဘုရားသည် နန္ဒမင်းသားကို အရှင်မတို့ နှင့် ကင်းကွာအောင် ခေါ်ဆောင်၍ ကြွသွားတော်မူလေပြီ" ဟု လျှောက်တင်ကြလေကုန်၏။ ထိုအချိန်၌ ဇနပဒကလျာဏီ သည် ခေါင်းလျှော်နေဆဲဖြစ်၍ ယိုစီးသော ခေါင်းလျှော် ရေပေါက်များနှင့် ဆံပင်တဝက်တပျက်ကိုသာ ဖြီးလိမ်းပြီး ဖြစ်ကာ လျင်မြန်စွာလာလတ်၍ လေသာနန်းတံခါး၌ ရပ်ပြီး လျှင်


"အို အရှင့်သား၊ လျင်မြန်စွာ ပြန်လာတော်မူခဲ့ပါ" ဟု မှာကြားပြောဆိုလေသည်။ ဇနပဒကလျာဏီ မှာကြားလိုက် သောစကားသည် နန္ဒမင်းသား၏ သည်းကြားဝမ်းပြင်၌ တံကျင်လျှိုသကဲ့သို့ပါဘိ၏။

မြတ်စွာဘုရားသည်လည်း နန္ဒမင်းသား၏လက်မှ သပိတ် ကို ယူတော်မမူပဲသာလျှင် နန္ဒမင်းသားကို ကျောင်းတော်သို့ အရောက် ခေါ်ဆောင်ခဲ့၏။ ကျောင်းတော်သို့ရောက်လျှင် "ရဟန်းပြုမည်လော နန္ဒ" ဟု မေးမြန်းလေသည်။ နန္ဒမင်း သားသည် နောင်တော် ဗုဒ္ဓ၌ အလွန်ရိုသေလေးစားသဖြင့် 'ရဟန်း မပြုနိုင်ပါ' ဟု မလျှောက်ထားဝံ့ဘဲ စိတ်ကပင် ရဟန်းပြုရန် အလိုမရှိလင့်ကစား "ကောင်းပါပြီ နောင် တော်မြတ်ဘုရား၊ ရဟန်းပြုပါမည်" ဟူ၍ လျှောက်ဆို ဝန်ခံ ရှာလေတော့သည်။

မြတ်စွာဘုရားသည် ထိုသို့ဖြစ်ခဲ့လျှင် "ရဟန်းတို့၊ သင်တို့သည် ငါဘုရား၏ညီတော် နန္ဒကို ရဟန်းပြုကြကုန်လော့" ဟူ၍ မိန့်ကြားတော် မူလေသော် ရဟန်းတို့သည် မြတ်စွာဘုရား မိန့်ကြားတော် မူချက်အတိုင်း နန္ဒမင်းသားကို ရဟန်းပြုလုပ်၍ ပေးကြလေကုန်၏။

ဗုဒ္ဓသည် သပိတ်တော်ကို ညီတော်နန္ဒမင်းသားအား ပွေ့ယူစေပြီးလျှင် ကျောင်းတော် ရောက်တော်မူသည်အထိ လိုက်ပါစေခဲ့ပြီးနောက် ရဟန်းပြုပေးခဲ့ရာတွင် သပိတ်တော်ကို အသုံးပြုခဲ့လေသည်။





## စန္ဒကူးသပိတ်နှင့် ဗုဒ္ဓအဆုံးအမ

ဗုဒ္ဓသည် သစ်သားသပိတ်ကို မဆောင်ယူအပ်၊ မသုံးစွဲအပ်၊ ဆောင်ယူသုံးစွဲသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု အရှင် ပိဏ္ဍောလဘာရဒွါဇမထေရ် တန်ခိုးဣဒ္ဓိပြာဋိဟာ ပြ၍ ရာဇဂြိုဟ်သူဌေး၏ သပိတ်ကို ချယူသည်ကို အကြောင်းပြုပြီးလျှင် သိက္ခာပုဒ် ပညတ်တော်မူသော အကြောင်းတရပ် ဗုဒ္ဓဝင်၌ တွေ့ရပြန်လေသည်။

သို့ဖြစ်ရာ ဗုဒ္ဓသည် အဖိုးတန် အဖိုးထိုက်ဖြစ်သော သပိတ်များကို ရဟန်းသံဃာတို့ မကိုင်ဆောင်ရန် တားမြစ်တော်မူသည်။ မိမိကိုယ်တော်တိုင်ပင် နှတ်မင်းလေးပါး လှူအပ်သော ကျောက်ညိုသပိတ်တော်ကိုသာ အစဉ်သဖြင့် ကိုင်

ဆောင် ဆုမ်းခံတော်မူသည်ကို ရဟန်းသံဃာများ သတိပြု
စေလိုသည့် ဆန္ဒရှိသည်မှာ ထင်ရှားနေသည်။

မြတ်စွာဘုရားရှင်သည် မကုဋ္ဌ တောင်ကျောင်း၌ ဆဋ္ဌ ဝါ
ဆိုတော် မူပြီးနောက် ထိုဝါမှ ထတော်မူ၍ အစဉ်သဖြင့် ခရီး
ဒေသစာရီ ကြွချီတော်မူ၏။ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍
ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူ၏။

ယင်းသို့ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း
တိုက်၌ သီတင်းသုံးနေထိုင်တော်မူစဉ် တနေ့သ၌ ရာဇဂြိုဟ်
သူဌေးသည် ဂင်္ဂါမြစ်၌ ရေကစားလိုရကား မိမိရေကစား
မည့် နေရာဌာန၏ အထက်အောက် ဂင်္ဂါမြစ်အတွင်း၌ ဘေး
ရန်ကင်းစိမ့်သောငှာ လည်းကောင်း၊ မတော်တဆ မေ့လျော့
သဖြင့် လျောပြုတ်ထွက်ကျွတ်ကျသော အဆင်းတန်ဆာတို့
မဆုံးရှုံးအောင် စောင့်ရှောက်ရန် အလို့ငှာ လည်းကောင်း
ပခြုပ်ကြုပ်ပုံပုံဟန် လေးမျက်နှာဝန်းရံ၍ ပိုက်ကွန်တို့ကို ချထား
ပြီးလျှင် ဂင်္ဂါမြစ်အတွင်း၌ လွတ်လပ်စွာ မိမိ၏အခြံအရံများနှင့်
တကွ ရေကစား၍ နေလေ၏။

ထိုအခါ ဂင်္ဂါမြစ်ညာ အသက်ကမ်းနား၌ ပေါက်ရောက်
သော စန္ဒကူးနီပင် တပင်၏ အမြစ်ကို ဂင်္ဂါရေ တိုက်စားသဖြင့်
အမြစ်ပါ တိမ်းလဲ၍ မျောပါလာခဲ့ရာ လမ်းခရီးအကြား
ထိုထိုရေပြင် ကျောက်ဆောင် ကျောက်စွန်းတို့၌ တိုက်ခိုက်
သဖြင့် ကျိုးပဲ့ပွန်းပြတ်ကာ ဖရိုဖရဲ ကစဉ့်ကလျဲ အပိုင်းပိုင်း
ဖြစ်ခဲ့ရာမှ ရေအိုးပမာဏရှိသော စန္ဒကူးနှစ်တုံး တခုသည်
ကျောက်ဆောင် ကျောက်စွန်းတို့၌ တိုက်ခိုက်ထိပါးလျက် ရေ

လှိုင်းတံပိုး အမျိုးမျိုးတို့ဖြင့် ပုတ်ခတ်အပ်ပြန်သည် ဖြစ်၍ ချောမွတ်ပြေပြစ်သော အသားတုံးဖြစ်ကာ အစဉ်သဖြင့် မျော လာခဲ့ရာမှ မှော်ညှင်းမှော်သေးများ မြေးယှက်ကာ ထိုရာဇဂြိုဟ် သူဌေး ရေချိုးရာအရပ်၌ ဝန်းရံဆီးကာလျက် ထားအပ်သော ပိုက်ကွန်ဝယ် ငြိတွယ် တန့်ရပ်လေ၏။ သူဌေး၏ အခြံအရံ အစေအပါး ယောကျ်ားတို့သည် ထိုစန္ဒကူး နံ့သာတုံးကိုယူ ဆောင်ခဲ့၍ သူဌေးအား ပေးဆက်ကြကုန်၏။

ထိုအချိန်၌ ရာဇဂြိုဟ်သူဌေးကား သမ္မာဒိဋ္ဌိ အယူရှိသူ လည်း မဟုတ်၊ မိစ္ဆာဒိဋ္ဌိအယူရှိသူလည်း မဟုတ်၊ ဘာသာရေး လက်လွှတ်နေသည့် အလယ်အလတ် သဘောရှိသူ တယောက် သာ ဖြစ်၏။ သို့ရကား ထိုသူဌေးသည် ထိုစန္ဒကူးတုံးကို အိမ်သို့ဆောင်ယူခဲ့၍ ပဲခွပ်သွားအဖျားဖြင့် ခုတ်ထစ် ရွှေစေ လတ်သည်တွင် ချိတ်ရည်အဆင်း သင်းပျံ့မွှေးကြူသော ရနံ့ရှိ သည့် စန္ဒကူးနံ့သာနီ ဖြစ်ကြောင်း ကောင်းစွာသိရှိပြီးသော် 'ငါ့အိမ်မှာ စန္ဒကူးနံ့သာမျိုးကား များလှပေ၏။ ဤ ယခု ရရှိသော စန္ဒကူးတုံးဖြင့် အဘယ်သို့သော အသုံးအဆောင်ကို ပြုလုပ်ရပါမည်နည်း' ဟု ကြံစည် စဉ်းစားမိပြီးနောက် တဖန် ဆက်၍ ဤသို့ အကြံ ဖြစ်ပြန်လေသည်။

'ဤလောက၌ ငါတို့သည် ရဟန္တာ ဖြစ်ကုန်၏။ ငါတို့ သည် ရဟန္တာ ဖြစ်ကုန်၏ ဟု ပြောဆိုဝန်ခံသူတို့ကား များ လှကုန်၏။ ငါကား တဦးတယောက်သော သူကိုမျှလည်း ရဟန္တာ စင်စစ် ဖြစ်သည် ဟုတ်သည်ကို ဝေဖန်ပိုင်းခြား၍ မသိ ချေ။ ငါ၏အိမ်၌ ပွတ်ခုံကိုဆင်စေပြီးလျှင် ဤစန္ဒကူးနီ နံ့သာ

တုံးကို သပိတ်ဖြစ်အောင် ပွတ်ခံစေမည်။ ပွတ်စာကို ငါသုံး၍ သပိတ်ကိုကား ငါလှူဒါန်းမည်။ ယင်းစန္ဒကူးနံ့သာနီသပိတ်ကို ဆိုင်း၍ထည့်ပြီးနောက် ဝါး အဆင့်ဆင့် အဆက်ဆက် စိုက်ထောင်ကာ အတောင် ၆ဝ ခန့်မျှ မြင့်မားသော ကောင်းကင်၌ တွဲလျားစွဲထားစေပြီးသော် ရဟန္တာ စင်စစ် အမှန်ဖြစ်သော ပုဂ္ဂိုလ်သည် ကောင်းကင်ခရီးဖြင့် ကြွလာကာ (ချာန်ပျံကာ) ဤစန္ဒကူး သပိတ် ကို ယူဆောင်စေသတည်း ဟု ကြေ ညာ ပြောဆိုသည့်အတိုင်း ကောင်းကင်ခရီး ချာန်ယာဉ်စီး၍ ပျံကြွ ယူဆောင်နိုင်သောရဟန္တာပုဂ္ဂိုလ်အား ငါသည် သား မယား နှင့်တကွ ကိုးကွယ်အံ့။

ဤကဲ့သို့ အကြံဖြစ်လေသည်။ ထိုသူဌေးသည် မိမိကြံစည်သောအတိုင်း စန္ဒကူးနီနှစ် တုံးကို ပွတ်ခံ့သို့တင်ကာ သပိတ်ထွင်းစေပြီးနောက် ထိုသပိတ်ကို ဆိုင်း၍ထည့်ပြီးလျှင် ဝါးလုံး အဆင့်ဆင့်စိုက်ထောင်ကာ အတောင်ခြောက်ဆယ် မြင့်မားသော ကောင်းကင်၌ သပိတ်ကို တွဲလျားချိတ်ထားစေ၍ "ဤလောက၌ ရဟန္တာစင်စစ် ဖြစ်သောသူသည် ကောင်းကင်ခရီးဖြင့် ကြွလာကာ ဤသပိတ်ကို ယူစေသတည်း" ဟူ၍ ကြေညာ ပြောဆိုလေသည်။

ထိုအချိန်၌ တိတ္ထိဆရာကြီး ခြောက်ဦးတို့ကား မိမိတို့ ကိုယ်ကို ရဟန္တာဟူ၍ ဝန်ခံပြောဆိုကာ ဂိုဏ်းဆရာကြီးများ အဖြစ် နေထိုင်သောအခါ ဖြစ်လေသည်။ ထိုဆရာကြီး ခြောက်ဦးမှာ ပူရဏကဿပဆရာကြီး၊ မက္ခလိဂေါသလ ဆရာကြီး၊ အဇိတကေသ ကမ္ဗလဆရာကြီး၊ ပကုဓကစ္စာယနဆရာကြီး၊

သဥ္စယဗေလဋ္ဌပုတ္တဆရာကြီး၊ နိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီးတို့ ဖြစ်ကြ၏။

ထိုသို့ ရာဇဂြိုဟ်သူဌေးက စန္ဒကူးသပိတ်ကို ဝါးလုံးအဆင့်ဆင့် အတောင်ခြောက်ဆယ်မြင့်သော ကောင်းကင်၌ ချိတ်ဆွဲစေပြီးလျှင် "လောက၌ ရဟန္တာစင်စစ် ဖြစ်သော သူသည် ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီး၍ ကြွလာကာ ဤသပိတ်ကို ယူစေသတည်း" ဟူ၍ ကြေညာပြောဆိုသောအခါ ရှေးဦးစွာ ပူရဏကဿပဆရာကြီး၊ ထို့မှသည် မက္ခလိဂေါသလ၊ အဇိတကေသ ကမ္ဗလ ဆရာကြီး၊ ပကုဓကစ္စာယန ဆရာကြီး၊ သဥ္စယဗေလဋ္ဌပုတ္တဆရာကြီး၊ နိဂဏ္ဌနာဋ္ဌပုတ္တဆရာကြီး စသည်ဖြင့် အသီးသီးတို့သည် မိမိတို့မှာ တန်ခိုးရှိသော ရဟန္တာများ ဖြစ်ကြသည်ဟု ဟန်ဆောင်ကာ အမျိုးမျိုးသော လှည့်စားမှုတို့ကို ပြုလုပ်၍ စန္ဒကူးသပိတ်ကို ယူရန် ကြိုးစားကြသည်။ သို့သော် ထိုဆရာကြီးတို့ ခြောက်ရက်တိုင်တိုင် လုံ့လပြုအားထုတ်ခြင်းကား အချည်းနှီးသာ ဖြစ်၏။

ထိုနောက်ခုနစ်ရက်မြောက်သောနေ့၌ ရှင်မဟာမောဂ္ဂလာန်နှင့် ရှင်ပိဏ္ဍောလဘာရဒွါဇထေရ်မြတ်နှစ်ပါး 'ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံဝင်ကြကုန်အံ့' ဟု ဝေဠုဝန်ကျောင်းတိုက်မှ ထွက်ကြွတော်မူခဲ့ကြ၍ ရာဇဂြိုဟ်ပြည်၏ အနီး တခုသော ကျောက်ဖျာအပြင်၌ သင်္ကန်းရုံနေတော်မူကြသောအခါ သေသောက်ကျူး ထန်းရည်သမားတို့သည် ဤသို့သော စကားထိပါးပြောဆိုကြကုန်၏။

"အချင်းတို့၊ ရှေးအခါက တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ငါတို့ကား ရဟန္တာများ ဖြစ်ကုန်၏ဟု ပြောဆို လှည့်လည်ခဲ့ကြလေပြီ။ အကယ်၍ ရဟန္တာရှိခဲ့လျှင် ကောင်းကင်ခရီးဖြင့် လာလတ်၍ ယူစေသတည်းဟု ပြောဆိုကာ ရာဇဂြိုဟ်သူဌေး ဝါးအဆင့်ဆင့် အတောင် ခြောက်ဆယ်မြင့်အောင် စိုက်ထူ၍ စန္ဒကူးသပိတ်ကို ထားခဲ့သည်မှာ ယနေ့ ခုနစ်ရက်မြောက် ရောက်ခဲ့လေပြီ။ တဦးတယောက်မျှ 'ငါ ရဟန္တာ' ဟု ပြောဆိုဝန်ခံကာ ကောင်းကင်သို့ ပျံတက်နိုင်သူ မရှိချေ။ ယနေ့မှ ငါတို့သည် လောက၌ ရဟန္တာများ မရှိကြောင်း ကောင်းကောင်းကြီး သိရပေပြီ" ဟူ၍ ပွတ်ချုပ် ထိပါး ပြောကြား ကြ လေ ကုန် ၏။ ထို စကားကို ကြား၍ ရှင် မ ဟာ မောဂ္ဂလာန်ထေရ်သည် အရှင် ပိဏ္ဍောလဘာရဒွါဇထေရ်ကို "ငါ့ရှင် ဘာရဒွါဇ၊ ဤ သေသောက်ကျူး ထန်းရည်သမားတို့ ပြောသော စကားကို ကြားရဲ့လား၊ ဤ သေသောက်ကျူး ထန်းရည်မူးတို့သည် မြတ်စွာဘုရား၏ သာသနာတော်ကိုပါ သိမ်းကျုံး ယှဉ်ကြသည့်ပမာ ထိပါးစကား ပြောကြားကြ ကုန်၏။ ငါ့ရှင်သည်လည်း တန်ခိုးရှင်၊ အာနုဘော်ရှင် ဖြစ်ပေသည်။ သွားပါလော့။ ထို စန္ဒကူးသပိတ်ကို ကောင်းကင်ခရီးဖြင့်ပင် သွားရောက်ကာယူဆောင်ခဲ့ပါလော့" ဟူ၍ တိုက်တွန်းစကား မိန့်ကြားတော်မူလေ၏။

ရှင်ပိဏ္ဍောလဘာရဒွါဇထေရ်သည် ရှင်မဟာမောဂ္ဂလာန်ကို "ငါ့ရှင်မောဂ္ဂလာန်၊ ငါ့ရှင်သည် တန်ခိုးရှင်တို့ အနက်အသာဆုံး၊ အမြတ်ဆုံးဟူ၍ တေဒဂ် ဘွဲ့ ထူး ဖြင့် ချီးကျူး

ထင်ပေါ် ကျော်စောသူ ဖြစ်ပါသည်။ ငါ့ရှင်ပင် ထိုသပိတ်ကို ယူစေချင်ပါသည်။ ငါ့ရှင် မယူမှသာ ငါယူပါမည်” ဟူ၍ ပြန်ကြားပြောဆိုလေသည်။ ထိုသို့ ပြောဆိုခြင်းမှာ ရှင်မဟာမောဂ္ဂလာန်ထေရ်ကို ဦးစားပေး အရေးထားသောအားဖြင့် ပြောဆိုခြင်း ဖြစ်လေသည်။ ထိုအခါ ရှင်မဟာမောဂ္ဂလာန်ထေရ်က “ငါ့ရှင်ပင် ယူဆောင်လော့”ဟူ၍ ကြည်ဖြူစွာ ခွင့်ပြုစကား မိန့်ကြားတော်မူလေသည်။

ထိုသို့ ရှင်မဟာမောဂ္ဂလာန်ထေရ်သူမြတ်က ခွင့်ပြုစကား မိန့်ကြားတော် မူလတ်သော် ရှင်ပိဏ္ဍောလဘာရဒွါဇထေရ်သည် အဘိညာဏ်၏ အခြေပါဒဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ ထိုဈာန်မှ ထပြီးလျှင် အဘိညာဏ် ဇောဝီထိဖြင့် အစွန်းအနား သားနားသပ်ရပ် တိတိဖြတ်အပ်သော လဲဝါစိုင်ပမာ ထိုသုံးဂါဝုတ်မျှ ပမာဏရှိသော မိမိတို့ သက်န်းရုံနေရာ ကျောက်ဖျာကြီးကို ကောင်းကင်၌ တက်စေကာ ရာဇဂြိုဟ်မြို့၏ အထက်၌ ခုနစ်ကြိမ် ခုနစ်ပတ် လှည့်လည်စေတော်မူ၏။ ထိုကျောက်ဖျာကြီးသည် သုံးဂါဝုတ် ပမာဏ ရှိသော ရာဇဂြိုဟ်မြို့၏ အပိတ်ဖုံးကြီးကဲ့သို့ ထင်ရလေသည်။

မြို့နေ လူအပေါင်းတို့သည် “ကျောက်ဖျာကြီးကား ငါတို့အပေါ် လွှမ်းဖိခဲ့လေပြီ” ဟု ကြောက်ရွံ့ထိတ်လန့်ကြကာ ဗန်း၊ စကော စသည်တို့ကို ဦးခေါင်း၌ ဆောင်းကြ၍ ဦးတည်မိရာ ထိုထိုအရပ်၌ ပုန်းအောင်းကြလေသည်။ သတ္တမအကြိမ်၌ ရှင်ပိဏ္ဍောလဘာရဒွါဇထေရ်သည် ကျောက်ဖျာ

ကို ခွဲ၍ ကိုယ်ထင်ပြတော်မူ၏။ လူအပေါင်းတို့သည် ရဟန္တာထေရ်ကို မြင်လတ်၍ "အို ပိဏ္ဍောလဘာရဒွါဇ အရှင်မြတ်ဘုရား၊ အရှင်ဘုရား၏ ကျောက်ဖျာကြီးကို မြဲမြံစွာ ကိုင်ထားတော်မူပါ။ တပည့်တော်တို့ လူအလုံးကို မပျက်ပြုန်းပါစေလင့်" ဟူ၍ လျှောက်ထားကြလေ၏။ ရဟန္တာထေရ်သည် လူအများ ကြည့်နေစဉ်မှာပင် ကျောက်ဖျာကို ခြေစွန်းဖြင့် တွန်းကန် ပစ်လွှင့်လိုက်လေသည်။ ကျောက်ဖျာသည် သွားလတ်၍ မူလနေရာ၌ပင် တည်လေ၏။

ရှင်ပိဏ္ဍောလဘာရဒွါဇထေရ်သည် သူဌေး၏ အိမ်အထက်ကောင်းကင်၌ ရပ်တည်တော်မူလေလျှင် ရာဇဂြိုဟ် သူဌေးသည် ရဟန္တာထေရ်ကို မြင်လတ်၍ ရင်ဖြင့် မြေ၌ တွားဝပ်ပြီးလျှင် "သက်ဆင်းတော်မူပါ အရှင်ဘုရား" ဟု လျှောက်ထားကာ ကောင်းကင်မှ သက်ဆင်းလာသော ရဟန္တာထေရ်ကို မိမိအိမ်၌ ထိုင်နေစေပြီးနောက် သပိတ်ကို ကောင်းကင်မှ ချ၍ စတုမဓု အပြည့်ထည့်ပြီးလျှင် ပိဏ္ဍောလဘာရဒွါဇထေရ်အား ဆက်ကပ်လှူဒါန်းလေ၏။

ရှင်ပိဏ္ဍောလဘာရဒွါဇထေရ်သည် သပိတ်ကိုခံယူ၍ ဝေဠုဝန်ကျောင်းတိုက်တော်သို့ ရှေးရှု ကြွတော်မူလေလျှင် ရဟန္တာထေရ်မြတ် တန်ခိုးပြာဋိဟာ ပြတော်မူစဉ် ယာတော လယ်တောသို့ ခရီးလွန်နေသဖြင့် ပြာဋိဟာကို မမြင်လိုက်ရသောလူအလုံးတို့ စုရုံး စည်းဝေးကြ၍ "အရှင်ဘုရား၊ တပည့်တော်တို့အားလည်း တန်ခိုးပြာဋိဟာကို ပြတော်မူပါဦး" ဟူ၍ လျှောက်ဆိုကြကာ ရဟန္တာထေရ်နောက်သို့ ကောက်ကောက်

လိုက်ပါလာကြကုန်၏။ ရဟန္တာထေင်မြတ်သည် ထိုထိုလိုက်ပါလာသူတို့အားလည်း တန်ခိုးပြာဋိဟာကို ပြတော်မူလျက်ဝေဠုဝန်ကျောင်းတိုက်သို့ ဆိုက်ရောက်တော်မူလာလေ၏။

မြတ်စွာဘုရားသည် အုတ်ကျက်ဆူညံ ထိုလူတို့၏ အသံကိုကြားတော်မူ၍ အရှင်အာနန္ဒာထေရ်ကို "ချစ်သား အာနန္ဒာ၊ အုတ်ကျက်စီညံ ယခုအသံကား အဘယ်သူ၏ အသံနည်း" ဟုမေးတော်မူ၍ ရှင်အာနန္ဒာက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ပိဏ္ဍောလဘာရဒွါဇထေရ်သည် ကောင်းကင်သို့ပျံတက်၍ ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ်ကို ချယူအပ်ခဲ့ပါပြီ။ ထိုသတင်းစကားကို လူအများကြား၍ ရှင်ပိဏ္ဍောလဘာရဒွါဇ၏ နောက်သို့ လူအများ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြပါပြီ။ ယခုအသံကား ထိုလူများ၏ အုတ်ကျက်စီညံ ပြောဆိုကြသော အသံပါတည်း" ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုအကြောင်းနိဒါန်း၌ ရဟန်းသံဃာတို့ကို စည်းဝေးစေပြီးလျှင်

ရှင်ပိဏ္ဍောလဘာရဒွါဇထေရ်ကို "ချစ်သား ဘာရဒွါဇ၊ သင်ချစ်သားသည် ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးနံ့သာ သပိတ်ကို ဣဒ္ဓိပြာဋိဟာဖြင့် ချယူအပ်ပြီ ဟူသည် မှန်သလော" ဟု မေးမြန်းတော်မူ၍ မှန်ကန်ကြောင်း ပြန်ကြားလျှောက်ထားလေသော် များစွာသောအကြောင်းဖြင့် ရှင်ပိဏ္ဍောလဘာရဒွါဇကို ကဲ့ရဲ့တော်မူပြီးနောက် တရားစကား ဟောကြားတော်မူလျက် "ရဟန်းတို့၊တန်ခိုးပြာဋိဟာကို မပြအပ်။ပြသောရဟန်း

အား ဒုက္ကဋ်အာပတ် သင့်စေ”ဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင် “ရဟန်းတို့၊ ထိုစန္ဒကူး သစ်သားသပိတ်ကို အစိတ်စိတ်အမွှာမွှာ ခွဲကြကုန်လော့။ ခွဲကြပြီးလျှင် မျက်စဉ်းကြိတ်ဖို့ရန် ရဟန်းတို့အား ခွဲဝေပေးကြလော့။ ရဟန်းတို့၊ သစ်သားသပိတ်ကို မဆောင်ယူအပ်၊ မသုံးစွဲအပ်။ ဆောင်ယူသုံးစွဲသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ” ဟူ၍ တဖန်ဆက်ကာ သိက္ခာပုဒ် ပညတ်တော်မူခဲ့၏။

အဋ္ဌကထာများ၌လည်း မြေသပိတ်၊ သံသပိတ် နှစ်မျိုးကို သာလျှင် ရဟန်းသံဃာများ ဆွမ်းခဲဘွယ် ဘောဇဉ် စသော အာဟာရအတွက် လိုအပ်သည်။ ဘုဉ်းပေးသုံးဆောင်ဖွယ်ရာများကို အလှူခံယူ သုံးဆောင်ခြင်းငှာ အပ်၏။ အဖိုးတန်ကျောက်သံပတ္တမြား၊ အဖိုးတန် အမွှေးနံ့သာ စသည် ပစ္စည်းများဖြင့် ပြုလုပ်အပ်သော သပိတ်များကို မသုံးဆောင်အပ်။ မြေသပိတ်၊သံသပိတ်စသည်များသည်ပင်လျှင် အဆင်းအရောင်အားဖြင့် သင့်လျော် လုံလောက်ပါမှ အဓိဋ္ဌာန် ပြည့်စုံသည်၊ ဝိကပ္ပနာ လုံလောက်သည့် သပိတ်ဟု ဆိုနိုင်သည်။ တ နည်းအားဖြင့် သပိတ်အရာဝင်သည်ဟု မှတ်သားရ၏။

မူရင်းအားဖြင့် သပိတ်သုံးလုံး ရှိသည်ဆိုရာ ယင်းတို့မှာ သပိတ်ကြီး၊ သပိတ်လတ်၊ သပိတ်ငယ်တို့ ဖြစ်ကြ၏။ သပိတ်ကြီးဆိုရာ၌လည်း သပိတ်ကြီးထက် ကြီးသော သပိတ်၊ သပိတ်ကြီး၊ သပိတ်ကြီးအောက် ငယ်သောသပိတ်ဟူ၍ သုံးလုံးသုံးမျိုး။

သပိတ်လတ်တွင်ဆိုလျှင် သပိတ်လတ်ထက် ကြီးသော သပိတ်၊ သပိတ်လတ်၊ သပိတ်လတ်အောက်ငယ်သော သပိတ်ဟူ၍ သပိတ်သုံးလုံး သုံးမျိုး။

သပိတ်ငယ်တွင်လည်း သပိတ်ငယ်ထက် ကြီးသောသပိတ်၊ သပိတ်ငယ်၊ သပိတ်ငယ်အောက် ငယ်သောသပိတ်ဟူ၍ သုံးလုံး သုံးမျိုး ခွဲခြားထားပြန်ရာ အားလုံး သပိတ် ကိုးမျိုး၊ အရွယ်ကိုးမျိုး ရှိပြန်သည်။

သပိတ်များ၏ အရွယ်ပမာဏကို ပြရာ၌ ချက်ပြီး ဆွမ်းဟင်းအစုံ ရောနှောထားသော သုံးဆောင်ဖွယ်ရာ သုံးစလည် မပိုမလျော့ ဝင်ဆံ့လျှင် သပိတ်ငယ်အင်္ဂါရပ်နှင့် ညီညွတ်၏။ ဤဆိုအပ်သော ပမာဏကို မူတည်ပြီးလျှင် ချက်ပြီး ဆွမ်းဘောဇဉ် သုံးဆောင်ဖွယ်ရာ အစုစု သုံးစလယ် ထည့်ရာ၌ လျော့နေပါက သပိတ်ငယ်ထက်ကြီးသော သပိတ်၊ ပြည့်လျှံမို့မောက်နေသော် သပိတ်ငယ်ထက် ငယ်သော သပိတ်ဟူ၍ သတ်မှတ်၏။

ဆွမ်းတပြည့်တခွက် (သို့မဟုတ်) သုံးခွက်ထက် မလျော့ မပို ဝင်ဆံ့ပါက သပိတ်လတ်ဟု ဆိုသည်။ ဤပမာဏကိုမူ သတ်မှတ်၍ ဆွမ်းဘောဇဉ် ထည့်သောအခါ လျော့နေမည်ဆိုလျှင် သပိတ်လတ်ထက်ကြီးသော သပိတ်၊ ပိုနေမည် မောက်နေမည်ဆိုလျှင် သပိတ်လတ်အောက်ငယ်သော သပိတ်ဟု သတ်မှတ်၏။

ဆွမ်းဘောဇဉ်အစုံ သုံးပြည်ဝင်သော သပိတ်ကား သပိတ်ကြီးဖြစ်၏။ ဤပမာဏနှင့် ချင့်တွက်၍ ဆွမ်းဘောဇဉ်သုံးပြည်

ထည့်၍မှ နေရာကျန်သေးလျှင် သပိတ်ကြီးထက်ပင် ကြီးသောသပိတ်၊ ပိုလျှံနေခဲ့လျှင် သပိတ်ကြီးအောက် ငယ်သော သပိတ်ဟု သတ်မှတ်၏။

ယင်းသို့လျှင် သပိတ် ကိုးလုံး ကိုးမျိုးရှိရာ၌ သပိတ်ငယ်အောက် အငယ်ဆုံးဖြစ်သော သပိတ်ငယ်နှင့် သပိတ်ကြီးထက် ကြီးသော အကြီးဆုံး သပိတ်နှစ်မျိုးမှာ သပိတ်အဖြစ်မသုံးစွဲ၊ အဓိဋ္ဌာန် ဝိကပ္ပနာ အဖြစ်လည်း ခွင့်ပြုချက်မရှိရကား သာမန်ခွက်အဖြစ်သာလျှင် ရဟန်းသံဃာများ သုံးစွဲသည်ဟု သိရှိရသည်။

သပိတ်၏ အရောင်အဆင်းမှာ ညိုမှောင် မဲနက်ရောင်သာ ဖြစ်စေရသည်။ ဖြူနီ ကြောင်ကြား မရှိစေရ။ သို့ကြောင့်ပင် မြေသပိတ် ပြုလုပ်သောအခါ၌ မီးနှစ်ကြိမ်ဖုတ်၍ သံသပိတ်ကို မီးငါးကြိမ် ဖုတ်ပြီးမှ ရဟန်းသံဃာတို့ သုံးစွဲလေသည်။

× × ×

ဗုဒ္ဓသည် သပိတ်နှင့်ပတ်သက်သော သိက္ခာပုဒ်များကို ဝိနည်း ပိဋကတ်ပတ္တဝဂ် ပတ္တသိက္ခာပုဒ်ဖြင့် ပညတ်တော်မူခဲ့သေးသည်။

သာဝတ္ထိမြို့ အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သပိတ်ပေါင်းများစွာကို စုဆောင်းကြ၏။ ကျောင်းများသို့ ရောက်လာကြသော လူတို့သည် ထိုအခြင်းအရာကို မြင်ကြသောအခါ “သာကီဝင်မင်းသား ဘုရားအနွယ်

ဖြစ်သော ရဟန်းတို့သည် များစွာသော သပိတ်တို့ကို အဘယ့်ကြောင့် စုဆောင်းကြကုန်ဘိသနည်း။ သာကီဝင်မင်းသားဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် သပိတ်ကုန်ကူးကြမှာမို့လို့လား။ အိုးခွက်စျေးဆိုင် တည်ခင်းကြမှာမို့လား” ဟု ကဲ့ရဲ့ကြ၏။ ထိုအကြောင်းကြောင့်

“အကြင်ရဟန်းသည် အပိုသပိတ်ကို ဆောင်ငြားအံ့။ ထိုရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်သင့်၏” ဟု ဗုဒ္ဓက ပညတ်တော်မူ၏။

ထိုသို့ သပိတ်နှင့် ပတ်သက်၍ မူလပညတ် ပေါ်လာခဲ့ပြီးနောက် ရှင်အာနန္ဒာတွင် အပိုသပိတ်ရလာလေသည်။ ထိုသပိတ်ကို ရှင်အာနန္ဒာသည် သာကေတမြို့၌ သီတင်း သုံးနေသော ရှင်သာရိပုတ္တရာအား လှူလိုသည်။ သို့ရာတွင် ရှင်သာရိပုတ္တရာသည် ၉ ရက်၊ ၁၀ ရက်ကြာမှ ပြန်ရောက်မည်ဖြစ်သဖြင့် ဗုဒ္ဓအား အကျိုးအကြောင်းကို ရှင်အာနန္ဒာက လျှောက်ထား၏။ ဤတွင် တဖန် ဗုဒ္ဓသည် မူလပညတ်ကိုပြင်၍ အနုပညတ် ထပ်တော်မူသည်။

ဆယ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး အပိုသပိတ်ကို ဆောင်ရမည်။ ထိုဆယ်ရက်အပိုင်းအခြားရှိသော ကာလကို လွန်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

ရဟန်းတော်တို့အား ပစ္စည်းလေးပါးမရစိမ့်သောငှာ လှုံ့လပြုခြင်း၊ ရဟန်းတော်တို့အား ဘေးအန္တရာယ်ဖြစ်စေရန်၊ မတိုးပွားစေရန် လုံ့လပြုခြင်း၊ ရဟန်းတော်တို့အား ဤနေရာ ထိုနေရာတို့၌ မနေရစိမ့်သောငှာ လှုံ့လပြုခြင်း၊ ရဟန်းတော်တို့ကို

ဆဲရေးခြင်း ဆယ်ပါးတို့ဖြင့် ဆဲရေး ရေရွတ်ခြင်း၊ ရဟန်း တပါးနှင့်တပါး စိတ်ဝမ်းကွဲပြားအောင် လှုံ့လပြုခြင်း၊ ဗုဒ္ဓ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ ပြောဆို ခြင်း စသည့် အချက်ရှစ်ချက် တချက်ချက်နှင့် ပြည့်စုံစွာ လှုံ့လ အားထုတ်သူ ဒါယကာ၊ ဒါယကာမ၊ ဥပါသကာ၊ ဥပါသကီ အား ပတ္တနိက္ကုဇ္ဇန သပိတ်မှောက် ကံပြုခြင်းငှာ ငါ ခွင့်ပြု၏ဟု စူဠဝါပါဠိတော်၌ ဗုဒ္ဓဟောကြားခဲ့ပုံ ပါရှိ၏။ ထို့ကြောင့် ဗုဒ္ဓ သည် သပိတ်တော်ကို မိမိနှင့် တကွသော ရဟန်း သံဃာတို့၏ အထွတ်အမြတ် ပရိဘောဂ ပရိက္ခရာအဖြစ် သတ်မှတ်ကြောင်း ထင်ရှား၏။ သပိတ်မှောက်သည် ဆိုရာ၌လည်း သပိတ်ကို အောက်သို့ မျက်နှာထား၍ ပြုမူသည်မဟုတ်ပဲ ဆိုခဲ့သောအပြစ် ကို ကျူးလွန်ခဲ့သူတို့၏ ဆွမ်းအစ လှူဖွယ်ဝတ္ထု ပစ္စည်းလေးပါး ကို သပိတ်ဖြင့် ခံယူသုံးစွဲခြင်း မပြုတော့ပဲ ထိုဒါယကာ၊ ဒါယကာမများထံမှ ဖဲကြဉ်သွားကြသည်ကို ဆိုပေသည်။

အကျင့်သိက္ခာနှင့် ပြည့်စုံသော ရဟန်းကောင်း ရဟန်းမြတ် တို့ကို အပြစ်ပြောဆိုသည့် ဒါယကာ၊ ဒါယကာမတို့မှာ ယင်းသို့ သပိတ်မှောက် ကံပြုခြင်းကြောင့် နောင်တ သတိ တရား ရ၍ လိမ်မာယဉ်ကျေးလာလျက် သူတို့အဖို့ အကျိုး များသွားစေရန် မျှော်ကိုးသည်ဖြစ်ရာ သုံးကြိမ် တိုင်တိုင် တောင်းပန်လာပါက သပိတ်လှန်ကြရမည်။ တောင်းပန်ခြင်း မပြုပါက ထိုဒါယကာ၊ ဒါယကာမတို့၏ ဆွမ်းခဲဘွယ်မှအစ


မည်သည့် ဝတ္ထုပစ္စည်းတို့ကိုမျှ မသုံးဆောင်အပ်ဟု ပညတ်ခဲ့၏။

သပိတ်မှောက်ကံ ပေါ်လာခြင်းမှာလည်း ဗုဒ္ဓသည် ဝေသာလီပြည် မဟာဝန်တော၌ သီတင်းသုံးတော်မူစဉ် ဝဇ္ဇီအမည်ရှိသော လိစ္ဆဝီ မင်းသည် အစဉ်းစား အဆင်ခြင် ကင်းမဲ့စွာဖြင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့ ကုန်းချောစကားကို ယုံကြည်ပြီးလျှင် မလ္လာမင်း၏သား အရှင်ဒဗ္ဗ ရဟန်းအား ပျက်စီးစေရန် မိမိမယားနှင့် ညစ်ညစ်ညမ်းညမ်း စွပ်စွဲ၍ ဗုဒ္ဓအား တိုင်ကြား၏။ သို့နှင့် ဗုဒ္ဓသည် သံဃာများအား စုဝေးစေ၍ ကိုယ်တော်တိုင် စစ်ဆေးမေးမြန်းလေရာ ရှင်ဒဗ္ဗတွင် စွပ်စွဲထားသည်နှင့် စပ်လျဉ်း၍ လုံးဝအပြစ်မရှိကြောင်း သိရှိရာမှ ပတ္တနိက္ကုဇ္ဇန သပိတ်မှောက်ကံ ခွင့်ပြုလေသည်။

ဤသည်လည်း သပိတ်တော်ကို ရဟန်းသံဃာတို့၏ အထွတ်အမြတ် ပရိဘောဂ အမှတ်အသားပြု၍ ညွှန်ပြခဲ့သော အချက်တရပ် ဖြစ်သည်။



# ဗုဒ္ဓ၏ သပိတ်တော်ကိုင် ရဟန်းတော်များ



ဗုဒ္ဓသည် နတ်မင်းကြီးလေးပါး လှူဒါန်း အပ်သော ကျောက်ညိုအဆင်းရှိသည့် သပိတ်တော်ကို ရာဇဂြိုဟ်ပြည်၊ ကပိလဝတ်ပြည်များ၌ သီတင်းသုံးနေခိုက် ဆွမ်းဘောဇဉ်အတွက် အလှူခံဆွမ်းရပ်ရန် လှည့်လည်သောအခါ သုံးစွဲခဲ့သည်ကို ဗုဒ္ဓဝင်၌ အကြောင်းဆိုက်တိုင်း ဖော်ပြခဲ့သည်။ အခြားအခြားသော ဒါယကာတဦးဦးက သည့်ပြင် သပိတ်တခုခုကို ကိုယ်တော်မြတ် အသုံးပြုတော်မူရန် လှူခဲ့သည်ဟု မတွေ့ရတော့ပေ။ စိတ်ဝင်စားဖွယ်ရာ အချက်တချက်မှာ ဗုဒ္ဓသည် ကိုယ်တော်တိုင် သပိတ်တော် ကိုင်ဆောင်သည့်အခါ ကိုင်ဆောင်လျက် အချို့နေရာများတွင် ကိုယ်တော်၏ အလုပ်အကျွေးဖြစ်ကြကုန်သော သံဃာများက ကိုင်ဆောင်၍၊ ဆွမ်းရပ်သော

အခါတွင်သာလျှင် ဗုဒ္ဓအား သပိတ်တော်ကို ကပ်သဖြင့် ဆွမ်းအလှူ ဒါယကာက ဗုဒ္ဓ၏ သပိတ်တော်ထဲသို့ ဆွမ်းဘောဇဉ်ကို ထည့်လှူသည်ဟု မှတ်သားရ၏။

ရှင်အာနန္ဒာအား ဗုဒ္ဓသည် ဝါတော် ၂၀ တိုင်လေအောင် ဉပဋ္ဌာက အရာ၌ ထားတော်မမူ။ တခါတရံ နာဂသမာလထေရ်က လည်းကောင်း၊ ရံဖန်ရံခါ ဉပဝါလာထေရ်က လည်းကောင်း၊ ရံဖန်မှာ စုန္ဒသာမဏေ၊ ရံဖန်လည်း သာဂေတထေရ်၊ ရာဓထေရ်၊ မေဃိယထေရ်တို့က အသီးသီး အလုပ်အကျွေး လိုက်ကြရသည်။

ဗုဒ္ဓဝင်၌ မှတ်သားရသော အချက်တရပ်တွင် တရံရောအခါ နာဂသမာလထေရ် အလုပ်အကျွေးအဖြစ် လိုက်ပါလျက် ဒေသစာရီ ခရီးကြွစဉ် ခရီးမ၌ လမ်းနှစ်ခွ ရှိနေသည်ကို တွေ့ရ၏။ ဗုဒ္ဓက လက်ယာလမ်းမှ ကြွလိုသည်၊ ရှင်နာဂသမာလက လက်ဝဲလမ်းဖြင့် သွားလိုသောကြောင့် အကျွန်ုပ်ဤလမ်းသို့ သွားလိုပါသည်ဟု ဗုဒ္ဓအား လျှောက်၏။ ဗုဒ္ဓက ဤလမ်းဖြင့် မသွားသင့်ဟု တားတော်မူ၏။ ထိုသို့ တားသော်လည်း မဆုတ်နစ်ပဲ သွားခြင်းငှာ ဗုဒ္ဓ၏ ပရိက္ခရာကို မြေမှာ ချထားအံ့ဟု အားထုတ်၏။ ထိုသို့သော အခြင်းအရာကို မြင်သော ဗုဒ္ဓသည် "ပရိက္ခရာကို ငါ့ထံသို့ ဆောင်ယူခဲ့လော့"ဟု မိန့်တော်မူ၍ ကိုယ်တော်တိုင် ဆောင်ယူလျက် ရှေ့ဆက် ကြွတော်မူရလေသည်။ ထို နာဂသမာလထေရ်သည်လည်း လက်ဝဲလမ်းသို့လိုက်၍ အစဉ်အတိုင်း သွားသောအခါတွင် ခရီးအကြား ခိုးသားများနှင့် တွေ့ရပြီးလျှင် ခိုးသားတို့က သပိတ်

သက်န်းတို့ကို လုယူ၍ နာဂသမာလ ထေရ်ကိုလည်း ရိုက်နှက် ထုထောင်းကြသောကြောင့် ကိုယ်တွင် အနာတရ ဒဏ်ရာများ ဖြင့် သွေးများ ယိုစီး ကျဆင်းခဲ့သည်။ ထိုအခါ နာဂသမာလ ထေရ်သည် ဗုဒ္ဓကို မထောက်ညှာ၍သာ ငါတွင် ယခု ကိုးကွယ် ရာ ကင်းမဲ့ချေပြီဟု မြည်တမ်းလျက် ဗုဒ္ဓနောက်သို့ လိုက်ခဲ့၏။ ဗုဒ္ဓနှင့် ပြန်တွေ့သဖြင့် ဗုဒ္ဓက အကျိုးအကြောင်း မေးတော် မူရာတွင် ဖြစ်ပျက်ပုံ အလုံးစုံကို ပြန်လည် လျှောက်ထားသော အခါ "ငါ့ရှင် နာဂသမာလထေရ်၊ ရှေးက ပြုခဲ့ဖူးသော ဝဋ် ကြွေးရှိခဲ့လျှင် မရှောင်လွှဲသာ ခံရမြဲ ဓမ္မတာသာ ဖြစ်သည်။ ဝေနေယျ သတ္တဝါတို့အား မေတ္တာတရားကိုသာ ပွားများစေ လော့" ဟု မိန့်တော်မူ၏။ ဗုဒ္ဓ ဒေသစာရီခရီး ကြွချီသော အခါ သပိတ် သင်္ကန်း စသည်တို့ကို ဗုဒ္ဓ၏ အလုပ်အကျွေး အဖြစ် လိုက်ပါရသော ရဟန်းသံဃာများက သယ်ပိုးယူ ဆောင်သော ဗုဒ္ဓဝင်ပါ သာဓကတရပ် ဖြစ်၏။

နောက်ထပ်တွေ့ရသော သာဓကများမှာ တရံသော ကာ လတွင် မေဃိယထေရ် လုပ်ကျွေးရသော အလှည့်၌ ပါစိနဝံသ မိဂဒါဝုန်တော ဇန္တုမည်သော ရွာတွင် ဆွမ်းရပ်ပြီးစဉ် ဂင်္ဂါ မြစ်ကမ်းအနီး သာယာကြည်နူးဖွယ် ရှိသော သရက်တောကို တွေ့သောအခါ ဗုဒ္ဓအား မေဃိယထေရ်က "မြတ်စွာဘုရား၊ အကျွန်ုပ်သည် ဤသာယာသော သရက်တော၌ သူတော် ကောင်းတရား အားထုတ်လိုပါသဖြင့် သပိတ် ပရိက္ခရာကို ယူ

တော်မူပါ” ဟု အပ်၏။ ဗုဒ္ဓသည် သုံးကြိမ်တိုင်အောင် တားမြစ်တော် မူ၏။ သို့ရာတွင် ရှင်မေဃိယသည် ယုတ်သောအကြံဖြင့် အကြိမ်ကြိမ်သာလျှင် ဖဲချန်နေရစ်ပြီးနောက် သရက်တောသို့ ဝင်နေခဲ့၏။ ဗုဒ္ဓသည် အစဉ်သဖြင့် ဒေသစာရီ ကြွချီ၍ သာဝတ္ထိပြည်သို့ ရောက်သောအခါ သံဃာတော်များအား စည်းဝေးစေလျက် အောက်ပါအတိုင်း မိန့်ကြားခဲ့သည်။

“ရဟန်းများတို့၊ ယခုအခါ ငါဘုရားသည် အသက်အရွယ်ကြီးရင့်ပြီ။ အမြဲလုပ်ကျွေးသော ရဟန်းရှိပါမှ သင့်မြတ်တော့မည်။ ငါ၏သာသနာဝယ် သဒ္ဓာပဗ္ဗဇိတဟု ဝန်ခံပါလျက် မကျိုးမနွံသော ရဟန်းလည်း ရှိချေသည်။ အချို့သံဃာတို့သည် ငါနှင့် အတူ သွားအံ့ဟု အစ ပထမတွင် ဝန်ခံလိုက်ပါခဲ့ပါလျက် လမ်းတဝက် စိတ်ပြောင်းပြီးလျှင် ခရီးပြောင်းသွားလိုသောအခါ ငါဘုရား၏ သပိတ် သင်္ကန်း ပရိက္ခရာကို မြေမှာချထား၍ ဖဲကြဉ်သွားကြသည်။ အချို့လည်း ငါဘုရား၏ သပိတ်သင်္ကန်းကို ဂရုမမူ၊ မယုငင်ပဲ သွေလွဲကုန်သည်။ အချို့လည်း ငါဘုရားကို ထောက်ထားမညှာ ကိုယ်လိုရာမှာ ဝင်နေရစ်ကြသည်။ အသိန်းအသန်းမျှသော တပည့်သံဃာများ ရှိပါလျက်နှင့် သင်္ကန်း သပိတ် ပရိက္ခရာတို့ကို ငါကိုယ်တိုင် လွယ်ရချေလျှင် သင်တို့အပေါင်း၌ သူတော်ကောင်းတို့ ကဲ့ရဲ့ဖွယ် ဖြစ်ချေသည်။ ထိုကြောင့် အမြဲလုပ်ကျွေးသော သံဃာကို ငါလိုသည်” ဟု မိန့်တော်မူသည်။ ထိုအမိန့်ကို ကြားကြသောအခါတွင် တပည့်သာဝကတို့သည် ဓမ္မသံဝေဂ ရကြပြီးလျှင် ကြက်သီးတဖြိုက်ဖြိုက် ထကြကုန်သည်။

ပထမ ရှင်သာရိပုတ္တရာက "ဗုဒ္ဓအား အလုပ်အကျွေး အမြဲပြုပါရစေ"ဟု လျှောက်၏။ ဗုဒ္ဓက "သင်ဟောကြားသောတရားသည် ငါဘုရား ဟောကြားသည်နှင့် တူ၏။ သင်ကဲ့သို့သော အဂ္ဂသာဝကသည် ငါဘုရားအား လုပ်ကျွေးဖွယ်ကိစ္စမရှိစေရ"ဟု မိန့်တော်မူ၏။ ရှင်မောဂ္ဂလာန် လျှောက်ပြန်သောအခါမှာလည်း ရှေးနည်းအတူပင် ပယ်၏။ ထိုမှသည် အနုရုဒ္ဓာ၊ ဥပါလိ၊ ဘဒ္ဒိယ စသော အသီတိ မဟာသာဝကတို့ကလည်း လုပ်ကျွေးပါရစေဟု လျှောက်ကြကုန်၏။ ဗုဒ္ဓက ခွင့်မပေး။ ရှင်အာနန္ဒာအား သံဃာများက တိုက်တွန်းကြသောအခါ လေးပါးသော ဆုကို ပယ်၍ လေးသွယ်သောဆုကို သနားတော်မူပါဟု လျှောက်လျက် ဗုဒ္ဓ၏အလုပ်အကျွေးအဖြစ် ခွင့်တောင်းရာ ဗုဒ္ဓက အကျိုးအကြောင်း စုံလင်စွာမေး၍ တောင်းအပ်သောဆုများကို ငါပေးမည်ဟု ဆုပေးလျက် ဗုဒ္ဓ၏ အလုပ်အကျွေးအရာ၌ ဌာနန္တရအားဖြင့် ထားတော်မူ၏။

ရှင်အာနန္ဒာသည် ဗုဒ္ဓ၏ အလုပ်အကျွေးဖြစ်ရန် အလို့ငှာ ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ခဲ့သော ပါရမီအကျိုးသည် ပြည့်ဝသွားခဲ့သည်။

ဤသို့ ဥပဋ္ဌက အရာ ဝိသေသကို ရသောအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓ၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဆောင်ရွက်ရာတွင် ပူအပ်သည့် ဝတ်ဘပါးမှာ ဗုဒ္ဓဆွမ်းခံကြွတော်မူလိုသော် ရှာဝတ် သင်းပိုင်ကို ပေးခြင်း၊ ကျောင်းဝတ် သင်းပိုင်ကို ခေါက်ထားခြင်း၊ နေရာတော်ကို သိမ်းဆည်းခြင်း

စသော ကိစ္စများ ပြုပြီးသောအခါမှ နတ်မင်းလေးပါး လှူအပ်သော ကျောက်ညိုသပိတ်တော်ကို လွယ်၍ လိုက်ရသည်ဟူ၏။ ဆွမ်းရပ်အံ့သော အလှူရှင်၏ အိမ်ရှေ့ ရောက်သောအခါတွင် ဗုဒ္ဓအား သပိတ်တော်ကိုကပ်၍ ဗုဒ္ဓ ဆွမ်းအလှူခံပြီးသောအခါ ဗုဒ္ဓ လက်တော်မှ သပိတ်တော်ကို ယူ၊ ဗုဒ္ဓနောက်မှ သပိတ်တော်ကို လွယ်၍ လိုက်မြဲလိုက်သည်ဟု မှတ်သားရသည်။

တိတ္တိတ္တိကို နှိမ်နင်းခြင်းငှာ ဗုဒ္ဓသည် ကဏ္ဍမ္ဗသရက်ဖြူပင်ရင်း၌ တန်ခိုးပြာဋိဟာ ပြတော်မူသောအခန်းကို သပိတ်တော်နှင့် ပတ်သက်၍ လေ့လာသောအခါ မှတ်သားရပြန်သေး၏။

ဗုဒ္ဓသည် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွတော်မူရာတွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ဆိုက်ရောက် သီတင်းသုံးနေစဉ် တိတ္တိတို့သည် မိမိတို့ကို ကိုးကွယ်သော သူတို့ထံမှ အလှူခံ၍ မဏ္ဍပ်ဆောက်လုပ်ကြပြီးလျှင် "ဤမဏ္ဍပ်၌ ငါတို့သည် တန်ခိုးပြာဋိဟာ ပြသမည်"ဟု ဝါကြွား ပလွှားနေကြ၏။

ပသေနဒီ ကောသလမင်းသည်လည်း ဗုဒ္ဓထံတော်ပါးသို့ သွားရောက်၍ "မြတ်စွာဘုရား၊ တပည့်တော်တို့လည်း အရှင်မြတ်ဘုရားတို့အတွက် ပြာဋိဟာ မဏ္ဍပ်ကို ဆောက်လုပ်ပါရစေဘုရား" ဟု ခွင့်တောင်းလေရာ "မြတ်သောမင်းကြီး၊ သိကြားနတ်မင်း ဆောက်လုပ်လိမ့်မည်" ဟု မိန့်ကြားတော် မူ၏။ ပသေနဒီ ကောသလမင်းကြီးက တဖန် "အဘယ်အရပ်၌ တန်ခိုးပြာဋိဟာ ပြသမှုကို ပြုတော်မူကြမည်နည်း" ဟု ဗုဒ္ဓအား

မေးလျှောက်ပြန်သောအခါ ဗုဒ္ဓက "မင်းကြီး၊ ကဏ္ဍုဗ္ဗသရက် ဖြူပင်အနီး၌ ပြသကြကုန်အံ့" ဟူ၍ မိန့်ကြားလေ၏။

ဗုဒ္ဓသည် သရက်ပင်အနီး၌ တန်ခိုးပြာဋိဟာ ပြလိမ့်မည် ဟူသော သတင်းစကား တိတ္ထိတို့ ကြားသောအခါ အလွန် ကြောက်ရွံ့ တုန်လှုပ်ကြလျက် မိမိတို့ အလုပ်အကျွေးများနှင့် တိုင်ပင်၍ သာဝတ္ထိပြည်၏ ပတ်ဝန်းကျင်၌ ရှိသော သရက်ပင် များကို ဝယ်ယူခုတ်လှဲပစ်ကြ၏။ သရက်ပင်ပေါက်ကို ယုတ်စွ အဆုံး နုတ်ပစ်ကြ၏။

ဝါဆိုလပြည့်နေ့၌ ဗုဒ္ဓသည် ရဟန်းအပေါင်း ခြံရံတော် မူပြီးလျှင် သာဝတ္ထိပြည် အတွင်းသို့ ဆွမ်းခံဝင်လေသည်။ထို အချိန်၌ပင် ကောသလမင်းကြီး၏ ဥယျာဉ်မှူးဖြစ်သော ကဏ္ဍ သည် သရက်ပင်တပင်၌ ခါချဉ်ထုပ် ဟောင်း အတွင်းမှ သရက်သီးမှည့်တလုံးကို တွေ့၍ ဆွတ်ခူးပြီးနောက် ထိုသရက် သီးကို မင်းကြီးထံ ဆက်အံ့ဟု ယူဆောင်ခဲ့၏။ လမ်းခရီး၌ ဗုဒ္ဓ ဆွမ်းခံ ကြွတော်မူလာသည်နှင့်ကြုံရကား ဗုဒ္ဓအား ကြည် ညိုစိတ် လွန်ကဲလာသည်နှင့် ဤသရက်သီးကို ဗုဒ္ဓအား လှူ ဒါန်း ဆက်ကပ်ရမူ ငါ့အတွက် ဘဝသံသရာ ကျင်လည်လေ သမျှ အကျိုးစီးပွား ဖြစ်ထွန်းနိုင်ရာသည်ဟု အကြံ ဖြစ်မိ၏။ ကဏ္ဍသည် မိမိအကြံအစည်အတိုင်း မဆိုင်းမတွပင် ဗုဒ္ဓထံ တော်ပါးသို့ သွားလျက် သရက်သီးကို ဆက်ကပ်သည်တွင် ဗုဒ္ဓသည် ရှင်အာနန္ဒာထေရ်ကို ကြည့်တော်မူလေသည်။ ရှင် အာနန္ဒာထေရ်သည် မိမိအား ဗုဒ္ဓ ကြည့်တော်မူသည်နှင့်ပင်

ဗုဒ္ဓသည် ကဿပ၏ သရက်သီးအလှူကို လက်ခံတော်မူမည့် ဆန္ဒ ရှိကြောင်း သိရှိပြီဖြစ်ရကား စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ လှူဒါန်းအပ်သည့် ကျောက်ညိုသပိတ်ကို အိတ်မှ ထုတ်၍ ဗုဒ္ဓလက်တော်သို့ အပ်လေလျှင် ဗုဒ္ဓသည် သရက်သီး ကို သပိတ်တော်ဖြင့် အလှူခံယူတော်မူသည်။


သရက်သီးကို ဥယျာဉ်မှူးကဿပလက်မှ အလှူခံတော်မူပြီး နောက် ထိုဥယျာဉ် အနီး၌ပင် ရပ်တော်မူသောအခါ ရှင် အာနန္ဒာသည် မိမိပခုံးထက်၌ တင်ယူခဲ့သော သင်္ကန်းကို ခင်း ပေးသည်။ ဗုဒ္ဓသည် ရှင်အာနန္ဒာ ပြုလုပ်ပေးသော သင်္ကန်း အခင်းတွင် ထိုင်တော်မူပြီးနောက် သရက်သီးကို ဘုဉ်းပေး တော်မူသည်။

**(နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်။ (တတိယ တွဲ)။ ။စာမျက်နှာ ၅၀၆ တွင် ဗုဒ္ဓအား ရှင်အာနန္ဒာ သည် ထိုသရက်သီးကို အဖျော်ယမကာ ပြုလုပ် ဆက်ကပ် သည်ဟု ဆိုထားသည်။)**

ဘုဉ်းပေးပြီး၍ သရက်စေ့ကို ထိုဥယျာဉ်စောင့်အား ဤ နေရာ၌ စိုက်လော့ဟု အပ်တော်မူသည်။ ဥယျာဉ်စောင့်သည် လည်း ဗုဒ္ဓ မိန့်တော်မူသည့် အတိုင်း မြေတွင် တွင်းငယ်တူး၍ စိုက်လေရာ ဗုဒ္ဓသည် စိုက်ရာမြေထက်၌ လက်ဆေးတော်မူ သည်။ လက်ဆေးရေ မြေသို့ကျလျှင် မီးပုံမှတက်သော မီးခိုး

ကဲ့သို့ ထွန်တုံးခန့်ပမာဏ ပင်စည်ရိုးတံရှိသော သရက်ပင်သည် အညွှာက် အကိုင်း အခက်တို့ဖြင့် ဝေဆာ ကြီးထွားစွာ ထွက်လာလေသည်။ ဗုဒ္ဓသည် ထိုသရက်ပင် အနီး၌ပင် ပြာဋိဟာ ပြတော်မူလေသည်။





# သပိတ်တော် တန်ခိုးပြခြင်း

သာဝတ္ထိပြည် ကောသလမင်းဥယျာဉ် သရက်ပင်အနီး၌ တန်ခိုးပြာဋိဟာ ပြတော်မူပြီးနောက် သတ္တမမြောက်ဝါကို တာဝတိံသာနတ်ပြည်၌ ကပ်တော်မူကာမယ်တော်မိနတ်သား နှင့်တကွသော နတ်ဗြဟ္မာပရိသတ် အပေါင်းအား အဘိဓမ္မာ တရားတော်ကို ဝါတွင်း သုံးလပတ်လုံး နေ့ရော ညပါ မပြတ် မစဲ ဟောတော်မူသည်။

ဗုဒ္ဓ၏ ကိုယ်ခန္ဓာတော်သည် မည်သို့သော အကြောင်း ကြောင့် မျှတနိုင်သနည်း ဟူမူ လူတို့ရွာ၌ အခါအချိန်ကို မှတ်တော်မူ၍ ဤဇမ္ဗူဒိပ်ကျွန်း၌ နေဝန်းတက်ချိန် သင့်သော

အခါတွင် သွင်ပြင် ဟန်ပန် သရုပ်၊ ဝါ၊ ရည်တူမျှသော နိမ္မိတ ဘုရားကို ဖန်ဆင်းတော်မူ၍ ငါ၏ကိုယ်စား ဤဘုရားသည် ဤမျှလောက်သော တရားကို ဟောကြားစေသတည်း ဟု မိန့်ခွန်းတော်မူလျက် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာနေရာ၌ ကောင်းစွာ ထားခဲ့ပြီးနောက် ကိုယ်တော် အစစ်မှုကား သင်္ကန်း သပိတ် ပြင်လျက် နတ်တို့နေရာမှ သက်ခဲ့၍ ဟိမဝန္တာ တော အနောတတ်အိုင်၏ အနီး နံ့သာပင်ရင်း၌ ခင်းထား သော ဆေးဒန်းမြင်းသီလာ ကျောက်မြေပေါ်ဝယ် ရပ်တော် မူသည်။ ထိုအခါ ဟိမဝန္တာတွင် နေကြကုန်သော နတ်များ နဂါးများသည် ဗုဒ္ဓကြွရောက်နေသည်ကို သိရှိကြည်နူးရကား နာဂလတာမည်သော ကွမ်းရိုးဒန်ပူကို ကပ်လှူကြသည်။ ဗုဒ္ဓ သည် နတ်နဂါးတို့ လှူအပ်သော ကွမ်းရိုးဒန်ပူကို အလှူခံ ယူတော်မူပြီးလျှင် ကျောက်ဖျာပေါ်၌ ရပ်လျက် အလွန် နီမြန်းသော သင်္ကန်းအစုံကို ဝတ်ရုံသပ္ပာယ်တော်မူသည်။ ထို နောက် နတ်မင်းကြီးလေးပါး လှူအပ်သော ကျောက်ညို သပိတ်ကို ဆောင်တော်မူပြီးသော် မြောက်ဥတ္တရ ကုရုကျွန်းသို့ ဆွမ်းခံ ကြွတော်မူသည်။

မြောက်ကျွန်းသူ ကျွန်းသားတို့သည် ဗုဒ္ဓအား ဗုဒ္ဓမှန်း မသိကြ။ မိမိတို့ ကိုးကွယ်သော နတ်မင်း၊ ဗြဟ္မာမင်း ဟူ၍ သာ ထင်မှတ်ကြပြီးလျှင် နတ်သုဒ္ဓာကဲ့သို့သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို လှူကြသည်။ ဗုဒ္ဓအား ယင်းသို့ လှူရ ပူဇော်ရ သဖြင့်လည်း သဒ္ဓါကြည်နူး ရွှင်မြူးကြကုန်၏။

ဗုဒ္ဓသည် မျှလောက်ရှိသော ဆွမ်းကို ရသည် ဆိုလျှင်ပင် မြောက်ကျွန်းမှ ပြန်ကြွခဲ့၍ အနော်တတ်အိုင်၏ အနီး၌ ဆွမ်းဘုဉ်းပေးလေသည်။ ဆွမ်းဘုဉ်းပေးပြီးမှ ကျယ်ပြန့် ကြီးကျယ်လှသော စန္ဒကူးတောသို့ ဝင်၍ နေသန့်တော်မူသည်။ ထိုအခါ ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာသည် နံ့သာတော၌ ဗုဒ္ဓ စံပယ်တော်မူနေပြီဟု သိရှိသဖြင့် လျင်စွာ လာလတ်၍ ခြေတော်ကို ဆုပ်နယ်ခြင်း၊ သုံးရေသောက်ရေ တည်ခြင်း၊ ယပ်လေခတ်ခြင်း စသော ဝတ်ကြီးဝတ်ငယ် ပြု၍ ဆည်းကပ်ခစား၏။ ဗုဒ္ဓက "ချစ်သား သာရိပုတ္တရာ၊ ငါ ယနေ့ ဤမျှ လောက်သော အဘိဓမ္မာ တရားကို နတ် အပေါင်းတို့အား ဟောခဲ့ပြီ" ဟု တရားအကျဉ်းကို မိန့်ကြား နည်းပေး၏။

ရှင်သာရိပုတ္တရာသည် မဟာတိက္ခ ပုဂ္ဂိုလ် ဖြစ်ရကား နည်းအမြွက်မျှ သင်ကြား နာယူရသည်နှင့်ပင် ကမ်းစွန်းမှ ရပ်တည်ကာ သမုဒ္ဒရာကို ညွှန်ပြသကဲ့သို့ နတ်တို့အား ဗုဒ္ဓ ဟောကြားသော အဘိဓမ္မာ တရားအကျယ်ကို သိမြင်လေသည်။

ဗုဒ္ဓသည် သပိတ်တော်ကို ကိုယ်တော်တိုင် ကိုင်ဆောင်၍ မြောက်ကျွန်းသို့ ကြွရောက် ဆွမ်းအလှူခံရာတွင် သုံး စွဲ ခဲ့ ကြောင်း ဗုဒ္ဓဝင်၌ ပြခဲ့သော အချက်ပင် ဖြစ်၏။

နတ်မင်းကြီးလေးပါး လှူအပ်သော သပိတ်တော်ကို အစဉ်သဖြင့် ဗုဒ္ဓ အသုံးပြုခဲ့ပြီးသည့်နောက် ပရိနိဗ္ဗာန် ပြုခါနီး စုန္ဒ မည်သော ရွှေပန်းထိမ်သည်၏ ဝက်သားပြွမ်း ဆွမ်းကို ဗုဒ္ဓ ဘုဉ်းပေးပြီးသောအခါတွင် ကြမ်းတမ်း ပြင်းထန်သော

ဝမ်းသွားသော အနာရောဂါ ဖြစ်၏။ ထိုးကျင် ကိုက်ခဲသဖြင့် ဗုဒ္ဓသည် သတိရှိတော်မူသည်ဖြစ်၍ ဝေဒနာကို သည်းခံသဖြင့် မပင်မပန်းပဲ ရှိ၏။

ဗုဒ္ဓသည် ရှင်အာနန္ဒာအား ခေါ်ပြီးလျှင်

"အာနန္ဒာ၊ ကုသိနာရုံပြည်သို့ ငါတို့ သွားကြကုန်အံ့" ဟု မိန့်ကြား၏။ ရှင်အာနန္ဒာသည်လည်း "ကောင်းပါပြီ မြတ်စွာဘုရား" ဟု ဝန်ခံပြီးနောက် ရဟန်းသံဃာများနှင့် ကုသိနာရုံပြည်သို့ ကြွရာ လမ်းခရီးတွင် ခေတ္တ ရပ်နားလျက် သစ်ပင် တပင်ရင်း၌ ကပ်ပြီးလျှင် "အာနန္ဒာ၊ ငါ၏ ဒုကုဋ်ကို လေးထပ်ခေါက်၍ ခင်းလော့။ ငါသည် ပင်ပန်း နွမ်းနယ်လှပြီ။ ဤနေရာ၌ ထိုင်နေဦးအံ့"ဟု မိန့်ကြား၏။

ရှင်အာနန္ဒာသည် "ကောင်းပါပြီ ဘုရား" ဟု ဝန်ခံ၍ ဒုကုဋ်တော်ကို လေးထပ် ခေါက်လျက် ခင်းပေး၏။ ထိုသို့ နေတော်မူပြီးလျှင် ဗုဒ္ဓသည် ရှင်အာနန္ဒာကို ခေါ်ပြန်၏။

"အာနန္ဒာ၊ ငါ၏သပိတ်ကိုယူ၍ သောက်ရေကို ဆောင်ယူပါချေ။ ငါသည် ရေငတ်လှ၏" ဟု ဆို၏။

"မြတ်စွာဘုရား၊ ယခုပင် ငါးရာသော လှည်းတို့သည် မြစ်ငယ်ကို ဖြတ်ကူး၍ သွားကုန်၏။ လှည်းဖြတ်သွားသောကြောင့် မြစ်အတွင်း အနည်းငယ်မျှသာကျန်သော ရေသည် နောက်ကျိနေပါပြီ။ ရွှေမနီးမဝေးသော အရပ်တွင် ကကုဓချောင်းသည် ကြည်လင်သော ရေရှိပါ၏။ ချိုမြိန်ပါ၏။ အေးမြပါ၏။ ဖြူစင်ပါ၏။ မွေ့လျော်ဖွယ် ကောင်းသော

ဆိပ်ကမ်း ရှိ၏။ ထိုကကုဓချောင်းသို့ ရောက်သော အခါမှပင် ရေသောက်တော် မူပါ။ ကိုယ်တော်ကိုလည်း အေး ချမ်း အောင် ပြုတော်မူရပါမည် ဘုရား”ဟု လျှောက်၏။ နှစ်ကြိမ် မြောက် ဗုဒ္ဓသည် ရှင်အာနန္ဒာအား ရေယူခိုင်းပြန်၏။ ရှင်အာနန္ဒာသည် ရှေးနည်းတူပင် လျှောက်ပြန်၏။ သုံးကြိမ် မြောက် ဗုဒ္ဓသည် ရှေးနည်းအတိုင်းပင် စေခိုင်းပြန်၏။

“အာဏာတော်ကို မလွန်ဆန်ပါပြီဘုရား”ဟု ရှင်အာနန္ဒာ သည် မြတ်စွာဘုရားအား ဝန်ခံ၍ မြတ်စွာဘုရား၏ သပိတ် တော်ကို ယူလျက် စောစောပိုင်းက လှည်းငါးရာ ဖြတ်ကူး သွားသော မြစ်ငယ်သို့ ရေခပ်ဆင်း၏။ ရေအနည်းငယ်သာ ရှိနေရာက လှည်းများ ဖြတ်သွားသဖြင့် နောက်ကျိလျက်စီးနေ သော ထိုမြစ်ရေသည် ရှင်အာနန္ဒာ ဗုဒ္ဓသပိတ်တော်ကို ရေ၌ ချ၍ ခပ်ယူသောအခါ သန့်ရှင်း စင်ကြယ်စွာ မနောက်ကျိ တော့ပဲ စီးလေ၏။ ထိုအခါ ရှင်အာနန္ဒာသည်

“မြတ်စွာဘုရား၏ ကြီးကျယ်သော တန်ခိုးတော်သည် အံ့ဖွယ်ရှိပေစွ။ မဖြစ်စဖူး ထူးကဲလှပေစွ။ ငါးရာသော လှည်း တို့ ဖြတ်ကူးကြသဖြင့် အနည်းငယ်သော ရေ ရှိသည်ဖြစ်၍ နောက်ကျိလျက်စီးသော ဤမြစ်ငယ်သည် ဗုဒ္ဓသပိတ်ဖြင့် ရေ ခပ်သောအခါ သန့်ရှင်းကြည်လင်စွာ မနောက်ကျိပဲ စီးနေ ဘိသည် တကား” ဟု အံ့သြခြင်း ဖြစ်၍ သပိတ်တော်ဖြင့် သောက်ရေကို ယူလျက် မြတ်စွာဘုရားထံ ဆောင်ယူခဲ့၏။

“ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အရှင်ဘုရား၏ ကြီး ကျယ်သော တန်ခိုးအာနုဘော်သည် အံ့ဖွယ် ရှိပါပေ၏။

မဖြစ်ဖူးမြဲ ထူးကဲလှပါပေ၏။ လှည်း ဖြတ်ကူးသွားသော ကြောင့် နောက်ကျိသော အနည်းငယ်မျှသော မြစ်ရေသည် တပည့်တော် မြစ်နားသို့ ရောက်၍ အရှင်ဘုရားသပိတ်တော် ဖြင့် ရေခပ်သောခဏ၌ သန့်ရှင်း ကြည်လင် စင်ကြယ်စွာ စီးမြဲ စီးနေပါတော့သည် အရှင်ဘုရား။ ကြည်လင်အေးမြ သော ရေကို သောက်တော်မူပါဘုရား”ဟု ဗုဒ္ဓအား သပိတ် ဖြင့် ခပ်လာသော ရေကို ဆက်ကပ်၏။ ဗုဒ္ဓသည် နှစ်ခြိုက် စွာ သောက်လေသည်။

ဗုဒ္ဓဝင်တွင် ဗုဒ္ဓ သက်တော် ထင်ရှားရှိစဉ် သပိတ်တော် ကို နောက်ဆုံး အသုံးပြုတော်မူသည့် ထူးခြားသော အဖြစ် အပျက်တရပ် ဖော်ပြထားခြင်း ဖြစ်၏။ သို့ရာတွင် တရုတ် ရဟန်းတော် ဖာဟီယန်၏ ခရီးစဉ် စာတန်း၌ အောက်ပါ အတိုင်း ဖော်ပြထားသည်ကို သတိပြုမိပြန်သည်။


တရုတ်ရဟန်းတော် ဖာဟီယန်သည် ကုသိနာရုံမှ အရှေ့ တောင်ဖက်သို့ ၁၂ ယူဇနာ ဆက်လက် သွားသောအခါ အလွန်တရာ ထူးခြား မှတ်သားဖွယ်ရာဖြစ်သော နေရာတခု သို့ ရောက်ပြန်လေသည်။ ထိုနေရာ၌ ဝေသာလီပြည် လိစ္ဆဝီ မင်းတို့သည် ဘုရားရှင်အား လွန်စွာကြည်ညိုကြသည်ဖြစ်၍ ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူလျှင် အတူတကွ လိုက်၍ သေ တော့မည်ဟု လျှောက်ကြသောအခါ ဗုဒ္ဓက လိစ္ဆဝီမင်းတို့ လျှောက်ကြားချက်ကို လက်ခံတော်မမူချေ။

ဗုဒ္ဓသည် လိစ္ဆဝီမင်းတို့ မလိုက်နိုင်စေရန် ကိုယ်တော်နှင့် လိစ္ဆဝီမင်းတို့ အကြားတွင် ချောင်းကြီးတခုကို ဖန်ဆင်း

တော်မူ၏။ လိစ္ဆဝီမင်းတို့သည်လည်း ချောင်းကြီးကို ဖြတ်ကူးခြင်းငှာ မတတ်နိုင်ကုန်။ ဗုဒ္ဓသည် လိစ္ဆဝီမင်းတို့ ပူဇော်ရစ်လေ့ဟု သပိတ်တော်ကို နောက်ဆုံး ချီးမြှင့်လျက် တိုင်းပြည်သို့ ပြန်စေ၍ ကုသိနာရုံပြည်သို့ ဆက်လက် ကြွတော်မူသည်။ ထိုနေရာတွင် ယင်းအဖြစ်အပျက်များကို ကျောက်၌ ထုထွင်းရေးသား စာတန်း ထိုးထားသော ကျောက်စာတိုင်ကြီး တတိုင် စိုက်ထူထားသည်ဟု ဆိုလေသည်။

ထိုအချက်ကို ဗုဒ္ဓဝင်ကျမ်းဂန်များ၌ မတွေ့ရသော်လည်း ရဟန်းတော် ဖာဟီယန်ကိုယ်တိုင် ကျောက်တိုင်နှင့်တကွ ယင်းကျောက်တိုင်တွင် ရေးထိုးထားသော ကမ္ပည်းစာတန်းကိုပါ အသေအချာ ကိုးကား ပြထားပြန်သဖြင့် စိတ်ဝင်စားဖွယ်ရာ ဖြစ်နေလေသည်။ သို့ရာတွင် အိန္ဒိယရှိ ဗုဒ္ဓ ဖြစ်တော်စဉ် နေရာများရှိ ကျောက်စာတိုင်များတွင် ရဟန်းတော် ဖာဟီယန် မှတ်တမ်းတင်ခဲ့သော ကျောက်စာတိုင်မှာလည်း ပျောက်ကွယ်နေပြန်သည်။ ကုသိနာရုံဒေသတဝိုက် ထိုကျောက်စာတိုင် ရှိသည်ဟု အမှတ်အသား မရှိတော့ပေ။





## အဇာတသတ်မင်း၏ ဌာပနာတိုက်

ဗုဒ္ဓသပိတ်တော် အကြောင်း အရာ ဖော်ပြချက် များကို အစောဆုံး လင်္ကာဒီပ သီဟိုဠ်ကျွန်း၌ စတင်တွေ့ရှိလာခဲ့၏။ ယင်းမှာ သီဟိုဠ်ကျွန်း ရှင်မဟာဗုဒ္ဓဃောသ၏ သက္ကရာဇ် ၅၀၀ ခုနှစ်တွင် ပြုစုရေးသားသော **သုမင်္ဂလ ဝိလာသိနီ** ကျမ်းတွင် တွေ့ရှိရခြင်း ဖြစ်လေသည်။ ထိုကျမ်းတွင် ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် ဓာတ်တော်များမှ **အချို့**ကိုသာလျှင် ရှစ်ပြည်ထောင်မင်းအပေါင်းတို့အား ခွဲဝေပေးခဲ့သည်ဟု အခိုင်အမာ ဖွင့်ဆိုလေသည်။ ကျန်ဓာတ်တော်များကို အဇာတသတ်မင်း ယူ၍ စေတီပုထိုးများ တည်ထားကိုးကွယ်ရာတွင် ဗုဒ္ဓသပိတ်

တော်သည်လည်း ပါဝင်သည်ဟု ဆိုလေသည်။ ဗုဒ္ဓ၏ မဟာပရိနိဗ္ဗာန သာခုကိုင္ဒန ပူဇော်ပွဲကြီးတွင် ရှေ့ဆောင် ရှေ့ရှုက် ဦးစီးခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်းခံရသော ရှင်မဟာကဿပထေရ်ကြီး၏ ဩဝါဒကို ခံယူလျက် အဇာတသတ်မင်းသည် ဓာတ်တော်များကိုစု၍ စေတီတည်ပြန်သေးသည်။

ဗုဒ္ဓ၏ သွားတော် လေးဆယ်၊ ဆံတော် သုံးကုဋေ ခြောက်သန်း၊ အမွေးတော် ကိုးကုဋေကို နတ်အပေါင်းတို့သည် ခွဲဝေယူကြပြီးလျှင် စကြဝဠာအဆင့်ဆင့်သို့ ပင့်ဆောင် ကိုးကွယ်ထားကြသည်။ ဗုဒ္ဓ၏ အသုံးအဆောင် ပရိဘောဂများကိုလည်း စေတီတည်၍ ကိုးကွယ်ကြရာ၌ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးလှူဒါန်းသော ပဲနောက်အဆင်းရှိသည့် ကျောက်ညိုသပိတ်တော်၊ ဝေါင်ဝေးတော်၊ သင်းပိုင်တော် တို့ကို ကုရုတိုင်း၌ စေတီတည်ရာတွင် ဌာပနာ၏။ ပဲခွပ်၊ အပ်၊ အပ်ချည်များကို ဣန္ဒပတ္တနဂိုရ်ပြည်သို့ ယူဆောင်၍ စေတီတည်လျက် ဌာပနာ၏။ အပေါ်လွှမ်းခင်းနှီးကို ကပိလဝတ်၌ စေတီတည်၍ ဌာပနာ၏။ ဓမ္မကရိုဏ်း ရေစစ်၊ ခါးပန်းများ ကိုပါဋလိပုတ်ပြည်၌စေတီတည်၍ ဌာပနာ၏။ ရေသနုပ်တော်ကို စမ္ပာပြည်၌ စေတီတည်၍ ဌာပနာ၏။ ဥဏ္ဏာလုံမွေရှင်တော်ကို ကောသလတိုင်း သာဝတ္ထိပြည်၌ စေတီတည်၍ ဌာပနာ၏။

ကိုယ်ဝတ် ဒုကုဋ်တော်ကို ဗြဟ္မာ့ပြည်တွင် စေတီတည်၍ ဌာပနာ၏။ ဗြဟ္မာပြည်တွင် သိဒ္ဓတ္ထမင်းသား တောထွက်လာပြီးနောက် ပါလာသည့် အဝတ်တန်ဆာများကို ဗြဟ္မာတို့

ပင့်ဆောင် စေတီတည်ထား၍ ဒုဿစေတီဟု အမည်တွင်ခဲ့သဖြင့် ထိုစေတီနှင့်ပါဆိုလျှင် စေတီနှစ်ဆူဖြစ်၏။

ဦးရစ် သို့မဟုတ် ခေါင်းပေါင်းတော်ကို တာဝတိံသာနတ်တို့သည် စူဠာမဏိ စေတီတော်တွင် ဌာပနာကြသည်။ ဆံတော်မြတ်ကိုလည်း ထိုစေတီမှာပင် ဌာပနာ၏။

နိသိဒိုင်ကို အဝန္တိတိုင်း ဥဇ္ဇေနီပြည်တွင် စေတီတည်၍ ဌာပနာသည်။ အာယောခါးပတ်တော်ကို ဒေဝတိုင်း၌ စေတီတည် ဌာပနာသည်။ ပွတ်ခုံ၊ ပွတ်ကျည်၊ ရေစစ်တို့ကို ဝိဒေဟတိုင်း မိဓိလာပြည်တွင် စေတီတည် ဌာပနာလေသည်။ ထိုမှ ကြွင်းကျန်သော ပရိက္ခရာများကို မဇ္ဈိမဒေသ မြို့ရွာအသီးသီးတွင် စေတီများတည်ကာ ဌာပနာ၍ ကိုးကွယ်လေသည်။

သို့ဖြစ်ရာ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက် ကြွင်းကျန်သော ဓာတ်တော်များနှင့် ပရိဘောဂများသည် အန္ဓံအပြား ရောက်ကုန်၏။ ဤတွင် ရှင်မဟာကဿပထေရ်သည် သာသနာတော် မေးမှိန်ခဲ့ပါက ဗုဒ္ဓ၏ဓာတ်တော်များနှင့်တကွ ပရိဘောဂများအတွက် အန္တရာယ် ဖြစ်ချေတော့မည်။ ကိုး ကွယ် လို သော သူတော်စင်အပေါင်းတို့ ကိုးကွယ်ခွင့် မရကြသော် နှလုံး မသာမယာ ဖြစ်ရချေမည်ဟု ကြိုတင်မြင်အပ်သဖြင့် အဇာတသတ်မင်းကြီးနှင့် တိုင်ပင်ခဲ့၏။

" မင်းမြတ်၊ ယခုအခါ ဓာတ်တော်နှင့်တကွသော ပရိဘောဂများသည် အရပ်ရှစ်ပါး အန္ဓံအပြားသို့ ရောက်နေချေပြီ။ နောင်သောအခါ ဗုဒ္ဓအား ရည်စူးတမ်းတ သက္ကာရ

ပြုလိုကြကုန်သော သူတော်ကောင်းတို့ တောင့်တခဲ့သော် မဖူး မြှော် မပူဇော်ရသဖြင့် စိတ်မချမ်းမသာ ဖြစ်ရချေမည်။ ဓာတ်တော်များ ပရိဘောဂများကို ပင့်ဆောင်၍ တနေရာ တည်း တပေါင်းတည်း စေတီတည်ထားလျက် ဌာပနာလော့" ဟု ရှင်မဟာကဿပက မိန့်ကြား၏။

"ဤသို့ဆိုလျှင် ကောင်းပါပြီအရှင်။ ဓာတ်တော်များ၊ ပရိ ဘောဂများကိုသာ ပင့်ဆောင်ပေးတော်မူပါ။ ဘုရားတပည့် တော်သည် ယခုပင် ဌာပနာတိုက် တည်မည့်အရပ်ကို ရွေးချယ် ပြင်ဆင်ပါမည်" ဟု အဇာတသတ်မင်း ပြန်လျှောက်၏။

ရှင်မဟာကဿပထေရ်သည် ကုသိနာရုံ၊ ဝေသာလီ၊ ပါ ဝါ၊ ကုသိန္နာရုံ၊ ကပိလဝတ်၊ အလ္လကပ္ပ၊ ဝေဋ္ဌဒီပက၊ ဥဇ္ဇေနီ၊ ဒေဝ၊ မိဓိလာ၊ ပါဋ္ဌလိပုတ်၊ ကုရု၊ ဂန္ဓပတ္တနဂိုရ် စသော တိုင်းပြည် အသီးသီး၌ အုပ်စိုးကြကုန်သော ဓာတ်တော် မွေတော်နှင့် ဗုဒ္ဓပရိဘောဂများ ဝေစုရကုန်သည့် မင်းများထံ ကြွသွားလျက် အကျိုးအကြောင်း မိန့်ကြားပြီးလျှင် "မင်း မြတ်တို့၊ မင်းမြတ်တို့ ကိုးကွယ်ပူဇော်လောက်ရုံမျှ ဓာတ်တော် မွေတော် ပရိဘောဂများကိုချန်၍ ကျန်ဓာတ်တော်များ၊ ဗုဒ္ဓ ပရိက္ခရာများကို ရာဇဂြိုဟ်သို့ ပင့်ဆောင်ပါရစေ" ဟု မေတ္တာ ရပ်ခံ၏။ ထိုမင်းတို့သည်လည်း ရှင်မဟာကဿပထေရ်၏ ဂုဏ်တော် သိက္ခာတော်ကို လေးစား ကြည်ညိုကြသောအား ဖြင့် ဓာတ်တော် မွေတော် ပရိက္ခရာများကို ဝမ်းမြောက်စွာ ပေးအပ်ခဲ့ကြ၏။

ရှစ်လုံးတို့ကို ရတနာခုနစ်ပါး စီခြယ်သော စေတီရှစ်ဆူ၌ ထည့်ကြရပြန်သည်။

ရတနာခုနစ်ပါး စီခြယ်ထားသော စေတီရှစ်ဆူကို ရွှေကြုပ် ရှစ်လုံး၌ အဆင့်ဆင့်ထည့်ပြန်၍ ရွှေကြုပ်ရှစ်လုံးကို ရွှေစေတီ ရှစ်ဆူ၌ ထည့်သွင်းရပြန်သည်။

ထိုရွှေစေတီ ရှစ်ဆူကို ငွေကြုပ်ရှစ်လုံး၌ အဆင့်ဆင့် ထည့်ပြန်လျက် ထိုငွေကြုပ်ရှစ်လုံးကို ငွေစေတီရှစ်ဆူ၌ ထည့်ရပြန်၏။

ငွေစေတီ ရှစ်ဆူကို တဖန် မြသားကြုပ် ရှစ်လုံး၌ အဆင့်ဆင့် ထည့်ပြန်လျက် ထိုမြကြုပ်ရှစ်လုံးတို့ကို မြစေတီ ရှစ်ဆူတွင် ထည့်ပြန်၏။

မြစေတီ ရှစ်ဆူကို ပတ္တမြားနီ ကြုပ်ရှစ်လုံးတို့၌ အဆင့်ဆင့် ထည့်ပြန်၍ ပတ္တမြားနီ ကြုပ်ရှစ်လုံးတို့ကို ပတ္တမြားနီ စေတီ ရှစ်ဆူ၌ ထည့်ရပြန်၏။ တဖန် ပတ္တမြားနီ စေတီရှစ်ဆူကို မသာရဂလ်ကျောက် (ပတ္တမြားပြောက်) ကြုပ် ရှစ် လုံး ၌ အဆင့်ဆင့်ထည့်၍ ပတ္တမြားပြောက် ကြုပ် ရှစ် လုံး တို့ကို ပတ္တမြားပြောက် စေတီရှစ်ဆူ၌ ထည့်သွင်းရပြန်၏။

တဖန် ပတ္တမြားပြောက် စေတီရှစ်ဆူကို ဖန်ကြုပ်ရှစ်လုံး မှာ ထည့်၍ ထိုဖန်ကြုပ် ရှစ်လုံးတို့ကို ဖန်စေတီ ရှစ်ဆူတွင် ထည့်ကြရပြန်၏။ သို့နှင့် အလုံးစုံ ပြီးစီးသောအခါဝယ် ကြုပ် စေတီအားလုံး၏ အထက်ဆုံး အပြင်အကျဆုံး ဖန်စေတီသည် သီဟိုဠ်ကျွန်းရှိ ထူပါရာမ စေတီတော်ကြီးတမျှ ပမာဏ ရှိလေသည်။ ဖန်စေတီ၏အထက်၌ တဖန် ရတနာ ခုနစ်ပါးဖြင့် ပြီး

သော စေတီအိမ်ကို ဆောက်လုပ်စေ၏။ ထိုစေတီအိမ် အထက်၌ ရွှေစေတီအိမ်၊ ငွေစေတီအိမ်၊ ထိုအထက် ကြေးနီ စေတီ အိမ်များ ဆောက်လုပ်လေသည်။

ကြေးနီစေတီအိမ်တွင် ရတနာ ခုနစ်ပါးကို သဲအမှတ်သုံး၍ ကြဲဖြန့်၏။ ထိုနောက် ရေမှာပွင့်သော ပန်း၊ ကုန်းမှာပွင့်သော ပန်း အပွင့်တထောင်စီကို ကြဲဖြန့်၍ ဗုဒ္ဓလောင်းလျာ ဖြစ် တော်စဉ် ငါးရာ့ငါးဆယ် ဇာတ်တော်များ၊ အသီတိ မဟာ သာဝကကြီးများ၊ ဗုဒ္ဓလောင်းလျာ ခမည်းတော် သုဒ္ဓောဒန မင်းကြီး၊ မယ်တော်မဟာမာယာဒေဝီ၊ ဖွားဖက်တော် ခုနစ်ဦး စသည့် ဗုဒ္ဓနှင့်သော် လည်းကောင်း၊ ဗုဒ္ဓသာသနာတော်နှင့် သော် လည်းကောင်း ပတ်သက်သည့် ကြည်ညို ကိုးကွယ်ဖွယ်ရာ ဌာပနာတိုက်၌ ထည့်သွင်းသင့်သမျှကို ရွှေရုပ်တုများ သွန်း လုပ် ထည့်ရသည်။ ရွှေမြူတာ အိုးငါးရာ၊ ငွေမြူတာ အိုး ငါး ရာကိုလည်း ရေနံအပြည့်ထည့်၍ ဌာပနာတိုက်၌ ထည့်ထားရ သည်။ ရွှေတံခွန် ငါးရာကိုလည်း စိုက်ထူရသည်။ ရွှေဆီမီး ခွက် ငါးရာ၊ ငွေဆီမီးခွက် ငါးရာတို့ကို ပြုလုပ်စေ၍ နံ့သာဆီ အပြည့် ထည့်ရပြီးလျှင် ဘွဲ့ဖြူချည် ဆီမီးစာများကို မီးခွက် များ၌ ထည့်ရသည်။

"ပန်းများ မညှိုးကြစေကုန်။ နံ့သာများ အနံ့မပြယ် ပျောက်ကြစေကုန်။ ဆီမီးများ မငြိမ်းပါစေကုန်" ဟု ရှင်မဟာ ကဿပထေရ် အဓိဋ္ဌာန်ပြုလျက် တခုသော ရွှေပြားတွင်

'နောင်အခါ ပိယဒါသမည်သော မင်းသားသည် ထီးဖြူ တော်စိုက်ထူ၍ အသောက အမည်ယူလျက် မင်းဖြစ်လိမ့်မည်။

အသောကမင်းသည် ဤဓာတ်တော်များကို ဇမ္ဗူဒိပ်ကျွန်းအနှံ့ ပြန့်အောင် ပို့ဆောင်၍ သာသနာတော်ကို ကျယ်ပြန့် ထွန်းတောက်စေလိမ့်မည်’ ဟု တံဆိပ်ခတ်နှိပ်လျက် စေတီတွင်း၌ ထား၏။

အဇာတသတ်မင်းသည် အလုံးစုံသော ပြုလုပ်ဖွယ်ရာကိစ္စများ ပြီးစီးသောအခါ မိမိဝတ်ဆင်သော အဖိုးထိုက်တန်သည့် တန်ဆာပလာများကိုချွတ်၍ ပူဇော်ပြီးလျှင် ရတနာခုနစ်ပါးဖြင့် မွမ်းမံထားသော စေတီအိမ်တံခါးမှစ၍ အဆင့်ဆင့်သောတံခါးများပိတ်ကာ ခိုင်ခန့်သောတံခါးသော့၊ မင်းတုံးစသည်များကို ပြုလုပ်ထား၍ ပြည်တန်ပတ္တမြားကိုလည်း ပြင်ဖက်၌ ထားခဲ့၏။

‘နောင်သောအခါ ဤဌာပနာများကိုတွေ့သော ဆင်းရဲသောမင်းများသည် ပတ္တမြားကိုထုခွဲ၍ ပူဇော်ကြလော့’ ဟူသော စာတန်းကိုလည်း ကျောက်ပြား၌ ထုထွင်းရေးသား ထားခဲ့၏။

သိကြားမင်းသည် အဇာတသတ်မင်း တည်ထားသော ဌာပနာတိုက် စေတီပြီးသောအခါ ဝိသကြုံနတ်သားအားခေါ်၍

“ဝိသကြုံ၊ အဇာတသတ်မင်းသည် ဗုဒ္ဓ၏ဓာတ်တော်များ၊ ပရိဘောဂ ပရိက္ခရာများကို ခိုင်မာသောဌာပနာတိုက်၌ ထားအပ်ပြီ။ ထိုဌာပနာတိုက်သို့သွား၍ လုံလောက်သော အစောင့်အရှောက်များကို ချထားချေ” ဟု မိန့်ကြားစေလွှတ်ခဲ့၏။

ဝိသကြုံသည် သားရဲစက်ယန္တရားနှင့်တကွ သစ်သား ဘီလူးရုပ်တွင် ဖန်အဆင်းရှိသော သန်လျက်များကို စွဲကိုင်စေ

ကာ ဓာတ်တော်တိုက်ပတ်လည်၌ စောင့်ကြပ်စေ၏။ အဟုန် အရှိန်ပြင်းစွာလည်ပတ်နေသော စက်ယန္တရားကိုလည်း ခလုတ် တခုတည်းဖြင့် ဖွဲ့ချည်ထား၏။ အလုံးစုံသော အကာအကွယ် စက်ယန္တရားများ ပြုလုပ်ပြီးသော် နတ်ပြည်သို့ ပြန်လေ၏။

အဇာတသတ်မင်းက ဆက်လက်၍ ဌာပနာတိုက်ပတ်ဝန်း ကျင်တွင် ကျောက်တန်တိုင်းကြီးကိုပတ်၍ အထက်၌ ကျောက် ဖျာကြီးဖြင့်ဖုံးပိတ်ကာ မြေဖို့၍ မြေပြင်နှင့်တပြေးညီ ပြုပြီးမှ ထိုအထက်တွင် ကျောက်စေတီကြီး တည်လေသည်။

အသောကမင်းဟူ၍ မဇ္ဈိမဒေသ၌ ပေါ်ပေါက်လာသည့် အချိန်ထိ ခိုင်ခန့်တည်မြဲ၍ သူယုတ်တို့ အန္တရာယ် ပြုနိုင်စွမ်း သောငှာ မတတ်နိုင်ရာသည့် ဌာပနာတိုက်ကြီးကို အဇာတ သတ်မင်း ပြုလုပ်ရာတွင် သိကြားမင်းကလည်း ကူညီဆောင် ရွက်ခဲ့သည်ဟု ဆို၏။

ဤသို့လျှင် ဗုဒ္ဓ၏ ဓာတ်တော် မွေတော်များကို ဌာပနာ ခဲ့ကြောင်း ပြဆိုရာတွင် အသောကမင်းကြီး ဌာပနာတိုက် ဖွင့်သောအခါ ဗုဒ္ဓသပိတ်တော်၊ သင်းပိုင်တော်၊ တောင် ဝှေးတော်များကိုပါ ဌာပနာတိုက်တွင်းကပင် တွေ့ရှိသဖြင့် ထိုအချိန်ကပင် အဇာတသတ်မင်းသည် ဗုဒ္ဓ၏ ပရိဘောဂ ပရိက္ခရာများကိုပါ ဓာတ်တော် မွေတော်များနှင့်တပါတည်း ဌာပနာခဲ့သည်ဟု ယူဆရမည်ဖြစ်၏။

ကျီးသဲလေးထပ်ရာတော်ဘုရားကြီး ရေးသား စီရင်အပ် သော **ဇိနတ္ထပကာသနီ** ကျမ်းလာ အချက်အချို့ကိုလည်း စာဖတ်ပရိသတ်လေ့လာ မှတ်သားနိုင်ရန် တင်ပြအပ်ပါသည်။

ရှင်မဟာကဿပထေရ် ခေါတ်တော်များကို ပင့်ဆောင်ရာတွင် တန်ခိုးတော်ဖြင့်ကြွလေ၍ထိုထိုသောမင်းတို့၏ပြည်များ၌ တည်လေသော စေတီများအတွင်းဝယ် ကိုးကွယ် ပူဇော်ရရုံ အနည်းငယ်သော ခေါတ်တော်တို့ကိုခြင်း၍ ကြွင်းသော ခေါတ်တော်တို့ကို ဆောင်ယူလေ၏ဟု ရှင်မဟာကဿပထေရ် တန်ခိုးတော်ဖြင့် ခေါတ်တော်များကို ပင့်ကြောင်း ဆိုထား၏။


တဖန် ဝိသကြုံနတ်သားက ယန္တရားများ တပ်ဆင်ပေးသည်ဟု မဆို၊ ဘူတဝါဟန ယန္တရားစက် ဆင်တတ်သောသူကိုရှာ၍ ဆုလာဘ်များစွာပေးပြီးလျှင် အသက်ရှင်သော လူယောကျ်ားကဲ့သို့ သစ်သားဖြင့် ပြီးသော အရုပ်တို့အား ကြောက်မက်ဖွယ်သော လက်နက်များကို စွဲကိုင် စေလျက်ထား၏။ လေအဟုန်ကဲ့သို့သော လျင်ခြင်းဖြင့် အဆင့်ဆင့် တည်စေလျက် ထားပေ၏။ ခေတုဝင်၌ကား သိကြားက စေ၍ ဝိသကြုံ နတ်သားသည် ယန္တရားစက်ရုပ်စီရင်၍ ထား လာသည်ဟု ဆို၏။ ထိုစကားသည် ဒီပဝင် မဟာရာဇဝင် စသော ကျမ်းတို့နှင့်မညီ၊ ဥပစာဟူသော်ကား သင့်ရာ၏ဟု ဆိုထား၏။

ယင်းအချက်နှင့်ပတ်သက်သော ကျမ်းတည်းဖြတ်သူ ဆရာ၏ မှတ်ချက်တွင်ကား သုတ်မဟာဝါ အဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်အဖွင့်၌ သိကြားမင်းစေခိုင်းချက်အရ ဝိသကြုံ နတ်သားသည် ယန္တရားစက်ရုပ်တို့ကို စီရင်၍ထားကြောင်း၊ ဓမ္မသောကမင်းကြီးလက်ထက် ယင်းယန္တရား စက်ရုပ်တို့ကို ဝိသကြုံနတ်သားသည်ပင် ဖျက်ရကြောင်း၊ ခေါတ်တော် ဌာပ

နာတိုက်ကို ညွှန်ကြားသူသည် သက်တော် ၁၂၀ ရှိ ရဟန္တာ ထေရ်ကြီးဖြစ်ကြောင်း မိန့်ဆိုသည်ဟု ဖော်ပြထားသည်။

ရှင်မဟာကဿပထေရ် အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုကာ မိန့်ကြားခဲ့သော စကားများမှာလည်း နှစ်ပေါင်းကြာမြင့်လတ်သောအခါ လူအပေါင်းတို့တွင် မေ့ပျောက်ကုန်ကြ၏။ ဓာတ်တော်နှင့် တကွသော ဗုဒ္ဓ၏ ပရိဘောဂ ပရိက္ခရာများ ဌာပနာရာနေရာမှာလည်း ပေါင်းမြက်သစ်ပင်များဖုံးလွှမ်းကာ တောအတိ ဖြစ်နေတော့သည်။ အဇာတသတ်မင်း ဌာပနာတိုက်တည်ပြီးသည့်နောက် နှစ်ပေါင်း ၂၀၀ ကျော် ကြာမြင့်သောအခါတွင်ကား အသောကမင်းသည် ထင်ရှားပေါ်ပေါက်ခဲ့လေပြီ။





## အသောကနှင့်
## ဗုဒ္ဓသပိတ်တော်

သီရိဓမ္မာသောကမင်း လက်ထက်တွင် ဗုဒ္ဓ၏သပိတ်တော်ကို ဌာပနာတိုက်မှ ထုတ်ယူပင့်ဆောင် ကိုးကွယ်သောအကြောင်းကို မတင်ပြမီ ထိုမင်းကြီးအကြောင်းနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာ အချက်အချို့ကို ပထမ တင်ပြလိုပေသည်။

စာရေးဆရာကြီး အိဗ်ချ် ဂျီ ဝဲလ် က သူ၏ ကမ္ဘာ့သမိုင်းတွင် အသောကမင်းတရားကြီးနှင့် ပတ်သက်၍

'သမိုင်းဖြစ်စဉ် အကြောင်းအရာတို့တွင် တပြုံတခေါင်းကြီးတွေ့ရသော၊ ထောင်ပေါင်းများစွာသော ပြည့်ရှင်မင်းများ၊ အရှင်သခင်များ၊ ဘုန်းတန်ခိုး တေဇာ ပြည့်လျှမ်းသူများ၊ မဟာမျိုးနွယ် မင်းသားများနှင့် တကွသော တန်းတူရည်တူများ အနက် အသောကမင်း တဦးတည်း သာလျှင်

ကောင်းကင် ပြင်၌ ကြယ်ပွင့်ကြီး တပွင့် ပမာ ထွန်းလင်း တောက်ပလျက် ရှိလေသည်' ဟု ဖော်ကျူး ရေးသားခဲ့၏။

ခရစ်သက္ကရာဇ် မစတင်မီ နှစ်ပေါင်း ၃၀၀ လောက်ကပင် ပါဋ္ဌလိပုတ်ပြည်၌ စန္ဒဂုတ်မင်း နတ်ရွာစံခဲ့ပြီးနောက် သားတော် ဗိန္ဒုသာရ ထီးနန်းစိုးစံခဲ့သည်။ ဗိန္ဒုသာရမင်း၏ သားတော်ပေါင်း ၁၀၀ ကျော်တွင် အသောက မင်းသား သည်လည်း တပါးအပါအဝင် ဖြစ်၏။ မင်းသားဘဝနှင့် အသောကအား ဝိဒိစ သို့မဟုတ် ဥဇ္ဇေနီပြည်တွင် ဘုရင်ခံအဖြစ် ခန့်အပ်ခြင်းခံရ၏။ ကန္ဒအသောကဟု ဒေါသကြီးလှသောကြောင့် လူအများက သူ့အား နာမည်ရင်းရှေ့မှ ကန္ဒ အမည်တပ်၍ ခေါ်ခဲ့ကြ၏။ သူသည် သာကီဝင်သူဌေးသမီး ဝေဒိသဒေဝီနှင့် အကြောင်းပါခဲ့ရာ နောင်သောအခါ ရှင်မဟိန္ဒထေရ်လောင်း သားတော်နှင့် သင်္ဃမိတ္တာထေရီလောင်း သမီးတော်တို့ကို ရရှိခဲ့၏။ ဗိန္ဒုသာရမင်း နတ်ရွာလားအံ့ဆဲဆဲတွင် ပါဋ္ဌလိပုတ်ပြည်သို့ လာရောက်ပြီးလျှင် မြို့ကိုသိမ်းပြီးနောက် မိမိညီအရင်း တဦးသာချန်၍ မင်းသားအားလုံးကို သတ်ခဲ့၏။ ဤတွင် တိုင်းပြည်အဝန်းလုံးက မကျေမနပ် ဖြစ်နေကြသောကြောင့် လေးနှစ်ကြာ စောင့်နေရပြီးခါမှ ဘိသိက်တော်ခံယူရသည်။

အသောကမင်း၏ ၁၃-ခုမြောက်သော ကမ္ပည်းကျောက်စာ မှတ်တမ်းအရ ကလိင်္ဂတိုင်း (ယခု သြရိဿနယ်) ကို တိုက်ခိုက်ရာ ကလိင်္ဂတိုင်းသား ထောင်နှင့် သောင်းနှင့်ချီ၍ သေကြေပျက်စီးလျက် သိန်းသန်းမကသော လူတို့ အိုးအိမ်မဲ့ ဖြစ်ခဲ့ကြရသည်ဟု ဆို၏။ ထိုစစ်ပွဲပြီးသည့်နောက်တွင် အသောကမင်း

ကိုယ်တိုင် သေကြေပျက်စီးနေသော လူများ၊ ဖမ်းဆီးထား သော သုံ့ပန်းများ၊ စစ်ကြောင့် ဒုက္ခရောက်နေသော အိုးမဲ့ အိမ်မဲ့ လူများကို မြင်တွေ့ရဖန်များသောအခါ နောင်တ ကြီး စွာ ရခဲ့သည်မှ သူ့ ဘဝလမ်းကြောင်းသည်လည်း ပြောင်းလဲ သွားခဲ့၏။ ကမ္ဘာ့သမိုင်းကို ပြုစုခဲ့သော စာရေးဆရာကြီး အိပ်ချ် ဂျီ ဝဲလ် ကဆိုလျှင် စစ်အောင်နိုင်ပြီးသည့်နောက်ပိုင်း စစ်တိုက်ခိုက်မှုကို လုံးဝ စွန့်လိုက်သူ စစ်သူကြီး ဘုရင်မင်းမြတ် ဆိုလျှင် အသောကမင်း တပါးတည်းသာ ကမ္ဘာ့သမိုင်း၌ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်ဟု ရေးသားခဲ့၏။

တခါကဆိုလျှင် အသောကမင်း၏နန်းတော် စဖိုဆောင် တွင် မြောက်မြားလှစွာသော တိရစ္ဆာန်တို့ကို သတ်ဖြတ်၍ ချက်ပြုတ်ကြရသည်။ နောင်သောအခါတွင် ဥဒေါင်း နှစ် ကောင်နှင့် သမင်တကောင်ကိုသာ နေ့စဉ် သတ်ဖြတ်၍ စဖို ဆောင်၌ ချက်ပြုတ်ရ၏။ သို့ရာတွင် စဖိုဆောင်၌ တိရစ္ဆာန် များ မသတ်ဖြတ်နှင့်တော့ဟု မကြာမြင့်မီမှာပင် တားမြစ် အမိန့်ထုတ်ခဲ့လေသည်။ အသောကမင်းနှင့် ပတ်သက်သော အကြောင်းအရာများမှာ အိန္ဒိယ သမိုင်း၌ ကြွယ်ဝလှသည်။ ဗုဒ္ဓဝင်၌လည်း ထူးခြားစွာ ဖော်ပြခြင်း ခံရသောမင်း ဖြစ်၏။

မျိုးရိုးစဉ်လာအရ ဗြဟ္မဏ အယူဝါဒ၌ ယုံကြည်လာခဲ့ သော အသောကမင်းသည် နိဂြောဓ သာမဏေ ငယ်ကို အကြောင်းပြု၍ ဗုဒ္ဓအယူဝါဒ၌ သက်ဝင် ယုံကြည်သည်ဟု ကျမ်းဂန်များ၌ ပြဆိုလေသည်။

မဲထီးဆရာတော်ရေးသားသော **ထေရဝါဒ သာသနာ ဆက် အလင်းပြဝံသဒီပနီ**ကျမ်း၌ ရေးသားထားပုံကို ကောက် နုတ်ဖော်ပြပါမည်။

တနေ့သ၌ အသောကမင်း၏နောင်တော် သုမနမင်း၏ သား ၇ နှစ်အရွယ်ရှိသော နိဂြောဓကို မဟာဝရုဏ ရဟန္တာ ထေရ်က ရဟန်းပြုပေးရာ ဆံရိတ်သောအဆုံး၌ အရဟတ္တဖိုလ် သို့ရောက်လေ၏။ ထိုနိဂြောဓသာမဏေသည် တနေ့သောနံနက် ခင်းတွင် ဥပဇ္ဈာယ် ဆရာအား ဝတ်ပြုပြီးနောက် သပိတ် သင်္ကန်းကိုယူ၍ အမိသုမနဒေဝီအိမ်သို့ သွားမည်ဟု တောင်တံ ခါးဖြင့် ဝင်၍ အရှေ့တံခါးမှထွက်ကာ ငြိမ်သက်သော အိန္ဒြေ ဖြင့် ကြွ၏။ ထိုအချိန်မှာပင် အသောကမင်းသည် လေသာ နန်းတံခါး၌ ရပ်လျက်ရှိစဉ် နိဂြောဓ သာမဏေကို မြင်လေ သည်။ ရှေးဘဝများစွာက ပျားကုန်သည်ညီအကို ဖြစ်ခဲ့ဖူး ကြသဖြင့် မြင်သည်နှင့်ပင် ကြည်ညိုလှသည်ဖြစ်၍ နန်းတွင်း သို့ ပင့်ဖိတ်၏။ ရှင်နိဂြောဓသည် မင်းကြီးအား သပိတ်ပေး၍ မိမိမှာမူ ရာဇပလ္လင်သို့ တက်၍ထိုင်နေ၏။

အသောကမင်းသည် ယာဂု ခဲဘွယ်များကို ကပ်လှူ၏။ ရှင်နိဂြောဓသည် မျှတရုံဘုဉ်းပေးပြီးနောက် မင်းကြီးအား **ဓမ္မပဒ**ကျမ်းလာ အပ္ပမာဒဂ်ကို အနုမောဒနာ ပြုအံ့သောငှာ ဟော၏။ မင်းကြီးက "အရှင်၊ ကျွန်ုပ်သိနှင့်ပါပြီ" ဟု ဆိုလျက် တနေ့ချင်း ဆွမ်းရှစ်ဝတ် လေးကြိမ် လှူလေ၏။ ထိုနေ့မှစ၍ အသောကမင်းသည် ဗုဒ္ဓ၏သာသနာတော်ကို ကြည်ညိုခြင်း များစွာဖြစ်၏။

အရှင် ဥပဂုတ်နှင့် အသောကမင်းတို့သည် ပါဋလိပုတ်ပြည်တွင် ထင်ရှားသော ရဟန္တာနှင့် သာသနာပြု မင်းများအဖြစ် ပေါ်ပေါက်မည်ကို ဗုဒ္ဓကိုယ်တော်တိုင် ဗျာဒိတ်စကားမိန့်ကြားခဲ့ကြောင်း **ဝိနတ္ထပကာသနီ** ကျမ်း၌ ပြဆို ထားလေသည်။

တနေ့သောအခါတွင် ဗုဒ္ဓသည် ရာဇဂြိုလ်ပြည်သို့ ဆွမ်းခံဝင်၏။ ထိုအခါ၌ သူငယ်အချို့သည် မြေကို တူးဆွ ကစားနေကြ၏။ ထိုသူငယ်တို့အနက် ပိယဒဿိ အမည်ရှိ သူဌေးသားသည် ဗုဒ္ဓ ကြွလာသည်ကို မြင်သောခဏ လွန်စွာကြည်ညိုလှသည်။ လူအများ ဆွမ်းလှူကြသလို သူ့လက်ထဲ၌ ရှိသော မြေမှုန့်ကိုလှူရန် ဗုဒ္ဓထံသို့ ပြေးသွား၏။ ဗုဒ္ဓသည် သူငယ်ကိုမြင်သောအခါ ရှင်အာနန္ဒာအား ကြည့်၏။

ရှင်အာနန္ဒာလည်း ဗုဒ္ဓအား သပိတ်တော် ကပ်သည်တွင် ပိယဒဿိ သူဌေးသား လှူလာသော မြေမှုန့်ကို ခံယူ၍ ရှင်အာနန္ဒာသို့ သပိတ်တော်ပြန်ပေးလျက် ပြုံးတော်မူ၏။ အကြောင်းကို ရှင်အာနန္ဒာက မေးလျှောက်သောအခါ

"အာနန္ဒာ၊ ပိယဒဿိသည် မြေမှုန့်လှူရသော အကျိုးကြောင့် နတ်ပြည်၌ နတ်သားဖြစ်၍ သာသနာတော် ၂၁၈ နှစ်ရောက်သောအခါ ပါဋလိပုတ်ပြည် ဗိန္ဒုသာရ မင်း၏သား အသောက အမည်ဖြင့် မင်းဖြစ်မည်။ ထိုမင်းသည် သာသနာတော်၌ ကြည်ညိုလှသဖြင့် ခုနစ်လ ခုနစ်ရက်တိုင်တိုင် အလှူပေးသောအခါ မာရ်နတ်က ဖျက်ဆီးရန်ကြံလာသဖြင့် ဥပဂုတ္တ

တိဿနာမ ထေရ်သည် တန်ခိုးဖြင့် တားလိမ့်မည်”ဟု ဗျာဒိတ် ပေးခဲ့လေသည်။

အဇာတသတ်မင်းကြီး တည်ထားခဲ့သော ဌာပနာတိုက်ကို အသောကမင်း တွေ့၍ ဖွင့်သော အကြောင်းများကို ကျီးသဲ ဆရာတော်ဘုရား စီရင်ခဲ့သော **ဇိနတ္ထပကာသနီ** ကျမ်း၌ ဖော်ပြ ထားပုံကို ကောက်နုတ်ပြပါဦးမည်။

တနေ့သ၌ အာသောက မင်းကြီးသည် အသောကာရာမ ကျောင်းသို့သွား၍ ရဟန်းတော် ခြောက်သောင်းတို့အား စည်းဝေးစေလျက် ကြီးစွာသော အလှူပြု၍ ပစ္စည်းလေးပါး ဒါယကာ ခံယူတော်မူ၏။ ထိုနောက် မင်းကြီးက

“အရှင်ဘုရားတို့၊ ဗုဒ္ဓဟောကြားခဲ့သော တရားတော်များ သည် အဘယ်မျှ များပြားလှပါသနည်း”ဟု မေးလျှောက်၏။

ရဟန်းတော်တို့က “မင်းကြီး၊ ဗုဒ္ဓ ဟော ကြား ခဲ့သော တရားတော်များမှာ ဓမ္မဝိနယနှစ်ပါး၊ ပိဋကတ်သုံးပါး၊ နိကာယ်ငါးပါး၊ အင်္ဂါကိုးပါး၊ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင် ရှိသည်” ဟု မိန့်ကြားလေသည်။

ဤတွင် အသောက မင်းသည် ဗုဒ္ဓ၏ တရားတော်၌ အလွန် ကြည်ညိုရကား ဓမ္မက္ခန္ဓာ တပါးစီ တပါးစီကို ရည်စူးလျက် စေတီပေါင်း ရှစ်သောင်းလေးထောင် တည်လိုသည့် ဆန္ဒဖြစ်၍ ရှစ်သောင်းလေးထောင်သော စေတီတော်များ၌ ဌာပနာ ရန် ဗုဒ္ဓ၏ ဓာတ်တော်များ ရနိုင်သော် ကောင်းလေစွဟု တောင့်တ၏။ ထို အခါ ရဟန်းတော်တို့က အဇာတသတ် မင်းသည် ဗုဒ္ဓ၏ သရီရ ဓာတ်တော်မွေတော်များနှင့် ပရိက္ခရာ

များကို လျှို့ဝှက်စွာ ဌာပနာတိုက် ပြုလုပ်ထားခဲ့သည်။ ထို ဓာတ်တော်များကို မင်းကြီးရရှိ၍ စေတီတည်နိုင်လိမ့်မည်ဟု မိန့်တော် မူကြ၏။

အသောကမင်းကြီးသည် အသပြာထောင်ထုပ်ကို ဆင် ပေါ်တင်ပြီးနောက် မြို့တွင်း မြို့ပြင်လှည့်လျက် ဓာတ်တော် ဌာပနာတိုက်တည်ရာ နေရာကို ပြနိုင်သူ ယူစေဟု ကြေညာ၏။ တနေ့သော် ရဟန်းမိန်းမတဦးက မိမိသိကြောင်း ပြောလှာ သဖြင့် မင်းကြီးသည် ထိုရဟန်းမိန်းမအား ပင့်ဖိတ်ပြီးလျှင် မေးရာ

"မင်းကြီး၊ ကျွန်ုပ် ၄၁းနှစ်အရွယ် သာမဏေ ဘဝတုန်းက ဆရာဖြစ်သူနှင့် ဆီမီး ပန်း နံ့သာကိုင်လျက် ထိုနေရာသို့ လိုက် ခဲ့ရဖူးပါသည်။ ကျွန်ုပ်ဆရာသည် ထိုနေရာ၏ နိမ့်ရာအရပ်၌ ထိုင်လျက် နံ့သာ ပန်း ဆီမီးများ ပူဇော်သဖြင့် ရှိခိုးခဲ့ရဖူး သည်"ဟု လျှောက်၏။

အသောက မင်းကြီးသည် ရဟန်းမိန်းမ ပြောသည့်နေရာ သို့ မှူးမတ်ဗိုလ်ပါအပေါင်း ခြံရံလျက် သွားပြီးသော် ပူဇော် သက္ကာရပြုပြီးနောက် တူးဖော်သည်တွင် ကျောက်ဖျာ အမိုး ကို မြင်၍ ထုတ်ယူ၏။ ယင်းမှသည် တဖန် အုတ်ကြွပ်မိုး၊ သံ အမိုး၊ ကြေးဖြူအမိုး၊ ကြေးနီအမိုး၊ သလဲဖြူအမိုး၊ သလဲနက် အမိုး စသည်ဖြင့် အဆင့်ဆင့်တွေ့၍ ထုတ်ယူပြီး နောက်ဆုံး၌ ရတနာအတိပြီးသော ပြာသာဒ်၏ တန်တိုင်း ခုနစ်ထပ်အတွင်း တဝင်းဝင်း တလက်လက် တောက်နေသော ဓား၊ လှံ၊ သန် လျက်ကို ဆွဲလျက် အသက်ရှိသော လူများကဲ့သို့ ပြေးလွှား

လှုပ်ရှားကာကွယ်နေသော ယန္တရား ရုပ်များကို တွေ့လျှင် ချီးမွမ်းအံ့သြလျက်သာ နေရ၏။ မည်သူမျှ ရုပ်တန့်အောင် မလုပ်နိုင်ကြပေ။

မင်းကြီးသည် အကြံရ၍ ယခင်က ထိုယန္တရားများကို စီရင်တတ်သူ မရှိပဲ မထားနိုင်၊ ယန္တရားအတတ်၌ တတ်သူ အဆက် အနွယ်ကို ရှာလျှင် ရနိုင်ကောင်းသည်ဟု မင်းကြီး အကြံရကာ ဆင်ယာဉ်ပေါ်၌ အသပြာ ထောင်ထုပ်ကို တင်စေ၍ ဌာပနာတိုက်မှ ယန္တရားကို ဖျက်နိုင်သူ ယူစေဟု ရာဇဂြိုဟ်ပြည်တဝိုက် လှည့်လည်ကြေညာစေ၏။

ရောမ ခေါ်မတိုင်းတို့မှ ယန္တရားအတတ်ကို သင်ကြား ခဲ့၍ ဌာပနာတိုက်၌ ယန္တရား ဆင်ပေးခဲ့သောသူ၏ သား မြေးတို့ ကြားသောအခါ ငွေထောင်ထုပ်ကို ယူ၍ မင်းကြီးထံ သွားကြလေသည်။ ရောမတိုင်း၌ ဘူတဝါဟန ယန္တရား အတတ်ကို တတ်ကြသူတို့သည် မိမိတို့အမည်ကို ပေါင်တွင် ဆေးမင်ထိုး၍ စာရင်းပြုထားခဲ့သည် ဆို၏။ အခြားတပါး သော နိုင်ငံသို့ ထွက်သွားလျှင် ပညာ ပြန့်ပွားသွားမည်စိုး၍ ယန္တရားဖြင့် လိုက်သတ်လေ့ ရှိ၏။ ပါဋလိပုတ် ပြည်သား တဦးသည် ရောမတိုင်း၌ပင် အဖိုးထိုက်တန်လှသော ပညာ ကို ငါသွားသင်၍ ငါတို့ပြည်သို့ ဆောင်ခဲ့မည် ဟူသော အကြံနှင့် သွားရောက်ခဲ့ပြီးနောက် ယန္တရားအတတ်ကို တတ် သော ဆရာကြီးသမီးကို ဥစ္စာ ရွှေ ငွေ ပေးနေရင်းဖြင့် အကျွမ်းတဝင် ဖြစ်ကာ ဇနီးအဖြစ် ရယူခဲ့၏။ ဤတွင် ဆရာ သည် သားမက်ဖြစ်လာသူကို ယုံကြည်ပြီး အလုံးစုံသော ပညာ

များကို သင်ကြားပေး၍ တတ်မြောက်သောအခါ ပေါင်၌ စာရင်းထိုးထား၏။ ပါဋလိပုတ်ပြည်သား ဇနီးမောင်နှံ၌ သားငယ်တဦး ထွန်းခဲ့၍ နှစ်လ ရှည်ကြာသဖြင့် အရွယ် ရောက်သောအခါ အဖေက သားအား

"ငါ့သား၊ ငါ ပါဋလိပုတ်ပြည်သို့ ပြန်ဦးမည်။ ရောမ တိုင်းသားတို့သည် သူတို့ပညာ မပြန့်ပွားစေလိုသဖြင့် ငါ့သွား ကြောင်းသိလျှင် ငါ့အား ယန္တရားဖြင့် လိုက်သတ်ကြလိမ့် မည်။ ငါ့သားကတော့ ငါသေသည်ကို တွေ့လျှင် ငါ့ပေါင် ကို ဖြတ်၍ ပေါင်အတွင်းဝယ် ထားရှိသော အတတ်ပညာကို ထုတ်ယူပါ။ ထိုသို့ ပညာကို ထုတ်ယူပြီးလျှင် ပါဋလိပုတ်သို့ သွား၍ ရသော ပညာနှင့် အသက်မွေးလေ" ဟု ပြောခဲ့၏။ ပါဋလိပုတ်ပြည်သား ထွက်ပြေးသည်ဟု သိသည်နှင့် ရောမ တိုင်းသားတို့သည် ယန္တရားလွှတ်၍ လိုက်သတ်၏။ သား ဖြစ်သူသည် ဖခင် မှာခဲ့သည့်အတိုင်း ပေါင်မှ အတတ်ပညာ ကို ယူပြီးလျှင် ပါဋလိပုတ်ပြည်သို့ သွားရောက် နေထိုင်ခဲ့၏။ ထိုပုဂ္ဂိုလ်အား အဇာတသတ် မင်းကြီးသည် ရာဇဂြိုဟ်ပြည်သို့ ခေါ်၍ ဓာတ်တော် ဌာပနာတိုက်၌ ယန္တရား ဆင်စေခဲ့၍ အသောကမင်းလက်ထက် ရောက်သောအခါ၌ ထိုပုဂ္ဂိုလ်၏ မြေးမြစ်တို့သည် မိမိတို့အဖိုးများမှ အဆင့်ဆင့် တတ်မြောက် လာသော ပညာစွမ်းဖြင့် ဌာပနာတိုက်၏ ယန္တရားကို ဖျက် နိုင်ခြင်းဖြစ်သည်။

ယန္တရား ပျက်လေသောအခါ တန်တိုင်းခုနစ်ထပ်ကို တွေ့ ပြန်သဖြင့် အစဉ်အတိုင်း ဖယ်ရှားလျက် ဓာတ်တော်များ၊

ပရိက္ခရာများ ထားရာ ပြာသာဒ်ကို ရဟန်းသံဃာ ပါသမျှသော မှူးမတ် ပရိသတ်တို့နှင့် အတူ အသောက မင်းသည် လက်ယာရစ် သုံးကြိမ်လှည့်၍ ဖူးမြော် ကြည်ညိုလေသည်။ ရှင်မဟာကဿပတော်၏ အဓိဋ္ဌာန်ပြု၍ ထွန်းညှိထားခဲ့သော ဆီမီးလေးတိုင်မှာ မီးမငြိမ်းပဲ လင်းနေသည်ကို တွေ့ရသဖြင့် အံ့သြကြရသည်။

ပြာသာဒ်တွင်းသို့ ဝင်သောအခါ ရွှေစင်အတိဖြင့် လုပ်သော မြင်းရုပ်ကိုတွေ့ပြန်သဖြင့် ယန္တရားကျည်ဖြင့် ဖွင့်ရသည်။ မြင်း၏ ဝမ်းတွင်း၌ ဝဇီရ စိန်ကဲ့သို့ ထွန်းလင်း တောက်ပနေသော ဗုဒ္ဓဓာတ်တော်များကို ဖူးတွေ့ရသဖြင့် မင်းကြီးသည် လွန်စွာဝမ်းမြောက်တော်မူလေသည်။ ထိုနောက် ဗုဒ္ဓ ဓာတ်တော်များ၊ ပရိက္ခရာတော်များကို အထူးထူး အပြားပြားသော ပူဇော်ခြင်းဖြင့် ပူဇော်လျက် မြို့တွင်းသို့ ဝင်လျက် ပြာသာဒ်ဥကင်၌ ထားလေသည်။

အသောက မင်းကြီးသည် ယန္တရားဆရာတို့နှင့် ဌာပနာတိုက်တော်ကို ဖွင့်လှစ်နိုင်သည် ဟူသော သတင်းစကားကို ကြားရသော ရောမတိုင်းဘုရင်သည် မှူးမတ်တို့အား အဘယ်သူသည် ယန္တရားစက်များကို ဖျက်နိုင်သနည်းဟု မေး၏။ မှူးမတ်တို့က "မင်းကြီး၊ ဤတိုင်းပြည်တွင် လာရောက် ပညာသင်ဖူးသော သူတဦး၏ သားသည် ပါဋ္ဌလိပုတ်ပြည်၌ ရှိ၏။ ထိုသူ၏ မြေးမြစ်ထဲမှ တယောက်ယောက်သော သူသည်ပင် ယန္တရားပညာကို တတ်ရသည်"ဟု လျှောက်၏။

မင်းကြီးသည်လည်း “ဤသို့ဆိုလျှင် ထိုသူကို သွားသတ်ချေလော့။ ငါတို့ပညာများ ပြန့်နှံ့နေလျှင် ငါတို့ကို အန္တရာယ်ပြုလာလိမ့်မည်။ ယခုပင် သံယန္တရား တံတင်းကို လုပ်လော့။ ဖုတ်သွင်းသော ယောကျ်ားရုပ်ကို သံလျက်စွဲစေ၍ တံတင်း၌ ထည့်။ အပေါ်မှ လျှို့ဝှက်သော ယန္တရားဖုံးကို လုပ်၍ ရတနာတံတင်းနှင့် တူစွာ ပြင်ဆင်လျက် အသောကမင်းထံ ပို့လေ။ အသောကမင်းသည် ပါဋလိပုတ် ယန္တရားဆရာအား ဖွင့်စေလိမ့်မည်” ဟု အမိန့်ပေးလေသည်။

ရောမ မှူးမတ်တို့လည်း မင်းအမိန့်အတိုင်း စီရင်လျက် အသောကမင်းထံ သံတံတင်းကို ပို့ဆက်၏။ အသောကမင်းသည်လည်း ရောမမင်းထံသို့ လက်ဆောင်ပဏ္ဏာများ တုံ့ပြန်လိုက်ပြီးသော် ယန္တရားဆရာအား “ရတနာ တံတင်းကို ဖွင့်လော့”ဟု ခိုင်းစေ၏။ ယန္တရား ဆရာသည် သံတံတင်းကို တိုင်းထွာ၍ စူးစမ်းကြည့်လျှင်ပင် မိမိအား ရန်ပြုမည့် ပစ္စည်းဖြစ်ကြောင်း သိသဖြင့်

“အရှင်မင်းကြီး၊ ဤတံတင်းသည် ကျွန်ုပ်ကို သတ်ရန်ဖြစ်သော တံတင်းပါ။ ရတနာတံတင်း မဟုတ်ပါ။ ကျွန်ုပ်ကဲ့သို့သော ဘူတဝါဟန ယန္တရား အတတ်ပညာကျွမ်းကျင်သူမျိုး ရောမတိုင်းမှတပါး အခြားတိုင်းပြည်များမှာ ရှိပါက ရောမတိုင်းအတွက် အန္တရာယ် ရှိနိုင်ပါသည်။ ကျွန်ုပ် အဖိုးသည် ရောမတိုင်းသို့သွား၍ သက်စွန့်ဆံဖျား ထိုပညာကို သင်ယူရပါသည်။ ယခု ကျွန်ုပ်သည် အဖိုး၏ပညာကို အဆင့်ဆင့်သင်ယူခဲ့ရာမှ တတ်မြောက်နေသူဖြစ်၍ ကျွန်ုပ်အား သတ်ရန်

ဤတံတင်း ရောက်လာရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏အသက်ကို သနားတော်မူပါ” ဟု လျှောက်၏။

“ဤတံတင်းကို သင့်အားပေးလိုက်ခြင်း မဟုတ်ပါ။ ငါ့ကို သာလျှင် ဆက်သခြင်း ဖြစ်သည်။ အဘယ် အကြောင်းကြောင့် သင့်ကို သတ်နိုင်အံ့နည်း” ဟု မေးပြန်၏။

“မင်းမြတ်၊ ဖုတ်သွင်းထားသော လူရုပ်တခုသည် ထိုးခုတ်ရန် လက်နက်နှင့်တကွ ဤတံတင်းအတွင်း၌ ပါရှိပါသည်။ ဖွင့်လိုက်သည်နှင့် ထိုအရုပ်သည် ဖွင့်နိုင်သူကို လက်နက်နှင့် လျင်မြန်စွာ သတ်ဖြတ်၍ သူ့အရပ်သို့ ပြန်ပါလိမ့်မည်” ဟု လျှောက်ပြန်၏။

“အဘယ်ကြောင့် သင်သိသနည်း”

“ဥပါယ်တမျဉ်ဖြင့် ပြုလုပ်ထားသည်ကို မြင်၍ သိပါသည်” ထိုအခါ အသောက မင်းကြီးက အမတ်တို့ကို အဘယ်သို့ ပြုသင့် သနည်းဟု တိုင်ပင်ပြန်၏။

“ဤသူ့စကားကို မယုံအပ်ပါ။ လေးမြတ်စွာ ဆက်လာသော လက်ဆောင်သာ ဖြစ်ပါသည်”ဟု အမတ်တို့က လျှောက်ကြ၏။

ပါဋလိပုတ် ပြည်သားကလည်း မိမိကို သတ်အံ့သောငှာ သာလျှင် ထိုတံတင်း ရောက်လာကြောင်း အတန်တန် ပြောနေသော် အမတ်တို့က “ဤသို့ဆိုလျှင် တံတင်းကို ဘယ်သို့ပြုရမည်နည်း” ဟု မေးကြပြန်၏။ “မီးပုံကြီးပုံ၍ ပစ်ချသင့်ပါသည်”ဟု ဆို၏။ ထိုအခါ အမတ်တို့က “အရှင်မင်းမြတ်၊

ယန္တရားဆရာသည် အရာမဟုတ်သည်ကို တွေး၍ ကြောက်နေပါပြီ။ သူထင်တိုင်း မဟုတ်နိုင်ပါ”ဟု မင်းကြီးအား လျှောက်ပြန်သည်။ မင်းကြီးသည် အမတ်တို့စကားကို ယုံကြည်သည်ဖြစ်၍ ထိုသူအား “တံတင်းကိုသာ ဖွင့်လော့”ဟု အမိန့်ပေး၏။

သို့နှင့် ယန္တရားဆရာသည် အိပ်သို့ပြန်၍ သားမယားတို့အား ဥစ္စာပစ္စည်းများပေးလျက် မှာစရာရှိသမျှ မှာကြားပြီးလျှင် နန်းတော်သို့ပြန်ခဲ့၍ မင်းကြီးအား မိမိရာထူးကို ပြန်အပ်လျက် တံတင်းကိုကိုင်ကာ ရတနာသုံးပါးကို အောက်မေ့ပြီးလျှင် သော့ချက်ဖြင့် ဖွင့်၏။ ထိုခဏ၌ တံတင်းထဲမှ စက်ရုပ်ထွက်၍ ယန္တရားဆရာအား ဝါးညှပ်နှင့်ကို ဓားနှင့်ဖြတ်သကဲ့သို့ သတ်ဖြတ်၍ ရေမတိုင်းသို့ ပြန်လေ၏။ သိရိဓမ္မာသောကမင်းကြီးလည်း ကြောက်လန့်ပြီးလျှင် အမတ်တို့အား အပြစ်တင်တော်မူ၏။

× × ×

မာရ်နတ်ကို ရှင်ဥပဂုတ် ခွေးသေကောင်ပုပ် ဆွဲပေးသောအကြောင်းကို လူကြီးမိဘတို့ မကြာခဏ ပြောပြခဲ့သည်ကို ကြားခဲ့ရဖူးသည်။ ယင်းအဖြစ်အပျက် ပေါ်လာရပုံမှာလည်း အသောကမင်း ဓာတ်တော် ပရိက္ခရာတော်များကို ပူဇော်သည့်ပွဲကို အကြောင်းပြု၍ ပေါ်ခဲ့၏။ ကျီးသဲဆရာတော် ရေးသားသော **ဇိနတ္ထပကာသနီ** ကျမ်းလာ အသောကမင်း ဓာတ်တော် ပူဇော်ပွဲအကြောင်းကို ကောက်နုတ် ဖော်ပြပါဦးမည်။

အသောက မင်းကြီးသည် ရှစ်သောင်းလေးထောင်သော ကျောင်း၊ စေတီတို့ကို ပူဇော်ခြင်းငှာ မြို့အလုံးကို စည်လည်စေ၏။ "ဤနေ့မှစ၍ ခုနစ်ရက်လွန်သဖြင့် စေတီပူဇော်ခြင်းသည် ဖြစ်လတ္တံ့။ ပြည်တွင်းပြည်ပ၌ နေသော လူအပေါင်းတို့သည် သုံးပါးသော သရဏဂုံနှင့်တကွ ရှစ်ပါးသော သီလကို ဆောက်တည်၍ စေတီပူဇော်ကြကုန်" ဟု နှိုးဆော်စေ၏။ ခုနစ်ရက် လွန်သောနေ့၌ တန်ဆာဆင်အပ်သော ခေါဘဏီမျှလောက်သော စစ်အင်္ဂါအပေါင်း ခြံရံလျက် သိကြားမင်း၏နေရာ တာဝတိံသာ နတ်ပြည်ကဲ့သို့ ကျက်သရေရှိသော ပြည်တော်ကို လက်ယာရစ် သုံးပတ်လှည့်ပြီးမှ အသောကာရာမကျောင်းသို့ သွား၍ ရဟန်းတို့၏ အလယ်၌ နေပြီးမှ မဟာစေတီ၏ထက်ဝန်းကျင် ယူဇနာခွဲအရပ်ကို ဆီမီး ထွန်းညှိစေ၏။ စေတီတော်ကို ရှိခိုး ပူဇော်ခြင်းငှာ လာကုန်သော ရဟန်းသံဃာ လူအပေါင်းတို့သည်လည်း စည်းဝေးကုန်၏။

ထိုအခါ၌ ရဟန်းသံဃာတို့လည်း ကုဋေရှစ်ဆယ်တိုင်တိုင် စည်းဝေးမိ၏။ မိန်းမ ယောကျ်ား ရဟန္တာကို ရွေးကောက်သော် တသိန်းအရေအတွက် ရ၏။ ထိုသူတို့အသီးသီး ဆီမီးညှိသောအခါ မီးငြိမ်းစိမ့်သောငှာ မာရ်နတ်သားလည်း ပြင်းစွာသော လေကိုလာစေ၏။ ရှင်ဥပဂုတ်လည်း တန်ခိုးတော်ဖြင့် ယူ၍ အဝေးသို့ လွှင့်ပေ၏။ တဖန် မာရ်နတ်သားလည်း သဲမိုး၊ ကျောက်ဆစ်မိုး၊ ကျောက်ဖျာမိုး၊ မီးကျည်မိုးတို့ကို အစဉ်အတိုင်း ရွာစေ၏။ ရှင်ဥပဂုတ်သည် အဓိဋ္ဌာန်တန်ခိုးဖြင့် ခံယူ၍ စကြဝဠာတန်တိုင်းအပ၌ စွန့်ပစ်၏။ ကြီးစွာသော နွားဥသဘ

ဟန် ဖန်ဆင်း၍ မီးကို ငြိမ်းစေခြင်းငှာ ပြေးလာ၏။ ရှင်ဥပဂုတ်လည်း ကျားရုပ် ဖန်ဆင်း၍ ကြောက်မက်သော အသံမြည်လျက် လိုက်၏။ လူအပေါင်းတို့လည်း တအံ့တသြနှင့် ကြည့်ကြရ၏။

မာရ်နတ်သားသည် နွားဥသဘအဖြစ်ကိုစွန့်၍ ဦးခေါင်း ခုနစ်လုံးရှိသော နဂါးအသွင်ကို ဖန်ဆင်း၍ ကျားကို ကိုက်အံ့ သောငှာ လိုက်ပြန်၏။ ရှင်ဥပဂုတ်လည်း ကျားအသွင်ကိုစွန့်၍ ဂဠုန်ဟန် ဖန်ဆင်းလျက် နဂါးကို လိုက်ဖမ်းပြန်၏။ မာရ်နတ် သားလည်း နဂါးအသွင်ကိုစွန့် ဘီလူးကြီးအသွင် ဖန်ဆင်း ပြန်၍ ထန်းပင်လောက်ရှိသည့် ပြောင်ပြောင်တောက်သော သံလှံတံကို ကိုင်လျက် ဦးခေါင်းကို ရိုက်အံ့သောငှာ လာ၏။ ရှင်ဥပဂုတ်လည်း ဂဠုန်အသွင်ကိုစွန့်၍ မာရ်နတ်သားထက် နှစ်ဆကြီးသော ဘီလူးကြီးအသွင် ဖန်ဆင်းပြီး ဝင်းပင်းငြီး သော သံလှံတံ နှစ်ချောင်းကိုကိုင်လျက် မာရ်နတ်ကို ရိုက် နှက်ခြင်းငှာ လာ၏။မာရ်နတ်လည်း အလွန်ကြောက်လန့်သည် ဖြစ်၍ အရောင်အဆင်းနှင့် ပြည့်စုံသော လူ၏အသွင်ကို ဖန် ဆင်း၍ ရှင်ဥပဂုတ်၏ရှေ့မှ ရပ်လေ၏။ ရှင်ဥပဂုတ်သည် မာရ် နတ်၏ လည်ပင်းတွင် ပိုးလောက်အတိပြည့်သော စက်ဆုပ်ရွံ ရှာဖွယ်ရှိသော ခွေးသေကောင်ပုပ်ကို ဆွဲပေးလျက် တစုံတ ယောက်သော နတ်၊ သိကြား၊ ဗြဟ္မာတို့ မချွတ်ပေးနိုင်အောင် အဓိဋ္ဌာန်ပြု၍ မာရ်နတ်ကို လွှတ်လိုက်၏။

မာရ်နတ်သည် စတုလောကပါလ နတ်တို့အား ချွတ်ပေး ပါရန် ပြော၏။ ထိုနတ်တို့က အဘယ်သူဆွဲသနည်းဟု မေး၍

ရှင်ဥပဂုတ် ဆွဲပေးကြောင်း ပြောပြသော် ထိုအရှင်ဆွဲသည်ကိုမူ ကျွန်ုပ်တို့ မချွတ်နိုင်ပါဟု ဆိုလျှင် မာရ်နတ်လည်း သိကြား၊ သုယာမ၊ သန္တုသိတ၊ သုနိမ္မိတ၊ ဝသဝတ္တီနတ်မင်းတို့ထံ သွား၍ ချွတ်ပေးပါရန် တောင်းပန်ရပြန်၏။ နတ်မင်း တို့ က လည်း ရှင်ဥပဂုတ်သည် တန်ခိုးကြီးလှ၏။ ငါတို့ ချွတ်ပေးနိုင်စွမ်း မရှိပါဟု ဆို၏။ မာရ်နတ်သည် ဗြဟ္မာ့ဘုံသို့ ကပ်၍

"ကျွန်ုပ်အား သနားကြပါ ဗြဟ္မာမင်းများ။ ဤ ခွေး ကောင်ပုပ်ကို ချွတ်ပေးပါ" ဟု ပြော၏။ ဗြဟ္မာတို့ကလည်း "ဗုဒ္ဓ၏တပည့် ရဟန္တာမြတ် ဆွဲပေးထားသည်ဖြစ်၍ ငါတို့ မှုလည်း မ ချွတ် နိုင် ပါ ချေ။ သင်သွား၍ ထိုအရှင်အား တောင်းပန်ပါလေ။ အရှင်မြတ်ပင် ဖြေချွတ်ပေးလတ္တံ့"ဟု ပြန်လည် မိန့်ကြားကြ၏။

မာရ်နတ်သည်လည်း ရှင်ဥပဂုတ်ထံသို့ လာ၍ "အရှင် ဘုရား၊ အကျွန်ုပ်ဖြင့် ရှုံးပါပြီ။ ဤ ခွေးကောင်ပုပ်ကို ချွတ် ပေးတော်မူပါ"ဟု လျှောက်၏။ ရှင်ဥပဂုတ်လည်း မာရ်နတ် သားကို ခေါ်၍ တောင်ကြီးတလုံး၏ အပါးကို ကပ်ပြီးသော် မာရ်နတ်၏ လည်ပင်းမှ ခွေးကောင်ပုပ်ကို ဖြုတ်ပြီးလျှင် ခါး ပန်းတော်ကို ရှည်အောင်ဖန်ဆင်း၍ ခါးပန်းကြိုးဖြင့် မာရ် နတ်ကို ချည်ပြီးမှ တောင်၌ မြဲမြံစွာတုပ်၍ "မာရ်နတ်သား၊ သင် တပါးသို့ မသွားလင့်။ အသောကမင်း၏ ပူဇော်ပွဲ မပြီး မချင်း ဤအရပ်၌ နေရစ်"ဟု မိန့်တော်မူလျှင် မာရ်နတ်သည် ဆိတ်ဆိတ်သာ ခံနေရ၏။

×

မာရ်နတ်၏ အနှောင့်အရှက်မှ ရှင်ဥပဂုတ်၏ တန်ခိုးဖြင့် ကင်းရှင်းစေပြီးသည့်နောက် **ဇိနတ္ထပကာသနီ**လာ အသောက မင်း၏ ဓာတ်တော်များအား ပူဇော်ခန်းကို ဆက်လက် ထုတ် နုတ် ဖော်ပြပါဦးမည်။

အသောကမင်းကြီးသည် အသောကာ ရာမကျောင်းတော် ထက် ရပ်လျက်ပင် ထက်ဝန်းကျင်သော အရပ်မျက်နှာကို ရှု မျှော်သော် သမုဒ္ဒရာ အပိုင်းအခြားရှိသော ဇမ္ဗူဒိပ်ကျွန်း အလုံးကို လည်းကောင်း၊ ရှစ် သောင်း လေး ထောင် အရေ အတွက် ရှိသော စေတီ ကျောင်း တော် တို့ကို လည်းကောင်း လက်ဝါးပြင်တွင် တင်၍ ကြည့်သကဲ့သို့ မြင်တော်မူ၏။ ဤတွင် မင်းကြီးသည် အတိုင်းထက်အလွန် နှစ်သက် ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ဇမ္ဗူဒိပ် တကျွန်းလုံး ရအပ်သော မင်းစည်း စိမ်ဖြင့် ပူဇော်၏။ ထိုနောက်မှ သရီရဓာတ် စေတီမြတ်ကို ပရမတ္တဒါနဖြင့် ပူဇော်ခြင်းငှာ မိမိကိုယ်ကို ဝါဂွမ်းဖြင့် ရစ်၍ နံ့သာဆီ၌ နှစ်ပြီးမှ ဆီမီးထွန်းလျက် ပူဇော်ပေ၏။ ထိုဆီမီး လျှံသည် ခုနစ်ယူဇနာမျှလောက်သော ကောင်းကင်သို့ တက် လေ၏။

မင်းကြီးသည်လည်း ဣတိပိသော အစရှိသော ဂုဏ်တော် ကို အစဉ်အောက်မေ့လျက် နှစ်သက်ခြင်း ပီတိအဟုန်ဖြင့် မတုန်မလှုပ် နေတော်မူရကား မီးလျှံသည် ကိုယ်တော်၏ ဖောက်ပြန်ခြင်း တစုံတခုမျှ မဖြစ်စေပဲ စန္ဒကူးဖြင့် လိမ်းကျံ

သကဲ့သို့ ချမ်းမြေ့သည်သာ ဖြစ်၏။ ဤကဲ့သို့ ခုနစ်ရက်တိုင်တိုင် ပူဇော်ပြီးခါမှ နံ့သာရေဖြင့် ချီး၍ တန်ဆာဆင်ယင်ပြီးသော မှူးတော် မတ်တော်ခြံရံလျက် လက်ယာရစ် သုံးပတ်လည်၍ စေတီတော်ကို ပူဇော်ပြီးမှ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကို နာပြီးသော် နန်းတော်သို့ ပြန်ခဲ့၏။

× × ×

အသောက မင်းကြီးသည် ဓာတ်တော် မွေတော်များမှ အချို့အဝက်ကို စေတီတည်၍ နိုင်ငံအသီးသီးသို့ ဓာတ်တော်များနှင့်တကွ မှူးမတ်များ စေလွှတ်ကာ စေတီ ရှစ်သောင်းလေးထောင် တည်တော်မူခဲ့ပြီးသည့်နောက် ဗုဒ္ဓသပိတ်တော်၊ သင်္ကန်းတော် စသော ပရိက္ခရာ ပရိဘောဂများကိုကား မိမိကိုယ်တော်တိုင် ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းပြီးလျှင် ရတနာ ပလ္လင်ပေါ်တွင် ထား၍ ကိုးကွယ်တော်မူလေသည်။ ထိုအချိန်တွင် ထူးခြားသော ဥပုသ် သီတင်းနေ့များတွင် ပါဋ္ဌလိပုတ် ပြည်သူပြည်သားတို့သည် သပိတ်တော်ထဲသို့ ပန်းများထည့်၍ ပူဇော်ကြသည်။ မရှိဆင်းရဲသော သူများထည့်လှူသော ပန်းများပင် ဖြစ်လင့်ကစား သပိတ်တော်၌ ပန်းများ ပြည့်နေပါက လျှံ၍ မကျ။ သူဌေးသူကြွယ်များက ရွှေခွက်ငွေခွက်ကြီးများဖြင့် ပန်းများကိုထည့်၍ ဗုဒ္ဓ သပိတ်တော်တွင်းသို့ သွန်းလောင်း ပူဇော်သော်လည်း လျှံထွက်သည်ဟူ၍ မရှိ၊ ပန်းများသည် သပိတ်တော် နှုတ်ခမ်းနှင့် အညီသာ

လျှင် တည်နေဘိသဖြင့် အသန်းတကျယ် ဝေးနီးကျော်ကြား သဒ္ဓါကြည်ညိုသူများ နေ့စဉ်မစဲ အမြဲ ပြည့်ကြပ်စွာ ဖူးမြော်နေသည်ဟု အိန္ဒိယတွင် ယခုတိုင် ပြောကြားလျက်ရှိသည်ကို ထောက်သော် တရုတ်ရဟန်းတော် ဖာဟီယန်သည်လည်း ထိုအချိန်က ဗုဒ္ဓသပိတ်တော်ကို ပန်းများဖြင့် ပူဇော်ရာ၌ မြင်တွေ့ရသော ယင်းအဖြစ်အပျက် အတွေ့အကြုံကိုပင် မှတ်တမ်းတင်ခဲ့ဟန် တူလေသည်။

အသောကမင်းသည် ဗုဒ္ဓ သပိတ်တော်ကို အိမ်နီးချင်း ဗုဒ္ဓဘာသာ သာသနာတော် ပြန့်နှံ့ရာဒေသများက ပူဇော်ခွင့်ပြုရန် ပန်ကြားလာသောအခါတွင် ရဟန်းသံဃာများထံ အပ်နှံ၍ ရဟန်း သံဃာများက ပို့ဆောင်ပေးရင်း ကာလအပိုင်းအခြားအားဖြင့် ပူဇော်ခွင့် ပြုတော်မူသည့် သာဓကများလည်း ရှိခဲ့လေသည်။

ရှင်မဟာကဿပ ထေရ်ကြီး၏ အကြံပြုချက်အရ အဇာတသတ်မင်း ဌာပနာခဲ့သော ဗုဒ္ဓသပိတ်တော်သည် အသောကမင်းကြီးလက်ထက်မှသည် ပြန်လည် ဖော်ထုတ်ခဲ့၍ သာသနာတော် စည်ပင်ရာ နိုင်ငံများသို့ လှည့်လည် အပူဇော်ခံရင်း တန်ခိုးပြာဋိဟာ ပြခဲ့သည်မှာ ဤစာအုပ် လာမည့်အခန်းများတွင် ဖတ်ရှုကြရပါလိမ့်ဦးမည်။

× × ×

ဗုဒ္ဓသပိတ်တော် ထင်ရှားရှိစဉ် အချိန်မှစ၍ ယခုတိုင်အောင် ဘုရားသာသနာ၌ အသောကမင်း၏ စွန့်ကြဲခြင်းနှင့်တူသော စွန့်ကြဲခြင်းမည်သည် မရှိ။ မင်းကြီး၏ စွန့်ကြဲခြင်းသည်သာလျှင်သာ ကြီးမြတ်သည်ဟု ရှင်မောဂ္ဂလိပုတ္တတိဿထေရ်က အသောကမင်းကြီး၏ အမေးတရပ်ကို ဖြေခဲ့၏။


"ဤမျှလောက်သော ဒါနကို ပြုရသဖြင့် သာသနာတော်၏ အမွေကို ခံရပါအံ့လော" ဟူသော မင်းကြီးအမေးနှင့်ပတ်သက်၍ "မင်းကြီး၊ ဤသို့ပစ္စည်းကို စွန့်ကြဲခါမျှဖြင့် သာသနာ့အမွေခံ မဖြစ်သေး။ ဤမြေမှသည် ဗြဟ္မာ့ပြည်တိုင်အောင် ပစ္စည်းလေးပါးကို စုပုံ၍ လှူဒြားသော်လည်း ဘုရားရှင်သာသနာ၌ အမွေခံ မဖြစ်သေးချေ" ဟု ရှင်မောဂ္ဂလိပုတ္တတိဿထေရ်က ဖြေခဲ့သေး၏။

ထိုကြောင့် သာသနာ့အမွေခံနိုင်လေအောင် အသောကမင်းသည် မိမိ၏ရင်၌ ဖြစ်သော သားနှင့်သမီးကို ရဟန်းပြုပေးခဲ့၏။ သားတော် မဟိန္ဒ မင်းသားကား ကမ္မဝါစာ၏အဆုံး၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်၏။ သမီးသင်္ဃမိတ္တာ မင်းသမီးကား အသက် ၁၈ နှစ်သာ ရှိသေး၍ ပဉ္စင်းမခံပဲ သာမဏေပြုရ၏။

အသောကမင်းကြီးသည်ပင် နတ်ရွာမစံမီ အချိန်ကာလအတန်ကြာ ရဟန်းဝတ်ခဲ့၍ ဘီစီသက္ကရာဇ် ၂၂၆ ခုနှစ်တွင် နတ်ရွာစံခဲ့သည်။ ဗုဒ္ဓသပိတ်တော်သည်လည်း ပါဋလိပုတ် ပြည်၌ပင်

လျှင် မောရိယမင်းဆက် ကုန်ဆုံးသည်အထိ ကိန်းဝပ်လျက် ကုသျှန်မင်းများလက်ထက် ရောက်သောအခါမှပင် ပုရုသျှပူရ (ပက်သျှဝါ) မြို့သို့ ပြောင်းရွှေ့ ကိန်းဝပ်သည်ဟု အိန္ဒိယ ပြည်တွင် ယုံကြည်ရင်း ရှိနေကြလေသည်။





## လင်္ကာဒီပသို့ သပိတ်တော်ကို ပင့်ခြင်း

လင်္ကာဒီပ သီဟိုကျွန်း အနုရာဓပူရတွင် ဗုဒ္ဓသပိတ်တော်ကို ဌာပနာ၍ စေတီတည်ထားခဲ့သည်ဟု အချို့အချို့သော ပုဂ္ဂိုလ်တို့က ပြောကြသည်။ ဗုဒ္ဓသပိတ်တော်သည် အနုရာဓပူရတွင် ကိန်းဝပ်ခဲ့သည်ကား ထင်ရှားပေါ်လွင်နေပါပြီ။ လင်္ကာဒီပ ဗုဒ္ဓဘာသာဝင်များ လက်ခံခဲ့သော အကြောင်းတရပ်ပင်ဖြစ်သည်။ သို့ရာတွင် တရုတ်ရဟန်းတော် ဖာဟီယန် လင်္ကာဒီပ သီဟိုကျွန်းသို့ ရောက်စဉ်အခါ ဗုဒ္ဓသပိတ်တော်သည် သီဟိုကျွန်းတွင် မရှိတော့။ ပုရုသျှပူရ (ပက်သျှဝါ) မြို့တွင် ကိန်းဝပ်လျက်ရှိသည်ကို တပ်အပ်သေချာစွာ ဖူးတွေ့ခဲ့ရပြီးဖြစ်ကြောင်း မှတ်တမ်းတင်ထားချက်ကလည်း ထင်ရှားနေပြီ။ ထိုကြောင့်

ဗုဒ္ဓသပိတ်တော်သည် သီဟိုဠ်ကျွန်း အနုရာဓပူရ၌ ကာလအပိုင်း အခြားဖြင့်သာ ကိန်းဝပ်၍ ဗုဒ္ဓသပိတ်တော်ပွားကိုသာလျှင် အနုရာဓပူရ၌ ဌာပနာပြီး စေတီ တည်ထားသည် ဟူသော အကြောင်းတရပ်ကိုသာ လက်ခံနိုင်ဖွယ် ရှိလေသည်။

အနုရာဓပူရသည် သက္ကရာဇ် ၃၀၀ လောက်တွင် ဘုရင် ပန္ဍုကာဘာရ (သီဟိုဠ်သမိုင်း၌ တွေ့ရသောအမည်။) အုပ်စိုးစဉ် အခါ၌ ဗုဒ္ဓသာသနာ ထွန်းကားရာအရပ် မဟုတ်သေးပဲ သက္ကရာဇ် ၂၆၀ လောက်တွင် နန်းတက်သော ပန္ဍုကာဘာရ၏ မြေးတော် ဒေဝါနံ ပိယတိဿလက်ထက် ရောက်သောအခါ တွင်မှ ပါဋလိပုတ်ပြည် အသောကမင်း၏ သားတော် မဟိန္ဒ ထေရ် ကြွရောက်၍ သာသနာပြုတော်မူသဖြင့် ဗုဒ္ဓသာသနာ ထွန်းကားခဲ့လေသည်။

ရှင်မဟိန္ဒထေရ် လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ကြွရောက် သာသနာပြုတော်မူပုံကိုလည်း မဲထီးဆရာတော် စီရင်သော ထေရဝါဒ သာသနာဆက် အလင်းပြ ဝံသဒီပနီ၌ ပြဆိုထားချက်များကို တင်ပြပါဦးမည်။

သာသနာတော်သက္ကရာဇ် ၂၃၅ ခုနှစ်တွင် ဒေဝါနံ ပိယ တိဿ မင်းပြု၍ ပဌမ ဘိသိက်ခံသည့်နေ့၌ သိကြားမင်းသည် ရှင်မဟိန္ဒထေရ်သို့ ကပ်၍

"အရှင်ဘုရား၊ သီဟိုဠ်ကျွန်း၌ မုဋသိဝမင်းသည် အနိစ္စ ရောက်ပါပြီ။ ယခု သားတော် ဒေဝါနံ ပိယတိဿ မင်းပြု နေပါပြီ။ ဗုဒ္ဓသည်လည်း အရှင်အား ဗျာဒိတ်ထားခဲ့ပါပြီ။

သီဟိုဠ်ကျွန်းသို့ကူးရန် အချိန်တန်ပါပြီ'' ဟု လျှောက်လေ၏။ ထိုအချိန်၌ အသောကမင်းသည် လင်္ကာဒီပ သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းထံ ဘိသိက်ခံစိမ့်သောငှာ မင်းမြှောက်တန်ဆာငါးပါးနှင့်လက်ဆောင်ပဏ္ဏာများပို့၏။ ရတနာသုံးပါး ဆည်းကပ်ရန်ကိုလည်း သဝဏ်လွှာပါးပြီး သံတမန် စေလွှတ်လျက် မိတ်ဆွေဖွဲ့နေခိုက် ဖြစ်၍ ဥဇ္ဇေနီပြည်၌ ခြောက်လ ငံ့တော်မူသည်။ တိဿမင်း ဒုတိယဘိသိက်ခံ၍ တလလွန်သောအခါမှ မဟိန္ဒထေရ်၊ သံဃာထေရ်၊ ဣဋ္ဋိယထေရ်၊ ဥတ္တိယထေရ်၊ သဒ္ဒသာလထေရ်၊ သမ္ဗလထေရ်၊ သုမဏသာမဏေနှင့် ဘဏ္ဍုက သီတင်းသည် စသော ရှစ်ဦးသောပုဂ္ဂိုလ်တို့သာသနာသက္ကရာဇ် ၂၃၆ နှစ်တွင် သီဟိုဠ်ကျွန်းသို့ ကူး၍ မိဿက တောင်ထိပ်၌ သီတင်းသုံးနေခဲ့၏။

× × ×

မဟိန္ဒထေရ်နှင့် သံဃာတော်တို့သည် လင်္ကာဒီပ သမိုင်းအရဆိုလျှင် မဟိန္ဒလေတောင် (မဟိန္ဒထေရ်ကို အစွဲပြု၍ နောင်သောအခါ အမည်တွင်ခဲ့သည်။)ရှိ ဂူများတွင် ရသေ့ရဟန်း ကျောင်းသခ်မ်းများ ပြုလုပ်၍ သီတင်းသုံးနေခဲ့သည် ဆို၏။

အစဉ်အဆက် ထင်ရှားသော သမိုင်း မှတ်တမ်းများ အရ တိဿမင်းကြီးသည် မြို့တော်သူ မြို့တော်သားများ ရှင်လန်းပျော်ပါးကြရန်အတွက် ရေသဘင်ပွဲကြီးတရပ်ကို စီစဉ်ပေးခဲ့ပြီးနောက် မိမိအဖို့မှာကား တောကစားထွက်ခဲ့၏။ အခြွေ

အရံပေါင်း လေးသောင်းခြံရံလျက် မင်းကြီးသည် မစ္စက တောင်သို့ ခြေလျင်ခရီးဖြင့် သွား၏။ ထိုအခါ တောင်စောင့် နတ်တို့သည် မင်းကြီးကို ရဟန်းတော်များအား ဖူးမြော်ရပါ စေတော့ဟူသော စေတနာနှင့် သမင်ယောင်ဖန်ဆင်း၍ ချုံ ငယ်တခု၌ အိပ်ပျော်နေဟန် ပြသခဲ့၏။သမင်ကိုမြင်သောအခါ မင်းကြီးသည် အိပ်ပျော်နေသော သမင်အား မိမိ သတ်ဖြတ် ခြင်းဖြင့် မတရားပြုရာသာ ကျမည်။ သမင်ကိုနိုးစေ၍ ရှောင် တိမ်းခွင့်ပေးပြီးမှ လိုက်လံပစ်ခတ်သည်က သာလျှင် တရားရာ ကျလိမ့်မည်ဟု ကြံပြီးလျှင် လေးကြိုးကိုဆွဲ၍ အသံပြု၏။ သမင်သည် ထ၍ တောင်ကမူ ဆီသို့ ထွက်ပြေး၏။ မင်းကြီးက နောက်မှလိုက်၊ သမင်က ရှေ့ကပြေးနှင့် တဖြည်းဖြည်း ရဟန်း တော်များရှိရာသို့ ရောက်ခဲ့၏။ ရဟန်းတော်တို့အား မင်းကြီး မြင်လောက်သည့်နေရာ ရောက်သောအခါ သမင်ကွယ်ခဲ့၏။

မင်းကြီးနှင့် မဟိန္ဒထေရ်တို့ ဆုံမိသောအခါတွင်

"မင်းမြတ်၊ ဤသစ်ပင်ကား အဘယ်အမည်ရှိသနည်း"ဟု မေး၏။

"ဤသစ်ပင်ကို သရက်ပင်ဟု ခေါ်ကြပါသည်"

"ဤသရက်ပင်အနီးတွင် အခြားသော သရက်ပင် ရှိပါ သေးသလော"

"သရက်ပင် အများပင် ရှိကြပါသည်"

"ဤသရက်ပင်နှင့် အခြားသောသရက်ပင်များ အနီးတွင် သည့်ပြင် သစ်ပင်များကော ရှိပါသေးသလော"

"သစ်ပင် အများပင် ရှိကြပါသည်။ သို့ရာတွင် သရက်ပင် မဟုတ်သော သစ်ပင်များသာလျှင် ဖြစ်ပါသည်"

"သရက်ပင်များနှင့် သရက်ပင်မဟုတ်သော သစ်ပင်များ အပြင် အခြားသော သစ်ပင်များကော ရှိပါသေးသလော"

"ဤသရက်ပင်သာလျှင် ရှိပါသည်"

ယင်းသို့ မင်းကြီးအား မေးမြန်းပြီးသောအခါ ထိုပုဂ္ဂိုလ် အား ဗုဒ္ဓ၏ တရားတော်များကို ဟောပြောရသော် အကျိုး ရှိနိုင်ရာသည်ဟု မဟိန္ဒထေရ် ဆင်ခြင်တော်မူလျက် ဆင်ခြေ ရာကို ဥပမာဆောင်သော တရား ဟောလေသည်။ ထိုအချိန် တွင် မင်းကြီး၏ အခြွေအရံ လေးသောင်းကလည်း မှီလာ၍ တစုတရုံးတည်း ဖြစ်ကြပြီးသော် မဟိန္ဒထေရ်၏ တရားတော် များကို ကြားနာရင်း ထိုညအဖို့ ကျောင်းသင်္ခမ်းမှာပင် အိပ် စက်ကြရလေသည်။

တရားတော်များကို ကြားနာရသော မင်းကြီးနှင့်တကွ အခြွေအရံ လေးသောင်းသည် ရတနာသုံးပါး သရဏဂုံ တည် သွားကြ၏။ ထိုမှသည် ဗုဒ္ဓသာသနာတော် ပျံ့နှံ့သွားရာ တိဿ မင်းကြီးသည် မြို့လယ်ရှိ မင်းမဟာမေဃ ဥယျာဉ်တော်ကို ကျောင်းတိုက်ကြီးဆောက်ရန် နေရာအဖြစ် လှူဒါန်းလေ၏။ တိုင်းသူပြည်သားတို့ကလည်း တဦးနှင့်တဦး သူ့ထက်ငါပြိုင်၍ သာသနာတော် စည်ပင်ရေးအတွက် အားကြိုး မာန် တက် ဆောင်ရွက်ခဲ့ကြသည်။

ဒေဝါနံ ပိယတိဿမင်းသည် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့လျက် ပြည်သူအများ ကိုးကွယ်အားထားဖွယ်ရာ မည်သို့ဆောင်ရွက်ရမည်နည်းဟု မဟိန္ဒထေရ်အား လျှောက်ထားသောအခါ မဟိန္ဒထေရ်က "မင်းကြီး၊ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် သာသနာ၌ သဒ္ဓါတရားရှိသော သူတို့သည် ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိပင်ကို လည်းကောင်း၊ ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို လည်းကောင်း၊ ဗုဒ္ဓ၏ ပရိဘောဂ ပရိက္ခရာများကို လည်းကောင်း ကိုးကွယ်ကြကုန်၏။ မင်းကြီး၊ သာသနာ၌ ကြည်ညိုကြကုန်သော သူတို့ကိုးကွယ်ရန် အလို့ငှာ ဓာတ်တော် မွေတော်များ ပရိက္ခရာများသည် ဤမည်သောနေရာများ၌ ရှိ၏။ထိုနေရာများသို့ ရဟန်းများ၊ မှူးမတ်များအား စေလွှတ်လျက် ဓာတ်တော် မွေတော်များ ပရိဘောဂများကို လင်္ကာဒီပ၌ ကိုးကွယ်ရန်အတွက် ခွဲဝေပေးပါရန် သဝဏ်လွှာ ပို့ဆက်ပါ" ဟု အကြံပြု၏။

မင်းကြီးသည် မဟိန္ဒထေရ် အကြံပြုသည့်အတိုင်းပင် ပထမဦးစွာ ပါဋလိပုတ်ပြည် သီရိဓမ္မာ သောကမင်းကြီးထံ ဓာတ်တော် မွေတော်များကို လင်္ကာဒီပ သီဟိုဠ်နိုင်ငံသို့ ဝေငှပေးပါရန် သဝဏ်လွှာရေးလျက် အဖိုးတန် လက်ဆောင်ပဏ္ဏာများကိုလည်း အထွေထွေ အပြားပြား စီစဉ်လုပ်ဆောင်စေပြီးလျှင် ရဟန်းတော်များနှင့် မှူးမတ်များအား စေလွှတ်ခဲ့လေသည်။ ဓာတ်တော် မွေတော်များ ပင့်ဆောင်နိုင်ရေးအတွက် လင်္ကာဒီပမှ ထွက်ခွာသွားသော ရဟန်းတော်များနှင့် သံတမန်မှူးမတ်တို့သည် ပါဋလိပုတ္တပြည်သို့သာမကပဲ အခြားအခြား

သော သာသနာ ထွန်းကားရာ ဒေသများသို့ ရောက်ခဲ့သည့်ပြင် နတ်တို့ပျော်စံရာ တာဝတိံသာသို့ပင် ရောက်ခဲ့သည်ဟု ဆို၏။ ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို လင်္ကာဒီပ သီဟိုကျွန်း၌ ဌာပနာ၍ စေတီတည်ထားကိုးကွယ်ရန် ပေးလိုက်သည့်ပြင် ဗုဒ္ဓသပိတ်တော်ကိုပါ ကာလအခိုက်အတန့် သတ်မှတ်ပေးလျက် ပူဇော်ပါလေဟု အသောကမင်းကြီးက ပေးအပ်မှာကြားလိုက်သည်ဟု သိရသေး၏။

ဗုဒ္ဓ၏ ညှပ်ရိုးတော်ဓာတ်အပြင် များစွာသော ဓာတ်တော်မွေတော်များနှင့် ဗုဒ္ဓ သပိတ်တော်ပါ လင်္ကာဒီပကျွန်းသို့ ကြွလာပြီဆိုသော သတင်းရသည်နှင့်ပင် တိဿမင်းကြီးသည် လွန်စွာ ဝမ်းမြောက်သည်ဖြစ်၍ ရတနာပေါင်းစုံ စီခြယ်သော လှေဖောင်များကို စီရင်စေပြီးလျှင် ဝေးကွာလှသော ပင်လယ်ဆိပ်ကမ်းအရောက် ဆင်ယာဉ်၊ မြင်းယာဉ်များဖြင့် တင်ဆောင်စေပြီးသော် မင်းကြီးကိုယ်တိုင်သည်လည်း လိုက်ပါ၍ ကြိုဆိုတော်မူသည်။

မင်းကြီးသည် ပင်လယ်ပြင်သို့ ထွက်တော်မူပြီးလျှင် ဗုဒ္ဓ ညှပ်ရိုးတော်၊ ဓာတ်တော် မွေတော်၊ သပိတ်တော်များကို ရတနာပန်းကလာပ်များတွင် တင်လျက် ပင့်ဆောင်ခဲ့တော်မူသည်။ ထူးဆန်းအံ့ဖွယ်ရာ ရေသတ္တဝါများက စုရုံး၍ ဖောင်တော်ကို ကမ်းအရောက် ဆွဲ၍ပို့သည် ဟူ၏။ ထို့နောက် အနုရာဓပူရ မြို့တော်အရောက် လမ်းတလျှောက်မှ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ပန်းများဖြင့် လမ်းခင်း၍ သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြသည်။

အနုရာဓပူရမြို့တော်သို့ ရောက်သောအခါတွင် မင်းကြီး နန်းတော်၌ပင် ညှပ်ရိုးတော်၊ ခါတ်တော် မွေတော်နှင့်တကွ ဗုဒ္ဓ၏ သပိတ်တော်ကို မြင့်မြတ်သော နန်းတော်ဦးသို့ ပင့် ဆောင်လျက် ပူဇော်ပွဲကြီးကို ကျင်းပရာ လက်ာဒီပရှိ တော စောင့်နတ်၊ တောင်စောင့်နတ်များသည် အချိန်အခါမဟုတ်ပဲ လျက် သစ်သီးဝလံများ၊ တောတောင်များ၌ ပွင့်သောပန်း များ သီးစေ ပွင့်စေလျက် ဝမ်းမြောက်စွာ သဒ္ဓါဟုန် တက် ကြွကြပြီးလျှင် ပူဇော်ကြ၏။

မင်းကြီးသည် ညှပ်ရိုးတော်နှင့် တကွသော ခါတ်တော် မွေတော်များကို ကိုးကွယ်ပူဇော်ရန် လက်ခံရရှိ၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရသော်လည်း တန်ခိုးတေဇော် အာနုဘော်အား ဖြင့် ကြီးမားလှသော ဗုဒ္ဓသပိတ်တော်မှာ လက်ာဒီပ၌ ကာလ အခိုက်အတန့်အားဖြင့်သာ ကိန်းဝပ် စံပယ်မည် ဖြစ်ရကား စိတ်နှလုံး မသာမယာ ရှိရပြန်၏။ ထိုသို့ဖြစ်သောအခါတွင် သပိတ်တော် ပြန်ကြွသွားပါက ဖြေဆည်ဖွယ်ရာ ဖြစ်ရလေ အောင် လက်ာဒီပကျွန်း၏ အဖိုးထိုက်တန်သည့် အကြီးဆုံး သော ကျောက်မျက်ရတနာများကို ရှာဖွေစေလျက် ရရှိသော အခါတွင် ကျွမ်းကျင်လိမ္မာသော ကျောက်သွေး ကျောက် ဆစ် ပညာရှင်များကို ခေါ်ယူပြီးလျှင် ဗုဒ္ဓ သပိတ်တော်နှင့် တထေရာတည်းတူသောသပိတ်တော်ပုံတူကိုပြုလုပ်စေသည်။ ပြီး လျှင် ဗုဒ္ဓ သပိတ်တော်ကို လက်ာဒီပကျောက်စိမ်း သပိတ်တော် ပေါ်၌တင်လေသည်။ ဤသို့လျှင် ဗုဒ္ဓ၏သပိတ်တော်ကို အကြိမ် ကြိမ် ပူဇော်ပြီးနောက်မှ မှူးမတ်များအား ပါဋလိပုတ္တပြည်၊

အသောက မင်းထံ ပြန်ပို့ရန် စေလွှတ်ရာ၌လည်း တိဿမင်းနှင့် တကွသော ပြည်သူအပေါင်းတို့ လိုက်ပါပို့ဆောင်ကြသည်။


ပါဋလိပုတ္တသို့ သွားကြသော မှူးမတ်တို့အားလည်း မဟာဗောဓိပင်ကိုင်းကို ပင့်ဆောင်ခဲ့ရန်ကိုလည်း မှာကြားသည့်ပြင် မိဖုရားကြီးအနုလာနှင့် အမျိုးသမီးများကလည်း ပဗ္ဗဇ္ဇာစရိယ ပြုပေး၍ သာသနာ့ဘောင် ဝင်လိုသော ဆန္ဒရှိကြသည်တွင် ရဟန်းတော်များက ဘိက္ခုနီအဖြစ် ပြုပေးခွင့် မရှိလေသော ကြောင့် အသောကမင်းကြီးကပင် လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ဘိက္ခုနီများကိုလည်း သာသနာပြု လွှတ်ပါရန် ပန်ကြားလိုက်လေသည်။

သို့ဖြစ်ရကား အသောကမင်းကြီးသည် သမီးတော် သင်္ဃမိတ္တာမှာလည်း ဘိက္ခုနီ ဖြစ်နေပြီဖြစ်၍ လင်္ကာဒီပသို့ သွားရောက် သာသနာပြုရန် စေလွှတ်တော်မူရာတွင် မဇ္ဈိမဒေသ ဂယာရှိ မဟာဗောဓိပင်မှ တောင်ဖက် အကိုင်းကို အဓိဋ္ဌာန် ပြု၍ လက်သည်းဖြင့် ဖြတ်ပြီးလျှင် တိဿမင်းအား ကောင်းစွာကိုးကွယ်ရန် ပေးအပ်လိုက်၏။ ယခုအခါတွင်ဆိုလျှင် အနုရာဓပူရရှိ သိရိမဟာဗောဓိပင်သည် ထိုအချိန်မှသည် နှစ်ပေါင်း ၂၂၀၀ ရှိပြီဖြစ်၍ ကမ္ဘာပေါ်၌ အသက်အားဖြင့် အကြီးဆုံး သစ်ပင်အဖြစ် အသိအမှတ် ပြုထားကြရပြီဖြစ်သည်။

တိဿမင်းကြီးသည် လင်္ကာဒီပ အဖိုးတန် ကျောက်သားဖြင့် ထွင်းထုထားသော ဗုဒ္ဓသပိတ်တော်ပွားတွင် ဗုဒ္ဓညှပ်ရိုးတော်နှင့် ဓာတ်တော်အချို့ကိုထည့်ပြီးလျှင် အထူးထူး အပြားပြားသော ရွှေငွေ ရတနာများနှင့်တကွ ကြီးစွာသော ဌာပနာ

တိုက်ကြီးကို ပြုလုပ်စေ၍ ဌာပနာဘကာ ကျောက်ဖျာ အထပ်ထပ်ဖြင့် ခိုင်ခန့်စွာ ပိတ်စေ၏။ ဌာပနာတိုက်ပေါ်၌ စပါးများကို စုပုံထားသည့် ပုံသဏ္ဌာန်အတိုင်း ဒဂါဗခေါ် ပုထိုးကြီးကို တည်သည်။ ၁၇၄၀ ခုနှစ်တွင် ယင်းပုထိုးကြီးကို ယခုအခါ၌ ဖူးမြော်ရသည့်ပုံအတိုင်း ခေါင်းလောင်းပုံသဏ္ဌာန် ပြန်လည် ပြုပြင် တည်ထားလေသည်။ တိဿ မင်းကြီးသည် ပုထိုးပတ်လည်၌ ကျောက်တိုင်များ ပတ်လည်စိုက်ထူ၍ ဓာတ်တော် မွေတော် ကျောင်းတော် ဟူ၍ ခေါ်တွင်စေခဲ့လေသည်။





# သပိတ်တော်ကိုဖူးခဲ့ရသူ ဖာဟီယန်

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့ ဗုဒ္ဓစာပေ ပရိယတ္တိများကို သင်ကြားရန်နှင့် ဗုဒ္ဓဖြစ်တော်စဉ်၌ ထင်ရှားသောနေရာ စေတီပုထိုးများအား ဖူးမြော်ရန် ဂန္ဓာလရာဇ် တရုတ်ပြည်ကြီးမှ ဘုရားဖူး ရဟန်းရှင်လူပေါင်း များစွာ လာရောက်ခဲ့ကြသည့်အနက် အထင်ရှားဆုံးမှာ ရဟန်းတော် ဖာဟီယန် ဖြစ်၍ မဇ္ဈိမဒေသ ဘုရားဖူး အသွားအပြန် ခရီးစဉ်ကို ကိုယ်တိုင်မှတ်တမ်းတင်ခဲ့လေသည်။ ရဟန်းတော် ဖာဟီယန်၏ ခရီးစဉ်မှတ်တမ်းသည် ဗုဒ္ဓဘာသာဝင်များအဖို့ အဖိုးတန်သော မှတ်တမ်းဖြစ်သလိုပင် သမိုင်းသုတေသီများအတွက်လည်း ကိုးကားမှီငြမ်းပြုစရာ မှတ်တမ်းတစောင် ဖြစ်ပေသည်။

ရဟန်းတော် ဖာဟီယန်နှင့်အတူ တရုတ်ရဟန်းတော်များ လည်း လမ်းခရီးတွင်ဆုံရင်း တွေ့ရင်းနှင့် မဇ္ဈိမဒေသသို့ လိုက်ပါခဲ့သည်။ ရဟန်းတော် ဖာဟီယန်သည် မဇ္ဈိမဒေသသို့ ရောက်ခါမှ သူ့ထက်ပင် အရင်ဦးစွာ ရောက်နှင့်နေသော တရုတ်ဘုန်းတော်ကြီး အချို့ကိုပင် တွေ့ရကြောင်း သူ့မှတ်တမ်းအရ သိရပေသည်။

ဖာဟီယန်နှင့်တကွသော ဝှကာ၊ ပိုယွန်နှင့် စင်ချင် စသော တရုတ်ဗုဒ္ဓဘာသာ ရဟန်းတော်များ ရောက်ချိန်တွင် မဇ္ဈိမဒေသ၌ဗုဒ္ဓသာသနာတော်သည် စည်ပင်သာယာလျက်ရှိသည်။ ဗုဒ္ဓ၏ ပရိဘောဂစေတီများ ဓာတုစေတီများကိုလည်း စေ့စေ့ငှငှ ပြည့်စုံစွာ ဖူးမြော်ကြရသည်။ ယင်းသို့ ဖူးမြော်ကြရသည်တွင် ဗုဒ္ဓသပိတ်တော်သည်လည်း အပါအဝင်ဖြစ်၏။

လင်္ကာဒိပ သီဟို နိုင်ငံများသို့ ရဟန်းတော် ဖာယန်ဟီ ရောက်သောအခါတွင် သပိတ်တော်သည် အနုရာဓပူရမြို့၌ မရှိတော့ပေ။ ပုရုသျှပူရမြို့ (ပက်သျှဝါ)၌ ကိန်းဝပ် စံပယ်လျက်ရှိသည်ကို မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့ရောက်စဉ်က ဖူးတွေ့ရသည်။ ရဟန်းတော် ဖာဟီယန်၏ မှတ်တမ်းတွင် သူဖူးတွေ့ရသော ကနိသျှကမင်း၏ စေတီတော်နှင့် ဗုဒ္ဓ သပိတ်တော်အကြောင်းကို အောက်ပါအတိုင်း ရေးမှတ်ထားခဲ့သည်။

ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်အခါကပင် ဗုဒ္ဓသည် ညီတော်ရှင်အာနန္ဒာအပါအဝင် ရဟန္တာမြတ် ဆယ်ပါးနှင့်တကွ ဂန္ဓာရ

တိုင်းသို့ ဒေသစာရီ ကြွချီလာခဲ့သည်။ ပုရုသျှပူရမြို့ နေရာသို့ ရောက်သောကာလ ညီတော်အရှင်အာနန္ဒာအား ခေါ်၍

"အာနန္ဒာ၊ ဤနေရာအရပ်တွင် ငါမရှိသည့်နောက် သာသနာတော် စည်ပင်လိမ့်ဦးမည်။ ကနိသျှကာ အမည်ရှိသော မင်းသည် လွန်စွာမှ ဘုန်းတန်ခိုးကြီးလျက် ငါ၏တရားကို သက်ဝင် ယုံကြည်ပြီးလျှင် သာသနာတော် စည်ပင်ပြန့်ပွားအောင် ကြိုးစားအားထုတ်ပေလိမ့်မည်" ဟု ဗျာဒိတ်ပေးတော်မူသည်။

× × ×

ကနိသျှကမင်းနှင့် ပတ်သက်၍ သမိုင်းကို လှန်လှောကြည့်သောအခါတွင် ခရစ်သက္ကရာဇ် အစလောက်စီက နေရာအတိအကျမထား၊ ရေကြည်ရာ မြက်နုရာ ဒေသများသို့ လှည့်လည်သွားလာနေကြသော ကုသျှန် အမည်တွင်သော လူမျိုးစုတစုသည် ခေါမတိုင်းသားတို့ လာလမ်းကိုလိုက်၍ တောင်ပေါ်ဒေသများကို ဖြတ်ကျော်လာခဲ့ကြရာမှ နောင်သောအခါတွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသကို စိုးမိုးအုပ်ချုပ်နိုင်သည့် စစ်အောင်သူများအဖြစ် ထင်ရှား လာခဲ့လေသည်။ ကုသျှန်တို့၏ အင်ပါယာသည် ဗာရာဏသီမြို့အထိပင် ကျယ်ပြန့်ခဲ့သည်။ အိန္ဒိယ စုပေါင်းပြည်နယ်များ၊ ပန်ဂျပ်ပြည်နယ်၊ ကသ္မီယ ပြည်နယ်များနှင့် အာရှအလယ်ပိုင်းရှိ ဒေသအတော်များများသည် ကုသျှန်အင်ပါယာထဲ၌ ပါဝင်လာခဲ့၏။ ကုသျှန်မြို့တော်မှာ ပထမတွင် ယခု အာဖဂန်နစ္စတန်နိုင်ငံ၏မြို့တော် ကာဘူးလ်မြို့ ဖြစ်ဖွယ်ရှိသည်ဟု ယူဆရသော်

လည်း နောင်သောအခါတွင် ပုရုသျှပူရ (ပက်သျှဝါ) မြို့သို့ ပြောင်းရွှေ့ခဲ့၍ ထိုမြို့သည်ပင် ကုသျှန်မြို့တော် အဖြစ် တည်တံ့နေခဲ့၏။

ကုသျှန်အင်ပါယာသည် ကမ္ဘာ့သမိုင်းတွင် အကြောင်းအချက် များစွာဖြင့် စိတ်ဝင်စားဖွယ်ရာဖြစ်၏။ ကုသျှန် အင်ပါယာသည် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားရာ ဒေသများ စုပေါင်းထားရာ ဖြစ်၍ ကနိသျှက ကေရာဇ်ဘုရင်ကြီးသည်လည်း ဗုဒ္ဓဘာသာ သာသနာတော်ကို ချီးမြှင့်ပြီးလျှင် ဗုဒ္ဓတရားတော်များ၌လည်း များစွာ အာရုံပြု လေးစားလျက် နာယူမှတ်သား၏။ ကုသျှန်များသည် မွန်ဂို အဆက်အနွယ်သို့မဟုတ် မွန်ဂိုလူမျိုးများနှင့် နီးစပ်သူများ ဖြစ်၏။

ကနိသျှကမင်း သာသနာတော်၌ စတင် ကြည်ညိုလေးစားလာသော အဖြစ်အပျက်ကို ဖာဟီယန်၏ မှတ်တမ်းမှ ကောက်နုတ်ဖော်ပြရလျှင်

တနေ့သောအခါတွင် သိကြားမင်းသည် နွားကျောင်းသားသဏ္ဌာန် ဖန်ဆင်းပြီးနောက် မင်းကြီးလာအံ့သော လမ်းမကြီး၏ အလယ်ဗဟိုတွင်မှ စေတီငယ်တဆူကို တည်နေခဲ့လေသည်။ မင်းကြီးသည် လမ်းမလယ်၌ နွားကျောင်းသားတဦး စေတီငယ် တည်နေသည်ကို တွေ့လေသော် ထူးခြားသော အပြုအမူဖြစ်၍ အမြင်ဆန်းနေသဖြင့်

"နွားကျောင်းသား၊ ငါသွားအံ့သော လမ်းမလယ်သို့ ထွက်၍ အဘယ်သို့သော အမှုကိစ္စကို ပြုလုပ်နေရသလဲ" ဟု မေး၏။

နွားကျောင်းသားက "အရှင်မင်းကြီး၊ ကျွန်တော်မျိုးသည် ဗုဒ္ဓမြတ်စွာအား အများပြည်သူတို့ သတိရပူဇော်နိုင်စေအံ့သောငှာ စေတီငယ်တဆူကို တည်ပါသည်"ဟု ကနိသျှကမင်းကြီးအား လျှောက်ထား၏။

ကနိသျှက မင်းကြီးသည် နှောင်တမလွန် ၁၁ ၀ ပေါင်းများစွာကပင် ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့၍ စည်ပင်ရန်ဆုပန်ခဲ့သော မင်းယောကျ်ား ဖြစ်ရကား စေတီဟူသောစကားကို ကြားသောခဏမှာပင် တကိုယ်လုံးတုန်လှုပ်၍ သဒ္ဓါဟုန်အုံကြွပြီးလျှင်"ကောင်းလေစွ၊ ကောင်းလေစွ"ဟု သာဓုခေါ်လျက် နွားကျောင်းသား အယောင်ဆောင်ကာ သိကြားမင်းတည်သွားသော စေတီကိုငုံ၍ စေတီကြီးတဆူ တည်လေသည်။ စေတီကြီးကို ပြည်သူအများ ကြည်ညိုသဒ္ဓါ ပွားကြရလေအောင် အဖိုးတန် ရတနာများဖြင့် မွမ်းမံတပ်ဆင် လှူဒါန်းထားသည့်ပြင် ဉာဏ်တော်အမြင့်မှာ ပေ ၄၀၀ ရှိသဖြင့် ငရှေးအစဉ်အဆက် ပြည်သူအပေါင်းတို့က ကမ္ဘာပေါ်တွင် အကြီးအကျယ်ဆုံး စေတီတော်ဖြစ်သည်ဟု ချီးကျူးကြလေသည်။

(ကနိသျှကမင်း၏ ကောင်းမှုဖြစ်သော ယင်းစေတီကြီးမှာ တရုတ်ရဟန်းတော် ဖာဟီယန် ဖူးရစဉ်အခါက တင့်တယ်သပ္ပာယ် ခန့်နားလျက် ရှိနေသကဲ့သို့ပင် နှောင် နှစ်ပေါင်း ၂၀၀ ကြာ၍ တရုတ်ရဟန်းတော် အုအန်ဆိုင် ပက်သျှဝါသို့ ရောက်ရှိလာသော အချိန်တွင်လည်း စေတီတော်ကြီးမှာ ထိုဒေသ၏ ကျက်သရေဆောင် သာသနာ့ အဆောက်အဦးဗိမာန်ကြီးအဖြစ် တည်ရှိနေသေးသည်ကို ဖူးမြော်ရသေးသည်။)

ကနိသျှကမင်းသည် ထိုနောက်တွင် ဗုဒ္ဓသာသနာတော် လွန်စွာကြည်ညိုလေးစားသော မင်းဖြစ်လျက် စတုတ္ထသင်္ဂါယနာပွဲကို ကိုယ်တိုင်ကြပ်မတ်ကွပ်ကဲ ထောက်ပံ့ ကျင်းပခဲ့လေသည်။ ယင်း စတုတ္ထ သင်္ဂါယနာပွဲကို လက်ာဒီပ သီဟိုကျွန်းမင်း ၁၇ ဆက်မြောက် ဖြစ်သည့် ဝဋ္ဋဂါမဏိမင်း လက်ထက် ကျင်းပသော စတုတ္ထသင်္ဂါယနာပွဲ ပြီးစီးခဲ့သည့်နောက် နှစ်ပေါင်း ၂၀၀ခန့် ကြာသောအခါမှ ကျင်းပခြင်းဖြစ်၏။ ကနိသျှကမင်းသည် ဗုဒ္ဓ သာသနာတော်တွင်း၌ တွေ့နေရသော အယူအဆမှားယွင်းမှုများ၊ အညစ်အကြေးများကို ဖယ်ရှား သုတ်သင်ပေးပါဟု ဗုဒ္ဓကျမ်းဂန်၌ တတ်ကျွမ်း၍ သိက္ခာသမာဓိ ရှိကုန်သော ဆရာတော်ကြီးများအား ပင့်ဖိတ်၍ သင်္ဂါယနာတင်ပေးပါရန် လျှောက်ထားသည်။ ထိုအခါ သမားရိုးကျ ဂိုဏ်း၏ ဂိုဏ်းခွဲ သဗ္ဗတိတ္ထိ ဝါဒဂိုဏ်းသည် လက်အောက်ခံ ဂိုဏ်းခွဲများနှင့် စုစည်း ပူးပေါင်းပြီးနောက် သင်္ဂါယနာ တင်ကြရာ ကနိသျှက မင်းက လိုအပ်သော အလုံးစုံသော ဝတ္ထုပစ္စည်းများကို လှူဒါန်းလေသည်။ ထိုစတုတ္ထသင်္ဂါယနာ တင်ပွဲကို မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းမှသာလျှင် အသိအမှတ်ပြု၍ ထေရဝါဒ ဂိုဏ်းဝင်များက သီဟိုကျွန်း စတုတ္ထသင်္ဂါယနာ တင်ပွဲကိုသာ အသိအမှတ်ပြု၏။

ကသျှနိကမင်းသည် ထိုသို့လျှင် သာသနာတော် စည်ပင်အောင် ဆောင်ရွက်လျက် ဗုဒ္ဓခေတ်တော် မွေတော်များကိုလည်း စုဆောင်းရှာဖွေ၍ စေတီပုထိုးများ တည်လေသည်။

တနေ့သောအခါတွင် အလွန်တရာ ထူးခြား ဆန်းကြယ်သော အိပ်မက် မြင်မက်သည်ဟု ဆို၏။

မင်းကြီးသည် နန်းတော်တွင်း၌ ရဟန်းသံဃာ တထောင်ကို ဆွမ်းလုပ်ကျွေးရင်း တရားတော်များကို သံဃာတော်များထံမှ နာယူရသည် ဆို၏။ ထိုသို့သော ကုသိုလ်ကောင်းမှု ပြုပြီးသောအခါ မင်းကြီး၏စိတ် ရွှင်လန်း ချမ်းမြေ့လှသည်ဖြစ်၍ တကိုယ်တည်း ဥယျာဉ်တော်သို့ ထွက်စံနေစဉ် ရဟန္တာတပါးသည် ကောင်းကင်မှ ဆင်းသက်လာ၍ မင်းကြီးအနီး၌ ရပ်သည် ဆို၏။ မင်းကြီးက အဘယ်မည်သော ကိစ္စကြောင့် ကြွလာပါသနည်းဟု လျှောက်ထားသောအခါ ရဟန္တာ အရှင်သူမြတ်က

"မင်းကြီး၊ မင်းကြီးအုပ်ချုပ်သော တိုင်းပြည်၏ တခုသော ထိုနေရာတွင် ဗုဒ္ဓ၏ သပိတ်တော်၊ သင်္ကန်းတော်၊ တောင်ဝှေးတော်တို့သည် ရှိ၏။ ထိုဗုဒ္ဓ၏ ပရိဘောဂ ပစ္စည်းများကို နတ်အပေါင်းတို့သည် စောင့်ကြပ်လျက် ရှိကြကုန်၏။ မင်းကြီးမှတပါး ဗုဒ္ဓ၏ ပရိဘောဂ ပစ္စည်းများကို တပါးသူတို့ ဆောင်ယူခြင်းငှာ မပြုနိုင်။ မင်းကြီးသည်သာလျှင် ပူဇော်ထိုက် ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်ဖြစ်၍ သွားရောက် ပင့်ယူကိုးကွယ်ပါလေ" ဟု မိန့်ကြား၍ ကောင်းကင်မှပင် ပြန်ကြွသွား၏။

ကနိသျှကမင်းသည် အိပ်ပျော်ရာမှ နိုးသောအခါ အိပ်မက်အတိုင်းသာ မှန်ကန်လျှင် ငါ့အဖို့ ထူးမြတ်သော အကျိုးများကို ရရှိခြင်း ဖြစ်မည်ဟု ဝမ်းသာအားရ ဖြစ်ပြီးလျှင်

ရေမိုးချိုး၍ အမွှေးနံ့သာတို့ဖြင့် ကိုယ်ကို ထုံသင်းစေလျက် သန့်ရှင်းစင်ကြယ်စွာသော အဖိုးထိုက် အဖိုးတန် အဝတ်တန်ဆာများကို ဝတ်ဆင်ပြီးသော် ရတနာအပေါင်းဖြင့် စီခြယ်အပ်သော ရထားကို ပြင်၍ ဆင်မြင်းဗိုလ်ပါ မြောက်မြားစွာ ခြံရံကာဖြင့် ရဟန္တာညွှန်ပြခဲ့သော နေရာသို့ ထွက်ခွာလေသည်။

ရဟန္တာမြွက် မိန့်ကြားခဲ့သည့်အတိုင်းပင် သပိတ်တော်၊ သင်္ကန်းတော်နှင့် တောင်ဝှေးတော်များကို ဂူတခုအတွင်း၌ ကောင်းစွာ ပြင်ဆင်ထားအပ်သော ပလ္လင်ပေါ်တွင် ဖူးမြော်ရသောအခါ သစ္စာအဓိဋ္ဌာန်ပြု၍ ပင့်ဆောင်လာခဲ့သည်။ ထို့နောက် မြို့တော်တွင် ဆန်းကြယ်စွာသော မျှော်စင်ကြီးကို တည်ဆောက်၍ ထိုမျှော်စင်ကြီးပေါ်၌ ရတနာခုနစ်ပါး စီခြယ်အပ်သော ပလ္လင် ပြုလုပ်၍ သပိတ်တော်၊ သင်္ကန်းတော်၊ တောင်ဝှေးတော်တို့ကို တင်ထားလျက် မိမိနှင့် တကွသော ပြည်သူအပေါင်းတို့ ကိုးကွယ်ခဲ့ကြသည်။

ပက်သျှဝါမြို့သို့ ရဟန်းတော် ဖာဟီယန် ရောက်သွားသောအချိန်တွင် သံဃာတော် ၇၀၀ မျှလောက် သီတင်းသုံးနေသော ကျောင်းတော်ကြီး၌ သပိတ်တော် ကိန်းဝပ် စံပယ်လျက် ရှိ၏။

ယင်းကျောင်းတော်ကြီးမှ ရဟန်းတော်တို့သည် ပြည်သူပြည်သား၊ ဒါယကာ ဒါယိကာမ အပေါင်းနှင့်တကွ နေ့စဉ်မွန်းတည့်အချိန် ရောက်သောအခါ ရဟန်းတပါးက သပိတ်

တော်ကိုပိုက်၍ ကျောင်းပြင်သို့ ပင့်ယူကာ ရတနာမျိုးစုံဖြင့် စီခြယ်အပ်သော ပလ္လင်ပေါ်၌ တင်၍ ပန်းများ လှူဖွယ် ပစ္စည်းများဖြင့် ပူဇော်ကြသည်။ ဗုဒ္ဓသပိတ်တော်ကို ကောင်း ကင်၌ ကြယ်များထွက်ပေါ်လာသည့် ညဉ့်အချိန်တွင် စော စောက ပင့်ဆောင် ယူထုတ်လာသော ရဟန်းကပင် ကျောင်း တွင်းသို့ ပြန်လည်ပင့်ဆောင်၍ လုံခြုံစွာ ထားလိုက်၏။

ဗုဒ္ဓ သပိတ်တော်ကို ဖာဟီယန် ဖူးတွေ့ရစဉ် အချိန်က သပိတ်တော်၏ ပမာဏမှာ ဆွမ်းနှစ်ပြည်ကျော်မျှ ဝင်ဆံ့မည်။ အရောင်တော်များမှာလည်း ရှုမငြီးဖွယ်ရာ အမျိုးမျိုး ပြောင်း လဲ တောက်ပနေလျက် ဗုဒ္ဓသည် လေးလုံးသော သပိတ်ကို တလုံးတည်းဖြစ်အောင် ပေါင်းစပ်ထားတော်မူသောကြောင့် သပိတ်တော်၌ လေးရစ်သော အနားတို့ကို ထင်ရှား တွေ့ရ၏။ သပိတ်တော်သည် အထူအားဖြင့် တလက်မကို ငါးပုံ ပုံလျှင် တပုံမျှ ဖြစ်၏။ လွန်စွာမှ ချောမွေ့ တင့်တယ်သဖြင့်လည်း သာမန်လူသားတို့ ပြုလုပ်ထားသော လက်ရာ မဟုတ်ဟု ယုံ ကြည်နိုင်၏။

ဗုဒ္ဓ သပိတ်တော်နှင့် ပတ်သက်သော အကြောင်း အရာ အဖြစ်အပျက်များကိုလည်း ကျောင်းတော်ရှိ ရဟန်းတော် များနှင့် သောင်းပြောင်းထွေလာ စကားစမြည် ပြောဆိုကြ ရင်းနှင့် ရဟန်းတော်များထံမှ ဖာဟီယန် ကြားခဲ့မိဟန် တူ သည်။ ယင်းသို့ ကြားမိခဲ့ရာတွင် တရုတ်ပြည်သို့ ပြန်ရောက်၍ မှတ်တမ်းတင်သောအခါ မဇ္ဈိမ ဒေသ၌ မှတ်သားလာခဲ့ကြ သော အကြောင်းအရာများနှင့် အနည်းအကျဉ်း ကွဲလွဲလျက်

ရှိသည်ကိုလည်း တွေ့ရသည်။ အပိုအလို အချက်များလည်း ရှိသင့်သလောက် ရှိသည်ဟု ဆိုကြသေးသည်။ သို့ရာတွင် အဓိကဖြစ်သော အချက်များတွင်ကား တူညီလျက်ရှိကြောင်း နှင့် ဝန်ခံထားကြရသည်။

ဗုဒ္ဓသပိတ်တော်၏ အံ့သြဖွယ်ရာ ထူးခြားဆန်းကြယ်သော အကြောင်းတရပ်ကို ဖော်ပြရာ၌ ကနိသျှကမင်း နတ်ရွာစံပြီး သည့်နောက် ထိုမင်းလက်ထက်တွင် စုစည်းခဲ့သော နိုင်ငံတော် ကြီးသည် ထိုမင်း၏ အဆက်အနွယ်များ၊ ကနိသျှကမင်း လက် ထက်က နယ်စားပယ်စား ဖြစ်ခဲ့သော မှူးငယ် မတ်ငယ်များ စသည်တို့ တသီးတခြား၊ တိုင်းငယ်ပြည်ငယ်များ ထူထောင်၍ အုပ်ချုပ်ခဲ့ကြ၏။ ယင်းနယ်ပယ်များ အနက် ဂန္ဓာရတိုင်း၏ အနောက်မြောက်ဖက်၌ တည်ရှိသော အေဖတာလိုက်ပြည်မှ ဘုရင်သည် ပုရှသျှပူရမြို့ (ပက်သျှဝါမြို့) ၌ ကိန်းဝပ် စံပယ် လျက်ရှိနေသော ဗုဒ္ဓသပိတ်တော်သည် တန်ခိုးတေဇော် အာနု ဘော် ကြီးမားလှသည့်ပြင် သပိတ်တော်ကို ကိုးကွယ်ထားနိုင် ခြင်းဖြင့် ခပ်သိမ်းသော ဘေးအန္တရာယ် အပေါင်းမှ လွတ် ကင်း ချမ်းသာလျက် တိုင်းပြည်သည်လည်း စည်ပင်သာယာ ဝပြောနိုင်ကြောင်း သတင်းစကားများ ကြားရသောအခါ တွင် မိမိနိုင်ငံသို့ ပင့်ဆောင် ကိုးကွယ်လိုသောကြောင့် ပုရှသျှ ပူရမင်းထံ သဝဏ်လွှာပါး၍ အကြောင်းကြားခဲ့သည်။ ပုရှသျှ ပူရမင်းက သပိတ်တော်ကို မိမိအနေနှင့် ပေးပိုင်ခွင့် မရှိပါ။ ဗုဒ္ဓသပိတ်တော်သည် သာသနာတော် ထွန်းပြောင် ပွင့်လင်း ရာ တိုင်းပြည်များသို့ ရဟန္တာ အရှင်သူမြတ်တို့ ပင့်ဆောင်၍

ကာလအပိုင်းအခြားအားဖြင့် ကိန်းဝပ် အပူဇော်ခံပါသည်။ မင်းမြတ် ဆန္ဒ ပြင်းပြခဲ့သော် ကိုယ်တိုင် ကြွရောက် ပင့်ဆောင်ပါ။ မိမိက ကောင်းစွာ ကြိုဆို လက်ခံပါမည်ဟု စေလွှတ်လိုက်သော သံတမန် မှူးမတ်တို့မှတဆင့် အကြောင်းပြန်ကြားလိုက်၏။

(ရာဇဝင်တော် ဖာဟီယန်၏ မှတ်တမ်းတွင် အေဖတာလိုက် ဘုရင်က ပုရုသျှပူရမင်းအား စစ်ဆင်တိုက်ခိုက်၍ စစ်အောင်နိုင်သောအခါတွင် ဗုဒ္ဓသပိတ်တော်ကို ပင့်ဆောင်ရန် ကြိုးစားခဲ့သည်ဟု ဆိုထား၏။ ထိုအချိန်က ဗုဒ္ဓ သာသနာတော် စည်ပင်ပြန့်ပွားစေရန် ကုသိုလ်ကောင်းမှုများ အားထုတ်နေကြသော မင်းအချင်းချင်း ဖြစ်၍ သပိတ်တော်ကို တဦးနှင့်တဦး ချစ်ကြည်လေးစားစွာ ဆွေးနွေး တိုင်ပင်၍ ပင့်ယူရန် ကြိုးစားခဲ့ကြသည် ဆိုသော အချက်က သာ၍ ယုတ္တိရှိသည်၊ သဘာဝကျလိမ့်မည်ဟု ယူဆနိုင်သည်။)

အေဖတာလိုက်မင်းကလည်း "ဤသို့ဆိုလျှင် ကောင်းပါပြီ။ ကျွန်ုပ်ကိုယ်တိုင် လာရောက် ပင့်ဆောင်ပါမည်"ဟု စကားပြန်ကြားပြီးလျှင် ဗုဒ္ဓ သပိတ်တော်အား ပူဇော်ရန် အဖိုးတန် အဖိုးထိုက်သော လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပက်သျှဝါမြို့ရှိ ဘုရင်အား ဆက်သရန် ရတနာရွှေငွေများကို စုဆောင်းပြီးလျှင် ဆင်မြင်း ဗိုလ်ခြေပေါင်းများစွာ ဝန်းရံလျက် ချီတက်လာခဲ့သည်။

ပက်သျှဝါမြို့ ဘုရင်မင်းမြတ်သည်လည်း အေဖတာလိုက်ဘုရင်အား ကောင်းစွာ ကြိုဆိုပြီးသော် သပိတ်တော် ကိန်းဝပ်ရာ ကျောင်းတိုက်သို့ ခေါ်ဆောင်သွားပြီးလျှင် ဖူးမြှော်

ပင့်ဆောင်ပါဟု ခွင့်ပြု၏။ ဗုဒ္ဓမြတ်စွာအား ကြည်ညိုသည် ဖြစ်၍ မိမိနိုင်ငံ၌လည်း သာသနာတော် စည်ပင် ထွန်းကား စေရန် စီမံဆောင်ရွက်တော်မူလျက် ရှိသော အေဖတာလိုက် ဘုရင်သည် သပိတ်တော်အား ပင့်ယူသည်တွင် အလွယ်တကူ ပါရှိလင့်ကစား သပိတ်တော်ကို ပိုက်၍ ဆင်ယဉ်ကျောက် ကုန်းပေါ်၌ တင်ထားအပ်သော ပြာသာဒ်ပေါ်သို့ တက်ပြီး နောက် ဆင်ယဉ်ကို ဝပ်နေရာမှ ထစေသောအခါ မထနိုင် တော့ပဲ အားအင် မရှိတော့သည့်အလား ပင်ပန်း နွမ်းနယ် လျက်သာ ရှိနေ၏။ အေဖတာလိုက် ဘုရင်သည် ဆင်ယဉ် အား ထရန် အကြိမ်ကြိမ် အမိန့်ပေးသော်လည်း မထနိုင် တော့သည်နှင့် ဆင်ပေါ်မှဆင်း၍ ကြီးမားခိုင်ခန့်သော ဘီး လေးဘီးရှိ လှည်းယာဉ်ကြီးသို့ တဖန် နေရာပြောင်းပြီးလျှင် သန်စွမ်းလှသည်ဆိုသော ဆင်ကြီး ရှစ်ကောင်ကို ရွေးထုတ်၍ ဆွဲစေပြန်၏။ ထိုအကြိမ်တွင်လည်း လှည်းယာဉ်ကြီးမှာ နေ ရာမှ မရွေ့။

ထိုအခါတွင်မှ ဘုရင်သည် မိမိတိုင်းပြည်သို့ သပိတ်တော် ကို ပင့်ဆောင်ရန် အချိန်ကာလ မကျသေး၍သာ ထိုကဲ့သို့ အခက်အခဲများနှင့် ကြုံရသည်။ နောင်သောအခါတွင် မိမိ နိုင်ငံ၌ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန္တာများ ပေါ် ပေါက်လာပါက သပိတ်တော်ကို ပင့်ပေးပါရန် မေတ္တာ ရပ်ခံ ရပါတော့မည်ဟု ပက်သျှဝါဘုရင်အား မိန့်ကြားလေသည်။

ထိုနောက်တွင် ဆောင်ယူခဲ့သော လှူဖွယ်ဝတ္ထုများ၊ ပန်း နံ့သာများဖြင့် သပိတ်တော်အား ပူဇော်ပြီးလျှင် သပိတ်တော်

ကို လုံခြုံစွာ ဆက်လက် စောင့်ရှောက်နိုင်ရန် တပ်ကူအဖြစ် စစ်သည်ဗိုလ်ပါတပ်ကိုထားခဲ့၍ သပိတ်တော်အစဉ်ကိန်းဝပ်ရန် ခိုင်ခန့် ကြီးကျယ်သော ကျောင်းကြီး တဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ပက်သျှဝါမြို့သို့ မိမိလာရောက်၍ သပိတ်တော်ကို ပင့်ဆောင်သော နေရာ၌လည်း စေတီတော် တဆူ တည်ထားခဲ့သည်။

ဗုဒ္ဓ သပိတ်တော်နှင့် ပတ်သက်သော အံ့ဩဖွယ်ရာ အခြား အကြောင်းများကိုလည်း ဖာဟီယန်သည် သူ၏ မှတ်တမ်း၌ ရေးသားခဲ့သေး၏။

သပိတ်တော်သည် ဆင်းရဲချမ်းသာမရွေး စေတနာသဒ္ဓါ တရား တက်ကြွစွာ လှူဒါန်းသူတို့အား ပို၍ပင် သဒ္ဓါတရား တက်ကြွအောင် နှစ်သိမ့်၏။ ဆင်းရဲသူတို့သည် သပိတ်တော် အား ပန်းများဖြင့် ပူဇော်လိုသဖြင့် မိမိပိုင်ဆိုင်သော ငွေစ အနည်းငယ်ဖြင့် ပန်းပွင့် တပွင့် နှစ်ပွင့်ဝယ်၍ လှူသောအခါ တန်ခိုးတော်မှာ ကြီးမားလှသဖြင့် သပိတ်တော်ထဲသို့ ကျ ရောက်သော ဆင်းရဲသူတို့၏ ပန်းများသည် သူ့အလို အလျောက်သာလျှင် များပြားလာ၍ သပိတ်တော် နှုတ်ခမ်း အရောက် လျှံတက်လာ၏။

တဖန် ကြွယ်ဝချမ်းသာသူတို့ကလည်း သဒ္ဓါတရား အလျောက် ပန်းများကို တောင်းကြီး တောင်းငယ်၊ ခြင်းကြီး ခြင်းငယ်များဖြင့် မြောက်မြားစွာ ဝယ်ယူ၍ သပိတ်တော်ထဲသို့ ထည့်သွင်း လှူဒါန်းကြသည် သို့ရာတွင် တင်းပေါင်း ရာထောင် မကသော ပန်းများကို သပိတ်တော်တွင်းသို့ ထည့်သွင်း

ပူဇော်သော်လည်း သပိတ်တော်သည် ပန်းများဖြင့် ပြည့်လျှံ၍ နောက်ထပ် လှူဒါန်း ပူဇော်လိုသူတို့ စိတ်ပျက်သွားရသည် မရှိ၊ မည်မျှပင် ပန်းများထည့်၍ ပူဇော်စေကာမူ သပိတ် နှုတ်ခမ်းမှ လျှံထွက်မသွားချေ။

ရဟန်းတော် ဖာဟီယန်သည် အခြားသော တရုတ်ရဟန်းတော်များနှင့် အတူ သပိတ်တော်ကို မျက်ဝါးထင်ထင် ဖူးတွေ့ရသော ပုဂ္ဂိုလ်ဖြစ်ရာ အလွန်ပင် ကုသိုလ်ကံ ထူးသော ပုဂ္ဂိုလ်တဦး ဖြစ်သည် ဆိုနိုင်၏။ တရုတ်ရဟန်းတော်များ အနက် ပိုယွန်၊ စင်ချင် စသော ရဟန်းတော်များသည် ဗုဒ္ဓသပိတ်တော်ကို ဖူးမြော်ပြီးနောက် နေရပ်ဌာနီဖြစ်သော တရုတ်ပြည်ကြီးသို့ ပြန်ကြ၏။ ဝှီချင်၊ ဝှီတာနှင့် တိုချင်အမည်ရှိသော တရုတ်ရဟန်းတော်များမှာကား ဥဒယာန တိုင်းပြည်မှသည် ဗုဒ္ဓအရိပ်တော်၊ ဗုဒ္ဓ ဦးခေါင်းခွံ ဓာတ်တော်များကို ဖူးမြော်ရန် နာဂရာဟာရမြို့သို့ ထွက်ခွာသွားကြ၏။ ဝှီချင်မှာ နေထိုင်မကောင်း ဖြစ်လာ၍ တိုချင်က ပြုစုရင်း နေခဲ့ရ၏။ ဝှီတာတဦးကတော့ ပက်သျှဝါမြို့သို့ ပြန်လာ၍ ပိုယွန်၊ စင်ချင်တို့နောက်သို့ လိုက်သွားလျက် တရုတ်ပြည်သို့ ပြန်၏။ ဝှီချင်သည် သပိတ်တော် ကိန်းဝပ်ရာ ကျောင်းကြီး၌ပင် ပျံတော်မူသွား၏။

ရဟန်းတော် ဖာဟီယန် ရောက်ရှိနေသော အချိန်တွင် သာသနာတော် စည်ပင်ပြန့်ပွားလျက် သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ရင်း တိုးတက် ကျယ်ပြန့်အောင် ဆောင်ရွက်နေချိန် ဖြစ်ရကား ဗုဒ္ဓ၏ ဓာတ်တော် မွေတော်များမှ

သည် ပရိဘောဂ ပစ္စည်းများအထိ ပြည့်စုံစွာ ဖူးတွေ့နေကြရသေးသည်။

ထိုကြောင့်ပင် ဖာဟီယန်၏ ခရီးစဉ် မှတ်တမ်းတွင် အချို့သော ဖူးမြော်ခဲ့ရသည့် ဓာတ်တော် မွေတော်မှ အစ ဗုဒ္ဓ၏ ပရိဘောဂ စေတီများမှ တန်ခိုး ဣဒ္ဓိပါဒ် ပြနေပုံအကြောင်း အရာများမှာ ဗုဒ္ဓဘာသာဝင်များ အဖို့ ယုံကြည်စွာ လက်ခံနိုင်လောက်သည်ဟု မှတ်ယူရမည် ဖြစ်၏။

× × ×

ရဟန်းတော် ဖာဟီယန်သည် လင်္ကာဒီပ သီဟိုကျွန်းသို့ ရောက်သွားသောအခါ မဇ္ဈိမဒေသမှ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ် တဦးသည် စင်မြင့်တခုပေါ်မှနေ၍ ဗုဒ္ဓတရားတော်ကို ဟောပြောလျက် ရှိသည်ကို တွေ့ရပြန်သည်။ ထိုပုဂ္ဂိုလ် ဟောပြောချက်များတွင် ဗုဒ္ဓသပိတ်တော်နှင့် ပတ်သက်၍ ပြောပြချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။

“ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုပြီးသည့်နောက် သပိတ်တော်သည် ဝေသာလီပြည်တွင် ကိန်းဝပ်နေခဲ့သည်။ ထိုမှသည် အသောကမင်းလက်ထက်၌ သီဟိုကျွန်းသို့ ရောက်ခဲ့ပြီးနောက် ကနိသျှကမင်းလက်ထက်၌ ပုရုသျှပူရမြို့သို့ ကြွရောက် နေသည်။ ထိုမှဆိုလျှင် ပဥ္စလတိုင်း အနောက်ပိုင်း၊ အေဖတာလိုက်ပြည်သို့ ရဟန်းတော်တို့က ပင့်ဆောင်ပေးလိမ့်မည်။ ထိုတိုင်းပြည်တွင် တည်နေပြီးနောက် ခိုတန်ပြည်သို့ ကြွရောက်မည်။ ခိုတန်ပြည်မှ တဖန် ကာရရှားပြည်၊ ထိုမှသည် ဂန္ဓလရာဇ်ပြည်၊ ထိုမှသည်

သီဟိုဠ်ကျွန်းသို့ ပြန်ကြွလာဦးမည်။ သီဟိုဠ်ကျွန်းမှသည် တဖန် မဇ္ဈိမ ဒေသ အလယ်ပိုင်းသို့ ကြွ၍ ထိုနေရာ၌ ရှိစဉ် နတ်တို့ စံပျော်ရာ တာဝတိံသာသို့ ပင့်ဆောင်သွားမည်။

"တာဝတိံသာတွင် အရိမေတ္တယျ အလောင်းတော်သည် သပိတ်တော်ကို မြင်ပွဲပိုက်လျက် "ဂေါတမဗုဒ္ဓ၏ သပိတ်တော်သည် တာဝတိံသာသို့ ကြွလာလေပြီ။ နတ်အပေါင်းတို့ လာရောက် ပူဇော်ကြကုန်" ဟု ကြွေးကြော် ကြေညာသောအခါ တာဝတိံသာမှ နတ်အပေါင်းသည် အထူးထူး အပြားပြား သော ပူဇော်ဖွယ်ရာ ဝတ္ထုပစ္စည်းများ၊ အမွှေးနံ့သာများ ကိုင်ဆောင်လာကြပြီးလျှင် ရက်သတ္တပတ်လုံးလုံး ခြိမ့်ခြိမ့်သဲသဲ ပူဇော်ပွဲ ကျင်းပကြလိမ့်မည်။ နတ်တို့သည် ယင်းသို့လျှင် ပူဇော်ပွဲ ပြုလုပ်ပြီးစီးသောအခါတွင် သပိတ်တော်သည် လူ့ပြည်သို့ ပြန်ကြွ၍ နဂါးပြည်၌ ကိန်းဝပ်လိမ့်မည်။ သမုဒ္ဒရာ၌ စံမြန်းနေသော နဂါးမင်းသည် သပိတ်တော်ကို မိမိနန်းတော်၌ ပူဇော်ထားလိမ့်မည်။ အရိမေတ္တယျ ဘုရားပွင့်ရန် အချိန်ရောက်သောအခါ သပိတ်တော်သည် လေးလုံးပြန်၍ ပွားပြီးလျှင် ဝိနတကတောင်တွင် ကိန်းဝပ်လျက် နတ်မင်းကြီး လေးဦးတို့က စောင့်ရှောက်ထားမည်။ အရိမေတ္တယျ ဘုရားရှင် ပွင့်တော်မူသည်နှင့် နတ်မင်းကြီးလေးဦးသည် ဂေါတမဗုဒ္ဓ ပွင့်တော်မူစဉ် လှူဒါန်းသကဲ့သို့ လှူဒါန်းကြလိမ့်မည်။


"အရိမေတ္တယျ ဘုရားသည် သပိတ်လေးလုံးကို တလုံးတည်းဖြစ်အောင် အဓိဋ္ဌာန်ပြုမည်။ ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူ ပွင့်ပြီးသောအခါ သာသနာ တစစ မှေးမှိန်လျက် နောက်ဆုံး

ကွယ်ပျောက်သည်နှင့် သပိတ်တော်သည်လည်း ကွယ်ပျောက် သွားလိမ့်မည်။"

ယင်း ဟောပြောချက်များကို ကြားနာရသော ရဟန်းတော် ဖာဟီယန်သည် ကူးယူမှတ်သားလိုကြောင်း တရားဟောပုဂ္ဂိုလ် မဇ္ဈိမဒေသတိုင်းသားအား တောင်းပန်သော အခါ "ကျွန်ုပ် ဟောပြောသော တရားစကားများသည် ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော တရားများကား မဟုတ်ပါ။ ကျွန်ုပ်၏ ဆရာသမားများ ဟောကြား မိန့်ဆိုခဲ့သည်များကို စိစဉ်မှတ်သား ဟောပြောခြင်းသာ ဖြစ်ပါသည်" ဟု ပြောပြ၏။

သို့ဖြင့် ရဟန်းတော်ဖာဟီယန်သည် မှတ်မိသမျှကိုသာလျှင် အကျဉ်းအားဖြင့် ရေးသားလိုက်ရသည့်ပြင် ကာလအားဖြင့်လည်း ကြာမြင့်ပြီ ဖြစ်သောကြောင့် ခုနှစ် သက္ကရာဇ်များကိုလည်း မမှတ်မိတော့ကြောင်းနှင့် သူ့မှတ်တမ်းတွင် ဖော်ပြခဲ့လေသည်။





## ဘာမီယန်မြစ်ဝှမ်း သာသနာခေတ်

တရုတ်ရဟန်းတော် ဖာဟီယန် လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ရောက်ခဲ့စဉ်အခါက မဇ္ဈိမဒေသမှ တိုင်းရင်းသားတဦး ဟော ပြောနေသည်ကို ကြားနာရသည့် ဗုဒ္ဓသပိတ်တော်နှင့် ပတ် သက်သော အကြောင်းအရာများကို ထောက်၍ ဗုဒ္ဓသပိတ် တော်သည် တနေရာတည်း၌ ကိန်းဝပ်မနေပဲ ဗုဒ္ဓသာသနာ စည် ပင်ပြန့်ပွားရာ တိုင်းပြည်နိုင်ငံများသို့ အချိန်ကာလ အပိုင်း အခြားထားကာ ကိန်းဝပ်စံပျော်ရင်း ဗုဒ္ဓဘာသာဝင်တို့ သဒ္ဓါ ကြည်ရွှင် လှူဒါန်း ပူဇော်ချင်စိတ် ကုသိုလ်တရား ပွားများ နိုင်လေအောင် ဖြည့်ဆည်းပေးခဲ့သည်ဟုပင် ယုံကြည်ကြလေ သည်။

ဗုဒ္ဓ၏ သားတော်များ ဖြစ်သော ရဟန်းတော်တို့သည် လည်း အခါအားလျော်စွာ ဗုဒ္ဓ၏ သပိတ်တော်ကို ဆောင်

ကြည်းလျက် တနိုင်ငံမှ တနိုင်ငံ၊ တမြို့မှ တမြို့သို့ ဒေသစာရီကြွချီ ခဲ့ကြရာ ယင်းသို့သော အစဉ်အလာကိုပင် မဇ္ဈိမဒေသမှ တိုင်း ရင်းသားသည် ရဟန်းတော်များ မိန့်ကြားဖူးသည့် ဗုဒ္ဓသမိုင်း တော်၏ ဒေသစာရီကို ကြိုတင် သိထားနှင့်သဖြင့် အတပ် သေချာ ဟောပြောခဲ့သည်ဟုလည်း ယူဆကြ၏။ များစွာသော ဗုဒ္ဓဘာသာနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များသည် မိမိတို့ထံတွင် ဗုဒ္ဓသမိုင်းတော် သီတင်းသုံးခဲ့သည့် အကြောင်းများကို သား စဉ်မြေးဆက် တဆင့်စကား တဆင့်နားဖြင့် ပြောကြသည်။ သို့ရာတွင် ထင်ရှားသော မှတ်တမ်းများ၊ အထောက်အထား များမှာ မှေးမှိန်လျက် ရှိသည်။

ဗုဒ္ဓသမိုင်းတော်သည် ဂန္ဓာရ တိုင်းမှသည် ထိုစဉ်က ဗုဒ္ဓသာ သနာတော် ပြန့်နှံ့ခဲ့သော ပါးရှား(ယခု အီရန်နိုင်ငံ)ပြည်အထိ ဒေသစာရီ ကြွချီကိန်းဝပ်ခဲ့သည်ဟု ဆို၏။ သို့ရာတွင် မည်သို့ မည်ပုံ ရောက်ခဲ့သည်ကိုကား ဒဏ္ဍာရီပုံပြင်ကဲ့သို့ ဖြစ်နေခဲ့၏။ ထိုဒေသနှင့် ထိုဒေသတလျှောက်၌ရှိသော ရှေးအခါက ဗုဒ္ဓ ဘာသာ ထွန်းကားရာ ဒေသများတွင် စစ်မက်များ အကြိမ် ကြိမ် ဖြစ်ပွားခဲ့ရာမှ တိုင်းသူပြည်သားများမှာလည်း စကော ထဲ၌ ဇီးဖြူသီးများ လိမ့်နေရသကဲ့သို့ ဟိုပြောင်းရ၊ သည်ရွှေ့ရ၊ မှတ်တမ်း မှတ်စု စာပေကျမ်းဂန်များလည်း မီးလောင် ပျောက် ရှ အစ ရှာမရအောင် ဆုံးရှုံးရသည်ကား ထင်ရှား၏။

ပါကစ္စတန် နိုင်ငံနှင့် နယ်ချင်းစပ် ကျောချင်းကပ်လျက် ရှိသော အာဖဂန်နစ္စတန် နိုင်ငံသည် ဗုဒ္ဓဘာသာဝင်များ နေထိုင်ရာ နိုင်ငံ ဖြစ်ခဲ့ဖူး၏။ ထိုနိုင်ငံ၌လည်း ဗုဒ္ဓသပိတ်တော်သည် ကာလ အတန်ကြာမျှ ကိန်းအောင်း စံပယ်ခဲ့သည်ဟု ဆိုကြ၏။ သို့ရာတွင် ယခုအခါ၌ ဒန္တာရီပုံပြင်အလား မထင်မရှားသာလျှင် လူအချို့၏ နှုတ်ဖျား၌ ကျန်ရစ်ခဲ့သည်။

ဗုဒ္ဓ ဆင်းတုတော်ကြီးများ သီတင်းသုံးရာ မြစ်ဝှမ်းဟု ယခုတိုင် ထင်ရှားသော ဘာမီယန် မြစ်ဝှမ်းသည် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားရာ အေးချမ်း သာယာသော ဒေသ ဖြစ်ခဲ့၏။ အာဖဂန်နစ္စတန် နိုင်ငံ၏ မြို့တော်ဖြစ်သော ကာဘူးလ်မြို့ အနောက်မြောက်ဖက် မိုင် ၁၅၀ ကွာဝေးသော ဟိန္ဒူကွတ်ရှ် တောင်တန်းတလျှောက် မြောက်မြားလှသော ကြည်နူး နှစ်လိုဖွယ်သောမြစ်ဝှမ်းများအနက် တခုအပါအဝင်ဖြစ်၍တောင်ကျ စမ်းချောင်းငယ် 'ဘာမီယန်' ကို အစွဲပြု၍ ယင်းဒေသတဝိုက်မှ ရှေးခေတ်ယဉ်ကျေးမှုကို 'ဘာမီယန် ယဉ်ကျေးမှု' ဟု သမိုင်း၌ တွင်လေသည်။

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့ ဝင်ရာ သမိုင်းဝင်တံခါးဖြစ်ခဲ့သော ယခုအခါတွင် စိမ်းလန်းစိုပြေသော မြက်ခင်းစားကျက်ကောင်းသည့် ထိုမြစ်ဝှမ်းဒေသကို ခရမ်းရောင် တောင်ထိပ်တောင်ထွတ်များက ခန့်ညားစွာ ဝန်းရံအုပ်မိုးထား၏။ တောင်ထွတ်များဆီမှသည် အနိမ့်ပိုင်းရှိ မြစ်ဝှမ်းအလယ်ဗဟိုကို မျက်နှာပြုသော ကျောက်တောင်ငယ် ကမ်းပါးများကို ကြည့်လိုက်သောအခါတွင်ကား လူများ ထွင်းထားသော အရွယ်

အမျိုးမျိုးရှိသည့် ဂူများကို တွေ့ရပြီးလျှင် ကျောက်တောင်ကမ်းပါးတွင် ထွင်းထုထားသော ရုပ်တော်မူ ဗုဒ္ဓရုပ်တုတော်ကြီးနှစ်ဆူကပင်လျှင် ချစ်စရာ့မြစ်ဝှမ်းတွင် ဗုဒ္ဓသာသနာ ထွန်းကားခဲ့သည်ကို သက်သေထူလျက်ရှိ၏။ ထို ဗုဒ္ဓ ရုပ်ပွားတော်ကြီးနှစ်ဆူအနက် ဉာဏ်တော် အသင့်အတင့်ငယ်သော ဒေသခံလူများအခေါ် 'ရှားမာမာ' ခေါ် ရုပ်ပွားတော်မှာ ခရစ်သက္ကရာဇ် တစ်ရာစုနှစ်ကုန်ခါနီး ကနိသျှကမင်း လက်ထက်မှာပင် ထုလုပ်ကိုးကွယ်ကြသည်ဟု ယုံကြည်ကြရသည်။

အာဖဂန် နစ္စတန်နိုင်ငံမှသည် ပါးရှားနိုင်ငံ၏ အတွင်းပိုင်းနေရာများအထိ ကျယ်ဝန်းသော ဒေသသည် ကနိသျှကမင်းကြီးလက်ထက်မှ နှစ်ပေါင်း ၃၀၀ အထိ ဗုဒ္ဓ ဘာသာထွန်းကားခဲ့သော နေရာဒေသများဖြစ်ရာ ဗုဒ္ဓ သပိတ်တော်ကိုရဟန်းတော်များက သယ်ဆောင်၍ နေရာတခုခုတွင် ကာလအပိုင်းအခြားနှင့် ကိန်းဝပ်သဖြင့် ထိုဒေသရှိ ဗုဒ္ဓ ဘာသာဝင်များ ပူဇော်ခွင့်ရရှိကြလေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓ သပိတ်တော်နှင့် ပတ်သက်သော အံ့သြ ထူးခြားဖွယ်ရာ အဖြစ်အပျက်တို့မှာ ယင်းကနိသျှက မင်းဆက်နှင့် တကွသော ထိုဒေသရှိဗုဒ္ဓဘာသာ နယ်စား ပယ်စား မင်းငယ်များခေတ်တွင် ဖြစ်ပျက် ကြုံတွေ့ရသည်နှင့် ဗုဒ္ဓ ဘာသာဆိုင်ရာ စာပေ ကျမ်းဂန်များ၌ မှတ်တမ်းတင်ခဲ့သော်လည်း ပျောက်ပျက် ဆုံးရှုံးသွားကြဟန်တူသည်။ မိဖဖိုးဖွား အဆက်ဆက်မှသည် မြေးမြစ်များအထိ တဆင့်တဆင့် နှုတ်မှ ပြောကြ ဆိုကြနှင့် မှတ်သားခဲ့ရသဖြင့်လည်း ဒန္တာရီပုံပြင်သဖွယ်သာ ကျန်ရှိနေလေသည်။

အာဖဂန် နစ္စတန်နိုင်ငံ၏ မြို့တော်ဖြစ်သော ကန်ဒါဟာမြို့သည် ဗုဒ္ဓဘာသာ သာသနာထွန်းကားခဲ့သော မြို့တမြို့ ဖြစ်ခဲ့သည်။ ကုသျှန်မင်းများ၏ အင်ပါယာခေတ် မတိုင်မီ သီရိမေ့ာသောကမင်းကြီး လက်ထက်ကပင်လျှင် ဗုဒ္ဓ သာသနာတော်သည်ထိုဒေသအထိ ကျယ်ပြန့်လျက်ရှိလေပြီ။ ကန်ဒါဟာမြို့နှင့် ပူလ်အီဒါရွန်တာမြို့ အနီးအနားတဝိုက်တွင် အသောကကျောက်စာတိုင်များ တွေ့ရခြင်းကပင် ထင်ရှားသက်သေဖြစ်၏။ သက္ကရာဇ် ၁၀ ရာစုနှစ် ရောက်သော အခါတွင်ကား ဗုဒ္ဓ ဘာသာဝင် မရှိသလောက် သာသနာတော်မှာလည်း ထိုဒေသတွင် ဆိပ်သုဉ်းနေတော့သည်။

ကန်ဒါဟာတွင် ဒန္တာရီအသွင် ဆောင်နေပြီဖြစ်သော ဗုဒ္ဓသပိတ်တော် ပုံပြင်တခု ရှိလေသည်။ သို့ရာတွင် အထက်တွင်ပြဆိုခဲ့ပြီးဖြစ်သည့်အတိုင်း သာသနာ ကွယ်ခဲ့ပြီးသော နေရာကလည်း ဖြစ်ပြန်၊ အဆင့်ဆင့် သားစဉ် မြေးဆက် ပြောကြဆိုကြသည်ကလည်း ဖြစ်ပြန်နှင့် သပိတ်တော်ကိုပင် အလွန်ထူးဆန်းသော အိုးဟုသာလျှင် သိနေကြလျက် ဗုဒ္ဓ သပိတ်တော်ဖြစ်ခဲ့သည်ကို လုံးလုံးလျားလျား မသိခဲ့ကြတော့ပေ။

ကန်ဒါဟာ ဒေသသို့ ထူးဆန်းသော အနားရစ် လေးရစ်ပါသော ကျောက်သားအိုးကို **ဝေဒကျမ်း** ပညာ ရှိများ က သယ်ဆောင်လာကြပြီးလျှင် ဘုရင်အား ဆက်သနိုင်ခဲ့သည်။ ဝေဒပညာရှင်များ ဆိုရာ၌လည်း ရဟန်းတော်များကို ဆိုလိုဟန်ရှိ၏။

ထိုအချိန်ကာလတွင် ကန်ဒါဟာဒေသ၌ မိုးလေဝသ ခေါင်းပါးပြီး လယ်ယာများ ပျက်စီးသဖြင့် လူအပေါင်းတို့သည် စားနပ်ရိက္ခာ အခက်အခဲနှင့် တွေ့နေကြရဆဲ ဖြစ်သည်။ ထိုဒေသတွင် မိုးခေါင်ရေရှား ဖြစ်နေသည်မှာ အတော်ပင် ကြာမြင့်နေလေပြီ။ လူများသည် မိုးနတ်သားကို ပင့်ဖိတ်၍ ယဇ်ပူဇော်ကြရသည်။ ဘုရင်မှာလည်း ပညာရှိများကို တိုင်းပြည်အနှံ့ လိုက်လံရှာဖွေပြီးလျှင် ရာသီဥတု သင့်တင့် ညီမျှလာလျက် သီးနှံစိုက်ပျိုးခင်းများ အောင်မြင်အောင် မည်သို့ ပြုလုပ်လျှင် ကောင်းမည်ကို အကြံဉာဏ်ပေးကြဟု တိုင်ပင်လေသည်။

ပညာရှိတဦးက ဂန္ဓာရတွင် အလွန် ထူးဆန်းသော အိုးတလုံး ရှိပါသည်။ ထိုအိုးကို ဝေဒပညာရှင်များက ထိန်းသိမ်းထားပြီးလျှင် ဒုက္ခရောက်သော နေရာများသို့ ယူဆောင်၍ ဘေးဒုက္ခအပေါင်းမှ ကင်းဝေးလေအောင် ဆုတောင်းပေးကြသည်။ ထိုအိုးကို ဝေဒပညာရှင်များထံမှ သွားရောက်ပြောဆို၍ ငှားရမ်းယူလာနိုင်ပါက မိမိတို့နိုင်ငံ၌ အခက်အခဲ ဒုက္ခများနှင့် ကြုံကြိုက်နေရသည်ကို ပျောက်ကင်းအောင် ဆုတောင်းပေးနိုင်ပါလိမ့်မည်ဟု ပြောကြသည်။

ဘုရင်သည် ဂန္ဓာရ၌ ဝေဒပညာရှင်များထံသို့ မိမိထံမှ ပညာရှိများကို စေလွှတ်လေသည်။ သို့ရာတွင် ထိုအိုးကို ဂန္ဓာရ၌ မတွေ့ကြရတော့ပဲ ဂန္ဓာရပြည်တွင်းရှိသော တိုင်းသူပြည်သားတို့က ဘာမီယန်ဒေသ ဝေဒပညာရှင်များ သယ်ဆောင်သွားကြပြီ ဖြစ်ကြောင်း၊ ထိုပညာရှင်များသည် သနား ကြင်နာ

တတ်သော ပုဂ္ဂိုလ်များဖြစ်၍ သူတို့အား အကျိုးအကြောင်း ပြောပြလျှင် သီးနှံများပျက်စီး၍ ဘေးဒုက္ခ ရောက်တော့မည့် နေရာသို့ သူတို့ကိုယ်တိုင် ဆောင်ယူလာလိမ့်မည် ဖြစ်ကြောင်း နှင့် ပြောပြကြ၏။

သို့နှင့် ကန်ဒါဟာဒေသမှ ညှော့သည်မှူးမတ်တို့သည် ဘာမီယန်ဒေသသို့ ပြန်လှည့်ကြပြီးသည့်နောက် ဘာမီယန်တွင် တရားအားထုတ်နေကြသော ဝေဒပညာရှင်တို့ကို ထူးဆန်း၍ လာဘ်လာဘကို ဖြစ်စေသော ကျောက်အိုးငယ်ကို မိမိတို့ဘုရင်က ခေတ္တ ငှားရမ်းပါမည့်အကြောင်း ပြောပြ၍ ကန်ဒါဟာ၌ ပေါ်ပေါက်လာလတ္တံ့သော ဘေးဒုက္ခများ၏ အန္တရာယ်ကို ပြောပြကြသည်။ ဘာမီယန် ကျောက်တောင်များရှိ လိုဏ်ဂူများမှာ နေခဲ့ကြသော ဝေဒပညာရှင်များသည် ရှားဆောလ် နှင့် ရှားမာမာ ရုပ်တုကြီးများကို တောင်စောင်းမှာ ထုလုပ်ပြီး ကိုးကွယ်ထားကြသည်။ သူတို့သည် စစ်တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ယစ်ပူဇော်ခြင်း စသော အလုပ်များကို မလုပ်ကြ။ အေးအေး ချမ်းချမ်းပင် နေထိုင်ကြသည်။ ကန်ဒါဟာမှ အကူအညီ တောင်းလာသူတို့ကို ဘာမီယန်ပြည် ဘုရင်က "ကောင်းပြီ။ ကျွန်ုပ်တို့ဆီက ပုဂ္ဂိုလ်များနှင့်တကွ ကျောက်အိုးငယ်ကို ပို့ပေးပါမည်။ ကျွန်ုပ်တို့ဆီက ကျောက်အိုးငယ်နှင့် ပုဂ္ဂိုလ်များကိုသာ ကောင်းစွာစောင့်ရှောက်၍ အလိုဆန္ဒပြည့်သောအခါမှပင် ပြန်ပို့ပေးပါ"ဟု မှာကြား၏။

ထိုအခါ ကန်ဒါဟာမှ မှူးမတ်များက "ကောင်းပါပြီ။ စိတ်ချပါ။ ကျွန်ုပ်တို့ အလိုဆန္ဒ ပြည့်သော အခါမှပင် အဖိုး

ထိုက်တန်သော လက်ဆောင် ပဏ္ဏာများနှင့်တကွ ပြန်ပို့ပါမည်”ဟု ဝန်ခံကြသည်။

ကျောက်အိုးငယ်နှင့်တကွ ဘာမီယန်မှ ပုဂ္ဂိုလ်များ၊ကန်ဒါဟာမှ ပုဂ္ဂိုလ်များသည် ဘာမီယန်မှ ထွက်ခွာလာခဲ့ရာ လမ်းတလျှောက် တောတောင်များကို ဖြတ်သန်းလာခဲ့ပြီး တဖြည်းဖြည်းနှင့် ခြောက်သွေ့နေသော ဒေသသို့ ရောက်လုနီးလာကြသည်။ ဤတွင် တဦးသော ကန်ဒါဟာဒေသမှ မှူးမတ်တဦးက “တောင်စောင်းများမှ ကျနေသော ရေများသည် အေးမြလှသည်။ မိမိတို့နေရာသို့ ထိုရေမျိုးကို သယ်ယူသွားရသော်ကောင်းလေစွ”ဟု တမ်းတလေသည်။ ထိုအခါ တဦးသော ဘာမီယန်မှ ပါလာသည့် ပုဂ္ဂိုလ်က “ကျွန်ုပ်တို့နှင့်ပါလာသော ကျောက်အိုးငယ်ဖြင့် ထည့်သွားရသော် သင့်ပါလိမ့်မည်” ဟု အကြံပြုသည်။

ထိုအခါ ပထမပြောသူက “ကျောက်အိုးငယ်နှင့် ထည့်သွားသောရေသည် ရေကောင်းရေသန့်ကို တောင့်တနေကြသော ကျွန်ုပ်တို့ မိတ်ဆွေများအဖို့ တဦးကို တဇွန်းစီ ခပ်သောက်ရုံနှင့် ခဏအတွင်း ကုန်သွားလိမ့်မည်”ဟု ပြော၏။ ထိုအခါ ဘာမီယန်မှ လိုက်ပါလာသော ပုဂ္ဂိုလ်တို့က “ဟိုတောင်ပေါ်မှ ကျလာသော ရေတံခွန်ရှိ သန့်စင်သော ရေကို ကျောက်အိုးငယ်ဖြင့် ခံယူပါ။ လုံးဝ မသောက်ကြရသည်ထက် တဇွန်းစီလောက် သောက်ကြရသည်ကပင် မကောင်းပါလား”ဟု ပြန်ပြော၏။

ထိုအခါ ပထမလူက "ဝဝလင်လင် သောက်ရသည်က သာကောင်းပါလိမ့်မည်။ ဝဝလင်လင် မသောက်ကြရသော် ကျွန်ုပ်တို့အပြစ်သာ ဖြစ်ပါလိမ့်မည်"ဟု ဆိုပြန်သည်။

ဤတွင် ဒုတိယလူက ပထမလူအား ရေတံခွန်ဆီသို့ ခေါ် သွားပြီးနောက် တသွင်သွင်ကျဆင်းနေသော ရေကို ကျောက် အိုးငယ်ဖြင့် ခံယူ၏။ ဤတွင် ကျောက်အိုးထဲသို့ ကျသော ရေသည် အိုးပြည့်သော်လည်း လျှံမထွက်ပဲ အစဉ်တစိုက်သာ လျှင် အိုးထဲ၌သာ ခိုဝပ်လျက် ရှိသည်။ ထိုအဖြစ်အပျက်ကို မြင်သောအခါ ဒုတိယလူသည် အံ့သြခြင်းမက အံ့သြပြီးလျှင် မိမိအဖော်များကိုပါ ခေါ်၍ ပြသသောအခါ အားလုံးပင် မမြင်စဖူး ထူးဆန်းပေစွဟု ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ ပြီးလျှင် ထိုမျှကြာအောင် ထည့်လာသောရေဖြင့် အိုးသည် အင်မတန်မှ လေးလံလိမ့်မည်ဟု ထင်သူက ထင်၍ ရေအေး ရေသန့် မြောက်မြားစွာ သယ်သွားနိုင်ခြင်းဖြင့်လည်း လူ အံများကို ဝေငှပေးနိုင်တော့မည်ဟု ဝမ်းသာသူက ဝမ်းသာ ကြ၏။ ကန်ဒါဟာမှ ညွှဲ့သည်မှူးမတ်တို့သည် ကျောက်အိုး ငယ်မှာ လေးလံသွားတော့မည်ဖြစ်၍ မိမိတို့ ဝိုင်းဝန်း သယ် ယူပေးမည်ဟု ပြောကြသည်။

"ကျွန်ုပ်တို့ သယ်ယူနိုင်ပါသည်"ဟုသာ ဘာမီယန်မှ ပုဂ္ဂိုလ်တို့က ပြောသော်လည်း မိမိတို့အား ထောက်ထား ငဲ့ညှာ၍သာလျှင် ပြောခြင်း ဖြစ်မည်ဟုဆိုကာ အတန်တန် တောင်းပန်နေရကား 'ဘာမီယန်မှ ပုဂ္ဂိုလ်တို့က

"ကျွန်ုပ်တို့ ဟန်ဆောင်ပြောနေခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့ ပြောသည်ကို မယုံကြည်ပါက ကိုင်ယူကြည့်ပါ"ဟု ဆို၏။

ထိုအခါ ကန်ဒါဟာမှ မှူးမတ်များသည် ကျောက်အိုးငယ်ကို လက်ပြောင်းယူကြသည်။ ကျောက်အိုးငယ်မှာ ရေအပြည့်ရှိနေလင့်ကစား ရေမရှိသကဲ့သို့ပင် ပေါ့ပါးနေသဖြင့် တယောက်တလှည့်စီ ချီမကြည့်ကြရင်း တအံ့တသြ ဖြစ်ရပြန်၏။

ကန်ဒါဟာသို့ ရောက်ကြသောအခါတွင် မြို့အဝင်မှသည် လမ်းတလျှောက် အိမ်တိုင်းသို့ ရေများ ဝေငှပေးခဲ့ရာ ဘုရင့်နန်းတော် ရောက်သည့်တိုင်အောင်ပင် ကျောက်အိုးငယ်မှ ရေသည် လျော့သည် မရှိ။ စမ်းရေအိုင်မှ ရေကဲ့သို့ သောက်မကုန်သုံးမကုန်အောင်သာ ရှိနေ၏။ ဘုရင်ကလည်း များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် နန်းတော်ထဲ၌ ကျောက်အိုးငယ်ကို ကောင်းစွာ ပြင်ဆင်ထားလေ၏။ ဝေဒ ပညာရှင်တို့ကလည်း မိမိတို့၏ ကျမ်းစာများရွတ်ဖတ်ကြခြင်းဖြင့် မကြာမြင့်မီမှာပင် ကြီးစွာသော မိုးကြီးရွာလျက် တိုင်းပြည်တွင်လည်း သီးနှံများ စိုက်ပျိုး ထွန်းကားလာတော့သည်။ ကန်ဒါဟာတွင် ကျောက်အိုးငယ်ကို ကာလအတန်ကြာ ထား၍ တိုင်းပြည်၌ စည်ပင်သာယာဝပြော၍ ဘေးအန္တရာယ် အရိပ်နိမိတ် ကင်းရှင်းသောအခါ ဘာမီယန်မှ ပုဂ္ဂိုလ်များအား ဆုလာဘ်များ ပေး၍ ကျောက်အိုးငယ်ကိုလည်း ဘာမီယန်ဒေသသို့ အဆောင်အယောင်များစွာနှင့် ပြန်ပို့ပေးလေသည်။ ဘာမီယန် ဘုရင်


သို့လည်း ရွှေ ငွေ ကျောက် သံပတ္တမြားစသော အဖိုးတန် လက်ဆောင်တို့ကို ဆက်သလိုက်လေသည်။

ကန်ဒါဟာ၊ ဘာမီယန်ဒေသများတွင် သာသနာ ကွယ်ခဲ့သည်မှာ ကြာမြင့်ပြီ ဖြစ်သောကြောင့် ဗုဒ္ဓ၏ သပိတ်တော်ကိုပင် ကျောက်အိုးငယ်ဟုသာလျှင် မှတ်သားမိလျက် ထိုအချိန်က ရဟန်းတော်များကိုလည်း ဝေဒပညာရှင်များသာလျှင် ဖြစ်လိမ့်မည်ဟု ဝိုးတဝါး မှတ်သားမိသော အခြေတွင် ရှိတော့သည်။

ဘာမီယန်ဒေသနှင့် တောင်ပိုင်းတလျှောက် ပါးရှားပြည် အရောက် ဒေသများမှာ သက္ကရာဇ် ၇၅၉ ခုနှစ်အထိသာ ဗုဒ္ဓသာသနာ စည်ပင်ခဲ့သည်။ တားတား စစ်သည်ဗိုလ်ပါတို့ ဝင်၍ တိုက်ခိုက်သဖြင့် ယင်းဒေသမှာ ပျက်စီးခဲ့ရသည်။ သမိုင်းတစောင်၏အဆိုမှာ ရှာလီဇိုဟတ်သို့ တားတားစစ်တပ်များ ဝင်တိုက်စဉ် အခါက ဂျန်နစ်ခန်၏ မြေးဖြစ်သူ ကျဆုံးခဲ့ရသောကြောင့် ဒေါသကြီးလှသော မွန်ဂို စစ်ဗိုလ်မှူးကြီးခန်သည် ကျူပင်ခုတ် ကျူငုတ်ပင် မကျန်စေရ ဆိုသော စကားအတိုင်း ဘုစု ခရုမှအစ အိုမင်း မစွမ်းသူပါ မကျန် တွေ့ရာသင်းချိုင်း မခွဲမဆိုင်းပဲ သတ်ဖြတ်ခဲ့ရာ အလောင်းချင်းထပ်လျက် တိုင်းပြည် ပျက်ခဲ့ရသည်။ နှစ်ပေါင်း အတန်ကြာသည်အထိ ဘာမီယန်ဒေသတွင် အရိုးများ ပုံလျက်ပင် ရှိသည်။ သက္ကရာဇ် ၉၇၆ ခုနှစ်တွင် တဖန် အလက်တာဂင် (ဂါစ်နာဗီ မင်းဆက်ကို ထူထောင်သူ) သည် အဖော်သမက် ဆီဘာတ်တာဂင်နှင့်အတူ တောင်ဖက်ဒေသများသို့ ဆင်း၍ တိုက်

ခိုက်ပြန်ရာ ဘာမီယန်ဒေသမှ ရှားဘုရင်အား စစ်အောင်နိုင်ခဲ့ပြီးလျှင် ဗုဒ္ဓဘာသာကို စွန့်လွှတ်စေသည်။ ဤသို့ဖြင့် အကြိမ်ကြိမ် အဖန်ဖန် စစ်ဒဏ်ကို ခံခဲ့ရသော ဘာမီယန်၊ ကန်ဒါဟာနှင့် ပါးရှားနိုင်ငံများတွင် ဗုဒ္ဓသာသနာထွန်းကားစဉ်က ဗုဒ္ဓသပိတ်တော်ကို ပင့်၍ ပူဇော်ကြရာမှ ထူးခြားဆန်းကြယ်စွာ လူတို့ တွေ့ကြုံရသော အကြောင်းအရာများသည် ပျောက်ကွယ် ကုန်လျက် ကျန်ရစ်ခဲ့သော အကြောင်းအရာ အပိုင်းအစများမှာလည်း မှန်းဆယူရလောက်အောင် မှုန်ဝါးဝါး ဖြစ်နေလေသည်။





# မဏိမေခလေ
# ပြဇာတ်

အိန္ဒိယနိုင်ငံ မဒရပ်မြို့သို့ ရောက်ခဲ့ရစဉ်အခါတွင် မဒရပ်မြို့ အစိုးရ ရှေးဟောင်း အနုပညာလက်ရာ ပစ္စည်းများ ပြတိုက်၌ ကျောက်ပြားတွင် ထွင်းထုထားသော ဗုဒ္ဓ၏သပိတ်တော်အား ပြည်သူအပေါင်း ပူဇော်နေဟန် သက္ကရာဇ် ၂၀၀ ခုနှစ်က ပန်းပု ပညာရှင်တို့၏ ပြောင်မြောက်သော လက်ရာတခုကို တွေ့ရ ပေသည်။ ဗုဒ္ဓသပိတ်တော်ကို တခမ်းတနား လူစုလူဝေးဖြင့် ပင့်ချီပူဇော်နေဟန် ကျောက်သား၌ ရုပ်ကြွပုံများဖြင့် ထွင်း ထုထားသည်ကို ထောက်၍ ဗုဒ္ဓ သပိတ်တော်နှင့် ထိုနေရာ တဝိုက်ရှိ ထိုခေတ် ပရိသတ်တို့ အဆက် အနွယ် အကြောင်း တခုခုတော့ ရှိတန်ရာသည်ဟု မှန်းဆ၍ စုံစမ်းသောအခါတွင် တမီလ် နိုင်ဒူးဒေသတဝိုက်နှင့် အင်ဒရာနယ်၏ ရှေး ဟောင်း

မြို့ကြီးတမြို့ ဖြစ်ခဲ့သော အမရာဝတီ မြို့အကြောင်းကိုလည်း တစေ့တစောင်း သိရလေသည်။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာ အတင့်ရှားဆုံး ဖြစ်ခဲ့သော အမရာဝတီမြို့သည် ဂန်တာမြို့မှ ၁၆ မိုင် ကွာဝေး၍ ယင်းမြို့ရှိ စေတီပုထိုးကြီးမှာလည်း ထိုဒေသ၌ အကြီးမား အခန့်ညား ဆုံး ဖြစ်သည်။ ခရစ်သက္ကရာဇ် ဒုတိယရာစု နှစ်ဦးလောက်တွင် စတင် တည်ထားကိုးကွယ်ခဲ့ပြီးသည့်နောက် သက္ကရာဇ် ၁၅၀ နှင့် ၂၀၀ ကြားတွင် အဆင့်ဆင့်ထပ်၍ မွမ်းမံခဲ့သဖြင့် ဘိုပေါ မြို့နယ် ဆန်ချီ၌ အသောကမင်းကြီး တည်ခဲ့သော စေတီပုထိုး ထက်ပင် လုံးပတ်အားဖြင့် ဖြစ်စေ၊ အမြင့် ဉာဏ်တော်အားဖြင့် ဖြစ်စေ ကြီးသည်။ မြင့်လည်း မြင့်မားသည်။ အမရာဝတီ စေတီ ပုထိုးမှပင်လျှင် ဗုဒ္ဓ၏ သမိုင်းတော်ကို ပူဇော်နေဟန် ရုပ်ကြွ ရုပ်လုံးများ ထွင်းထုထားသော ကျောက်ပြားဝိုင်းကို ရရှိ သည်။ အမရာဝတီ စေတီပုထိုးတဝိုက် ကျောက်ဖြင့် ထုလုပ် ထားသော စကြ်လက်ရမ်း၊ မုခ်ဦးများတွင်လည်း အမရာဝတီ အနုပညာရှင်များ၏ အနုပညာကြွယ်ဝသည့် လက်ရာများကို တွေ့ရသည်။ အမရာဝတီ အနုပညာ လက်ရာများသည် လှုပ ပြောင်မြောက် ကြွယ်ဝသောကြောင့်လည်း လင်္ကာဒီပ သီဟို ကျွန်းနှင့်တကွ အရှေ့တောင်အာရှ ဒေသသို့ပင် ရောက်လျက် ယင်းဒေသများ၏ ရှေးဟောင်း အနုပညာ လက်ရာများတွင် လွှမ်းမိုးနေသည်ဟု သမိုင်း သုတေသီတို့ ကောက်ချက် ချကြ ရသည်။

ထိုသို့ ဗုဒ္ဓ သာသနာတော် ထွန်းကားစပြုသောအချိန်တွင် ဗုဒ္ဓသပိတ်တော်နှင့် ပတ်သက်၍ ထူးခြား ဆန်းကြယ် ကိုးစား ကြည်ညိုဖွယ်ရာ အဖြစ်အပျက်ကြီးတရပ်သည် ပြန့် နှံ့ ကျော် ကြားခဲ့သည်။ ထိုအဖြစ်အပျက်ပေါ် မူတည်လျက် ဗုဒ္ဓ ဘာ သာဝင် တမိလ်စာပေပညာရှင် တဦးသည် 'မဏိ မေခလေ' အမည်ရှိသော ပြဇာတ်စာပေကို တမိလ်ဘာသာဖြင့် ပြုစု ရေး သားခဲ့သည်။

ဗုဒ္ဓသပိတ်တော်သည် တန်ခိုးတော်အနန္တနှင့် ပြည့်စုံသည့် ပြင် အမရဝတီမြို့ကြီးတွင် ထောင်ပေါင်းများစွာသော ပြည် သူ ပြည်သား အပေါင်းတို့ ဒုဗ္ဘိက္ခန္တရကပ်ကြီးနှင့် ကြုံခဲ့ရစဉ် ဗုဒ္ဓ၏ သပိတ်တော် ပေါ်ပေါက်လာ၍ အသက်ပေါင်းများစွာ ချမ်းသာခဲ့သည်။ မဏိမေခလေမည်သော တမိလ်ဘာသာဖြင့် ပြုစုထားအပ်သည့် ပြဇာတ်ပါ အကြောင်း အရာ များကို လေ့လာကြည့်ကြပါဦးစို့။

× × ×

အမရဝတီနှင့် နာဂါဇုနကုန္ဒ အရပ်များတွင် ဗုဒ္ဓသာသနာ တော် ပြန့်ပွားလာစ အချိန်ဖြစ်သည်။ လူတို့သည် လောဘ ဒေါသ မောဟ ဖုံးလွှမ်းနေအပ်သည်ဖြစ်၍ တဦးအပေါ် တဦး တယောက်နှင့် တယောက် မေတ္တာစိတ်ကင်းမဲ့ကာ မိမိနှင့်တကွ သော မိမိ၏ဆွေမျိုး ဉာတိများသာလျှင် စားရစေ၊ အခြား သောသူများ ငတ်မွတ် ခေါင်းပါးနေစေကာမူ အရေးမစိုက်၊ စိတ်မဝင်စား၊ အလှူအတန်း ကုသိုလ်ပြုရမှန်း မသိ၊ သီလမရှိ၊

လင်ရှိမယားမှန်း မသိ၊ ပြစ်မှားကြနှင့် ထိုသို့တစစ တရားပျက်လာသော အခါတွင် ရာသီဥတုကလည်း မမှန်၊ ကြီးစွာသော မုန်တိုင်းများကလည်း မကြာခဏ ကျရောက်သဖြင့် နှစ်စဉ်ဆက်၍ စိုက်ခင်း ပျိုးခင်းများ ပျက်စီးခဲ့သည်။ ထိုသို့ နှစ်စဉ် နှစ်စဉ် ရိက္ခာများ ပြတ်လတ်လာသောအခါ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်လာလျက် ငတ်မွတ်ခေါင်းပါး၍ သေကြေပျက်စီးကြသည်။ အမိဖြစ်သူသည် ငတ်မွတ်နေသော သားငယ်များအား မိမိ၏အသားကို လှီး၍ ကျွေးခဲ့သည်။ မစားအပ် စားအပ်သော တိရစ္ဆာန်မျိုးဟူ၍ ခွဲခြား မနေတော့ပဲ မြင်မြင်သမျှသော တိရစ္ဆာန်များကို ရှာဖွေစားသောက်ကြရသောအခါ ဆန်းပြားသောရောဂါဝေဒနာများ စွဲကပ်ကြသည်။ ဇနပုဒ်မှသည် မြို့၊ မြို့မှသည် တနယ်လုံး တတိုင်းလုံး ကူးစက်လျက် နောက်ဆုံးတွင် သားက မိဖကို ပစ်ထားခဲ့ရပြီးလျှင် လွတ်ရာသို့ ရှောင်သည်။ မိဖက သားသမီးကိုစွန့်၍ ကိုယ်လွတ်ထွက်ခွာသွားသည်။ ဗရုတ်ဗရက် တိုင်းကားပြည်ရွာ ပျက်လုနီးနီးရှိသော အချိန်သို့ ရောက်ခဲ့သည်။

ထိုအခါတွင် ရသေ့တပါးသည် ပန်ချလီ (ပဉ္စလီက) မြို့သို့ ဝင်ရောက်လာလျက်ဆွမ်းရပ်အံ့သော အိမ်ကို ရှာသည်။ တအိမ်တွင်လည်း မျက်ရည်စက်လက်၊ နောက် တအိမ် တွင် လည်း ငိုကြွေးပူဆွေးလျက်၊ နောက်တအိမ်ရောက်ပြန်လည်း အိမ်ရှင်များ စွန့်ပစ်ထားလျက် ကုသိုလ်ရေး၌ စိတ်မဝင်စားနိုင်သော သူများကိုသာ အိမ်တိုင်း အိမ်တိုင်း၌ တွေ့ရသောအခါ ရသေ့ကြီးသည် ထိုသို့ ဒုက္ခရောက်နေသူတို့အား 'အဘယ်သူသည်

ဦးဆောင်၍ ကယ်တင်နိုင်အံ့နည်း’ ဟု အနာဂတ်ကို မျှော်မှန်း ကြည့်လေသည်။ ထိုအခါတွင် ‘မဏိမေခလေ’ သတို့သမီးကို သွားမြင်မိသည်။

မဏိမေခလေကား ငယ်စဉ်ကပင် အိုမင်းသော မိဖနှစ်ပါး ကို လုပ်ကျွေးလာခဲ့သူဖြစ်သည်။ ကိုယ်ကျင့်တရား ပြည့်ဝသူ လည်း ဖြစ်သည်။ သီလရှိသူလည်း ဖြစ်သည်။ ဗုဒ္ဓ သာသနာကို ကြည်ညိုလေးစားသည်။ ရဟန်းသံဃာ ရသေ့ ရဟန်းများကို လည်း အမြဲဝတ်ပြု၍ မိမိတတ်အားသမျှသော ချွေးနည်းစာမှ လှူဒါန်းသည်။ သတ္တဝါများ ချမ်းသာစေကြောင်းကိုလည်း မေတ္တာပို့၍ တိုင်းပြည် ပျက်လုနီးပါး ဘေး ဒုက္ခအပေါင်း ကပ်ရောက်၍ လူသူသတ္တဝါအပေါင်း မိမိအစွမ်းအစဖြင့် ကယ် ဆယ်နိုင်ပါက မိမိအသက်ကိုပင် စွန့်ရပါစေ၊ ကယ်ဆယ်လို ပါသည်ဟု တောင့်တနေသူကလေး ဖြစ်သည်။ ရုပ်ရည် ရူပ ကာယမှာလည်း ချောမောလှပသူ ဖြစ်ရကား သူ့ကို တွေ့ဖူး သူများသည် သူ့အား သနားကရုဏာ သက်ရောက် ခင်မင် ကြသည်ချည်း ဖြစ်သည်။

ရသေ့ကြီးသည် မဏိမေခလေ၏အိမ်ရှေ့၌ ရပ်သည်။ မဏိ မေခလေသည် ရေကန်မှ ရေခပ်ပြီးအပြန် ရသေ့ကြီး ဆွမ်းရပ် နေသည်ကို မြင်ရသောအခါ အိမ်ပေါ်သို့ အမြန်တက်၍ ရေ အိုးကို နေရာချကာ အိမ်တွင်း၌ ရသေ့ကြီးအား လှူနိုင်အံ့သော စားသောက်ဖွယ်ရာများကို ရှာလေသည်။ စားသောက်ဖွယ်ရာ ဟူ၍ ဘာမျှ မတွေ့ရသောအခါ စိတ်မကောင်း ဖြစ်မိသည်။

ထိုကြောင့် ရသေ့ကြီးကို အိမ်ထဲသို့ကြွ၍ မိမိလှူနိုင်မည့် စားသောက်ဖွယ်ရာများ ချက်ပြုတ် နေစဉ် စောင့်ဆိုင်း ပါရန် လျှောက်ထားသည်။ ရသေ့ကြီးသည် မဏိမေခလေအား မိမိ စောင့်ဆိုင်းနေပါမည်၊ စောင့်ဆိုင်းနေရစဉ် သောက်ရေအလို့ငှာ ရေတခွက် ဆက်ကပ်ရန် အလှူခံသည်။

မဏိမေခလေတို့ နေရာရှိ ရေကန်သည် ထိုအချိန်တွင် ကျွန်ုပ်သွား တိရစ္ဆာန်တို့ ရေတော်ကြသောအခါ၊ တားမရ ဆီးမနိုင်လောက်အောင် ရေကန်၏ အကာအရံများ အတင်း တိုးဝှေ့ ဖျက်ဆီး၍ ရေကန်တွင်းဆင်းကာ သောက်ကြသည့်ပြင် ကန်ရေမှာလည်း တဖြည်းဖြည်း ခမ်းခြောက်နောက်ကျိနေလေပြီ။ ထိုကြောင့် မဏိမေခလေသည် ရေကို ကြည်လင်လာအောင် အကြိမ်ကြိမ် အဖန်ဖန် ပိတ်ပါးပုဝါ ရေစစ်ဖြင့် အကြိမ်ကြိမ် စစ်ယူပြီးမှ သောက်သုံးနိုင်သောကြောင့် ထိုအကြိမ်မှာလည်း ရသေ့ကြီးအလှူခံသော ရေအတွက် စိတ်မကောင်း ဖြစ်မိပြန်သည်။

"ငါ့သမီး၊ ယခု ကန်မှ ခပ်ယူလာသောရေကိုပင် ကျွန်ုပ် သောက်သုံးမည်။ ခွက်ဖြင့်ခပ်ယူ၍သာ လှူဒါန်းပါ"ဟု ရသေ့ကြီးက အခက်တွေ့နေသော မဏိမေခလေအား ထပ်မံ မိန့်ကြားသည်။ မဏိမေခလေသည် ရသေ့ကြီး မှာကြားသည့်အတိုင်း အိုးမှရေကို ခွက်ငယ်ဖြင့် ခပ်လေသည်။ ခွက်ငယ်၌ ပါလာသောရေသည် ကြည်လင် အေးမြနေ၏။ ရေစစ်ဖြင့် အဖန်တရာလောက် စစ်ယူထားသော ရေထက်ပင် သန့်စင်နေ၏။

မဏိမေခလေသည် အံ့ဩလျက် ရသေ့ကြီးအား ရေခွက်ကို ကပ်ရင်း လက်အုပ်ချီလေသည်။ ထိုနောက် ဆွမ်းချက်ရန် အလို့ငှာ ဆန်အိုးဆီသို့သွား၍ ဆန်ခပ်ယူရန် အိုးဖုံးကို ဖွင့်သည်။ အိုးအပြည့် ဆန်ကို တွေ့ရပြန်သည်။ မနေ့ ညနေက ဆိုလျှင် ဆန်အိုးထဲ၌ သူတို့မိသားစု သုံးနပ်စာ ချက်စားနိုင်လောက်သော ဆန်မျှသာရှိသည်။ ယခု ရသေ့ကြီးကို ဆွမ်းကပ်ရန် ဆိုခါမျှဖြင့် ဆန်အိုးအပြည့် တွေ့နေရပြန်ပြီ။ သူမသည် ဒုတိယအကြိမ် အံ့ဩသွားပြီးလျှင် မိမိတို့ အိမ်ဦးခန်း၌ သီတင်းသုံးနေသော ရသေ့ကြီးကား အထူးထူး အပြားပြားသော တန်ခိုးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သာ ဖြစ်မည်၊ ရသေ့ကြီး ကြွရောက်၍ အိမ်ပေါ်တွင် သီတင်းသုံး နေသည့် အချိန်ကတည်းကပင် မကြုံစဖူး ထူးခြား ဆန်းကြယ်သော အဖြစ်အပျက်နှင့် ကြုံနေရလေပြီ။ မိမိတို့တိုင်းပြည်တွင် တွေ့ကြုံနေရသော ဘေးဒုက္ခအပေါင်းမှ ကင်းလွတ်အောင် ရသေ့ကြီးအား လျှောက်ထား၍ အကူအညီ တောင်းရသော် ပြည့်စုံနိုင်ဖွယ်ရာရှိသည်ဟု မဏိမေခလေတွင် အကြံ ဖြစ်ပေါ်မိ၏။

ထို့ကြောင့် ဆွမ်းချက်ပြီးနောက် ခူးခပ်၍ ရသေ့ကြီးအား ဆက်ကပ် လှူဒါန်းရင်း

"ရသေ့ကြီးဘုရား၊ ဤတိုင်းပြည်တွင် လူသူအပေါင်းတို့ များစွာ ဒုက္ခရောက်လျက် ရှိနေပါသည်။ နေ့စဉ်နှင့်အမျှ လူအများ၊ တိရစ္ဆာန်အများသည် ထူးထွေ များပြားလှသော ရောဂါများ ကျရောက်၍ သေကြေ ပျက်စီးလျက် ရှိပါသည်။ ဤဘေးဒုက္ခမှ ကင်းဝေးအောင် ဘုရား တပည့်တော်မတို့

ဘယ်လို ဆောင်ရွက်ကြရလျှင် သင့်တော်ပါမည်နည်း” ဟု လျှောက်ထား၏။

“သူငယ်မ၊ ဤတိုင်းပြည်တွင် လူတို့သည် မေတ္တာတရား ကုန်ခမ်းခဲ့သည်။ မင်း မှူးမတ်တို့သည်လည်း ကိုယ်ကျင့်တရား ကင်းမဲ့ကြ၍ မိမိတို့ ကိုယ်ကျိုးကိုယ်တာ စီးပွား၊ ကိုယ့် ချမ်းသာမှုကိုသာ ကျင့်ကြံနေကြကုန်သည်။ ဤသို့ တပြည်လုံး တတိုင်းလုံး တရားမဲ့မှုကြောင့်ပင် ဘေးဒုက္ခများနှင့် တွေ့ကြုံနေကြရကုန်သည်။ သူငယ်မ၊ ဤသို့သော ဘေးဒုက္ခများမှ ကယ်တင်လိုလျှင် ငါ နည်းလမ်းတခု ပေးခဲ့မည်။ သူငယ်မ သစ္စာပြု၍ ဆောင်ရွက်သော် အောင်မြင်နိုင်ပါလိမ့်မည်”

“ဘုရားတပည့်တော်မ သစ္စာပြု၍ ဆောင်ရွက်ရမည် ဆိုလျှင် အသက် စွန့်လွှတ်ရသော သစ္စာပြုရသည့် အမှုမျိုးပင် ဖြစ်ပါစေ။ ဘုရားတပည့်တော်မ၏ ခန္ဓာကိုယ်ကိုစွန့်၍ သစ္စာပြုပါမည်။ အမိန့်သာ ရှိတော်မူပါ”ဟု မဏိ မေခလေက လျှောက်ထား၏။

ရသေ့ကြီးသည် သာဓု သုံးကြိမ်ခေါ်လျက် မဏိမေခလေ ဆောင်ရွက်ရအံ့သော သစ္စာပြုလုပ် ဆောင်ရွက်ဖွယ်ရာ ကိစ္စများကို အောက်ပါအတိုင်း မိန့်ကြား၏။

“သူငယ်မ၊ ဤနေရာမှ အရှေ့စူးစူး တနေ့တာသွားရသော ခရီးအဆုံးတွင် လွန်စွာသာယာတင့်တယ်သော ရေကန်ကြီးကို တွေ့ရလိမ့်မည်။ ထိုရေကန်ကြီးကို နတ်ကောင်းနတ်မြတ်များ စောင့်ကြပ်နေကြသည်။ မကောင်းမှု ‘ဒုစရိုက် အ ကုသိုလ်

ပြည့်ဝနေသူများ ကန်အနီးသို့ မချဉ်းကပ်နိုင်။ သူငယ်မမှာ စိတ်ထား မွန်မြတ်သူဖြစ်၍ ကန်၌ စောင့်ကြပ် နေသူတို့က စောင့်ရှောက်ပါလိမ့်မည်”

“အမိန့်ရှိတော်မူပါ”

“ကန်စောင်းတွင်ထိုင်၍ သူငယ်မ သစ္စာပြုပါ။ သူငယ်မ ယနေ့အထိပြုခဲ့သော ကုသိုလ်များကို အောက်မေ့ပါ။သတ္တဝါများကို မေတ္တာပို့ ဆုတောင်းပါ”

“ကောင်းပါပြီအရှင်”

“လပြည့်နေ့ညတိုင်းတွင် ကန်၏ အလယ်ဗဟို၌ ပဒုမ္မာကြာပန်းကြီးတပွင့် ပေါ်စမြဲဖြစ်သည်။ ကြာပန်းကြီးပေါ်တွင် ဗုဒ္ဓမြတ်စွာ၏ သပိတ်တော်ကို တွေ့ရလိမ့်မည်။ သူငယ်မ၏ သစ္စာ တန်ခိုး ကြီးမားသည်နှင့်အမျှ ကြာပန်း ကြီးသည် သူငယ်မရှိရာ ကမ်းနဖူးသို့ ရွေ့ရှားလာပြီးလျှင် ဗုဒ္ဓ၏သပိတ်တော်ကို ဆောင်ကြဉ်းလာလိမ့်မည်။ သူငယ်မသည် ဗုဒ္ဓ၏ သပိတ်တော်ကို ရိုသေစွာ ကိုင်ဆောင်ခဲ့ပြီးလျှင် သပိတ်တော်ထဲမှ ထုတ်ယူ၍ရသော စားသောက်ဖွယ်ရာများကို ငတ်မွတ်နေသော ဒုက္ခသည်များအား ကျွေးလော့။ လူအပေါင်းအားလည်း မေတ္တာတရားထားရန် ဟောကြားလော့။ရတနာသုံးပါး၌လည်း ဆည်းကပ်ကိုးကွယ်ရန် ဆုံးမလော့”ဟု ရသေ့ကြီးက မဏိမေခလေ သတို့သမီးအား အမရဝတီ တိုင်းပြည်ကြီး ချမ်းသာရာ ရစေကြောင်း နည်းပေးလမ်းပြ ဆုံးမ၏။ ထို့နောက် မဏိမေခလေ သတို့သမီး ဆက်ကပ်လှူဒါန်း အပ်

သော ဆွမ်းကို လက်ခံ၍ ရသေ့ကြီးသည် နေရာမှ ထကာ သာလျှင် ပျောက်ကွယ်သွားခဲ့၏။

× × ×

မဏိမေခလေသည် လပြည့်နေ့ ဖြစ်အံ့သော အချိန်ကိုသာ စိတ်စောစွာ တောင့်တနေလေသည်။ လပြည့်နေ့ ကျရောက်သောအခါ ကောင်းစွာ ရေချိုးသန့်စင်လျက် ကိုယ်၌ အမွှေးနံ့သာ လိမ်းကျံပြီးလျှင် မိမိအိမ်မှ အရှေ့စူးစူးသို့ နံနက်စောစောကပင် ထွက်သွား၏။ ယင်းသို့ အိမ်မှမထွက်မီ မိမိ၏ မိဖနှင့် ဆွေမျိုးများအားလည်း အကျိုးအကြောင်း ပြောပြလျက် မိမိ ပြန်ရောက်လာသောအခါတွင် ဗုဒ္ဓသပိတ်တော်ကို ကောင်းစွာ ပူဇော်ထားရန်အတွက် မြင့်မြတ်သောနေရာ ရွေးခြယ် ပြင်ဆင်ထားဖို့ကိုလည်း မှာကြားခဲ့လေသည်။

ရသေ့ကြီး ညွှန်ပြခဲ့သော လမ်းအတိုင်း သွားသောအခါ မဏိမေခလေသည် နေမွန်းတည့်သောအခါတွင် လမ်းခရီး၌ အဖိုးအိုတဦးနှင့် တွေ့လေသည်။ အဖိုးအိုက

"ငါ့သမီး၊ ဤလမ်းခရီးမှာ တကိုယ်ထည်းတည်း အဘယ်အရပ်သို့များ သွားမည်နည်း" ဟု မေး၏။

မဏိမေခလေက ဟုတ်တိုင်း မှန်ရာကို ပြန်လည်ပြောပြသောအခါ အဖိုးအိုက

"ငါ့သမီးပြောသော ရေကန်ကြီးကို လမ်းခရီးမှာ အဖိုးမတွေ့ခဲ့မိပါ။ အဖိုး ကြားဖူးသည်ကတော့ ကိုယ်ကျင့်တရား

ကောင်းမွန်သည်ဟု သစ္စာဆိုနိုင်သူသာလျှင် ထိုဆန်းကြယ်သော ကန်ကြီးကို တွေ့နိုင်၍ ကန်အလယ်၌ ပေါက်နေသော ကြာပန်းပေါ်မှ အဖိုးထိုက်တန်လှသော ရတနာကို ဆောင်ယူနိုင်စွမ်း ရှိလိမ့်မည်ဟု ကြားဖူးခဲ့ပါသည်။ ငါ့သမီးမှာ သစ္စာပြုနိုင်လောက်သော ကောင်းမြတ်သော ကိုယ်ကျင့်တရား ဆောင်ထားပါသလော”ဟု ပြန်မေး၏။

“သမီးမှာ သစ္စာပြုနိုင်လောက်သော ကိုယ်ကျင့်တရား လုံခြုံမှု ရှိသည်ဟု ယုံကြည်၍သာလျှင် ဤမျှဝေးလံသော ခရီးကို လျှောက်ခဲ့ပါသည် အဖိုး။ ကန်အလယ်၌ရှိသော ကြာပန်းပေါ်၌ ဗုဒ္ဓ၏ သပိတ်တော်ကို ကျမသာလျှင် ဆောင်ယူနိုင်၍ ဒုက္ခရောက်နေသော သတ္တဝါများကို ကယ်ဆယ်နိုင်မည်ဟုလည်း ယုံကြည်ပါသည် ဖိုးဖိုး”

“သာဓု သာဓု။ ငါ့သမီးသွားအံ့သော ခရီးကို ဆက်၍သာသွားလော့။ ဘေးအန္တရာယ်များမှ ကင်းဝေး၍ လိုအပ်သော ဆုနှင့် ပြည့်စုံပါစေ”

မဏိမေခလာသည် ခရီး ဆက်သွား လေသော် ညနေစောင်းအချိန် ရောက်သောအခါ သာယာ တင့်တယ်သော ကန်ကြီးကို တွေ့လေသည်။ ကန်ထဲတွင် ကြာမျိုးငါးပါးပွင့်လျက် ရေမျက်နှာပြင်သည် ငြိမ်သက်လျက် ရှိသည်။ ကန်အလယ်၌ တွေ့ရအံ့သော ပဒုမ္မာကြာပန်းကို မဏိမေခလာ မျှော်မှန်းရှာဖွေသည်။ မတွေ့မြင်မိ။ ရသေ့ကြီး မိန့်ကြားခဲ့သော စကားများကို ပြန်လည် သတိရသောအခါမှပင် မဏိမေခလာသည်

အားတက်လာပြန်၍ ကောင်းကင်၌ တောက်ပထွန်းလင်းစွာ ပေါ်လာမည့် လမင်းကြီးကို စောင့်စားနေခဲ့သည်။

တစစနှင့် အလင်းရောင် ပျောက်ကွယ်ချိန်တွင် အရှေ့ဖက်မှ ဝိုင်းစက် ပြည့်ဝန်းသော လမင်းကြီးသည် မှုတိမ် ကင်းစင်သော ကောင်းကင်ပြင်၌ ပေါ်ထွက်လာလျက် အေးမြ ချမ်းသာသော ရောင်ခြည်ဖြင့် ပက်ဖြန်း၍ ကန်ကြီးကို ထွန်းလင်းတောက်ပစေ၏။ ထိုအချိန်တွင် သာယာ ငြိမ့်ငြောင်းသော တူရိယာသံများသည် ကန်ကြီးထဲမှ ပျံ့လွင့် ပေါ်ထွက်လာရာ မဏိမေခလေသည် မိမိ တောင့်တအပ်သော ရတနာကို ဖူးတွေ့ရအံ့နိုးနှင့် ကန်အလယ်သို့ မျှော်မှန်း ကြည့်မိပြန်သည်။ ထိုအချိန်ထိ ကန်ကြီး၏ အလယ်ဗဟိုဖြစ်သော ရေပြင်သည် ငြိမ်သက်လျက် လရောင်ဖြင့် တောက်ပလျက်သာ ရှိနေသေးသည်။

မဏိမေခလေသည် သစ္စာပြုလေသည်။

"တပည့်တော်မသည် လူမှန်း သိတတ်လာသည့် အရွယ်မှစ၍ မကောင်းမှု ဟူသမျှကို စက်ဆုပ်စွာ ရှောင်ကွင်းခဲ့ပါ၏။ သတ္တဝါအားလုံး ချမ်းသာစေကြောင်းကိုသာ နေ့စဉ်နှင့်အမျှ ဆုတောင်းခဲ့ပါ၏။ ဗုဒ္ဓအား ရိုသေ ကိုင်းရှိုင်း၍ ပူဇော်ပါ၏။ ဗုဒ္ဓ၏ တရားတော်များ၊ ဗုဒ္ဓ၏ တပည့် သံဃာတော်များကိုလည်း ရိုသေကိုင်းရှိုင်းစွာ ပူဇော်ပါ၏။ တပည့်တော်မသည် မှန်သောစကားကိုသာ ဆိုခဲ့၏။ တပည့် တော် မ ၏ သစ္စာကြောင့် ကန်၏အလယ်တွင် တည်သော ဗုဒ္ဓ၏ သပိတ်ရတနာ

မြတ်သည့် ပေါ်ထွန်းခဲ့၍ တပည့်တော်မထံသို့ ကြွခဲ့စေ သတည်း”

တူရိယာသံများနှင့်အတူ မေ့ဂီတသံများသည်လည်း ပေါ် ခဲ့ပြန်သည်။ မေ့ဂီတသံများ ရပ်သွားသောအခါတွင် ကန် ကြီး၏ အလယ်၌ အလွန်တရာ ကျက်သရေ မင်္ဂလာနှင့် ပြည့် စုံ၍ ခန့်ညား ထယ်ဝါသော ကြာပန်းတပွင့် ပေါ်လာပြီးလျှင် ထိုကြာပန်းကြီးပေါ်တွင် အရောင်မျိုးစုံ တဖိတ်ဖိတ် တလက် လက် တောက်ပနေသော ဗုဒ္ဓ၏ သပိတ်တော်ကို သူမ ဖူးနေရ လေသည်။ ကြာပန်းကြီးသည် ကန်အလယ်၌ တည်မနေပဲ သူမဆီသို့ တရွေ့ရွေ့ လာနေသည်ကိုလည်း သတိပြုမိသည်။

ကြာပန်းကြီး ရေမျက်နှာပြင်၌ မျောလာနေသည်ကို မဏိ မေခလေသည် ရှင်ပြုံးအားရစွာဖြင့် လက်အုပ်ချီလျက် ဖူး မြော်နေမိသည်။ သပိတ်တော်သည် ကြာပွင့်ပေါ်တွင် တည် နေသည်ကလည်း တည်ငြိမ်လှသည်။ လရောင် ဟပ်သဖြင့် သပိတ်တော်၏ ထက်ဝန်းကျင်၌ ညိုမောင်းသော အရောင် များ ထွက်လျက်ရှိသည်။ ကမ်းသို့ ကပ်လာသော ကြာပွင့် ကြီးပေါ်မှ သပိတ်တော်ကို ပင့်ယူရန် မဏိမေခလေသည် ပုဆစ်တုပ်လျက် လက်များကို ဆန့်တန်းလိုက်သည်။ သစ္စာ ရှင်မကလေး၏ လက်ပေါ်သို့ သပိတ်တော်သည် ပေါ့ပါးစွာ ရောက်လာသည်။ မဏိမေခလေကား ဝမ်းသာမဆုံးပြီ။

သူမသည် ဗုဒ္ဓ၏ သပိတ်တော်ကို ဦးခေါင်းပေါ်သို့ တင် ရွက်ပြီးလျှင် ဒုက္ခဆင်းရဲခြင်း ရောက်နေသော မိမိတိုင်းပြည် ကို ကယ်တင်နိုင်တော့မည်ဟု အားရ ဝမ်းသာစွာဖြင့် လာလမ်း

အတိုင်း ပြန်ခဲ့သည်။ လရောင်ကြောင့် လမ်းတလျှောက်တွင် ထိန်ထိန်လင်းလင်း ဝင်းဝင်းပပ ရှိလှသည်။ မြေ့ဂီတသံများ၊ စောင်းညှင်း တူရိယာ သံ များ သည် လည်း ရောပြွမ်းလျက် သူမ၏ နောက်ပါးမှ ထက်ကြပ်မကွာ လိုက်ပါ ပျံ့လွင့်လာသည်။

မည်သို့မည်ပုံ ရောက်လာသည် မသိ၊ တနေ့တာလာရသော ခရီးကို ကွမ်းတဝါးညက်လောက်နှင့်ပင် မိမိတို့နေရာမြို့အဝင်သို့ ရောက်လာခဲ့သည်။ မဏိမေခလေသည် အံ့ဩဖွယ်ရာ ရသေ့ကြီး ပေးသော အိုးတလုံးကို ဆောင်ကြဉ်းလာလိမ့်မည်ဟု တအိမ်မှ တအိမ် တနေရာမှ တနေရာသို့ သတင်းပြန့်သွားသဖြင့် နံနက် အရုဏ်တက်၍ မဏိမေခလေ ပြန်ရောက်လာလျှင် ကြိုဆိုမည်ဟု လူစုလူဝေးနှင့် ဆွေးနွေးတိုင်ပင် နေကြသည်။

ဗုဒ္ဓ သပိတ်တော်ကို ရွက်၍ မြို့တွင်းဝင်လာသော မဏိမေခလေကို မြင်တွေ့ရသည့် လူစုလူဝေးကြီးသည် မဏိမေခလေအား ဝန်းရံလျက် အိမ်အရောက် လိုက်ပါ ပို့ဆောင်ကြသည်။ တမြို့လုံးမှာလည်း စည်သံ ခေါင်းလောင်းသံများဖြင့် ဆူညံလျက် အုံးအုံးကျွက်ကျွက်ဖြစ်လျက် ရှိသည်။

မဏိမေခလေသည် သပိတ်တော်ကို မြင့်မြတ်သော အသင့် ပြင်ဆင်ထားသည့်နေရာတွင် တရိုတသေတင်ထား၍ လူထု ပရိသတ်ကြီးဖက်သို့ လှည့်လျက်

"မိတ်ဆွေတို့၊ ငါတို့အဖို့ ယနေ့မှစ၍ ကောင်းခြင်းမင်္ဂလာ နှင့် ပြည့်စုံလေပြီ။ ငါတို့သည် ဗုဒ္ဓနှင့်တကွသော ဗုဒ္ဓ၏တရားတော် သံဃာတော်တို့ကို ကြည်ညိုလေးစား အထွတ်အမြတ်

ထံသွား၍ ကိုးကွယ်ပူဇော်ကြရလိမ့်မည်။ ငါတို့သည် တဦးနှင့် တဦး မလိုမုန်းထားခြင်းကို ရှောင်ရှား၍ ကောင်းမြတ်သော အကျင့်ကို ကျင့်ဖို့လိုပြီ။ ငါတို့စိတ်မှာ ကိန်းအောင်း နေခဲ့သော ယုတ်မာ ဆိုးသွမ်းသော အညစ်အကြေးများကို ယနေ့ မှစ၍ ဆေးကြောပစ်ရင်း သူတော် သူမြတ်စိတ်ကို မွေးမြူပါက ငါတို့ထံတွင် ဤအံ့သြဖွယ်ရာ တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံ သော ဗုဒ္ဓသပိတ်တော်သည် အစဉ်ကိန်းဝပ်နေလိမ့်မည်” ဟု ပြောကြား၏။

မဏိမေခလေ၏စကားကို ကြားရသော ပရိသတ်ကြီးသည် “ကောင်းပါပြီ၊ ကောင်းလှပါပြီ။ ကျွန်ုပ်တို့ သူတော်ကောင်း တို့ ကျင့်သုံးသော တရားများကို ထာဝစဉ် လေးစားပါမည်” ဟု သုံးကြိမ်တိုင်တိုင် ကြွေးကြော် ဂုဏ်ပြုကြသည်။ သပိတ် တော်ကိုလည်း အထွေထွေ အထူးထူးသော အမွှေးနံ့သာတို့ဖြင့် ပူဇော်ကြ၏။

ထိုနေ့မှစ၍ ဗုဒ္ဓ သပိတ်တော်မှသည် ဆန်စပါးကိုလည်း ကောင်း၊ ရောဂါအမျိုးမျိုး ဖိစီး နှိပ်စက်ခံနေရသော နာမ ကျန်း ဒုက္ခိတများအတွက် ဆေးဝါးများကို လည်းကောင်း မဏိမေခလေ ထုတ်ယူဝေငှတိုင်း လက်ရာမယွင်း မလျော့ပါး သွားပဲ ပကတိအတိုင်းသာရှိ၍ စားသုံး မကုန်နိုင်ဖွယ်ရာ တည် လျက်သာနေ၏။ အမရဝတီတိုင်းအနှံ့ ထိုသတင်းရောက်လေရာ မှ ခလေးလူငယ် လူရွယ်လူလတ် လူအို၊ ယောကျ်ား မိန်းမမရွေး စုရုံး၍သာ လာရောက်ကြသဖြင့် အထူး စည်ကားလှသည်။

အမရဝတီ ပြည့်ရှင်မင်းသည်လည်း ထိုသတင်းကိုကြားသဖြင့် သပိတ်တော်ကို ဖူးမြော်ရန် ကြွရောက် လာလျက် အထူးထူး အပြားပြားသော ပူဇော်ခြင်းဖြင့် ပူဇော်ပြီးလျှင် သပိတ်တော်ကိန်းဝပ်ရန် ကြီးကျယ်လှသော ကျောင်းကြီးကို ဆောက်လုပ် လှူဒါန်းလေသည်။ ရဟန်းသံဃာတော်များကိုလည်း ပင့်ဖိတ်၍ ထိုကျောင်းကြီး၌ သီတင်းသုံးစေသည်။ ကိုင်းသူ ပြည်သားအပေါင်းတို့သည်လည်း ရတနာသုံးပါး၌ ရှိသေ ကိုင်းရှိုင်းလာကြပြီးလျှင် တဦးနှင့်တဦး ချစ်ခင် ကြင်နာစွာ နေထိုင်ခြင်းဖြင့် အမရဝတီပြည်သည် အတိုင်းထက် အလွန် စည်ပင် ဝပြော သာယာလာလေသည်။


မဏိမေခလေသည်လည်း အသက်ထက်ဆုံး ဗုဒ္ဓ သပိတ်တော် ကိန်းဝပ်ရာ ကျောင်းတော်ကြီး၌ ဇုဒ္ဓဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်ရင်းပင် ကွယ်လွန်ခဲ့ပြီးသည့်နောက် ဗုဒ္ဓ သပိတ်တော်သည်လည်း ကွယ်ပျောက်သွားခဲ့လေသည်။

× × ×

အမရဝတီမြို့ရှိ ရှေးဟောင်းစေတီကြီးမှ တွေ့ရသော ကျောက်ပြားဝိုင်းပေါ်တွင် ထုလုပ်ထားသည့် ရုပ်ကြွရုပ်လုံးများကသည်ပင်လျှင် အခါတပါး၌ အမရဝတီပြည်တွင် ထင်ရှားခေါင်းပါးသော ဘေးအန္တရာယ်ကြီးနှင့် ရင်ဆိုင်ခဲ့ရစဉ် ဗုဒ္ဓ သပိတ်တော်သည် အမရဝတီ ပြည်သူအပေါင်းအား ဒုက္ခဘေးအပေါင်းမှ ကယ်တင်ခဲ့သည်ကို သရုပ်ဖော်ရင်း ပြည်သူအပေါင်းက ဗုဒ္ဓ သပိတ်တော်ကို ပူဇော်နေဟန် ပေါ်လွင်

လျက်ရှိသည်။ ယခုအခါတွင်ဆိုလျှင် ပန်ချလီမြို့မှ အာရှာရ ပါတရဆိုလျှင် စားနပ်ရိက္ခာ စားသုံး၍မကုန်အောင် ပေးစွမ်းနိုင်သော ထူးဆန်းသောအိုး (သို့မဟုတ်) ခွက်ဟု တမိလ်အမျိုးသားတို့ နားလည်ကြသည်။ စင်စစ်တော့ အာရှာရ ပါတရသည်ပင် ဗုဒ္ဓ၏ သပိတ်တော်ပေတည်း။





## ဗုဒ္ဓအရိပ်တော်ကို ဖူးကြရခြင်း

တရုတ်အမျိုးသား ဗုဒ္ဓဘာသာ ရဟန်းတော် ဖာဟီယန် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့ လာရောက်ခဲ့ပြီးသည့်နောက် နှစ်ပေါင်း ၂၀၀ ကျော်အကြာ ခုနစ်ရာစုနှစ်လောက်တွင် တရုတ်ပြည်မှ စွန့်စွန့်စားစား ထွက်ခွာလာခဲ့သော တရုတ်အမျိုးသား ဗုဒ္ဓဘာသာ ရဟန်းတော် တပါးသည်လည်း မဇ္ဈိမဒေသသို့ ရောက်ခဲ့ပြန်သည်။ ထိုရဟန်းတော်ကို ဟူယန်ဆိုင်ဟု လည်းကောင်း၊ ရှင်ကျန်ဟု လည်းကောင်း၊ ယွမ် ချွမ် ဟု လည်းကောင်း ခေါ်ဝေါ်ရေးသားနေကြသည်။ ၁၉၅၉ ခုနှစ်တွင် ပိကင်းမြို့၌ ပုံနှိပ်ထုတ်ဝေခဲ့၍ ဘုန်းတော်ကြီး ဟွိုလို့ စုဆောင်း ရေးသားအပ်သော စာအုပ်တွင် မဟာဆုအင်ကျောင်းတိုက် တိပိဋက ဆရာတော်ကြီး ဆုအန်ဆိုင်ထေရုပ္ပတ္တိ

ဟု အမည်ပေးထားပြန်သည်။ ထိုစာအုပ်ကို ဘုန်းတော်ကြီး ဟွီလီက တရုတ်ဘာသာဖြင့် ပြုစုခဲ့ရာ လီယွန်ဆီဆိုသူ ပုဂ္ဂိုလ်က ဘာသာပြန်ဆိုလေသည်။

ဘုန်းတော်ကြီး ဆုအန်ဆိုင် ရောက်ရှိလာသည့် အချိန်တွင် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ သာသနာတော်သည် ညှိုးမှိန်လျက် ရှိနေလေပြီ။ သို့ရာတွင် ကျောင်းတော်ကြီးများ၊ စေတီပုထိုးများအနက် အချို့ကို ခန့်ညားထယ်ဝါစွာပင် ဖူးတွေ့ရသေးသော်လည်း အချို့မှာ ပျက်စီးယိုယွင်းလျက် ရှိနေလေသည်။ ဗုဒ္ဓနှင့် ဆက်နွယ်နေသည့် ထူးခြားဆန်းကြယ် တန်ခိုး ကြွယ်သော အသုံးအဆောင် ပစ္စည်းများမှ အစ ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်က ချထားခဲ့သော ခြေတော်ရာ၊ အရိပ်တော် စသည်တို့ကိုလည်း ဖူးတွေ့ရသေးသည်။ သို့ရာတွင် ဆုအန်ဆိုင်သည် အရိပ်တော်ကို ဖူးမြော်ချင်လှသဖြင့် သုတ်ပရိတ်တော်များကို အတန်တန် ရွတ်ဆို ဆုတောင်းကာမှ အရိပ်တော်ကို ဖူးမြော်ခဲ့ရသည်။ ဗုဒ္ဓ၏ သပိတ်ကို ဆိုလျှင် မည်သည့်နေရာမှာ ကိန်းဝပ်နေသည်ဟူသော မှတ်တမ်း တင်နိုင်ခဲ့သည်။ ကိုယ်တိုင် ဖူးမြော်ခဲ့ရသည်ဟုကား မရေးသားနိုင်ခဲ့ပေ။

တရုတ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဆုအန်ဆိုင်၏ မှတ်တမ်းမှ အောက်ပါ အကြောင်းအရာ အချို့ကို ကောက်နုတ်ဖော်ပြပါမည်။

x x x

အရှင်သူမြတ် (ဆုအန်ဆိုင်) သည် တောင်ကို ကျော်ဖြတ်၍ မြစ်တခုကို ဖြတ်ကူး ပြီး သည့် နောက် ခုနစ်မိုင် သာသာခန့် တောင်ဖက်သို့ သွားသောအခါ နာဂရာဟာရ (ယခု အာဖဂန်နစ္စတန်နိုင်ငံ ဂျာလာလဗတ်မြို့) သို့ ရောက် လေ သည်။ မြို့တော်၏ အရှေ့တောင်ဖက် ရှစ်ဖာလုံခန့် အကွာ၌ အသောကမင်းကြီး တည်ထားခဲ့သော အမြင့်ပေ ၃၀၀ ကျော်ရှိသော ပုထိုးတော်ကြီးကို ဖူးမြော်ရသည်။ ထိုပုထိုးတော်ကြီး တည်ထားသော နေရာမှာ ဗုဒ္ဓလောင်းလျာ သုမေဓာ ရသေ့ဘဝနှင့် ဒီပင်္ကရာ မြတ်စွာဘုရားထံမှ ဗျာဒိတ်တော် ခံယူသော နေရာ ဖြစ်သည်။ ထိုနေရာတွင် သုမေဓာရသေ့သည် မိမိ၏ သမင်သားရေနယ်ကို ခင်း၊ ဆံပင်ကို ရွှံ့နွံပေါ်၌ ဖြန့်လျက် ဒီပင်္ကရာ မြတ်စွာဘုရား ကြွသွားတော်မူရန် လျှောက်ထားခဲ့သည်။ ကမ္ဘာကြီးအကြိမ်ကြိမ် ပျက်လင့်ကစား ထိုနေရာသည် တည်နေမြဲ တည်နေလျက်သာရှိ၏။ နတ်ပြဟ္မာ အပေါင်းတို့သည် ထိုနေရာ၌ ပန်းများကို ကြဲဖြန့် ပူဇော်ကြသည်။

အရှင်သူမြတ် (ဆုအန်ဆိုင်) သည် ပုထိုးကို လက်ယာ ရစ်ပတ်၍ ရှိခိုးကော်ရော် ပူဇော်ခဲ့၏။ ပုထိုးအနီး၌ တွေ့ရသော ဘုန်းတော်ကြီး တပါးက အရှင်သူမြတ် (ဆုအန်ဆိုင်) အား ပုထိုးသမိုင်းကို ပြောပြလေသည်။

ထိုပုထိုးတော်ကြီးမှသည် အနောက်တောင်ဖက် လေးမိုင်ခန့်တွင် ပုထိုးငယ်တဆူ ရှိသေးသည်။ ထိုနေရာ၌ ဒီပင်္ကရာ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းရန် သုမေဓာ ရသေ့ ပန်းများ ဝယ်ယူရသော နေရာဖြစ်သည်ဟု သိရှိရ၏။

အရှေ့တောင်ဖက်သို့ လေးမိုင်ခန့် သွားသောအခါ အရှင်သူမြတ်(ဆုအန်ဆိုင်)သည် သဲတောင်တလုံးကို ဖြတ်ကျော်ရပြီးနောက် ဗုဒ္ဓ၏ ဦးခေါင်းခွံ ဓာတ်တော်ရှိရာမြို့သို့ ရောက်ခဲ့သည် (ယခုအခါ ထိုမြို့နေရာသည် အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဗတ်မြို့၏ တောင်ဖက် ငါးမိုင်ကွာရှိ ဟစ်စမြို့သစ် ဖြစ်၏။)။ ထိုမြို့တော်၌ အထပ်ပေါင်း များစွာရှိသော အဆောက်အအုံကြီးတခုရှိ၏။ ဒုတိယထပ်တွင် ရတနာခုနစ်ပါးဖြင့် စီခြယ်မွမ်းမံထားသော ပုထိုးငယ်တဆူ ရှိသည်။ ထိုစေတီငယ်အတွင်း၌ ဗုဒ္ဓ၏ ဦးခေါင်းခွံ ဓာတ်တော် ကိန်းဝပ်လျက်ရှိရာ ဦးခေါင်းခွံ ဓာတ်တော်မှာ တပေနှင့် နှစ်လက်မ ပတ်လည် ပမာဏ ရှိသည်။ ဦးခေါင်းခွံ ဓာတ်တော်တွင် ဆံတော်ပေါက်ရာ တွင်းငယ်များကို ထင်ရှားစွာ တွေ့ရသည့်ပြင် အဝါရောင်သန်းနေသည့် ဖြူယော်ယော် အဆင်း ရှိသည်။ အဖိုးတန် ရတနာများဖြင့် စီခြယ် ပြုလုပ်အပ်သော ကြုပ်တွင် ထည့်ထား၏။

အကယ်၍ တစုံတယောက်သော ပုဂ္ဂိုလ်သည် မိမိ၏ ရှေ့၌ ဖြစ်အံ့သော အကြောင်းကို သိလိုလျှင် နံ့သာအမွှေး စသည်တို့ကို အမှုန့်ကြိတ်၍ ဖြူဖွေးသော ပိုးသားပုဝါဖြင့် ထုပ်ယူပြီးသော် ဦးခေါင်းခွံ ဓာတ်တော်ပေါ်မှ အမှတ်အသား အရိပ်အရာများ ထင်လာမြင်လာရလေအောင် ဦးခေါင်းခွံ ဓာတ်တော်ပေါ်တွင် ကြဲဖြန့် ပူဇော်ရလေသည်။ ဦးခေါင်းခွံဓာတ်တော်ပေါ်၌ ပေါ်လာသော ပုံသဏ္ဍာန် နိမိတ်များက ထို

ပုဂ္ဂိုလ်၏ အနာဂတ်၌ ဖြစ်ပေါ်အံ့သော အကောင်းအဆိုး ကံကြမ္မာကို ညွှန်ပြသော ဟူ၏။

အရှင်သူမြတ်(ဆုအန်ဆိုင်)အဖို့တွင် ဗောဓိပင်ပုံတော်နှင့် တဖက်စီတွင် ရဟန်းတော် နှစ်ပါး၊ အသက်ကြီးပုံရသော ရဟန်းတော်က ဗုဒ္ဓပုံတော်နှင့် ပုံသဏ္ဌာန် ခပ်ဆင်ဆင်၊ အသက်ငယ်ပုံရသော ရဟန်းတော်ကဖြင့် ကြာပန်းကိုင်လျက် ပေါ်လာ၏။

ခေါင်းခွံတော် ဓာတ်မြတ်ကို စောင့်ကြပ် ထိန်းသိမ်းနေရသော ဗြဟ္မာဏကြီးမှာ ဝမ်းမြောက် ဝမ်းသာနှင့် သူ့လက်ချောင်းများကို ပွတ်သပ်ရင်းက အရှင်သူမြတ်အား ပန်းများဆက်ကပ်၍

"အရှင့်အတွက် တွေ့ရသောအရိပ်နိမိတ်ပုံမျိုး အင်မတန်မှ ပေါ်ပေါက်ခဲလှပါသည်။ ထိုအရိပ်နိမိတ်များက အရှင်သည် တနေ့သောအခါတွင် မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်မည် ကေန် ဖြစ်ပါသည်"ဟု လျှောက်ထားလိုက်၏။

ဦးခေါင်းခွံ ဓာတ်တော် ကိန်းဝပ်ရန်အတွက် တည်ထားသော ကြာရွက်ပုံသဏ္ဌာန် ရှိသည့် ပုထိုးတဆူ ရှိသေးသည်။ ထိုပုထိုးတွင် ဗုဒ္ဓ၏ မျက်လုံးတော် ဓာတ်သည်လည်း ကိန်းဝပ်လျက် ရှိရာ သစ်သော့သီးတမျှရှိ၍ ရောင်ခြည်တော်ဖြင့် ကြုပ်တော်၏ ထက်ဝန်းကျင်၌ ပြန့်နှံ့ ထွန်းလင်းစေလျက် ရှိသည်။ ထိုပုထိုး၌ပင် အကောင်းဆုံးသော ဂွမ်းဆိုင်နူချည်ဖြင့် ရက်လုပ်အပ်သော ဗုဒ္ဓ၏ သင်္ကန်းတော်၊ သံဃေ့များ

ကပ်ထား၍ လက်ကိုင်ကို စန္ဒကူးသားဖြင့် ပြုလုပ်ထားသော ဗုဒ္ဓ၏ သာသနာ့တောင်ဝှေးတော် စသည်များကိုလည်း ဖူးရလေသည်။ အရှင်သူမြတ်သည် ဗုဒ္ဓ၏ ပရိဘောဂ ပစ္စည်းများ၊ ဓာတ်တော်များကို ရိုသေလေးစား သဒ္ဓါတရား ပွားများ၍ ဖူးမြော်ပြီးနောက် ရွှေစ ငါးဆယ်၊ ငွေဒင်္ဂါး တထောင်နှင့် လုပသော တံခွန်ကုက္ကား လေးခု၊ ပိုးထည်လိပ် နှစ်ခု၊ သာသနာ့ဝတ်စုံနှစ်ခုတို့ကို လှူဒါန်းပြီးလျှင် ပန်းအမျိုးမျိုးကို ကြဲဖြန့်ပူဇော်လျက် ထိုနေရာမှ ထွက်ခွာခဲ့၏။

ဒီပင်္ကရာမြို့မှသည် အနောက်တောင်ဖက်သို့ ရှစ်မိုင်နီးပါးမျှ ခရီးသွားလျှင် ဂေါပါလ နဂါးမင်း နေထိုင်ခဲ့ဖူးသော လိုဏ်ဂူသို့ ရောက်လိမ့်မည်ဟု ပြောပြကြသည်။ ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်က ဗုဒ္ဓသည် ဂေါပါလ နဂါးမင်းအား တရားဟောကြား၍ အကျွတ်တရား ရစေပြီးသည့်နောက် ဂူတွင်း၌ အရိပ်တော်ကို တည်ရစ်စေရန် ချထားခဲ့သည်။ အရှင်သူမြတ်သည် ထိုလိုဏ်ဂူသို့ သွားရောက်လိုသည့် ဆန္ဒ ပြင်းပြလာလေသည်။ သို့ရာတွင် ထိုလိုဏ်ဂူသို့ သွားရောက်ခဲ့ကြသော များစွာသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓ၏ အရိပ်တော်ကို မဖူးတွေ့ကြရတော့သည်နှင့် အရှင်သူမြတ် ရောက်ချိန်၌ လူသူ အသွားအလာ နည်းပါးလျက် ရှိလေသည်။ ဗုဒ္ဓ၏ အရိပ်တော်ရှိရာ လိုဏ်ဂူသို့ သွားရောက်ရန် ဆန္ဒရှိသည့် အကြောင်းကို အရှင်သူမြတ် ထုတ်ဖော်မိန့်ကြားခဲ့သောအခါ ကာပိစာ တိုင်းပြည်မှ လိုက်ပါလာကြကုန်သော လမ်းပြ အဖော်များမှာ ကြာရှည်လေးမြင့်စွာ ခရီး မသွားလိုတော့သည်ကလည်း တကြောင်း၊

မိမိတို့ နေရပ်ဌာနေသို့ ပြန်လိုသောကြောင့်လည်း တကြောင်း ကြောင့် မသွားတော့ရန် အကြံပြုကြလေသည်။

အရှင်သုမြတ်က "ကမ္ဘာပေါင်းများစွာ အတွင်း အလွန်ကရာ ဖူးမြော်ရခဲဘိသော ဗုဒ္ဓ၏အရိပ်တော် အစစ်အမှန် ဖြစ်သည်။ ငါသည် ယခုအခါတွင် ထိုနေရာအနီးသို့ ရောက်နေခါမှ အဘယ်ကြောင့် မသွားပဲ နေရအံ့။ သင်တို့ ဖြေးဖြေး မှန်မှန်သာ ခရီးဆက်ကြ။ ငါမှာတော့ ထိုနေရာသို့ သွားဖြစ်အောင် သွားမည်။ အရိပ်တော်ကို ဖူးမြော်ပြီးရင် အမြန် ပြန်လာခဲ့၍ သင်တို့နှင့် ပူးပေါင်း ခရီး ဆက်ပါမည်" ဟု မိန့်ကြား၏။

သို့နှင့် အရှင်သုမြတ်သည် ဒီပင်္ကရာမြို့တော်သို့ တပါးတည်း ကြွတော်မူသည်။ ထိုမြို့ အနီးသို့ ရောက်သော အခါတွင် အရိပ်တော်တည်ရာ နေရာသို့ သွားရာလမ်းနှင့် ပတ်သက်၍ စုံစမ်းရန်နှင့် သူနှင့်အတူ လိုက်ပါ လမ်းပြနိုင်မည့်သူ တဦးဦး ရနိုင်ရန်အတွက် ကျောင်းတိုက်တတိုက်သို့ဝင်၍ စနည်းနာ၏။ သို့ရာတွင် သူသိလိုသော အချက်နှင့် သူ့ကို ထိုနေရာသို့ ပို့ပေးနိုင်မည့် လမ်းပြ စသည်တို့ကို ပြောပြနိုင် ရှာပေးနိုင်သူ မတွေ့ရ။ နောက် အတန်ကြာမှ သူငယ်တဦးကို တွေ့လေရာ

"ကျောင်းတော်ကို ထောက်ပံ့ကိုးကွယ်နေသော ရွာမှာ မဝေးလှပါ။ အရှင်အား ထိုရွာသို့ တပည့်တော် ပို့ပေးပါမည်" ဟု လျှောက်လေသည်။

အရှင်သုမြတ်သည် သူငယ်ကလေးနှင့်အတူ ရွာသို့ လိုက်ပါပြီးနောက် ထိုရွာ၌ပင် တညတာ သီတင်းသုံး နားနေလိုက်၏။

ထိုရွာတွင် အဖိုးအိုတဦးအားတွေ့ရာ အဖိုးအိုမှာ ဗုဒ္ဓ အရိပ်တော်ရှိရာ လိုဏ်ဂူနေရာကို သိသူဖြစ်သဖြင့် မိမိအား လမ်းပြပါဟု မေတ္တာရပ်လေသည်။

အတန်ကြာ သွားမိလျှင်ပင် ဓားများကို ကိုင်ဆောင်လာသော လူဆိုးဒမြ ငါးဦးသည် အရှင်သူမြတ်နှင့် အဖိုးအိုအနီးသို့ ချဉ်းကပ်လာလေသည်။ အရှင်သူမြတ်သည် ဦးထုပ်ကို ချွတ်ပြီးလျှင် ဒမြလူဆိုးတို့ မြင်လောက်အောင် ဝတ်ရုံတော်ကို ပြလေသည်။

"မည်သည့်အရပ်သို့ သွားကြမှာလဲ" ဒမြများက မေး၏။

"ငါတို့သည် ဗုဒ္ဓအရိပ်တော်ကို ဖူးမြော်ရန် သွားကြမှာဖြစ်သည်" အရှင်သူမြတ်က ဖြေသည်။

"ဒီနေရာမှာ လူဆိုးဒမြများ ရှိတယ်လို့ မသိသလော" ဒမြလူဆိုးတို့ ပြန်မေး၏။

"လူဆိုးဒမြတို့မှာ လူသတ္တဝါများပင် ဖြစ်ကြသည်။ ငါတို့မှာ ဗုဒ္ဓအား ပူဇော်ကန်တော့ရန် သွားကြမှာသာ ဖြစ်ပါသည်။ လမ်းမှာ ရိုင်းစိုင်း ကြမ်းကြုတ်သော သားရဲတိရစ္ဆာန်များရှိသည်ဟု သိရစေကာမူ ငါတို့မကြောက်ပါ။ သင်တို့မှာ လူ သတ္တဝါများပင် ဖြစ်၍ ငါတို့ အဘယ်ကြောင့် ကြောက်နေရမည်နည်း"

ယင်းသို့ အရှင်သူမြတ် မိန့်ကြားသောစကားကို ကြားရသောအခါ ဒမြလူဆိုးများတွင် ဗုဒ္ဓ၏အရိပ်တော်ကို ပူဇော်ကန်တော့ရန် အရှင်သူမြတ်နှင့်အတူ လိုက်ပါလိုသော ဆန္ဒဖြစ်ပေါ် လာခဲ့လေ၏။

ခရီးအဆုံးတွင် လိုဏ်ဂူသည် ချိုင့်ဝှမ်း၏ အရှေ့ခြမ်း ကျောက်တုံးကြီးပေါ်တွင်ရှိရာ တံခါးဝမှာ အနောက်ဖက်သို့ မျက်နှာမူနေလေသည်။ လိုဏ်ဂူတွင်းဆီသို့ ကြည့်လိုက်သောအခါ မှောင်မဲလျက်ရှိရကား ဘာမျှ မမြင်ကြရပေ။

အဖိုးအိုက "အဝင်လမ်းအတိုင်းသာ ဂူတွင်းသို့ တည့်တည့် ဝင်ပါ။ ခြေလှမ်း ငါးဆယ်မျှ သွားမိရင် အရှေ့ဂူနံရံကို အရှင် စမ်းသပ်မိပါလိမ့်မည်။ အရိပ်တော်မှာ ထိုနံရံ၌ရှိ၍ အရှင်ဖူးပါလော့"

အရှင်သူမြတ် (ဆုံအန်ဆိုင်) သည် ဂူတွင်းသို့ အဝင်လမ်းမှ တည့်တည့်ဝင်လေသည်။ ခြေလှမ်းငါးဆယ် လှမ်းမိသောအခါ တကယ်ပင် အဖိုးအိုပြောသည့်အတိုင်း အရှေ့နံရံကို လက်ဖြင့် စမ်းသပ်ထိတွေ့ရ၏။ ဤတွင် အဖိုးအို မှာကြားလိုက်သည့် အတိုင်း အရှင်သူမြတ်သည် စိတ်နှလုံးဖြူစင်စွာဖြင့် လက်အုပ်ချီ ရှိခိုးလေသည်။ အရှင်သူမြတ်သည် နံရံပေါ်၌ မည်သည့် အရာမျှ မမြင်ရသောအခါ မိမိကိုယ်ကို အကြိမ်ပေါင်း တရာ ကျော်မျှ လှဲလျက် အရိုအသေပြု၏။ သို့ အရိုအသေပြုလင့် ကစား နံရံပေါ်၌ ထူးခြားစွာ ဘာမျှ မတွေ့ရသောအခါတွင် ကား ဗုဒ္ဓ၏ အရိပ်တော်ကို ဖူးမြော်ခွင့် မရနိုင်အောင် မိမိ၏ ဘဝဟောင်းများက မကောင်းသော ကုသိုလ်ကံက ဖုံးကွယ် ထားလိမ့်မည်ဟု အောက်မေ့မိပြီးလျှင် ငိုကြွေး လေ သည်။ ထိုနောက် ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်အပေါင်းကို သီရိဒေဝီဆင် ဟနာဒသုတ် (သင်္ဂဟ) သုတ်၌ လာသည့် စာပုဒ်များ နှင့် အခြားသော သုတ်တော်များကို ကြည်ညို လေးစားစွာဖြင့်

ရွတ်ဆိုပြန်၏။ ဤသို့လျှင် ဗုဒ္ဓဟောကြားခဲ့သော သုတ်ပရိတ်တော်များ ရွတ်ဆိုရင်း ကိုယ်ကိုလည်း နောက်ထပ် အကြိမ်တရာမျှ လှဲလျောင်းဝပ်စင်းကာ ကန်တော့လေရာ ဂူ၏အရှေ့နံရံပေါ်တွင် ခွက်ယောသာသာမျှလောက် အဝန်းအဝိုင်းရှိသည့် တောက်ပစွာသော ရောင်ခြည်သည် ဝင်းလက်စွာ ပေါ်လာလေသည်။ အရှင်သူမြတ်လည်း ဝမ်းမြောက်အံ့သြ တုန်လှုပ်သွားပြီးလျှင် ဝပ်စင်းပြန်၍ ကန်တော့ပြန်သည်တွင် ပန်းကန်ပြားလောက် နီးပါးရှိသော အလင်းရောင် ပေါ် လာပြန်လျက် တခဏချင်းမှာပင် ပျောက်ကွယ်သွားပြန်၏။ ဤတွင် အရှင်သူမြတ်သည် အားတက်လာသည်။ သူ၏ကံကို ယုံကြည်ကိုးစား ချီးမွမ်း၍ ဗုဒ္ဓ၏အရိပ်တော်ကို မဖူးမြှော်ရ သမျှတော့ ထိုနေရာမှ မသွားတော့ပြီဟု အဓိဋ္ဌာန် ပြုလိုက်လေသည်။

အရှင်သူမြတ်သည် နောက်ထပ် အကြိမ်နှစ်ရာမျှ ဝပ်စင်းကော်ရော် ရှိခိုးပူဇော်ပြန်သည်တွင်မူ ဂူတခုလုံးမှာ ထွန်းလင်းလာပြီးလျှင် မြူတိမ်ကင်းစင်သွားသောခဏ၌ ရွှေတောင်ကြီးပေါ်ထွန်းလာဘိသကဲ့သို့ ဗုဒ္ဓ၏အရိပ်တော်သည် ထင်ရှားစွာ ပေါ်လာသည်ကို ဖူးမြော်ရလေသည်။ အရိပ်တော်သည် ထွန်းလင်းစွာ တောက်ပလျက် ကြည်ညိုဖွယ်ရာ ထူးမြတ်သော ပုံသဏ္ဌာန်ကို ဆောင်လေသည်။ အရှင်သူမြတ်မှာ ဗုဒ္ဓအရိပ်တော်ကို ဖူးတွေ့ရသောအခါတွင် များစွာ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီးလျှင် သူ၏ ပျော်ရွှင် ကြည်နူးရသော အဖြစ်မှာလည်း အတိုင်းအဆမသိအောင် ကြီးမားနေ၏။ ဗုဒ္ဓ ကိုယ်

တော်နှင့် သက်န်းတော်မှာ အနီဖျော့ဖျော့သန်းနေသော အဝါရောင်ဖြစ်၏။ ဒူးတော်အထက် ကိုယ်တော်ကို ထင်ရှားစွာ ဖူးရ၍ ကြာပလ္လင်အောက်မှာ အတန်အသင့် ဝါးနေ၏။ ဘုရားအလောင်းတော်များနှင့် ရဟန္တာများ၏ အရိပ်များကိုလည်း ဗုဒ္ဓအရိပ်တော်၏ လက်ဝဲလက်ယာတွင် လည်းကောင်း၊ နောက်ပိုင်းတွင် လည်းကောင်း ဖူးတွေ့နေရလေသည်။

ဗုဒ္ဓ၏အရိပ်တော်ကို ဖူးရသည်နှင့် အရှင်သူမြတ်သည် လိုဏ်ဂူပြင်ဖက်တွင် ကျန်ရစ်ခဲ့သော အဖော်ယောကျ်ား ခြောက်ယောက်အားအမွှေးနံ့သာတိုင်များပူဇော်လိုသည်ဖြစ်၍မီးတိုင်ထွန်းလာရန် ပြောသည်။ သို့ရာတွင် မီးတိုင်ယူလာသူတို့ ဝင်လာသောအခါတွင် ဗုဒ္ဓအရိပ်တော်သည် ကွယ်သွားလေသည်။ အရှင်သူမြတ်က ချက်ချင်း မီးတိုင်ကို ငြိမ်းစေပြီးနောက် ဝပ်စင်း၍ ဆုတောင်းပြန်သောအခါတွင် အရိပ်တော် ပေါ်လာပြန်၏။ အဖော်ခြောက်ဦးအနက် ငါးဦးသာလျှင် အရိပ်တော်ကို ဖူးတွေ့ရလျက် ကျန်တဦးမှာ ဘာမျှမမြင်ရပေ။ အရိပ်တော်မှာ ဆွမ်းတကြိမ် ဘုဉ်းပေးသည့် အခိုက်အတန့် ထက်ဝက်နီးနီးလောက် ကြာအောင် ထင်ရှား ထွန်းလင်းနေခဲ့၏။ ဗုဒ္ဓအား ရည်စူး၍ အရိပ်တော်ကို အမွှေးနံ့သာ၊ ပန်း၊ မီးတိုင်များဖြင့် ပူဇော်၍ ဂုဏ်တော်များကို ချီးကျူးရွတ်ဆို စဉ်တွင် ပင် အလင်းရောင်သည် တဖြည်းဖြည်း ပျောက်ကွယ်သွားလေ၏။ ထိုနောက်တွင်ကား အရှင်သူမြတ်နှင့် အဖော်တို့သည် လိုဏ်ဂူတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြ၏။

လမ်းပြဖြစ်သော ပြဟ္မာဏမှာလည်း လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။ သူက တကြိမ်တခါမျှ အရိပ်တော်ကို မမြင်ခဲ့ရဖူးသည့်အကြောင်းကို ပြောရင်း

"အရှင်ဘုရား၏ ဖြူစင်သော သစ္စာသမာဓိကြောင့် သာလျှင် ဗုဒ္ဓ၏ အရိပ်တော်ကို ဖူးမြော်ရပါသည်။ အရှင်သာ မရှိခဲ့လျှင် ကျွန်ုပ်တို့ ဘယ်သောအခါမှ ယခုကဲ့သို့ အရိပ်တော်ကို ဖူးရမည်မဟုတ်ပါ"ဟု ပြောပြလေသည်။

လိုဏ်ဂူပြင်ဖက်တွင် ဆိုလျှင်လည်း ဗုဒ္ဓနှင့်ပတ်သက်သော အဓိကရ နေရာဌာနပေါင်း များစွာ ရှိချေသေး၏။

အပြန်ခရီး၌ ဒမြလူဆိုးများသည်လည်း မိမိတို့ ကိုင်ဆောင်နေသော လက်နက်များကို ဖျက်ဆီးပစ်ပြီးသည့်နောက် အရှင်သူမြတ်ထံမှ သီလများခံယူကာ လမ်းခွဲသွားကြလေသည်။

အရှင်သူမြတ်သည် စောစောက ခွဲခွာခဲ့သော လမ်းပြအဖော်များနှင့် ပြန်လည်ဆုံစည်းမိပြီးနောက် တောင်ကုန်းများမှ ကျော်လွှားဖြတ်သန်း၍ အရှေ့တောင်ဖက်သို့ မိုင် ၂၀ မျှလောက် လျှောက်ခဲ့ကြရာ ဂန္ဓာရတိုင်းပြည်သို့ ရောက်ခဲ့ကြသည်။ ယင်းတိုင်းပြည်ကို အရှေ့ဖက်တွင် အိန္ဒုမြစ်က ခြားထားလျက် မြို့တော်မှာ ပုရုသျှပူရဖြစ်၏။ ပုရုသျှပူရသည် ယခုအခါတွင် ပက်သျှဝါဟု ခေါ်တွင်နေသော မြို့ပေတည်း။ ထိုတိုင်းပြည်တွင် ပညာရှိ သုခမိန်များ လွန်စွာပေါများ၏။ ဗေဒင်ကျမ်းများ၊ ဝေဒကျမ်းများ စသည်များကို ပြုစုစီရင်ခဲ့ကြကုန်သော ပုဂ္ဂိုလ်များ၊ ဗုဒ္ဓကျမ်းဂန်များ၌ တက်ကျွမ်း၍ ထင်

ရှားသော သံဃာတော်များမှာလည်း ထိုဒေသ၌ပင် မွေးဖွား ကြီးပြင်းခဲ့ကြ၏။

မင်းနေမြို့တော်၏ အရှေ့မြောက်ဖက်တွင် အဖိုးထိုက်အဖိုး တန် ရတနာဖြင့် တန်ဆာဆင်အပ်သော ကျောင်း ဆောင် ရှိ ကာ ထိုကျောင်းဆောင်၌ ဗုဒ္ဓ၏ သပိတ်တော် ကိန်းဝပ်ခဲ့၏။ ဗုဒ္ဓ၏သပိတ်တော်မှာ တိုင်းပြည်အသီးသီးသို့ ကြွချီစံပယ်ခဲ့ပြီး နောက် အရှင်သူမြတ် ပုရှသျှပုရ (ပက်သျှဝါ) မြို့သို့ ရောက် သောအချိန်တွင် ဗာရာဏသီမြို့၌ ရှိနေသည်ဟု သိရလေသည်။


× × ×

ဆုအန်ဆိုင် (တရုတ် ဘုန်း တော် ကြီး) ၏ မှတ်တမ်းတွင် အထက်ပါအတိုင်း ရေး သား ထား ရာ ထူးခြားဆန်းကြယ် သော အရိပ်တော်ကို ဖူးမြော်ခဲ့ရသည်မှအပ သူ့ ထက် နှစ် ပေါင်း ၂၀၀ ကျော် စော၍ အိန္ဒိယနိုင်ငံသို့ ရောက်ခဲ့သော တရုတ် ဘုန်း တော် ကြီး ဖာဟီယန် ပက်သျှဝါမြို့ ရောက်စဉ် ဖူးမြော်ခဲ့ရသော သပိတ်တော်မှာမူ ဗုဒ္ဓသာသနာတော် ထွန်း ကားရာ ဒေသအသီးသီးသို့ ခရီး ဒေသစာရီ လှည့်လည်နေသ ဖြင့် မဖူးမြော်ခဲ့ရကြောင်း ထင်ရှားနေသည်. တဖန် ဆုအန်ဆိုင် ၏ မှတ်တမ်း၌ ဗုဒ္ဓ သပိတ်တော်သည် ဗာရာဏသီမြို့၌ ရှိနေ သည်ဟု ဆိုခဲ့သော်လည်း ဗာရာဏသီသို့ သူရောက်သောအခါ တွင် သံဃာတော်နှစ်ထောင် သီတင်းသုံးနေသော ကျောင်း တော်ကြီး ၃၀ ကို တွေ့ရသည့်အကြောင်း၊ ဟိနာယာန ဗုဒ္ဓဘာ သာဂိုဏ်း၏ စာပေ ပရိယတ္တိများကို သင်ကြား ပို့ချပေးနေ

သည်ကို တွေ့ရသည့် အကြောင်းများကိုသာ မှတ်တမ်းတင်ခဲ့၏။ ဗုဒ္ဓသပိတ်တော်နှင့် ပတ်သက်သော အကြောင်းအရာ မှတ်သားချက်များ လုံးဝ မတွေ့ရသည်ကိုထောက်သော် ဗာရာဏသီမြို့၌ ရှိသည်ဟု စောစောက ကြားခဲ့ရသောသတင်းသည် ပင်လျှင် လူပြော သူပြော ကောလာဟလသတင်းသာ ဖြစ်လိမ့်မည်ဟု ယူဆရပေသည်။

ဤသို့ဆိုလျှင် မဇ္ဈိမဒေသ အိန္ဒိယ နိုင်ငံ သို့ ဆု အန် ဆိုင် ရောက်ခဲ့စဉ် ဗုဒ္ဓ၏သပိတ်တော်သည် ဘယ်အရပ်၌ ကိန်းဝပ် နေလေသနည်း။





## ဗောဓိဓမ္မနှင့် သပိတ်တော်

ဂန္ဓာလရာဇ် တရုတ်ပြည်မှ မဇ္ဈိမဒေသ ဗုဒ္ဓ ပွင့်တော်မူရာဒေသသို့ တရုတ်ရဟန်းတော်များ ကြွရောက်၍ ဗုဒ္ဓ ဓမ္မစာပိဋကတ်တော်များကို လေ့လာ မှတ်သားကြသည့် ကြောင်းရာ ထုပ္ပတ်များ ရှိခဲ့သလိုပင် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဘာသာ ရဟန်းတော်များသည်လည်း ဂန္ဓာလရာဇ် တရုတ်ပြည်သို့ကြွရောက်၍ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့ကြလေသည်။ ယင်းသို့ သာသနာပြုခဲ့သည့် အိန္ဒိယမှ ဗုဒ္ဓဘာသာရဟန်းတော်များ အနက် ဗောဓိဓမ္မ သို့မဟုတ် ဓမ္မဗောဓိ (တမဖုသိ)သည် အိန္ဒိယနိုင်ငံ၌ နေထိုင်စဉ်အခါက သာမဏေဘဝ၌သာ ရှိသေးသည်ဟု သိရသည်။ သက္ကရာဇ် ၅၂၆ ခုနှစ်တွင် ဂန္ဓာလရာဇ်ပြည်၌ သာသနာပြုရန် အထူးထူး အပြား

ပြားသော ဆန္ဒ ပြင်းပြခဲ့သည်ဖြစ်၍ ထိုပြည်သို့ ထွက်ခွာသွားခဲ့သည်။ သူ့ဘဝ သူ့အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ သေချာစေ့ငှအောင် မသိရသော်လည်း ဂန္ဓာလရာဇ်ပြည် ချအန်ဗုဒ္ဓဘာသာဝင်အပေါင်းက ဗောဓိဓမ္မသည် ဂန္ဓာလရာဇ်ပြည်သို့ ကြွလာသောအခါ တန်ခိုးဣဒ္ဓိပါဒ် အသွယ်သွယ်ဖြင့် ထူးခြားအံ့ဩဖွယ် ကြည်ညိုဖွယ် ဖြစ်သော ဗုဒ္ဓ၏ သပိတ်တော်နှင့် သက်န်းတော်ကို ပင့်ဆောင်လာခဲ့သည်ဟု မှတ်တမ်းဝင်ထားကြသည်။

ဗောဓိဓမ္မသည် ဂန္ဓာလရာဇ်ပြည်တွင် သီတင်းသုံး နေထိုင်စဉ် ဗုဒ္ဓ၏ ကျမ်းစာပေများကို ဟောကြားခြင်းကား မရှိ၊ ရေးသားခြင်းလည်း မပြု၊ စာပေ ကျမ်းဂန်ကို ဟောကြားခြင်းထက် သူသည် သတ္တဝါ၏ ကိုယ်ခန္ဓာအတွင်းရှိ စိတ်နှလုံး၏ ငြိမ်းချမ်းမှုကို ပေးနိုင်သည့် ဘာဝနာ ကျင့်စဉ်များကိုသာ လက်တွေ့ ညွှန်ကြား ပြသပေးသော ကမ္မဋ္ဌာနစရိယ ပုဂ္ဂိုလ်ဖြစ်သည်။ ဗောဓိဓမ္မ၏ စိတ်ငြိမ်သက်မှု ငြိမ်းချမ်းမှု ရစေသော ဘာဝနာပွားများနေရသည့် အကျင့်သည် တရုတ်ပြည် ဒေသအချို့နှင့် ဂျပန်နိုင်ငံ၊ ကိုးရီးယားနိုင်ငံများသို့ ပြန့်နှံ့ခဲ့သည်။ သမိုင်းဆရာများ၏ အဆိုအမိန့်အရ ဗောဓိဓမ္မသည် စာပေကျမ်းဂန် သင်အံ လေ့ကျက်မှုကို အလေးအနက် မပြုသောကြောင့် သူ့မိန့်မြွက်လမ်းညွှန်မှုကို လိုက်နာသော ဂိုဏ်းများ၏ ကျောင်းသင်ခန်းများ၌ ကျမ်းဂန်တတ် ပုဂ္ဂိုလ်များ နည်းပါးပြီးလျှင် ယခင် အခါများကထက်ပင် ဘာဝနာ

ကမ္ဘောဇ်မှ ပုဂ္ဂိုလ်များ ယုံကြည်သည့် နတ်များ ပူဇော်ပသမှုဒေသ ဗိုလ်ခဲ့သည်ဟု သိရှိရ၏။

ဂန္ဓာလရာဇ် တရုတ်ပြည်ကြီးသို့ ဗောဓိဓမ္မ ကြွရောက်လာသောအခါတွင် ဗုဒ္ဓ၏ သပိတ်တော်နှင့် သင်္ကန်းတော်များကို ဆောင်ကြဉ်းလာသည်ဟု ပြည်သူအများ သိရှိလာကြ၍ ဗောဓိဓမ္မ ရောက်လေရာ အရပ်၌ ကြိုဆို ဝတ်ပြုကြသည်မှာ စည်ကားလှသည်။ ဗောဓိဓမ္မသည် တည်ငြိမ်စွာ သာလျှင် ကမ္ဘောဇ်ဘာသာစကားများ ပွားများသော ပုဂ္ဂိုလ် ဖြစ်သဖြင့် တရုတ်ပြည်သို့ ကြွရောက်လာသော အခြားခြားသော ရဟန်းများနှင့် မတူ တမူ ထူးခြားနေသောကြောင့်လည်း တရုတ်ဗုဒ္ဓဘာသာပရိသတ်များက ပို၍ စိတ်ဝင်စားကြသည်။ ဗောဓိဓမ္မသည် ရသေ့များ ဆင်မြန်းလေ့ရှိသော အညိုရောင် သင်္ကန်းကို ကပိုကသီ ဝတ်ရုံပြီးလျှင် တစုံတခု၌သာလျှင် အာရုံစူးစိုက်လျက် ရှိ၏။ မင်း မှူး မတ် စသော အထက်တန်းမှ ပုဂ္ဂိုလ်များ ကြွရောက် ဝတ်ပြုလာသော အခါ၌လည်း သူသည် ပျူပျူငှာငှာ အလွှာပ သလ္လာပ စကား ပြောလေ့ မရှိ။ သူ့မျက်လုံးများမှာ တောက်ပြောင် ကြည်လင်နေရကား တစုံတယောက်သောသူသည် သူ၏ စူးစိုက်ကြည့်လိုက်သော မျက်လုံးဒဏ်ကို ကြာရှည် မခံနိုင်ပဲ ချက်ချင်း ခေါင်းငုံ့သွားရသည် ဆို၏။

ဗောဓိဓမ္မအား ပထမဦးစွာ နန်းကင်းမြို့သို့ ပင့်ဖိတ်သော ပုဂ္ဂိုလ်မှာ တောင်ပိုင်းတရုတ်ပြည် ဧကရာဇ်ဘုရင် လီအန်ဝူတီ ဖြစ်သည်။ ဧကရာဇ်ဘုရင် ဝူတီသည် တရုတ်ပြည်တွင် ဗုဒ္ဓ

သာသနာတော် ပြန့်ပွားရေးအတွက် တက်ကြွစွာ ကြိုးပမ်းအားထုတ်ရင်း ယင်းကုသိုလ်အဖို့သည် မိမိ ဘဝတပါးသို့ ရောက်သွားသောအခါတွင် မြင့်မြတ်သော အကျိုးထူးများ ရရှိလိမ့်မည်ဟု ယုံကြည်လျက် ရှိလေသည်။ ဗောဓိဓမ္မနှင့် တွေ့သောအခါ ကေရာဇ်ဝုတိက လျှောက်ထားသည်။

"ကျွန်ုပ် ထီးနန်း အရိုက်အရာ စိုးစံခဲ့ရသည့် အချိန်မှစ၍ ယနေ့ထိဆိုလျှင် ဘုရားပုထိုး ကျောင်းများ တည်ဆောက်လှူဒါန်းခဲ့ပါသည်။ဤသို့ ကောင်းမြတ်သော အလှူဒါနများ ပြုခဲ့သဖြင့် ကုသိုလ် အကျိုးဆက်များ ရမရကို သိရှိလိုပါသည်"

"မရနိုင်ပါ မင်းကြီး" ဗောဓိဓမ္မအဖြေကား ပြတ်သားလှ၏။

"အဘယ်ကြောင့် မရနိုင်သည်ကို သိလိုပါသည်" မင်းကြီးက ပြန်၍ လျှောက်၏။

"မင်းကြီး ပြုအပ်သော အလှူများဆိုရာတွင် မိမိ အကျိုးကိုသာ မျှော်ကိုး လုပ်ဆောင်နေခြင်း ဖြစ်သည်။ မြင့်မြတ်ခြင်း မရှိ။ ဘဝများစွာ ကျင်လည်စေ၍ သံသရာ ရှည်စေသည်။ လောကမှ မလွတ်နိုင်။ မင်းကြီးနောက်သို့ အရိပ်ပမာသာ လိုက်နေလိမ့်မည်။ အကျိုး ရှိစေမည့် အလုပ်မျိုးမှာ ပညာဉာဏ်နှင့် ယှဉ်၍ လုပ်ရလိမ့်မည်။ ထိုသို့သော အလုပ်ကို သတ္တဝါတို့၏ ပင်ကိုယ် ဉာဏ်လောကဖြင့် ရှာ၍ မတွေ့နိုင်။ အထွတ်အထိပ်ရောက်သော လောကီ အောင်မြင်မှုဖြင့်လည်း ရနိုင်သည် မဟုတ်ချေ"

"ဤသို့ဆိုလျှင် မြင့်မြတ်သော အသိဉာဏ်တရားကို ဟော ကြားပါ"ဟု ဘုရင်က တောင်းပန်၏။

"လောကဓာတ် အလုံးစုံသည် ခိုင်မြဲ တည်တံ့မည့် သဘော မရှိပါပေ။ မြင့်မြတ်သည်ဟုလည်း ဘာကိုမျှ မဆိုနိုင်ပါ"

"သို့ဖြစ်လျှင် ကျွန်ုပ်နှင့်တွေ့နေရသော ပုဂ္ဂိုလ်ကို မည်သူ မည်ဝါ ဖြစ်ကြောင်း သိပါရစေ"

"ကျွန်ုပ် ကိုယ်တိုင်ပင် အဖြေမပေးနိုင်ပါ"ဟု ပြန်ဖြေလေ သည်။

ဗောဓိဓမ္မနှင့် ဘုရင်တို့ ယင်းသို့ အမေးအဖြေ ပြုလုပ်ခဲ့ရာ တွင် ဘုရင်မှာ ဗောဓိဓမ္မ၏ သုညတ္တတရားကို သဘောပေါက် နိုင်ပုံမပေါ်သည်နှင့် ဗောဓိဓမ္မသည် ထိုဒေသမှ ထွက်ခွာ၍ နန်ကင်းမြို့သို့ သွားသည်ဟု သိရှိရလေသည်။ ဗောဓိဓမ္မသည် နန်ကင်းမြို့ ရှောလင်စုကျောင်းတိုက်၏ နံရံကို ငေးစိုက်ကြည့် ကာ တန်တိုင်းဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းခဲ့သည်မှာ ကိုးနှစ် ကြာသည်ဟု သိရ၏။ ထိုနောက် ဗောဓိဓမ္မ ပျောက်ကွယ်သွား သောအခါ ချအန်ဂိုဏ်းနှင့် ပြိုင်ဖက်ဖြစ်သော အခြားသော ဂိုဏ်းများက ဗောဓိဓမ္မကို အဆိပ်စီရင် ဖျောက်ဖျက်လိုက်သည် ဟုလည်း ပြောကြ၏။ အိန္ဒိယပြည်သို့ ပြန်ကြွသွားသည်ဟု လည်း ယုံကြည်သူတို့ ရှိကြသည်။ ဂျပန်နိုင်ငံ၊ ကိုးရီးယား နိုင်ငံများသို့ ဆက်လက် ကြွသွားသည်ဟုလည်း အမှတ်အသား ပြုခဲ့သူများ ရှိသည်။ ဂျပန်နိုင်ငံတွင် ဇင် သို့မဟုတ် ချင် ဗုဒ္ဓ ဘာသာဟူ၍ ယနေ့တိုင် ထွန်းကားနေသော ဂိုဏ်းသည် ဗောဓိဓမ္မလမ်းစဉ်မှ ပေါက်ဖွားလာသည်ဟု ဆိုသည်။

တရုတ် ဗုဒ္ဓဘာသာဝင်များကား ဗောဓိဓမ္မသည် အသက်တရာကျော် နေထိုင်သွားသော ပုဂ္ဂိုလ်ဖြစ်သည်ဟုလည်း ယုံကြည်ကြလေသည်။

ဗောဓိဓမ္မနှင့် ဗုဒ္ဓသပိတ်တော်အကြောင်း ဆက်စပ်လျက်နေပုံကိုမူ ချအန်ဗုဒ္ဓဘာသာကျမ်းများက တရုတ် ဘာသာဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။

ဗောဓိဓမ္မသည် ပါးရှားပြည့်ရှင်၏ တတိယမြောက် သားရတနာ ဖြစ်သည်ဟု ဆိုသူတို့က ဆိုကြ၏။ ဗောဓိဓမ္မအနေနှင့်ကား မိမိသည် မည်သူ မည်ဝါဖြစ်သည်၊ မည်သည့်အရပ်မှ လာသည်ဟု ထုတ်ဖော် မိန့်ကြားလေ့ မရှိ။ မိမိ အတ္ထုပ္ပတ္တိ အကြောင်းအရာကို မဆိုထားဘိ၊ မိမိ ဟောပြောပို့ချသော ကမ္မဋ္ဌာန ကျမ်းကိုပင် ရေးမှတ်မထားခဲ့သဖြင့် ငယ်ရွယ်စဉ်အခါ ဗောဓိဓမ္မနှင့် နီးစပ်ရာ ပုဂ္ဂိုလ်များထံမှ စုံစမ်းသိရှိရသမျှကို တဆင့်စကား တဆင့်နားဖြင့် ပြောစမှတ်ပြုကြရသည်သာ ဖြစ်၏။ ဗောဓိဓမ္မ၏ တပည့်များက ယင်းသို့ ကြားသိရသမျှ အချက်များကို တရုတ်ဘာသာ၊ ဂျပန်ဘာသာများဖြင့် မှတ်တမ်းတင်ခဲ့ကြခြင်း ဖြစ်သည်။

ဗောဓိဓမ္မ၏ ကြောင်းရာ ထုပ္ပတ်များကို တွေ့ရသော ကျမ်းကြီးနှစ်ကျမ်းရှိရာတွင် တာအိုရှုအန်၏ ရဟန္တာကြီးများ ထေရုပ္ပတ္တိနှင့် တာအိုယန် ရေးသားသော ဓမ္မလင်းရောင်ခြည် ပြန့်ပွားခဲ့သော သမိုင်းမှတ်တမ်းများ ဖြစ်၏။ ပထမကျမ်းကို ၆၄၅ အေဒီ လောက်တွင် ရေးခဲ့၍ ဒုတိယကျမ်းကို သက္ကရာဇ် ၁၀၀၄ ခုနှစ်တွင် ရေးသည်ဟု သိရ၏။

တာအိုယန် ရေးသော ဓမ္မလင်းရောင်ခြည်ကျမ်းတွင် ဗောဓိဓမ္မသည် အိန္ဒိယတောင်ပိုင်း ဗြဟ္မာဏဘုရင်တပါး၏ တတိယသားဟု ဆို၍ ဉာဏ်ထက်မြက်သူ၊ အမြော်အမြင်ရှိသူ၊ အသိဉာဏ်နှင့် ပြည့်စုံသူ ပုဂ္ဂိုလ်ဟုသာ ဆိုထား၏။

သို့ရာတွင် ဗောဓိဓမ္မသည် အိန္ဒိယတောင်ပိုင်း ကဉ္စိပူရံတိုင်း ဗြဟ္မာဏဘုရင် (ဤနေရာ၌လည်း အချို့က ခတ္တိယ ဘုရင်)သုဂန္ဓ၏ တတိယ သားဖြစ်သည်။သူ့ဆရာမှာ ပညာတရ ဖြစ်၍ ဆရာ၏ အကြံပေး တိုက်တွန်းမှုကြောင့်လည်း ဂန္ဓာလရာဇ် တရုတ်ပြည်သို့ သွားရောက်ပြီးနောက် တရားဓမ္မ လက်တွေ့ ဘာဝနာလမ်းစဉ်ကို ပြသဟောကြားသည်ဟု တာအိုရှုအန်က အတပ်ဆို၏။ ဂျပန်နိုင်ငံ အိုတာနီ တက္ကသိုလ်မှ ဗုဒ္ဓဘာသာ စာပေဆိုင်ရာ ပါမောက္ခကြီး ဂျီ အိပ်ချ် ဆာဆာကီကမူ ဗုဒ္ဓဘာသာ သာသနာ မြောက်ပိုင်း တိုင်းပြည်များသို့ ပြန့်နှံ့ပုံဆောင်းပါးခန်း၌ အိန္ဒိယတောင်ပိုင်း သို့မဟုတ် ပါးရှားနိုင်ငံ ဘုရင်တပါး၏ တတိယသားတော် မင်းသားဟု ဆိုကြကြောင်း အမြွက်လောက်သာ ဖော်ပြ၏။

ဗောဓိဓမ္မသည် ဗုဒ္ဓသာသနာ ကွယ်ခဲ့ပြီဖြစ်သော ပါးရှားပြည်မှ ဗုဒ္ဓ၏ သပိတ်တော်ကို ဆောင်ကြဉ်းခဲ့ပြီးသည့်နောက် ဗုဒ္ဓသာသနာ ထွန်းကားလျက်ရှိသော ဂန္ဓာလရာဇ် တရုတ်ပြည်သို့ ပင့်ဆောင်ခဲ့သည်ဟုလည်း သမိုင်းကြောင်းများနှင့် ဆက်စပ်လျက် အိန္ဒိယ သမိုင်းဆရာအချို့က ယုံကြည်ကြ၏။

ဂန္ဓာလရာဇ် တရုတ်ပြည် ချအန် တရုတ် ဗုဒ္ဓဘာသာများက မိမိတို့ ကိုးကွယ်သော ချအန်ဂိုဏ်းချုပ် ဆရာတော်ကြီးများ

အစဉ်အဆက် ဗုဒ္ဓသပိတ်တော်ကို အဖိုးထိုက်တန်သော ရတနာများ စီခြယ်ထားသည့် ဇမ္ဗူရာဇ် ရွှေသားပလ္လင်တွင် တင်ထားကာ ကိုးကွယ်ခဲ့ကြသည်ဟု ယုံကြည်ကြ၏။ ချအန် ဗုဒ္ဓဘာသာဝင် တရုတ်အမျိုးသားတို့၏ ယုံကြည်ချက်တခုမှာ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန် ပြုခါနီး၌ သပိတ်တော်ကို ရှင်မဟာကဿပ ကိုယ်တော်ကြီးအား ချီးမြှင့် ပေးသနားခဲ့သည်။ ချအန် ဂိုဏ်းဝင်တို့က မိမိတို့၏ ပထမဆရာ ဂိုဏ်းချုပ်ကြီးသည် ရှင်မဟာကဿပ (ပထမ သင်္ဂါယနာတင်သော ပုဂ္ဂိုလ်ကြီး) ဖြစ်၍ ရှင်မဟာကဿပသည် ရှင်အာနန္ဒာအား သပိတ်တော်ကို မိမိ ပရိနိဗ္ဗာန် ပြုသောအခါတွင် ပေးအပ်ခဲ့ပြန်သည်။ သို့နှင့် သပိတ်တော်သည် ချအန်ဂိုဏ်းဟု နောင်သောအခါ ထင်ရှား၍ ဗုဒ္ဓသာသနာတော်ကို ပြန့်ပွားအောင် ဆောင်ရွက်မည့် ဂိုဏ်းခေါင်းဆောင် ရဟန်းတော်များ၏ လက်ဝယ်သို့ အဆင့်ဆင့် ကမ်းလှမ်းခဲ့ရာ ၂၆ ပါးမြောက် ဂိုဏ်းချုပ် ဗောဓိဓမ္မ လက်ဝယ်သို့ ရောက်လာခဲ့သည်။ ဗောဓိဓမ္မသည် တရုတ်ပြည်သို့ သာသနာပြု ကြွလာရာ၌ ဗုဒ္ဓသပိတ်နှင့် သင်္ကန်းကို ပင့်ဆောင်ခဲ့၍ တရုတ်ပြည်၌ ထူထောင်သော ယင်းဂိုဏ်း၏ ပထမ ဂိုဏ်းချုပ်အား ကိုးကွယ်ရန် ပေးအပ်ခဲ့၏။ ဗုဒ္ဓသပိတ်တော်ကို ဂိုဏ်းချုပ်ကြီးများ အဆင့်ဆင့် ကိုးကွယ်လာခဲ့ပြီးနောက် ပဥ္စမမြောက် ဂိုဏ်းချုပ် ဟန်ဂျန်လက်ထက်မှ လွန်သောအခါ ဆဋ္ဌမမြောက် ဂိုဏ်းချုပ်အဖြစ် ရွေးချယ်ရန် ကိစ္စတွင် အငြင်းအခုံ အရှုပ်အရှင်း ပြဿနာ ဖြစ်လာခဲ့၏။ ရဟန်းတော်များ စိတ်ဝမ်း ကွဲပြားခဲ့သည်။ ယင်းသို့ မည်သည့် ပုဂ္ဂိုလ်အား ဂိုဏ်းချုပ်

ဆရာတော်အဖြစ် တင်မြှောက်ရမည်ကို ဝေခွဲမရသော ကိစ္စတွင် ဗုဒ္ဓသပိတ်တော်သည် တန်ခိုးပြာဋိဟာ ပြလျက် ဤပုဂ္ဂိုလ်သည်သာလျှင် ဂိုဏ်းချုပ်ဖြစ်သင့်သည်ဟု အဆုံးအဖြတ် ပေးခဲ့လေသည်။

ဂိုဏ်းချုပ်ကြီး ဟန်ဂျန်သည် ဇရာဖိစီး လူ့ပြည်ငြီးလောက်သော အခါ ရောက်လာသည်တွင် သူ့တပည့်တပန်းများ အားလုံးကို ခေါ်ပြီးသည့်နောက် မည်သည့်တပည့်မဆို ဂိုဏ်းချုပ်ကြီးနေရာတွင်ဝင်၍ ဆက်ခံရန် အရည်အချင်းပြည့်စုံသည်ဟု ယုံကြည်ပါက ကျမ်းဂန် ပညာတတ် ဂုဏ်ပြု ကဗျာတပုဒ်ကို စပ်ဆို၍ မိမိမြင်တွေ့နိုင်သော နေရာမှာ ရေးထားရမည်ဟု မိန့်ကြားလိုက်၏။ ယင်းသို့ ဆရာတော်ကြီး မိန့်ဆိုသည်ကို ကြားရသောအခါတွင် ရဟန်းတော်များအလယ်၌ အလွန်ထင်ထင်ပေါ်ပေါ် ရှိသည့် တဦးသော ရဟန်းတော်သည် ဘာဝနာပွားရာ ခန်းမ၏ နံရံတွင် ကဗျာစာတန်း တခုကို အောက်ပါအတိုင်း ရေးထား၏။

'ဤခန္ဓာမှာ ဗောဓိပမာ။
ဝိညာဉ်အသက် မှန်နှင့်တူစွာ ပြောင်လက်လျက်ပါ။
သန့်စင်ကြည်လင်စေရေး၊ အမြဲ သတိပေးနေမှာ။
ဖုံမှူညစ်ကြေး မတင်ရေး၊ အမြဲ ဆေးကြောပေးပါ။'

ရဟန်းတော်များမှာ နံရံပေါ်မှ ဓမ္မကဗျာကို တွေ့ရသော အခါ ဉာဏ်ထက်မြက်ပေစွဟု အံ့သြ ချီးကျူးကြပြီးလျှင် ထိုဓမ္မ ကဗျာကို လေ့လာဆင်ခြင်ကြပြီးနောက် ကမ္မဋ္ဌာန်း

ဘာဝနာများ နာရီပေါင်း အတန်ကြာအောင် ပွားများကြ လျက် အိပ်ရာဝင် ကျိန်းစက်ကြလေ၏။

နောက်တနေ့ နံနက်ရောက်၍ ရဟန်းတော်များ ကျိန်း စက်ရာမှ နိုးလာကြသော အခါ နံရံပေါ်တွင် ယမန်နေ့က ရေးထားသော ဓမ္မကဗျာအောက်တွင် နောက်ထပ် ကဗျာ တပုဒ်ကို တွေ့ကြရပြန်၏။ လက်ရေးကိုမူ မည်သူ့လက်ရေး ဟု သူတို့ မခန့်မှန်းနိုင်ကြပေ။

'ဗေဒါဆိုရာ၊ သစ်ပင် မဟုတ်နိုင်ပါ။
ဝင်းပကြည့်မှန် မရှိပြန်၊ ဘယ်ဌာန်နေရပ် တောက်ပ အံ့နည်း။
မူလဘူတ၊ ဘာမျှမရှိ နတ္ထိ နတ္ထိ။
သည်တော့ ဖုံမှုံအညစ် ဘယ်ကများ ဖြစ်လာနိုင်အံ့။'

နောက်ထပ်ရေး ဓမ္မကဗျာကို ရဟန်းတော်အများက မနှစ် သက်ကြပေ။ စုရုံးစုရုံးနှင့် ပေဖန် ဆွေးနွေးကြ၏။ ဘယ်သူ ရေးသွားပါလိမ့်ဟု စုံစမ်းကြ၏။ မေးမြန်းကြ၏။ နောက် ဆုံးတွင် ကျောင်းတိုက်၌ ဆန်ဖွတ်ရသော မထင်ရှားလှသည့် ဟွီနန်ဆိုသူ ဝတ်ကြောင်လူငယ်တဦးက ဝင်ရေးသွားသည်ဟု အဖြေ ပေါ်လာလေတော့၏။ ဒေါသထွက်နေသော ရဟန်း များက ဟွီနန်ကို ရိုက်မောင်းပုတ်မောင်းနှင့် ဆုံးမလိုကြ၏။ သို့နှင့် ထိုကျောင်းတွင် ကြာရှည်စွာ ဆက်နေခဲ့လျှင် သူ့အဖို့ ဘေးအန္တရာယ် ကြီးမားနေသောကြောင့် တနေရာသို့ ရှောင် ထွက်သွားရန် ပြင်ဆင်ရရှာ၏။ ဤတွင် ဂိုဏ်းချုပ်ကြီး ဟန် ဂျန်သည် ဟွီနန်၏ သတ္တိနှင့် ပညာအရည်အခြင်းကို ရိပ်စားမိ

သည့်အလျောက် ရဟန်းများ ကျိန်းစက်နေချိန် ညသန်းကောင် အခါ၌ သူ့အခန်းသို့ ဆန်ဖွတ်သမားအား ခေါ်ယူလျက် ဂိုဏ်းချုပ်ကြီး၏ သင်္ကန်း စသော ဝတ်စုံများနှင့်တကွ ဂိုဏ်းချုပ်များ အစဉ်အဆက် ထိန်းသိမ်း ကိုးကွယ်လာခဲ့သော ဗုဒ္ဓ သပိတ်တော်ကိုပါ ပေးအပ်လေသည်။ ထိုနောက် ရဟန်းများ ဒေါသ ပြေပျောက် သွားသည်အထိ ပုန်းအောင်းနေရန်ကိုလည်း ဂိုဏ်းချုပ်ကြီးက မှာကြားလိုက်သေး၏။

နံနက် အလင်းရောက်သောအခါ ဆန်ဖွတ်သမားလေး ဟွီနန်တယောက် ညသန်းကောင်အချိန်ကပင် ကျောင်းတိုက်မှ ထွက်သွားပြီ ဖြစ်ကြောင်း ရဟန်းများ သိသွားကြ၏။ ရဟန်းများသည် အုံးအုံးကျက်ကျက် ဆူဆူညံညံ ဖြစ်လာကြပြီးနောက် အလွန်ဒေါသ ထွက်နေကြသော ရဟန်းတစုကို မင်အမည်ရှိ ရဟန်းတပါးက ခေါင်းဆောင်ပြီးနောက် ဟွီနန်နောက်သို့ အပူတပြင်း လိုက်ကြလေသည်။


တောင်ကြားလမ်းကျဉ်း ဟခုတွင် တွေ့ကြရာ ဂိုဏ်းချုပ်ကြီး၏ သင်္ကန်းနှင့် ဗုဒ္ဓ၏ သပိတ်တော်ကို ဟွီနန်က ရဟန်းကြီးမင်၏ လက်သို့ ပေးအပ်လေသည်။ သို့ရာတွင် ရဟန်းကြီးမင်သည် ဗုဒ္ဓ၏ သပိတ်တော်နှင့် သင်္ကန်းဝတ်စုံကို ပင့်ချီရန် အားထုတ်သော်လည်း မရသည်နှင့် အဖော် ရဟန်းများနှင့် ထပ်မံ ကြိုးစားပြန်သည်။ သို့သော် မရပြန်သော အခါတွင်ကား လက်လျှော့လိုက်ကြရသည်။ ဗုဒ္ဓ သပိတ်တော်နှင့် သင်္ကန်းတော်သည် အနည်းငယ်မျှပင် နေရာမှ မရွေ့ချေ။

သို့နှင့် ရဟန်းကြီး မင်သည် စိတ်မချမ်းမမြေ့ ဖြစ်နေရာမှ အသိတရား ပွင့်လင်းပေါက်မြောက်လာ၍ ဟိုနန်၏ မြင့်မြတ်မှုနှင့် ခေါင်းဆောင်မှုကို လက်ခံပါတော့မည်ဟု ဝန်ချတောင်းပန်ပြီးလျှင် ကျောင်းတိုက်ကြီးသို့ ခေါ်ဆောင်လာခဲ့တော့သည်။

ဟိုနန်သည် ချအန်ဂိုဏ်း၏ ဆဋ္ဌမမြောက် ဂိုဏ်းချုပ်ကြီးဖြစ်လာခဲ့ရာ ယင်းနောက်တွင်ကား ဂိုဏ်းချုပ် အရိပ်အရာဆက်ခံရန် ဟိုနန်ကိုယ်တိုင်က ရည်မှန်းထားခဲ့သည့် ပုဂ္ဂိုလ် မရှိသည်နှင့် ဂိုဏ်းချုပ်နေရာ ပျောက်ခဲ့ရပြီးသည့် နောက်တွင်ဗုဒ္ဓ သပိတ်တော်သည်လည်း တရုတ်ပြည်မှ ကွယ်ခဲ့သည်ဟုဒြေပြာစမှတ် ပြုလာခဲ့သည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်၏။

ဗောဓိဓမ္မ တည်ထောင်ခဲ့သော ချအန် ဗုဒ္ဓဘာသာ ဂိုဏ်းသည် ဆဋ္ဌမမြောက်သော ဂိုဏ်းချုပ် ကွယ်လွန်ခဲ့ပြီးနောက် မှေးမှိန်သွားခဲ့ကြောင်း တရုတ်ပြည် ဗုဒ္ဓဘာသာ ကျမ်းများ၌ မှတ်တမ်း တင်ထားသော်လည်း ဗုဒ္ဓသပိတ်တော်နှင့် ပတ်သက်၍မူကား ချအန်ဂိုဏ်းဆိုင်ရာ ကျမ်းဂန်များကသာ ဖော်ပြခဲ့လေသည်။





# ကူဗလိုင်ခန်နှင့် ဗုဒ္ဓသပိတ်တော်

ဗုဒ္ဓ သပိတ်တော် သတင်းသည် ကူဗလိုင်ခန်၏ လက်ထက်တွင်လည်း ပြန့်နှံ့ ကျော်ကြားခဲ့လေသည်။

ကူဗလိုင်ခန်သည် ကမ္ဘာ့အရှေ့ဖက် တလွှားတွင် တန်ခိုးထွားခဲ့သော မွန်ဂိုဘုရင်ကြီး ဂျင်ဂစ်ခန်၏ မြေးဖြစ်သည်။ ၁၂၁၆ ခုနှစ်တွင် မွေးဖွားသော ကူဗလိုင်ခန်သည် တူလီ၏ ဒုတိယသား ဖြစ်၏။ အကို မန်ဂူ၏ လက်အောက်တွင် စစ်မှုထမ်းစဉ် တရုတ်ပြည် အနောက်ပိုင်းဒေသများကို တိုက်ခိုက်ရာ၌ စွမ်းရည်သတ္တိ ပြည့်စုံ၍ စစ်ဆင်ရေးတွင် ပြောင်မြောက်ခဲ့ရကား ချီးကျူးခံရသူ ဖြစ်သည်။ မန်ဂူဘုရင် အနိစ္စရောက်သောအခါတွင် မွန်ဂိုနန်းဆက်နှင့်တကွ မွန်ဂိုတို့၏ အင်ပါယာ မွန်ဂိုတပ်ကြီးကို ခေါင်းဆောင်နိုင်မည့် ပုဂ္ဂိုလ်တဦး လိုအပ်

လာလေသည်။ ထို့ကြောင့် ၁၂၆၀ ခုနှစ်တွင် မွန်ဂိုမင်း အမျိုး အနွယ် စစ်သေနာပတိ မှူးမတ်တို့ အစည်းအဝေး ကျင်းပ လျက် ခေါင်းဆောင် ရွေးခဲ့ကြသည်။ ခန်မင်းကြီး အဖြစ် သင့်တော်ဆုံးသော ပုဂ္ဂိုလ်ကို သူတို့သည် အကြိမ်ကြိမ် ဆွေး နွေး ရွေးချယ်ကြသည်။ နောက်ဆုံးတွင် သူရသတ္တိနှင့်လည်း ပြည့်စုံပြီး မွန်ဂိုလူမျိုးတို့ကို အစဉ် ခေါင်းဆောင်မှု ပေး နိုင်မည့် ပုဂ္ဂိုလ်သည် ကူဗလိုင်ခန်သာလျှင် ဖြစ်၍ သူ့ကိုပင် ခန်မင်းကြီးအရာထားကာ မွန်ဂိုတို့အား ဦးဆောင်ပါဟု ရွေး ချယ်လိုက်ရာ ထိုအခါမှစ၍ ကူဗလိုင်ခန်သည် ထင်ရှားကျော် ကြားလာခဲ့သည်။

ကူဗလိုင်ခန်သည် လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသူ ဖြစ် သည်။ ဂျင်ဂစ်ခန် ရည်မှန်းထားခဲ့သော ပန်းတိုင် ရောက် အောင် သူ့လက်ထက်တွင် ဆောင်ရွက်နိုင်ခဲ့သည်။ ဆွန်မင်း ဆက် ဘုရင်များ၏ ဒေသဖြစ်သော တရုတ်ပြည်တောင်ပိုင်း သို့ တဖြည်းဖြည်း တိုက်ခိုက် သိမ်းသွင်းခဲ့ရာ နောက်ဆုံး၌ တရုတ်နိုင်ငံတနိုင်ငံလုံး၏ ဧကရာဇ်ဘုရင် ဖြစ်လာလေသည်။

ကူဗလိုင်ခန်သည် မဟာယန ဗုဒ္ဓဝါဒီတယောက် ဖြစ်ခဲ့ သည်။ တိဗက်လာမား ဘုန်းတော်ကြီး မတိဒဝတ်ရှား ဆိုသူ ကို နိုင်ငံ၏ ပညာရှင်အရာ ထားပြီးလျှင် ဘာသာရေးရာ ကိစ္စ ရပ်များကို အမြဲမပြတ် တိုင်ပင် ဆွေးနွေးခဲ့သည်။ လာမား ဘုန်းကြီး မတိဒဝတ်ရှား၏ အကြံပေးချက် အရပင်လျှင် တိဗက်နိုင်ငံတွင် သာသနာပိုင်နှင့် ဘုရင်တဦးတည်းက ဆောင် ရွက်အုပ်ချုပ်ရသော စနစ်ကို ဖန်တီးပေးခဲ့ပြီးလျှင် သာသနာ

ပိုင် ဘုရင်ရွေးချယ်ရာ၌လည်း သာသနာပိုင် ကွယ်လွန်ချိန်၌ လူဝင်စားအဖြစ် တဖန် ပြန်လည်၍ လူ့ဘဝသို့ ရောက်လာသော သူငယ်များကို ရှာဖွေပြီးနောက် ဒလိုင်းလာမားအဖြစ် တင်မြှောက်ရသည်။ ထို့ကြောင့် ဒလိုင်းလာမားများသည် ပုဂ္ဂိုလ်တဦးတည်းကပင်လျှင် ဘဝ အဆက်ဆက်တွင် ဝင်၍ သာသနာပိုင်ဘုရင်များအဖြစ် ဆောင်ရွက်ရသည်ဟု ယုံကြည်ခဲ့ကြသည်မှာ ကူဗလိုင်ခန် လက်ထက်မှ စတင်လာခဲ့သည်ဟု အဆိုရှိသည်။

လာမားဘုန်းကြီး မတီဒဝတ်ရှားကို အသက်အားဖြင့် မခန့်မှန်းနိုင်တော့သော ပုဂ္ဂိုလ်အဖြစ် ယုံကြည်ကြသည်ဟုလည်း ဆိုသည်။ မတီဒဝတ်ရှားသည် ဗုဒ္ဓ၏ တပည့် သာဝကကြီးများထံမှ ဗုဒ္ဓတရားတော်၏ အဆီအနှစ် တရားတော်များကို ဆည်းပူးခဲ့သော ပုဂ္ဂိုလ်ဖြစ်သည် ဟူသော အကြောင်းကြောင့်လည်း ရှေးဖြစ် နောက်ဖြစ် ဘဝစဉ် အဖြစ်အပျက်များကို ဟောပြောနိုင်သူ ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည့်ပြင် တန်ခိုးကြီးသော ပုဂ္ဂိုလ်ဖြစ်သည်ဟု ကူဗလိုင်ခန်ကိုယ်တိုင်က ယုံကြည်လေသည်။ နောက်ဆုံးတွင် ကူဗလိုင်ခန်သည် မဟာယာန ဗုဒ္ဓဝါဒကို မိမိစိုးပိုင်သော အင်ပါယာကြီး၏ နိုင်ငံတော်ဘာသာဟု အသိအမှတ် ပြုခဲ့လေသည်။

ကူဗလိုင်ခန်သည် လာမားတိဗက် ဘုန်းကြီးများနှင့် မကြာခဏ ဆွေးနွေးရာတွင် တကြိမ်က တရုတ်ပြည်တွင် တရုတ်ဘုန်း တော် ကြီး များ ကိုး ကွယ် သော ဗုဒ္ဓ သ ပိတ် တော်အကြောင်းကို ပြောပြသောအခါ များစွာ စိတ်ဝင်စားသည်။ ဗုဒ္ဓ သပိတ်တော်သည် ယခုအခါ ဘယ်ဒေသတွင် ကိန်းဝပ်

တော်မူနေပါသလဲဟု မေးမြန်းသောအခါ လာမားဘုန်းကြီး တို့က ယခုအခါ သီဟိုကျွန်း၌ ကိန်းဝပ် စံပယ်လျက် ရှိပါ သည်။ သီဟိုဘုရင်ထံ သံတမန်များ ဆက်သွယ် စေလွှတ်၍ သဝဏ်လွှာများ ပါးလျက် မေတ္တာရပ်ပါက ဗုဒ္ဓသပိတ်တော် ကို ပင့်ဆောင်နိုင်ပါလိမ့်မည်ဟု အကြံပေးကြလေသည်။

ထိုအချိန်လောက်တွင် ကူဗလိုင်ခန်၏ နန်းတော်၌ ဗင်းနစ် မြို့သား မာကိုပိုလိုသည် အမှုထမ်းလျက် ရှိနေလေပြီ။ ရောမ မြို့ ပုတ်ရဟန်းမင်းကြီးက ပီကင်းသို့ စေလွှတ်လိုက်သော မှန် တီဘော်ဗီအရပ်မှ ဂျွန်ဆိုသူနှင့် ပေါ်ဒနိုနီအရပ်မှ အိုဒိုရစ်ဆို သူ သာသနာပြု နှစ်ဦးတို့နှင့်အတူ မာကိုပိုလို သားအဖနှင့် ဦးလေးတို့ ပါလာခဲ့ခြင်း ဖြစ်သည်။ ကူဗလိုင်ခန်သည် ရုပ်ရည် ရူပကာ ငယ်ရွယ်တင့်တယ်သော မာကိုပိုလိုအား တွေ့တွေ့ချင်း ခင်မင်သွားခဲ့၏။ မာကိုပိုလိုကလည်း အပေါင်းအဖော်အသစ် ဖြစ်နေသော တရုတ်ပြည်သူပြည်သားများနှင့် အကျွမ်းတဝင် ဖြစ်လာလျက် ခက်ခဲသော တရုတ်တို့၏ ဘာသာစကားကို မကြာမီမှာပင် ကောင်းစွာ ပြောတတ် ဆိုတတ် ရေးတတ် ဖတ်တတ် သွားခဲ့လေသည်။ ထို့ကြောင့်ပင် ကူဗလိုင်ခန်သည် မာကိုပိုလိုအား ချစ်ခင်ယုံကြည် စိတ်ချသည့်အတိုင်း မိမိလက် အောက်ခံ နိုင်ငံများသို့ စုံစမ်းလေ့လာစေလိုသော အကြောင်း များ ရှိသည်ဆိုလျှင် စေလွှတ်လေ့ရှိသည်။ ယင်းသို့ စေလွှတ် ရာမှ မာကိုပိုလို၏ စွမ်းရည်ကို သိရှိလာသော အခါတွင် အခြားသော အိမ်နီးချင်း နိုင်ငံများ၌ ကူဗလိုင်ခန်၏ ယုံ ကြည် စိတ်ချ အားကိုးရသော သံတမန်အဖြစ် သွားရောက်

ဆောင်ရွက်ရသည့် အခါလည်း ရှိခဲ့သည်။ မာကိုပိုလိုသည် ကူဗလိုင်ခန်လက်အောက် နယ်စားပယ်စားများနှင့် ဆွေးနွေးရဖန် များသောအခါ အသိဉာဏ် ရင့်သန်လာသည့် အပြင် တွေ့ကြုံရသမျှသော အကြောင်းအရာများကိုလည်း ကူဗလိုင်ခန်အား ပြန်၍ တင်ပြရသည်။ သို့နှင့် နောင်သောအခါတွင် မာကိုပိုလိုသည် ကူဗလိုင်ခန်၏ လက်အောက်ခံ မြို့ကြီးတမြို့၌ ဘုရင်ခံအဖြစ် ခန့်အပ် ခံရသည့်ပြင် ဘွဲ့ထူးဂုဏ်ထူး ဆုလာဘ်ကြေးငွေ များစွာတို့ဖြင့်လည်း ချီးမြှင့်ခံရလေသည်။

မာကိုပိုလို၏ မှတ်တမ်းများအရဆိုလျှင် ကူဗလိုင်ခန်သည် ဗုဒ္ဓ သပိတ်တော်ကို တရုတ်ပြည် ပီကင်းမြို့သို့ ပင့်ဆောင်လိုသော ဆန္ဒ ရှိနေခဲ့သဖြင့် ဗုဒ္ဓသပိတ်တော် ကိန်းဝပ်နေသည့် နေရာကို စုံစမ်းရာ လင်္ကာဒီပ သီဟိုကျွန်း၌ ရှိကြောင်း စုံစမ်းသိရှိရသည်။ အမှန်မှာ သီဟိုကျွန်း၌ရှိသော သပိတ်တော်မှာ သပိတ်တော်ပွားသာ ဖြစ်ရာ ကာလ ကြာမြင့်သောအခါတွင် သပိတ်တော်ပွားကိုပင် ဗုဒ္ဓ သပိတ်တော်အစစ် ဖြစ်သည်ဟု သတင်းပြန့်နှံ့သွားခဲ့ဟန် တူပေသည်။

ထိုကြောင့် ကူဗလိုင်ခန်သည် လင်္ကာဒီပ သီဟိုကျွန်းသို့ သံတမန်များ စေလွှတ်၍ သီဟိုမင်းထံ သပိတ်တော်ကို တရုတ်ပြည်သို့ ပင့်ဆောင်ခွင့် ရလေအောင် လိမ်မာပါးနပ်စွာ ပြောဆိုရန် အကြံရသဖြင့် သီဟိုကျွန်းသို့ သံတမန်များ စေလွှတ်ခဲ့လေသည်။ သီဟိုကျွန်းသို့ ကူဗလိုင်ခန်၏ သံတမန်များသည် ၁၃ ရာစုနှစ်တွင် သွားရောက်ခဲ့သည်ဟု ဆိုသည်။ မာကိုပိုလို၏ မှတ်တမ်းတွင် ထိုသံအဖွဲ့သည် သီဟိုကျွန်းသို့ သွားခဲ့သော်

လည်း သံအဖွဲ့ ပီကင်းသို့ ပြန်လည် ရောက်ရှိချိန်တွင်ကား မာကိုပိုလိုသည် ပီကင်း၌ မရှိတော့။ ယင်း၏နေရပ်သို့ ပြန်ခဲ့လေပြီဟု ယုံကြည်ရသည်။ ထို့ကြောင့်ပင် မာကိုပိုလို၏ မှတ်တမ်း၌ သီဟိုသွား ကူဗလိုင်ခန်၏ သံတမန်များ အကြောင်း၊ ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ မည်သို့ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများ ဆက်လက်ရေးသားထားသည်ကို မတွေ့ကြရတော့ပေ။

ကူဗလိုင်ခန်သည် မာကိုပိုလိုအား တရုတ်ပြည်၌ပင် အမြဲနေထိုင်လျက် မိမိလက်အောက်၌ အမှုထမ်းသွားစေလိုသည်။ သို့ရာတွင် မာကိုပိုလိုမှာ ဇာတိမြေသို့ ပြန်ရန် စိတ်ကူးနေချေပြီ။ သူသည် တရုတ်ပြည်၌ ကူဗလိုင်ခန်၏ လက်အောက်တွင် အမှုထမ်းစဉ် ရွှေ ငွေ ကျောက်သံပတ္တမြား အဖိုးတန်ပစ္စည်းများ စုမိဆောင်းမိပြီးသား ဖြစ်နေရကား မိမိနေရပ်သို့ပြန်၍ ဆွေမျိုးများ အလယ်တွင် ချမ်းချမ်းသာသာ တင့်တင့်တယ်တယ် နေထိုင်လို၍ပင် ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် သူ စုဆောင်းမိထားသော ပစ္စည်းများနှင့် သူ့နေရပ်တွင် လူတလုံး သူတလုံးလုပ်၍ သူဌေးဘွဲ့ကို ခံယူကာ ကြွားချင်ဝါချင်စိတ် ရှိနေနိုင်ပေသည်။


မကြာမီမှာပင် မာကိုပိုလို မြော်လင့်သည့်အတိုင်း အခွင့်ကောင်း ပေါ်လာခဲ့သည်။ ပါးရှားနိုင်ငံရှိ အီလ်ခန် အင်ပါယာကို အုပ်ချုပ်ရသော ကူဗလိုင်ခန်၏ ညီ အကိုတော်သူ ဘုရင်တွင် မိဖုရား ကွယ်လွန်ခဲ့၏။ ဘုရင်သည် နောက်ထပ် အိမ်ထောင်ပြုလို၏။ သို့ရာတွင် သူ့မိဖုရား ကွယ်လွန်ခါနီး


အချိန်တွင် သူတို့အမျိုးအနွယ်ထဲမှ မင်းသမီး တဦးဦးကိုသာ မိဖုရား မြှောက်ရန် ကတိပြုစေခဲ့၏။ သို့နှင့် ဘုရင် အာဂုန်သည် ပီကင်းသို့ သံတမန်များ စေလွှတ်ပြီးလျှင် သူတို့ အမျိုးအနွယ်ထဲမှ သင့်တော်မည့် အမျိုးသမီးတဦးဦးကို စေလွှတ်ပါရန် သဝဏ်လွှာ ပါးခဲ့၏။

ကူဗလိုင်ခန်သည် မွန်ဂိုမင်းသမီးတဦးအားရွေးခြယ်ပြီးလျှင် ထိုမင်းသမီးအား ပါးရှားသို့ပို့ရာ၌ လိုက်ပါ စောင့်ရှောက်ကြမည့် သံတမန်အဖွဲ့တွင် ခရီးရှည်သွားရာ၌ အတွေ့အကြုံရှိပြီးဖြစ်သော မာကိုပိုလို၊နီကိုလိုပိုလို(မာကိုပိုလို အဖေ)နှင့် မက်ဖိယိုပိုလို(မာကိုပိုလို ဦးလေး)တို့ သုံးယောက်ကို ထည့်လိုက်လေသည်။ သူတို့သည် အန္တရာယ်များလှသော ကုန်းလမ်းခရီးကို မရွေးတော့ပေ။ သူတို့တွင် ရွှေ ငွေ ဥစ္စာရတနာများ ပါကြသဖြင့် တရုတ်ပြည်တောင်ပိုင်း ပင်လယ်မှ ရေကြောင်းခရီးဖြင့် သွားကြသည်။ ဆုမတြာကျွန်းသို့ ရောက်သောအခါ ကာလ အတန်ကြာ နားနေလိုက်ကြသေးသည်။ ထိုအချိန်က ဆုမတြာသည် ရှရီဝိဇယ နိုင်ငံတော်တွင် ပါဝင်လျက် ဗုဒ္ဓသာသနာ ပြန့်နှံ့နေသော်လည်း မှေးမှိန်စ ပြုလျက် ရှိသည်။ ထိုမှတဆင့် သီဟိုကျွန်း၊ အိန္ဒိယပြည်တောင်ပိုင်း စသော နေရာများတွင်လည်း မာကိုပိုလိုတို့လူစုသည် ရက်အတော်ကြာနေခဲ့ကြသည်။ သီဟိုသို့ ရောက်သောအခါ ထိုဒေသ၌ ကူဗလိုင်ခန်၏ ကိုယ်စားလှယ် သံတမန်များနှင့် တွေ့ မတွေ့၊ ဗုဒ္ဓသပိတ်တော်ကိစ္စ မည်သို့ အကြောင်းပြန်ခဲ့သည် စသည်ဖြင့် မှတ်တမ်းတင်ထားခဲ့ခြင်း မရှိတော့ပေ။ သူတို့အဖွဲ့သည် လမ်း

ခရီး၌ နှစ်နှစ် ကြာမြင့်ခဲ့ကြသည်။ လမ်းခရီး၌ရှိစဉ်ပင် ပါးရှား ပြည်ရှိ မုဆိုးဖို သတို့သား အာဂွန်မှာ ကွယ်လွန်ခဲ့လေပြီ။ မင်းသမီးမှာလည်း အာဂွန်၏ သားနှင့် လက်ဆက်လိုက်ရ သည်။ မင်းသမီးထက် အသက်ကြီးနေ၍ တော်ပါသေးသည်။

သပိတ်တော်ကို ပင့်ဆောင်ရန် ကူဗလိုင်ခန် အားထုတ် သည့် အကြောင်းအရာများကို ထိုမျှသာ သိရှိခဲ့ရလေသည်။ အကယ်၍သာ မာကိုပိုလိုသည် တရုတ်ပြည်၌ ထိုထက် ကြာ မြင့်စွာ နေထိုင်ခဲ့ရဦးမည် ဆိုလျှင် ကူဗလိုင်ခန် အနေနှင့် ဆက်လက်ပြီး ဗုဒ္ဓသပိတ်တော်ကို တရုတ်ပြည်သို့ ပင့်ဆောင် ရန် ကြိုးစားခဲ့ပုံများကို ယခုထက် ပို၍ စုံလင်စွာ သိရှိရဦးမည် ဟု ယုံကြည်မိပါသည်။





## မုဆိုး ဘ ဝ
## ရောက် ခဲ့ စဉ် အ ချိန်

ယခုအခါတွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ဗုဒ္ဓသပိတ်တော်သည် ဤကမ္ဘာတွင် မရှိတော့ပြီ။ သာသနာမှာ တဖြည်းဖြည်း ဆုတ်နေသောကြောင့် ဖြစ်သည်။ သဒ္ဓါတရား ပြည့်ဝသူများ၊ မေတ္တာတရား ထားသူများကလည်း တစစ နည်းပါးလာပြီ။ ထိုကြောင့် တုသိတာ နတ်ပြည် အရိမေတ္တယျ အလောင်းတော်စံရာ နေရာသို့ ရောက်နေပြီဟု ယုံကြည်နေကြလေသည်။ အရိမေတ္တယျ အလောင်းတော် ဤဘဒ္ဒကမ္ဘာသို့ ဆင်းသက်၍ ဗုဒ္ဓအဖြစ် ပွင့်တော်မူသော အခါကျမှပင် သပိတ်တော်သည်လည်း အရိမေတ္တယျ ဗုဒ္ဓနှင့် တကွ ပြန်လည် ပေါ်ပေါက်လာမည်၊ သာသနာတော်သည် ထိုအခါမှပင် ပြန်လည် စည်ပင် ထွန်းကား၍ လူအပေါင်းတို့သည်လည်း

နိဗ္ဗာန်ကို မျက်မှောက်ပြုရင်း သဒ္ဒါတရား ပွားလာကြမည်၊ အကျင့်သီလ ပြည့်စုံလာမည်၊ မေတ္တာဘာဝနာ ပွားလာလိမ့်မည်ဟု အိန္ဒိယ ဆောင်းပါးရှင်တဦးက ဆိုလေသည်။

ထိုသို့သော အယူအဆများ ပေါ်ပေါက်နေသော အခါမှာပင် အင်္ဂလန်ပြည်သား အိန္ဒိယ၌ အနေများသော မုဆိုးတဦးက သူ့အတွေ့အကြုံတရပ်ကို ပြောပြခဲ့သည်။ ထိုပုဂ္ဂိုလ်က သူတွေ့ကြုံလာရသော အကြောင်းအရာများကို ပြောပြရာတွင် ဗုဒ္ဓသပိတ်တော် အကြောင်းသည် စဉ်းစားဖွယ်ရာ ဖြစ်လာသည်။ သူတော်သူမြတ်တို့ မွေ့လျော်ရာ ကမ္ဘာ၏ တနေရာ၌ ကိန်းဝပ်နေလေမည်လားဟု တွေးထင်ရပြန်လေသည်။

မုဆိုးကြီး ဂျိုနသန် ဘလက်ဖရိုင်းယား၏ အဖြစ်အပျက်ကို ဆက်လက် ဖတ်ရှုကြည့်ကြပါစို့လား။

× × ×

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်ပိုင်းတွင် ကျွန်ုပ်သည် အိန္ဒိယတပ်မတော် ကပ္ပတိန်ရာထူးမှ နုတ်ထွက်၍ မုဆိုးဘဝနှင့် အိန္ဒိယပြည်တွင် နေထိုင်ရန် ဆုံးဖြတ်ခဲ့၏။ ဒုတိယ ကမ္ဘာစစ် မဖြစ်မီ ၁၉၃၇ ခုနှစ်ကပင် ကျွန်ုပ်၏ မိဖများမှာ လန်ဒန်မြို့၌ ကွယ်လွန်ခဲ့ကြသည့်ပြင် ဇနီး ဖြစ် သူ မှာ လည်း ကျွန်ုပ် အိန္ဒိယပြည်သို့ ထွက်လာခဲ့ ပြီး သည့် နောက် တနှစ်လောက်အကြာတွင် လန်ဒန်မြို့၌ပင် ကွယ်လွန်ခဲ့၏။ ကျွန်ုပ်တို့ ဇနီးမောင်နှံတွင် သားသမီး မထွန်းကားခဲ့သဖြင့် ဇနီးဖြစ်သူ ကွယ်လွန်သွားသောအခါ ကျွန်ုပ်အဖို့ ဤကမ္ဘာလောကတွင်

တွယ်တာခင်မင်စရာ မရှိတော့ပဲ တနည်းဆိုရသော် နောက်ဆံ တင်းမနေရတော့ပဲနှင့် တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင် ခဲ့သည်။

အိန္ဒိယပြည် အရှေ့ပိုင်းတွင် စစ်နှင့် ကျောချင်း ကပ်လာ ရသောအချိန်တွင် ကျွန်ုပ်သည် ကိုဟီးမားသို့ ရောက်နေလျက် အိန္ဒိယ စစ်တပ်နှင့်အတူ ဂျပန်များကို တိုက်ခိုက်နေရသည် ဖြစ်ရာ ကိုဟီးမားမှ ဂျပန်စစ်တပ်များ ဆုတ်ခွာသွားသော အခါတွင်လည်း ကျွန်ုပ် ပါဝင်သော အိန္ဒိယတပ်မှာ ရှေ့ဆက် မလိုက်တော့ပဲ အင်ဖားမြို့၌ပင်တပ်စွဲနေခဲ့ရသည်။ ထိုအခါမှပင် အားလပ်နေချိန်များ၌ အိန္ဒိယ တပ်သားများနှင့်အတူ တော လိုက်၊ အမဲပစ်၊ တပျော်တပါး ချက်ပြုတ် စားသောက်ကြနှင့် အချိန်ကုန်ခဲ့ကြ၏။ ထိုအခါမှစ၍ ကျွန်ုပ်သည် အမဲလိုက်ရာ တွင် တဖြည်းဖြည်း ဝါသနာ ပါလာပြီးလျှင် စစ်ပြီးခဲ့လျှင် လည်း အင်္ဂလန်သို့ မပြန်တော့ဟု ဆုံးဖြတ်ခဲ့ပြီး ဖြစ်၏။

စစ်ပြီးသောအခါတွင် ကျွန်ုပ်၏ အကိုဖြစ်သူလည်း အိန္ဒိယ သို့ ရောက်ရှိလာပြီးလျှင် အိန္ဒိယအစိုးရ လက်အောက်တွင် အမှု ထမ်းပြန်သဖြင့် ကျွန်ုပ်အဖို့ အားတက်လာခဲ့၏။ အကိုနှင့်အတူ နေထိုင်ရင်း ကျွန်ုပ်က မုဆိုးအဖြစ်နှင့် သူပြောင်းရွှေ့ နေထိုင် ရာ အရပ်များတွင် တောလိုက်အမဲပစ်ကာ ရံဖန်ရံခါ အကို၏ အလုပ်များကိုလည်း ကူညီခဲ့သည်။ သို့ရာတွင် အိန္ဒိယပြည် လွတ်လပ်ရေး ရသောအခါ၌ အကိုမှာ အင်္ဂလန်သို့ ပြန်သွား ခဲ့၏။ အကိုက အင်္ဂလန်သို့ ပြန်လိုက်ရန် ကျွန်ုပ်အား ခေါ် သေးသည်။ ကျွန်ုပ်က အိန္ဒိယ၌ ပျော်သလောက် နေခဲ့ဦးမည်

ဟု ပြောပြသောကြောင့် အကိုက ကျွန်ုပ်အား သူစုဆောင်း ထားသော ငွေများအနက် အချို့ကို ခွဲဝေပေးခဲ့သေးသည်။

အကိုနှင့်အတူ နေထိုင်ခဲ့စဉ်က ကျွန်ုပ်သည် တောကောင် တိရစ္ဆာန်များ ပေါများသည့် အိန္ဒိယပြည် အနှံ့အပြားသို့ ရောက်ခဲ့ရ၏။ ထိုသို့ ရောက်ခဲ့စဉ် ကျွန်ုပ်နှင့် ဝါသနာချင်း တူသော ကျွန်ုပ်အကို၏ တပည့်တဦးနှင့်လည်း မိတ်ဆွေဖြစ်ခဲ့ရာ အကို ထွက်ခွာသွားသည့်နောက် အိန္ဒိယတွင် ကျွန်ုပ်အတွက် အဖော်ကောင်း မိတ်ဆွေကောင်း တဦး အမြတ် ရရှိခဲ့လေ သည်။

ကျွန်ုပ်မှာ တဖြည်းဖြည်းနှင့် မုဆိုးကြီး ဖြစ်မှန်းမသိ ဖြစ် နေရာ ငယ်နာမည်ပျောက်ပြီးလျှင် မိတ်ဆွေအများက မစ္စတာ ကွာတာမိန်းဟု ခေါ်ဝေါ်လျက်ရှိသည်။ ကျွန်ုပ်၏ အဖော် အဖွဲ့မှာလည်း ဆာဟစ်ကွာတာမိန်းဟုသာ ကျွန်ုပ်ကို ခေါ်ရင်း နှုတ်ကျိုးနေလေပြီ။

ကျွန်ုပ်နှင့်အာမစ်(ကျွန်ုပ်၏အဖော်မိတ်ဆွေ)သည် အိန္ဒိယ ရှိ နာမည်ကျော် သစ်တောကြိုးဝိုင်းများသို့ လှည့်လည် သွား လာပြီးလျှင် သစ်တောကြိုးဝိုင်း အနီး၌ပင် မယောင်မလည် လှည့်လည်၍ အမဲသားကောင်များကို ပစ်ခတ်ရင်း အပူအပင် ကင်းစွာ နေထိုင်ခဲ့ကြ၏။ ကျွန်ုပ်တို့ လှည့်လည် သွားလာခဲ့ သော နေရာများတွင် မုဒုမာလေ သစ်တောကြိုးဝိုင်း၊ ဇာလီ သာ ကြိုးဝိုင်း၊ ကန်ဟာ ကြိုးဝိုင်းများ ပါဝင်ခဲ့၏။ အချို့ တိရစ္ဆာန်များမှာ တောတွင်း၌ ကြီးပြင်းရသည် ဆိုသော် လည်း လူကို မြင်ရသော အခါတွင် ရန်မမူပဲ အေးဆေးစွာ

သွားလာနေကြသလို အချို့ တိရစ္ဆာန်များမှာ လူနှံ့ရ၍ လူမမြင်ရခင်ကပင် တရှူးရှူး တရှဲရှဲနှင့် ဒေါသ မာန် ပြင်းလျက် ရှိကြ၏။

အိန္ဒိယပြည်တွင် ကျားအလွန်ပေါများသလောက် ကျားမျိုး မတိမ်ကောရန်ကိုလည်း ဘေးမဲ့ ကြိုးဝိုင်းများအတွင်း တောလိုက်မုဆိုးများ အရမ်းမဲ့ မပစ်ခတ်နိုင်လေအောင် ဥပဒေများ ထုတ်ထားခဲ့၏။ သို့ရာတွင် ဘေးမဲ့ ကြိုးဝိုင်းများမှအပ ဖြစ်သော တောအုပ်များ၊ ကွင်းပြင် လွင်ပြင်များတွင်လည်း ကျား၊ ခြင်္သေ့၊ ဆင်၊ ကြံ့၊ သမင်၊ ဒရယ်များ အုပ်ဖွဲ့၍ အများအပြား နေထိုင်ကြသဖြင့် မုဆိုးဘဝနှင့် နေရသည်မှာ ပျော်စရာ ကောင်းနေသလောက် ဝင်ငွေကလည်း ဖြောင့်လျက်ရှိချေသည်။

အာမစ်သည် တောလိုက်ရာ၌ လက်ဖြောင့်သူ ဖြစ်၏။ အချက်အပြုတ်ဖက်ကလည်း စဖို့မှူး တဦးကဲ့သို့ပင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်နိုင်လေသည်။ သို့နှင့် အာမစ်ကို ကျွန်ုပ် မခွဲနိုင်လောက်အောင် ခင်မင်လာခဲ့ရာမှ တနေ့တွင် အာမစ်အပြင်းအထန် ဖျားခဲ့လေသည်။ ဤတွင် ကျွန်ုပ်ကပင် အာမစ်အားပြုစုနေရပြီးလျှင် အတော် နေသာထိုင်သာ ရှိလာသောအခါ သူ့မိဖများရှိရာသို့ ပြန်ပါရစေတော့ဟု ကျွန်ုပ်ထံ၌ခွင့်တောင်းလေသည်။ ကျွန်ုပ်ကလည်း ကြည်ဖြူစွာပင် ခွင့်ပြု၍ ကျွန်ုပ်ပါသူနှင့်အတူ လိုက်ခဲ့မည်ဟု ပြောသဖြင့် အာမစ်ခမျာ အတော်ပင် အားတက်ဝမ်းသာသွားလေသည်။

ကျွန်ုပ်တို့သည် အိန္ဒိယပြည်နှင့် နီပေါနယ်စပ်ရှိ ဘာဂန်ချိ မြို့ကလေးနှင့် ဆယ်မိုင်ခန့် ကွာဝေးသော ရွာတရွာတွင် နေထိုင်ကြသော အာမစ်၏ မိဖများအိမ်သို့ သွားရောက် နေထိုင်ခဲ့ကြ၏။ ထိုရွာကလေးမှာ မှောင်ခိုကုန်သည်များ စခန်းချရာ နေရာဖြစ်၍ အိမ်ခြေ တရာခန့် ရှိသည်။ ထိုရွာကလေးသို့ နီပေါဖက်မှ စားသောက်ကုန်များကို အိန္ဒိယဖက်သို့ အကောက်ခွန်မဲ့ တိတ်တဆိတ် ယူသွင်းကြပြီးလျှင် အိန္ဒိယဖက်မှ ကုန်ပစ္စည်းမျိုးစုံကိုလည်း ထိုရွာမှတဆင့် နီပေါပြည်ဖက်သို့ အကောက်အခွန်မဲ့ ခိုးထုတ်ကြရာ ရွာကလေး ဆိုရသော်လည်း အတော်ကလေး စည်စည်ကားကား ရှိပြီးလျှင် လူမျိုးပေါင်းစုံလည်း ဝင်ထွက်သွားလာလျက် ရှိ၏။

အာမစ်မှာ သူ့မိဖများဆီရောက်တော့မှ အတော်ကျန်းမာလာခဲ့သော်လည်း ကျွန်ုပ်နှင့်အတူ တောအမဲပစ်ရန် မလိုက်နိုင်သေးပဲ ကျွန်ုပ် တဦးတည်းသာလျှင် ရွာနီးချုပ်စပ်များ၌ လှည့်လည်ရင်း သားကောင်များ၏ အရိပ်အခြည်များကို လေ့လာနေရ၏။ တနေ့သောအခါ ကျွန်ုပ် တောစပ်သို့ သွားခါနီးတွင် အာမစ်၏အဖေနှင့် အသက် ၅၀ ခန့်ရှိ၍ အဝါရင့်ရောင်ဝတ်ရုံကြီး ဝတ်ထားသော ပုဂ္ဂိုလ်တဦး အိမ်ထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရ၏။ ထိုပုဂ္ဂိုလ်၏ လက်တဖက်တွင် တောင်ဝှေးတချောင်း ကိုင်ထားပြီးလျှင် အခြားတဖက်၌ မဲနက်နေသော စိပ်ပုတီးတကုံးကို တွေ့ရသည်။ ထိုပုဂ္ဂိုလ်သည် ဆံပင်ကို သေသပ်စွာ ထုံးထားသည်။ ရုတ်တရက်သော် အိန္ဒိယပြည် အနှံ့အပြား၌ တွေ့ရတတ်သော ဆာဒူးတဦးနှင့် တူသော်

လည်း သန့်သန့်ပြန့်ပြန့်နှင့် မုတ်ဆိတ် ကျင်စွယ်များလည်း ထားခြင်း မရှိရကား ကျွန်ုပ်အဖို့ မည်သို့သော ပုဂ္ဂိုလ်မျိုး ပါလိမ့်ဟု စဉ်းစားဖွယ်ရာ ဖြစ်နေမိ၏။

ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်အားပြုံး၍ နှုတ်ဆက်ပြီးလျှင် နှုတ်မှ လည်း တစုံတရာကို ပြောလိုက်သေးသည်။ ကျွန်ုပ်ကလည်း ပြုံး၍ပင် ပြန်၍နှုတ်ဆက်ပြီးလျှင် တောစပ်ဆီသို့ ထွက်လာ ခဲ့၏။ ထိုနေ့က တနေကုန် တောစပ်တလျှောက် လှည့်လည် သော်လည်း အမဲ မဆိုထားဘိ ငှက်တကောင်တလေပင် မရပဲ ညနေမိုးချုပ်မှပင် နေအိမ်သို့ ပြန်ရောက်လာခဲ့၏။ ခါတိုင်း အမဲပစ် ထွက်သည်ဆိုလျှင်ပင် အနည်းဆုံး အမဲတကောင်မျှ မရစေကာမူ ငှက် လေး ငါးကောင်လောက်တော့ ရတတ် သည်ဖြစ်ရာ ထိုနေ့က အမဲ သားငှက်များ မရသည်နှင့် ပတ် သက်၍ နေအိမ်မှ ထွက်စ အာမစ်အဖေနှင့် အတူပါလာသော ပုဂ္ဂိုလ်သည်ပင် ကျွန်ုပ်၏ တနေ့တာ အမဲလိုက် ခရီးအတွက် အနှောင့်အရှက် အကျိုးမဲ့ ဖြစ်စေသည်ဟု စိတ်ထဲမှ သွား၍ ဥပါဒ်မိချေသေး၏။

အိမ်ပြန်ရောက်သောအခါ နံနက်က တွေ့ခဲ့ရသော ပုဂ္ဂိုလ် မှာ အာမစ်တို့ မိသားစုနှင့်အတူ ထိုင်၍ စကားစမြည် ပြော လျက်ပင် ရှိချေသေးသည်။ ကျွန်ုပ် အိမ်တွင်းသို့ဝင်မိသည်နှင့် အာမစ်က

"ဆာဟစ် အလာမိန်း၊ ဆာဟစ်ကို ဒီပုဂ္ဂိုလ်ကြီးက ခဏ စကားပြောချင်လို့ပါတဲ့"

ကျွန်ုပ်သည် အမဲပစ်ရိုင်ဖယ်နှင့် လွယ်အိတ်ကို ကျွန်ုပ်၏ ကြိုးခုတင်ပေါ်၌ ချခဲ့ပြီးနောက် သူတို့တတွေ ဝိုင်းထိုင်နေသော နေရာသို့သွား၍ ကောက်ရိုးဖျာပေါ်၌ ထိုင်လိုက်၏။

"ဆာဟာစ်ကို ကျနော်တို့ စောင့်နေကြတယ်။ ဟောဒီက ယောဂီပုဂ္ဂိုလ်ကလဲ ဆာဟာစ်ကို တွေ့ပီးတော့မှပဲ ပြန်မယ်လို့ ဆုံးဖြတ်ထားပါတယ်"

ယောဂီပုဂ္ဂိုလ်က ကျွန်ုပ်အား တွေ့ချင်သည်ဆို၍ ကျွန်ုပ်မှာ အံ့အားသင့်သွား၏။ အဘယ်ကြောင့် ကျွန်ုပ်အား တွေ့ချင်ရပါသနည်း။ ကျွန်ုပ်ဉာဏ်မီသမျှ စဉ်းစားမရ။

ယောဂီဟု ဆိုသော ပုဂ္ဂိုလ်သည် ဟင်ဒီဘာသာဖြင့် ရည်မွန်သာယာစွာနှင့် ကျွန်ုပ်အား စကားစပြော၏။

"မိတ်ဆွေဟာ တနေ့ လူသူတော်တဦး ဖြစ်လာလိမ့်မယ်လို့ ကျုပ်မြင်ထားလို့ မိတ်ဆွေနဲ့ စကားပြောရရင် သင့်မြတ်လိမ့်မယ်လို့ ကျုပ်ယူဆပါတယ်"

ကျွန်ုပ်သည် တနေ့သောအခါ လူသူတော် ဖြစ်လာလိမ့်မည်ဟု ထိုပုဂ္ဂိုလ်က ကျွန်ုပ်၏ အနာဂတ် ကာလအဖို့ကို စတင်ပြောလာသောအခါ ကျွန်ုပ်သည် စိတ်မဝင်စားသေးပဲ စိတ်ထဲက မယုံမကြည်နှင့်ပင် ပြုံးမိသည်။

"မိတ်ဆွေ၊ ငယ်ငယ်တုန်းက မိတ်ဆွေရဲ့ မိဖများ ထူးထူးခြားခြား အိပ်မက် မက်ခဲ့ဖူးတဲ့အကြောင်းများကိုကော မိတ်ဆွေကို သူတို့ပြောပြခဲ့ဖူးသလား"

ယောဂီပုဂ္ဂိုလ်က ထိုအမေးကို မေးလိုက်သောအခါ ကျွန်ုပ်သည် အတော်ပင် ထိတ်လန့်သွားသည်သာမက ကြက်

သီးမွှေးညှင်းပင် ထလာသည်ဟု ထင်မိသည်။ ကျွန်ုပ် ၁၀ နှစ်သား အရွယ်လောက်က ကျွန်ုပ်၏ အမေဖြစ်သူသည် ကျွန်ုပ်နှင့် ပတ်သက်သည်ဟု ယူဆသော သူမ မြင်မက်သည့် အိပ်မက်တခုကို ကျွန်ုပ်တို့အား ပြောပြခဲ့ဖူး၏။ အိပ်မက်မှာ ကျွန်ုပ်၏ မိခင်သည် ညှော်ခန်း၌ ကုလားထိုင်တွင် ထိုင်၍ သိုးမွေးဆွယ်တာတခုကို ထိုးနေစဉ် အလွန် သန့်ရှင်းစင်ကြယ်စွာ ဝတ်ဆင်ထားသော လူတဦးသည် အိမ်ထဲသို့ ကျွန်ုပ်၏လက်ကို ဆွဲကာ ဝင်လာပြီးနောက် ဤသူငယ်ကို မိမိအား ပေးပါ၊ ဤသူငယ်ကို သူနှင့် ထည့်လိုက်ပါက ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ထားမည် ဖြစ်ပြီးလျှင် အသက်အားဖြင့် နှစ်ပေါင်း သုံးရာအထိ နေထိုင်သွားရလေအောင် ထူးခြားသော ပညာများကို သင်ကြားပေးပါမည်ဟု ပြောပြသည် ဆို၏။ ကျွန်ုပ်မိခင်ကလည်း သားဖြစ်သူ အသက်ရှည်စွာ နေသွားမည်ဆိုလျှင် ခေါ်သွားပါဟု ကတိပေးသောအခါ ထိုသန့်ရှင်းစင်ကြယ်စွာ ဝတ်စား ဆင်ယင်ထားသော ပုဂ္ဂိုလ်သည် အားရွှင်လန်းစွာဖြင့် ကျွန်ုပ်အား ခေါ်ဆောင်သွားသည်ဟု အိပ်မက်ကြောင်းကို ပြောပြဖူး၏။ ကျွန်ုပ်၏ ဖခင်ကပင် သည်လိုသာဆိုလျှင် ငါ့သားကို ဘုရားသခင်သည် အသက်ရှည်အောင် စောင့်ရှောက်သွားလိမ့်မည် အမှန်ပင်ဟု ရယ်မော ပြောဆိုခဲ့သေး၏။

ယောဂီ ပုဂ္ဂိုလ်က ထူးထူးခြားခြား မေးလိုက်သော အမေးကို ကျွန်ုပ်မှာ မငြင်းသာပဲ ပြန်ပြောင်း ပြောပြမိ၏။

အာမစ်၏ မိသားစုမှာလည်း ကျွန်ုပ်အား အံ့သြစွာ ဝိုင်း၍ စူးစိုက်ကြည့်နေကြ၏။

ယောဂီပုဂ္ဂိုလ်ဆိုသူသည် ကျွန်ုပ်၏ ဖြစ်စဉ်ထဲမှ အဖြစ်အပျက် တရပ် နှစ်ရပ်ကို ထုတ်ဖော်ပြောပြပြီးနောက် ကျွန်ုပ်အား ဖြူဖွေးသော ချည်ခင်တခုကို ထုတ်ပေးလျက် လည်ပင်းမှာ ဆွဲထားပါဟု ပြောသောအခါ ကျွန်ုပ်သည် ယောဂီပုဂ္ဂိုလ်၏ ညွှန်ကြားချက် မိနေသည့်အလား မဆိုင်းမတွပင် ကောက်ကာငင်ကာ ချက်ချင်း လည်ပင်းတွင် ဆွဲထားမိပါသည်။ ထိုနောက်တွင် ယောဂီပုဂ္ဂိုလ်ဆိုသူသည် ကျွန်ုပ်နှင့်တကွ အာမစ်၏ မိသားစုကိုပါ နှုတ်ဆက်၍ နေရာမှထကာ ပြန်လည်ထွက်ခွာသွားတော့၏။

"ဒီသူတော်စင်ပုဂ္ဂိုလ်ကို ကျုပ် ဒီရောက်ကတဲက တခါမှလဲ မတွေ့ဖူးပါလား။ ဘယ်ကလဲ။ ဘယ်တုန်းက ခင်ဗျားတို့တတွေနဲ့ သိကျွမ်းခဲ့သလဲ"

ထိုပုဂ္ဂိုလ် ထွက်ခွာသွားသောအခါမှပင် အာမစ်၏ ဖခင်ကို မေးမိ၏။

"အာမစ် နေမကောင်းတာ ကင်းကင်းရှင်းရှင်း ပျောက်သွားအောင် ယောဂီ ပုဂ္ဂိုလ်တဦး ရွာကို ရောက်နေတယ်၊ သွားပင့်ပီးတော့ ပြကြည့်ပါလားလို့ ငါ့မိတ်ဆွေတွေက ပြောတာနဲ့ ဒီနေ့မနက် အစောကြီး သူ့ကိုတွေ့အောင် သူရှိတဲ့ နေရာကို သွားတယ်။ သူနဲ့တွေ့တော့ ငါ အကျိုးအကြောင်း ပြောပြတယ်။ သူ စကားမပြောပဲ စဉ်းစားနေတယ်။ အတော်ကြာတော့မှ ကောင်းပီ ကျုပ်လိုက်ခဲ့မယ်။ ကျုပ် စကားအနည်း

ငယ် ပြောစရာရှိတဲ့ လူတယောက်လဲ ခင်ဗျားတို့အိမ် ရောက်နေတယ်။ အဆင်သင့်ပါပဲ ဆိုပြီးတော့ လိုက်လာခဲ့တယ်။ အခုတော့ သူတွေ့ချင်တဲ့ လူဆိုတာ ဆာဟာစ် အလာမိန်း ဖြစ်နေတာ သိရတယ်။ တနေ့လုံး ဆာဟာစ်ကို တွေ့ပြီးမှ ပြန်မယ်ဆိုပြီး သူစောင့်နေတာပဲ။ အာမစ်အတွက်လဲ သူ ဆုတောင်းပေးသွားတယ်။ အာမစ်လဲ အခု အတော်နေကောင်းနေပြီလို့ ပြောပါတယ်။ အင်း၊ အတော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပါပဲ။ ငါတို့ ဟိုတုန်းက တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကိုလဲ သူ ပြန်ပြောပြပါတယ်။ သူပြောတဲ့အတိုင်း အားလုံး မှန်နေပါတယ်” အာမစ်ဖခင်က ကျွန်ုပ်အား ပြန်ပြောပြ၏။

“သူ ဘယ်ကလာတယ်ဆိုတာလဲ ငါမသိရဖူး။ ငါနဲ့ တွေ့ရတာလဲ ဒီအကြိမ်ဟာ ပထမ အကြိမ်ပါပဲ”

ကျွန်ုပ်သည် အာမစ်ဖခင်၏ ပြောပြချက်ကို နားထောင်ပြီးနောက် အဝတ်လဲကာ အဝတ်တွင် ရေနွေးဆွတ်၍ ကိုယ်ကို ပွတ်တိုက်ပြီးလျှင် ချာပါတီနှင့် ပဲဟင်း အနည်းငယ် စားလျက် အမောအပန်း ခေတ္တမျှ ဖြေ၍ အိပ်ရာဝင်ခဲ့၏။

× × ×

ယောဂီပုဂ္ဂိုလ်ဆိုသူနှင့် တွေ့ခဲ့ပြီးသော နောက်ပိုင်းတွင်မူ ကျွန်ုပ်သည် တောလိုက်ထွက်တိုင်း အမဲ သားကောင်များနှင့် မတွေ့ရသည်က များ၍ အမဲ သားကောင်များ နှင့် တွေ့ရပြန်သော်လည်း အကြောင်း တခုမဟုတ် တခုကြောင့် ကျွန်ုပ်အား ရှောင်ကွင်း ထွက်ပြေးသွားကြသည်သာ များရာ

ကျွန်ုပ်သည် ကျွန်ုပ်လည်ပင်း၌ ဆွဲထားသော ယောဂီပေးခဲ့သည့် ချည်ခင်ကြောင့်ပင် ဖြစ်ရမည်ဟု အတပ်စွဲကာ ချည်ခင်ကို ဖြုတ်ထားလိုက်သည်သာမက တနေ့တွင် ယောဂီနှင့် တွေ့ဆုံဦးမည်ဟု ကြံလျက် အာမစ်ဖခင်အား ခေါ်ပြီးလျှင် ယောဂီရှိရာ နေရာသို့ လမ်းပြစေ၏။

ကျွန်ုပ်တို့သည် ရွာနှင့် နှစ်မိုင်ခန့် ကွာဝေးသော နေရာ၌ လူသူ နေဟန်မတူသော တဲကုပ်တခုသို့ ရောက်သောအခါ အာမစ်၏ ဖခင်က ယောဂီပုဂ္ဂိုလ် နေထိုင်သော နေရာမှာ ထိုနေရာပင် ဖြစ်သည်ဆိုကာ ဝင်ကြည့်ကြ၏။ သို့ရာတွင် တောင်းရမ်း စားနေရဟန်တူသော အဖိုးကြီး တဦးသည် တဲကုပ်အတွင်း၌ စုတ်ချာလှသော မြက်ဖျာပေါ်တွင် လျောင်းနေသည်ကို တွေ့ကြရ၏။

"ဒီမှာနေတဲ့ ယောဂီပုဂ္ဂိုလ် ဘယ်သွားပါသလဲ" အာမစ်ဖခင်က မေး၏။

အဖိုးကြီးသည် လျောင်းနေရာမှ လေးလံစွာ ထထိုင်ပြီးလျှင် ကျွန်ုပ်တို့အား စိမ်းစိမ်းကြည့်၍

"ဟိမဝန္တာကို ပြန်တော့မယ်လို့ ပြောသွားတာပဲဗျာ။ ရွာက လူတွေကိုလဲ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေနိုင်ကြပါစေလို့ မေတ္တာပို့သွားတယ်။ သူ မပြန်ခင် တညမှာ ဒီရွာက လူတယောက်နဲ့ တညလုံးပဲ စကားပြောနေကယ်။ သူတို့ပြောတဲ့စကားကို ကျုပ်လဲ နားမလည်ဖူး။ သက်ရိုက်စကားနဲ့ တူပါရဲ့။ အဲဒီလူလဲ သူနဲ့အတူ ပါသွားလေရဲ့ဗျာ"

ကျွန်ုပ်တို့သည် ဆက်မမေးတော့ပဲ တဲအတွင်းမှ ပြန်ထွက်လာခဲ့ကြ၏။


သို့နှင့်ပင် ကျွန်ုပ်သည် မေ့မေ့ပျောက်ပျောက် နေခဲ့ရာ တညသောအခါတွင် ကျွန်ုပ်သည် ဆန်းဆန်းပြားပြား အိပ်မက်မက်လေသည်။ တနေ့လုံး အမဲလိုက်ထွက်သော်လည်း အဆင်မပြေ အကျိုးမဲ့ ခြေကုန်လက်ပန်းကျပြီး အိမ်ပြန်ရောက်သောအခါ စိတ်ပျက်စွာနှင့်ပင် အိပ်ရာတွင် ခြေပစ်လက်ပစ် အိပ်လိုက်ရာ ချက်ချင်း အိပ်ပျော်သွားခဲ့သည်။

အိပ်မက်ထဲတွင် ကျွန်ုပ်သည် ယောဂီပုဂ္ဂိုလ်ပေးထားသော ချည်ကို ပြန်၍ လည်ပင်း၌ စွပ်လိုက်ပြီးလျှင် သည်လောက် တောင် ကံမကောင်းချင်ရတာ အမဲမရလျှင် အိမ်သို့ မပြန်ဟု ဆုံးဖြတ်၍ တောစပ်သို့ ဝင်ခဲ့သည်။ အတန်သွားမိလျှင် ကျွန်ုပ်ရှေ့တွင် သမင်ပေါင်းများစွာ မြက်ခင်းပြင်ကြီး၌ ပျော်မြူးနေကြသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် အားရဝမ်းသာစွာနှင့် သေနတ်ကို သေချာစွာချိန်၍ သမင်အုပ်ထဲသို့ ပစ်သွင်းလိုက်သောအခါ တောတောင်အနှံ့ ပဲ့ထင်ထပ်သွားအောင် သေနတ်သံသည် ပျံ့လွင့်လျက်ရှိ၍ အသံမစဲအောင် ဆက်၍ ဆက်၍ ကြားနေရလေသည်။

သမင်အုပ်ကြီးမှာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားရာမှ သမင်ကလေး တကောင်သာလျှင် ကျန်ရစ်ခဲ့သည်။ ထိုသမင်ကလေးမှာ ရွှေရောင်ကဲ့သို့ တလက်လက် တောက်ပနေသောကိုယ်နှင့် လှန်စွာ လှပသည်။ ကျွန်ုပ်ထံသို့ တဖြည်းဖြည်း မကြောက်မရွံ့ ရွှေလျှားလာနေသည်ကို တွေ့

ရသည်။ ကျွန်ုပ်အနီးသို့ ရောက်သောအခါတွင် သူ၏လည်ပင်းကို အသာအယာပင် ကျွန်ုပ်ဆီသို့ ထိုးပေးသဖြင့် ကျွန်ုပ်က ဖမ်းယူလိုက်၍ ရွာထဲသို့ ခေါ်လာခဲ့သည်။ ရွာထဲသို့ ရောက်သောအခါ သမင်ကလေးကို ထွက်ကြည့်ကြသော လူအုပ်ကြီးမှာ အလွန်များပြားပြီးလျှင် အော်ဟစ်ဆူညံစွာ ကြွေးကြော်ကြသည်နှင့် ကျွန်ုပ်မှာ အိပ်ရာမှ နိုးခဲ့ရလေသည်။





## သေရအံ့ဆဲဆဲ အတွေ့အကြုံ

ကျွန်ုပ်သည် အိပ်မပျော်တော့ပဲ နံနက် လင်းသည်တိုင်အောင် စိတ် ကယောင်ချောက်ချား ဖြစ်နေလေရာ အာမစ်၏ နှမငယ် လာပေးသော ကာဖီနှင့် မုန့်အနည်းငယ်ကို စားပြီးနောက် သေနတ်နှင့် ယမ်းကပ်ကိုယူ၍ တောစပ်သို့ ထွက်ခဲ့လေသည်။

ထိုနေ့ နံနက်ခင်းသည် သာယာလျက်ရှိသည်။ ဆောင်းဝင်စ ဖြစ်သော်လည်း နေရောင်ခြည်ကတော့ အနွေး ပက်ဖြန်းထားသောကြောင့် နွေးထွေးလျက် ရှိရာက ကျွန်ုပ်အဖို့လည်း လမ်းလျှောက်လာသည်မှာ ပင်ပန်း နွမ်းနယ်သည် မရှိလှပဲ တောစပ်ကိုပင် လွန်မြောက်၍ လာခဲ့သည်။ အချိန်မှာလည်း မွန်းတည့်လောက်နီးနီး ရှိနေလေပြီ ကျွန်ုပ်သည် ညက မြင်မက်

သော အိပ်မက်ကြောင့် ထိုနေ့အဖို့မှာ ကံကောင်းထောက်မ နိုင်ကောင်းသည်ဟု စိတ်ကိုတင်းကာ ဆာလောင်မွတ်သိပ် ရမှုန်းကိုပင် သတိမရနိုင်ချေ။

အမှန်မှာ ကျွန်ုပ်သည် တနေ့ပြီးတနေ့သာ အမဲတကောင် တလေမျှ မရပဲ အချိန်ကုန်နေခဲ့ရသည်ကိုလည်း မိမိကိုယ်ကို မိမိ အားမလိုအားမရ ရှိနေခဲ့၏။ အိပ်မက်ထဲတွင် သမင်အုပ် ကြီးကို တွေ့ရခြင်း၊ သမင်လေးတကောင် မိမိထံ ရောက်လာ ခြင်း၊ တရွာလုံး အုံးအုံးကျွက်ကျွက် ဖြစ်ကြရခြင်းမှာ ကျွန်ုပ် အဖို့ နိမိတ်ကောင်းသည်ဟုပင် ယူဆမိ၏။ ထိုကြောင့် ထိုနေ့ အဖို့ ကျွန်ုပ် လုံ့လ ဝီရိယ ဇွဲရှိသလောက် အကျိုးခံစားရလိမ့် မည်ဟုပင် ယုံကြည်ပြီးလျှင် ဆက်၍သာလျှင် တောတွင်းသို့ ဝင်နေခြင်း ဖြစ်၏။ ကျွန်ုပ် ခရီးတွင် စောစောပိုင်းက မီး သွေးဖုတ်သူ၊ ထင်းခုတ်သူတို့၏ တဲငယ်များကို တတဲတလေ တွေ့လာခဲ့သေးသော်လည်း သွားရင်းနှင့် လူနေအိမ်ခြေဟူ၍ လုံးဝ မတွေ့ရတော့သည်နှင့် ခရီးအတော်ဝေးခဲ့ပြီဟု ခန့်မှန်း နိုင်၏။ တောနက်လေ အမဲ သားကောင်များနှင့် တွေ့နိုင်လေ ဟု မျှော်လင့်ရသောကြောင့် ကျွန်ုပ်သည် ရှေ့သို့သာ ဆက် လျှောက်လိုသောစိတ် ပြင်းပြလျက် ခရီးဝေးလာသည်ကို လုံးဝ ဂရုမစိုက် စိတ်မကူးနိုင်ပဲ ရှိခဲ့၏။

တောစပ်တခုကို လွန်မြောက်၍ မြက်ခင်းချုံပုတ်များ ထူ ထပ်သောနေရာကို ဖြတ်ကျော်လာရာမှ တောစပ်သို့ ရောက် ပြန်၍ ထိုတောစပ်မှ လွန်လာပြန်လျှင် သစ်ပင်ကြီး ငယ် ကွက်တိကွက်ကြား ပေါက်နေသော နေရာသို့ ရောက်လာ

ပြန်သည်။ ထိုအချိန်တွင် ကျွန်ုပ်သည် အသင့်အတင့် မောပန်းလာသည်နှင့် သစ်ပင်ကြီး တပင်အောက်၌ ထိုင်ချမိသည်။ ကျွန်ုပ်ရှေ့တွင် လူတရပ်နီးပါးလောက်ရှိသော ပေါင်းပင်များ ပေါက်ရောက်လျက် လေတဟူးဟူး တိုက်ခိုက်နေသောကြောင့် သမုဒ္ဒရာထဲ၌ လှိုင်းများ တအိအိထရင်း လှုပ်ရှားနေသည်နှင့် ပင် တူချေသေးသည်။ လူသွားလမ်းမှာ လုံးဝ ပျောက်နေပြီ ဖြစ်သောကြောင့် ယင်းမြက်ရှည်ပင်များကို ဖြတ်၍ သွားပါက ကျွန်ုပ်သည် လမ်းမှား၍ တောထဲ၌ ထိုနေ့ည အဖို့ အိပ်နေရပေလိမ့်မည်။ နံနက် လင်း လာ သော အ ခါ ၌ လည်း ဆောင်းရာသီဝင်စ နှင်းများ ပိတ်ဖုံးနေပြန်လျှင်လည်း နေလုံး ပေါက်သည်အထိ ခရီးဆက်နိုင်မည် မဟုတ်ပေ။

ထိုသို့ တွေးတောနေစဉ် မြက်ပင်များကြား၌ လှုပ်ရှားနေသော မထင်ရှား မသဲကွဲသော သဏ္ဍာန်တခုကို ထိုင်ရာမှ မြင်လိုက်ရသောအခါ ကျွန်ုပ်သည် ကပျာကရာ သေနတ်ကို ကိုင်ကာ လှမ်း၍ပစ်ခတ်ရန် အသင့်ပြင်ဆင်ပြီး ဖြစ်နေလေ၏။ ထိုသဏ္ဍာန်သည် တဖြည်းဖြည်း လှုပ်ရှားနေရာမှ ခေါင်းကို တချက် ဝှေ့ရမ်းလိုက်သောအခါ နှာဖျားမှ မို့မောက် ချွန်တက်နေသော တခုတည်းသော ချိုကြီးကို မြင်ရပြီးနောက် နားရွက်နှစ်ခု လှုပ်နေသည်ကို မြင်ရသောအခါ ကျွန်ုပ်သည် ချိုတချောင်းသာရှိသော ကြံ့ကြီးတကောင်နှင့် ရင်ဆိုင်နေရသည်ကို သတိထားမိတော့၏။ ကျွန်ုပ်၏ အမဲလိုက်ဘဝတွင် ကြံ့ကို တခါမျှ မပစ်ခဲ့ဖူးပေ။ သို့သော် ကြံ့များ၏ သဘာဝကိုကား လူပြောသူပြောနှင့် ကြားဖူးနားဝ ရှိနေသည့်ပြင်

ကြံ့တကောင်၏ တန်ဖိုးမှာလည်း ရူပီးငွေ နှစ်ထောင်မှ သုံးထောင်အထိ ရှိ၍ မှောင်ခိုကုန်သည်များအား အလွယ်တကူ မျက်နှာတင်းတင်းထား၍ ဈေးခေါ် ရောင်းစားနိုင်သည်ကို သိပေသည်။

ကြံ့သည် တကိုယ်လုံး ထူထဲမာကြောသော အရေခွံဖြင့် လွှမ်းခြုံထားသော သတ္တဝါ ဖြစ်ရကား ချက်ကောင်းကို မှန်အောင် ပစ်နိုင်မှသာလျှင် ကျွန်ုပ်အဖို့ ရက်အတန်ကြာ တွက်ခြေမကိုက်ခဲ့သော အခြေကို ဖာထေးနိုင်ပည် ဖြစ်၏။ သို့နှင့် အသာအယာ သေနတ်ပြောင်းကို ပြန်ရုပ်၍ ပခုံး၌ ပြန်လွယ်လိုက်ပြီးလျှင် သစ်ပင်ပေါ်သို့ တက်ရန် ကြိုးစားရလေသည်။ ကံအားလျော်စွာ ကျွန်ုပ် တရပ်သာသာတွင် သစ်ကိုင်းတခု ရှိ၏။ ထိုသစ်ကိုင်းပေါ်သို့ တက်၍ ပင်စည်ကို ကိုယ်နှင့် မှေးထားရင်း ကြံ့၏ နှာနှာရှက် နှစ်ခုကြား ထိပ်တည့်တည့်ကို ချိန်မိရန် အချိန်ယူ စောင့်ဆိုင်းနေခဲ့ရ၏။

အိန္ဒိယရှိ အချို့သော သူတို့အယူအဆမှာ ကြံ့သည် နတ်ဘုရား လေ့ဒ်ကရစ်သျှနာ စစ်မက် ဆင်နွှဲရာတွင် အသုံးပြုရန် သံချပ် တန်ဆာပလာ ဒွာဒရာများကို ဆင်ပြင်ပေးခြင်း ခံရသော သတ္တဝါဖြစ်သည်။ သို့ရာတွင် စစ်ပွဲဆင်နွှဲသောအခါ စစ်ဆင် စစ်တက်၊ အကွေ့အရှောင် စစ်ပရိယာယ်၌ ထုံထိုင်းသော သတ္တဝါ ဖြစ်နေရကား တောတွင်းသို့ မောင်းသွင်းခဲ့သောကြောင့် လူသူ မနီးစပ်သော တောဟဲသို့ ရောက်နေရသည်။ နတ်ဘုရား လေ့ဒ်ကရစ်သျှနာ ဆင်ယင်ပေးလိုက်သောသံချပ် တန်ဆာပလာများကို ဆင်ယင်မြဲ ဆင်ယင်ထားရလင့်ကစား

ပါးနပ် လိမ်မာခြင်း မရှိ၊ ရန်သူကို တွေ့လျှင် တုံးတိုက်ကိုက် ကမ်းတိုက်တိုက် တရှူးထိုး မစဉ်းစားမဆင်ခြင် ဝင်၍ တိုက်ခိုက် ဖို့ခွင်းတတ်သည်ဟူသော အချက်ကိုလည်း ကျွန်ုပ် သတိရမိ သည်။ သို့ရာတွင် ကျွန်ုပ်သည် ထိုကြွံကို အလွတ်မပေးပဲ ပစ်ခတ် မည်ဟု ဆုံးဖြတ်ပြီး ဖြစ်သဖြင့် ကျွန်ုပ် မှန်းဆထားသော ပစ် မှတ်ကို မြင်ရသည်နှင့် သေနတ်မောင်းကို ဖြုတ်လိုက်လေသည်။

ဒိုင်းဟူသော အသံနှင့်အတူ တချက်မျှ ကြွံကြီးသည် ငြိမ် သွားပြီးနောက် ရှေ့ခြေနှစ်ဖက်ကို မြေပေါ်သို့ ဆောင့်နင်း ပြီးလျှင် တချက်တည်း တရှူးရှူးတရှဲရှဲနှင့် ကျွန်ုပ်ရှိနေသော သစ်ပင်ရှိရာသို့ တဟုန်တည်း ပြေးဝင်လာရာ မိနစ်ပိုင်းလောက် မှာပင် သူ့ခေါင်းကြီးနှင့် သစ်ပင်ကို ဝင်ဆောင့်လိုက်၏။ ကျွန်ုပ်မှာလည်း လွင့်စဉ်ထွက်သွားလေရာ ဘယ်နေရာ ဘယ် ဆီသို့ ကျသွားသည်ဟူ၍ပင် မသိတော့ပဲ မေ့မြောသွားလေ တော့သည်။

× × ×

ကျွန်ုပ် သတိရလာသောအခါ ကျွန်ုပ်အနီးတွင် အာမစ်၏ အိမ်၌ တွေ့ဖူးသော ယောဂီပုဂ္ဂိုလ်သည် ထိုင်လျက်ရှိပြီးလျှင် ကျွန်ုပ် နားမလည်နိုင်သော စာများကို ရွတ်ဆိုလျက် ရှိပေ သည်။ ကျွန်ုပ်သည် ပြင်းထန်သော အရှိန်အဟုန်ကြောင့် လွင့် စဉ်ကျခဲ့ရာ၌ မည်သည့် ကိုယ်လက်အင်္ဂါများ ကျိုးပဲ့ ကွဲရှ သွားသနည်းဟု ကျွန်ုပ် တကိုယ်လုံးကို စမ်းသပ်နေမိသည်။ သွေးထွက်ပွန်းပဲ့သော နေရာများ မတွေ့ရသည့်ပြင် ယောဂီ

ပုဂ္ဂိုလ်က ကျွန်ုပ်အား "ထ ထ၊ ဘာမှ မဖြစ်တော့ပါဖူး" ဟု ကျွန်ုပ်၏ပခုံးကို ညင်သာစွာ ကိုင်တွယ် ပြောဆိုနေသဖြင့် ကျွန်ုပ်မှာလည်း လဲနေရာမှ ထထိုင်ပြီးနောက် ဒူးနှစ်ဖက်ကို လက်နှင့်ကိုင်ရှင်း ရပ်လိုက်ပြန်၏။ နာကျင်ကိုက်ခဲခြင်း မရှိ၊ ပကတိအားဖြင့် အကောင်း၊ အထိအခိုက် အပွန်းအရှ မတွေ့ရသည်ကို အံ့သြရသေးသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် လွင့်စဉ်ကျသော နေရာ၌ ကျိုးပဲ့ ထွက်လာသော သစ်ကိုင်း ကို တွေ့ရသည်သာမက ကျွန်ုပ် လွင့်စဉ်ကျသော နေရာမှာ လည်း ကျောက်တုံးကျောက်ခဲများ ပြန့်ကြဲနေသော နေရာ ဖြစ်နေ၏။

"အခု ဒီနေရာနဲ့ ရွာဆိုရင် ဘယ်လောက် ဝေးမလဲ" ဟု ယောဂီပုဂ္ဂိုလ်အား ကျွန်ုပ် မေးမိ၏။

"ကျွန်ုပ်တို့ ရွာကို မသွားတော့ဖူး၊ ရွာနဲ့ဆိုရင်လဲ အတော် ဝေးတဲ့နေရာပဲ။ ကျွန်ုပ်တို့ ယောဂီ ပုဂ္ဂိုလ်များနေရာသို့ သင့်ကို ခေါ်သွားမယ်။ သူတို့နဲ့ တရက် နှစ်ရက်လောက် နေပီးတော့မှပဲ ရွာကို ပြန်တာပေါ့။ အဲဒီအခါကျတော့လဲ ကျွန်ုပ် လမ်းပြ လိုက်ပါ့မယ်"

ယောဂီပုဂ္ဂိုလ် ခေါ်သွားအံ့သော နေရာသို့ မလိုက်လိုဟု ငြင်း၍ ကျွန်ုပ်တဦးတည်း ရွာပြန်ရမည် ဆိုလျှင်လည်း ပြန် လမ်းကို ကျွန်ုပ် စမ်းတဝါးဝါးနှင့် ရှာနေရဦးမည် ဖြစ်၏။ လွယ်လွယ်နှင့်လည်း ရှာဖွေတွေ့မည် မဟုတ်သောကြောင့် တောထဲမှာ တည် နှစ်ည အိပ်နေရမည် ဆိုလျှင် ခက်ရချေ ဦးမည်။

သာ၍ ခက်နေသည်ကား ကျွန်ုပ်၏ သေနတ်နှင့် ယမ်းတောင့်ကပ်မှာလည်း မည်သည့်နေရာ၌ ကျကျန်ရစ်သည် မသိ။ လက်နက်မဲ့ တောထဲ တောင်ထဲ ဖြတ်သွားရင်း ကျားများ၊ ဆင်များ၊ မြွေများ တွေ့နေခဲ့သော် မခက်ပေဖူးလား။ ယောဂီပုဂ္ဂိုလ်ကို အဖော်ပြု၍ သူဖိတ်ခေါ်သောနေရာသို့ လိုက်ရန်မှတပါး ကျွန်ုပ် အခြားလမ်းကို ရွေးစရာမရှိတော့ပေ။ သူတို့နေထိုင်ရာသို့လိုက်၍ သူတို့ နေထိုင်ရာ အရပ်ဒေသ၏ အခြေအနေနှင့် နေထိုင်ကြပုံကို လေ့လာရခြင်းသည်ကပင် ကျွန်ုပ်အတွက် ဗဟုသုတရနိုင်ဖွယ်ရာ ဖြစ်မည့်ပြင် အပြန်ခရီးကို ယောဂီပုဂ္ဂိုလ်ကပင် ပြပေးမည်ဆိုသောကြောင့်

"ကောင်းပါပြီ ကျွန်ုပ်လိုက်ခဲ့ပါ့မယ်" ဟု ကတိပြုလိုက်ပါ၏။

"ကဲ ဒါဖြင့် ကျွန်ုပ်တို့သွားကြမယ်"ဟု ကျွန်ုပ်၏ လက်မောင်းကို ယောဂီပုဂ္ဂိုလ်က ရွှေဆောင် ခေါ်သွားလေသည်။

ကျွန်ုပ်တို့သည် တဖာလုံလောက် သွားမိသည်နှင့် တောစပ်ကို ဝင်မိလေသည်။ တောစပ်ဟု ဆိုရသော်လည်း ကျွန်ုပ်တို့ သွားနေရသော လမ်းတလျှောက်မှာ လူသွားလမ်းဟု ထင်မှတ်ရလောက်အောင်ပင် ပြေပြစ်လျက်ရှိနေသည်။ တခါတရံ သမင် ဒရယ်များ ဖြတ်သန်းသွားနေသည်ကို တွေ့ရပြီး ကျွန်ုပ်တို့အား မကြောက်မရွံ့ မလန့်မဖျတ် အိန္ဒြေရစွာ သစ်ပင်ရင်းများ၌ ပေါက်နေသော မြက်နုကလေးများကိုပင် ငုံ့စားနေလိုက်သေး၏။

နေဝင်လုနီးသော ညနေစောင်းအချိန် ရောက်သောအခါ ကျွန်ုပ်တို့သည် ချောင်းငယ်တခု၏ ကမ်းနဘေးသို့ ရောက်ခဲ့ကြ၏။ ကမ်းနဖူးတနေရာတွင်၊ သစ်ပင်နှစ်ပင်ရှိရာ ယင်းသစ်ပင်များအောက်၌ သစ်ရွက် သစ်ခက် သစ်ကိုင်းများဖြင့် ဆောက်ထားသောတဲငယ်တခုကို တွေ့ရလေသည်။ ထိုတဲငယ်မှ ဆံ၊မုတ်ဆိတ်၊နှုတ်ခမ်းမွေး ငွေရောင်တောက်ပလျက် အဝတ်ဖြူဝတ်ထားသော အသက်အားဖြင့် ၆၀ ကျော်လောက် ရှိဟန်တူသည့် အဖိုးအိုတဦး ထွက်လာပြီးလျှင် ယောဂီပုဂ္ဂိုလ်အား လက်အုပ်ချီလျက် နှုတ်ဆက်၏။ သူသည် ယောဂီအား ဘန္တေဘန္တေ ဟုလည်း ယောဂီပုဂ္ဂိုလ်၏ စကားဆုံးသောအခါများတွင် သဘောပေါက် နားလည်ပါပြီဟု ခေါင်းညိတ် ဝန်ခံသည့် လက္ခဏာကို ဆောင်လေ၏။

"ကျွန်ုပ်တို့ ဒီနေ့ညအဖို့တော့ ဒီမှာဘဲ နားကြပါစို့။ မိတ်ဆွေအတွက် ညစာကို ဒီက သူတော်စင်က ကျွေးမွေးပါလိမ့်မယ်"

"ကောင်းပါပြီ။ ကျေးဇူးတင်လှပါပြီ"

ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ်အား သူတော်စင် အဖိုးအိုထံတွင် အပ်နှံခဲ့ပြီးသည့်နောက် တောအုပ်ထဲသို့ ဝင်သွားတော့သဖြင့် ကျွန်ုပ်မှာ တပိုတပါးသွားရန် ထွက်သွားသည်ဟုပင် ထင်နေခဲ့၏။ သူတော်စင် အဖိုးအိုသည် ဟင်ဒီဘာသာဖြင့် ကျွန်ုပ်အား ချောင်းရေမှာ သန့်စင် ကြည်လင်သော ရေဖြစ်၍ ချောင်းထဲ၌ ရေချိုးနိုင်သည်၊သောက်ရေကိုလည်း ထိုချောင်း

ရေကိုပင် စိတ်ချစွာ သုံးဆောင်နိုင်ပါသည်ဟု ပြောပြပြီး နောက် ကျွန်ုပ် လဲလျောင်းနိုင်သော ကွပ်ပျစ်ငယ်ကို ညွှန်ပြ လေသည်။

ကျွန်ုပ်သည် အင်္ကျီချွတ်၍ ချောင်းဖက်သို့ ထွက်လာခဲ့ပြီး လျှင် ချောင်းကမ်းပါး၌ ပဆစ်တုပ်ထိုင်ရင်း လက်နှစ်ဖက် ဖြင့် ချောင်းရေကို ခပ်ယူသောက်ကြည့်၏။ ချောင်းရေမှာ ရေစစ်ဖြင့် စစ်ယူထားသောရေကဲ့သို့ ကြည်လင်နေသည့်ပြင် အေးမြလျက်ရှိ၏။ ဆောင်းဥတုတွင် တောတောင် စိမ့်စမ်း များမှ စီးဆင်း၍ ချောင်းတွင်းသို့ ဝင်လာသော ရေသည် အလွန်တရာ အေးမြတတ်သော်လည်း ထိုချောင်းရေမှာ တစိမ့် စိမ့်သော်လည်းကောင်း၊ ခိုက်ခိုက် တုန်လောက်အောင်သော် လည်းကောင်း ညနေချမ်း အချိန်မျိုးတွင် ဘေး ဥပဒ်ပေးစေ လောက်သော အအေးဓါတ်မျိုး ဆောင်ထားသည့် ရေမျိုး မဟုတ်ပဲ ကိုယ်ကို ရေထဲ၌ စိမ်မိသည်နှင့် တကိုယ်လုံးမှာ နွေး သွားပြီးလျှင် လန်းဆန်းလာသည်ဟုပင် ထင်မိပေသည်။ ထို ချောင်းကလေး၏ သဘာဝအခြေအနေကို ထိတွေ့ခံစားရင်း ကျွန်ုပ်သည် စင်စစ်အားဖြင့် ထူးခြားသည့် နေရာတခုသို့ ရောက်နေပြီဟုသည်း တွေးတောနေမိပေသည်။

ထိုသို့ ရေချိုးနေစဉ် တောဆင်ရိုင်း သုံးကောင်သည် တဖက်ကမ်းမှ ချောင်းရေစပ်သို့ ဆင်း၍ ရေချိုးနေကြသည်ကို ကျွန်ုပ် သတိပြုမိ၏။ နှာမောင်းများဖြင့် ရေကို စုပ်၍ သူတို့ ကိုယ်များကို ပက်ဖြန်းကစားနေကြရင်း ဖြူဖွေးသော အစွယ် ကြီးများမှာ လေထဲ၌ ဝှေ့ရမ်း လှုပ်ရှားနေလေသည်။ ကျွန်ုပ်

နည်းတူ သူတို့လည်း ထူးခြားဆန်းကြယ်သော ချောင်းရေ၏ သဘာဝ အရသာကို ခံစားရင်း ရှင်မြူးနေကြလေသည်။

ကျွန်ုပ်သည် ရေချိုးပြီးနောက် ကိုယ်လက်အင်္ဂါ ပေါ့ပါးစွာဖြင့် ချောင်းကမ်းပါးမှ တက်ခဲ့၍ သူတော်စင်၏ သစ်ခက်တဲကလေးသို့ လာခဲ့၏။ တဲအတွင်းတနေရာ၌ရှိသော ရှင်းလင်းသန့်ပြန့်သော မြေပေါ်တွင် သစ်ရွက်များဖြင့် လုပ်ထားသည့် ထိုင်စရာ အခင်းပေါ်၌ ကြေးနီခွက် နှစ်ခုဖြင့် ကျွန်ုပ် အတွက် နို့မလိုင် သကြားခဲများ၊ နူးညံ့သော ဂျုံမှုန့်ဖြင့် ပြုလုပ်ထားသောမုန့်များအပြင် ငှက်ပျောသီးငါးလုံးကိုတွေ့ရလေသည်။ သူတော်စင်သည် ကျွန်ုပ်အား "ပျော်ရွှင်ချမ်းမြေ့စွာ စားသုံးပါ" ဟု ပြောပြီးနောက် စားသောက်ဖွယ်ရာများ ခင်းကျင်းထားသော နေရာကို ညွှန်ပြလေသည်။

"ဒီနေရာဟာ အင်မတန်မှ သာယာ ပျော် မွေ့ဖွယ်ရာ ကောင်းလှပါတယ်။ ဒါပေမယ့် သားရဲ တိရစ္ဆာန်များ အန္တရာယ်ကဖြင့် မသေးငယ်လှပါ" ဟု ကျွန်ုပ်က စကား စပြော၏။

"မှန်ပါတယ်။ သို့ပေမယ့် ကျွန်ုပ်တို့မှာ အားလုံးသော သတ္တဝါများကို မေတ္တာထား၍ နေ့စဉ်မပြတ် ဆုတောင်းနေတဲ့အတွက် တိရစ္ဆာန်များကလဲ ကျွန်ုပ်တို့ကို ရန်မမူကြပါ"

"ဒီအရပ်မှာ နေတာ ဘယ်လောက် ကြာမြင့်ပါပြီလဲ"

"ကျွန်ုပ် အသက် ၂၀ လောက်ကပင် ဒီနေရာ တဝိုက်ကို ရောက်ခဲ့ပါတယ်။ နေရာ အတည်အကျ ရယ်လို့ဖြင့် မထားပါဖူး။ ဒီတဲကလေးကိုလဲ မိုးရွာလာတဲ့အချိန်တုန်းကပဲ ကျွန်ုပ် မိတ်ဆွေများက ဆောက်ပေးသွားကြပါတယ်"


ကျွန်ုပ်သည် စားသောက်ဖွယ်ရာများကို မစားသေးပဲ ယောဂီပုဂ္ဂိုလ် ပြန်အလာကိုပင် စောင့်မျှော်လျက် ၎င်းနှင့်အတူ စားသောက် ကြမည်ဟု စိတ်ထဲ၌ ဆန္ဒ ဖြစ်ပေါ်လျက် ရှိသည်။

"မိတ်ဆွေနဲ့ အတူလာတဲ့ ပုဂ္ဂိုလ်ကို စောင့်မနေပါနဲ့တော့။ မနက်စောစောကျမှပဲ မိတ်ဆွေကို လာခေါ်သွားပါလိမ့်မယ်။ စားသောက်ပြီးရင် မောပန်းလာတဲ့ ခရီးအတွက် အနားယူပါ။ သားရဲ တိရစ္ဆာန်များ အတွက် စိုးရိမ် ကြောင့်ကြမှု မဖြစ်ပါနှင့်"

ကျွန်ုပ်စိတ်ထဲဝယ် မည်သို့သော ဆန္ဒရှိနေသည်ကို သူတော်စင် အဖိုးအို သိသောကြောင့်ပင် တင်ကြို သတိ ပေးခြင်း ပေလော။ ကျွန်ုပ် အရိပ်အကဲကို လေ့လာ၍ ကျွန်ုပ် ဆန္ဒကိုပင် တွက်ဆလေ သလော။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ် အံ့ဩသွားရပြန်၏။



## ဟိမဝန္တာခြေရင်းမှ ရွာကလေး



ထပ်ဆင့် အံ့ဩ ရပြန် သည်မှာ ကျွန်ုပ် စားသောက် နေရသော စားသောက် ဖွယ်ရာ များ၏ လတ်ဆတ်မှု၊ အရသာ ပြည့်ဝမှု၊ ရန့် ကြိုင်လှိုင် သင်းပျံ့မှု များ ကြောင့် ပင် ဖြစ်၏။ လူနေအိမ်ခြေ၊ ဈေးဆိုင် ကန္တားများနှင့် မနီးလှသော နေရာတွင် အနံ့အရသာဖြင့် ပြည့်စုံ၍ လတ်ဆတ်သော စားသောက် ဖွယ်ရာများ တွေ့ရ သည် ကိုလည်း ကျွန်ုပ် ဉာဏ်မီ သရွေ့ မစဉ်းစား မတွေးတောတတ်အောင် ရှိလှ၏။ တဖန် သူတော်စင်၏ တဲအတွင်း၌ သစ်ခက် ကွပ်ပျစ်ငယ်နှင့် ရေအိုးတလုံး၊ ခေါင်းအုံးစရာ သစ်တုံးငယ်နှင့် နွယ်ကြိုးဖြင့် လုပ်ထားသော တန်းပေါ်၌ လှန်းထားသည့် အဝတ် အဖြူ အစ တခု အပြင် ဘာမျှ မရှိသော နေရာတွင် အနံ့အရသာ ကြွယ်ဝသော စား

သောက်ဖွယ်ရာများ စားနေရခြင်းအတွက်လည်း ကျွန်ုပ်မှာ မယုံနိုင်လောက်အောင် ဖြစ်နေရချေသည်။

စားသောက် ပြီးသော အခါတွင် အဖိုးအိုသည် ပြင်ဖက်တွင် လမ်းလျှောက်နေရာမှ ကျွန်ုပ်ထံသို့ လာရောက်၍ မြိန်ရှက်စွာ စားသောက်ရပါရဲ့လား၊ ဝဝလင်လင် ရှိပါရဲ့လား စသည်ဖြင့် မေးမြန်းသေး၏။

ကျွန်ုပ်က ဝဝလင်လင် ရှိပါသည်၊ စားသောက်ဖွယ်ရာများမှာလည်း အနံ့အရသာနှင့် ပြည့်စုံလှပါသည်၊ ထိုအစားအသောက်များကို ဆာလောင် မွတ်သိပ် နေသော အခါတွင် စားသောက်ရပါသဖြင့် အင်မတန်မှပင် ကျေးဇူးတင်လှပါသည်ဟု ပြန်ဖြေရာ အဖိုးအိုက စားသောက်ပြီးပြီ ဖြစ်၍ အနားယူကာ ကွပ်ပျစ်ပေါ်၌ လဲလျောင်းနေပါ။ မိမိမှာမူ အားလုံးသော သတ္တဝါများ ကျန်းမာ ချမ်းသာ စေရန် မေတ္တာဆုမွန် တောင်း၍ တရား ဘာဝနာနှင့် စပ်ဆိုင်သော လုပ်ငန်းများကို ဝတ်မပျက်အောင် ဆောင်ရွက်ရပါဦးမည်ဟု ပြောပြီး တဲပြင်သို့ ပြန်ထွက်သွားလေ၏။

ကျွန်ုပ်သည် စားသောက်ပြီးသည့်နောက် တနေ့လုံး မောပန်းလ..သည်က တဖက်၊ ညဉ့်အမှောင်ကလည်း ကျရောက်နေပြီ ဖြစ်ရကား ကွပ်ပျစ်ပေါ်တွင် သစ်သားတုံးငယ်ကိုပင် ခေါင်းအုံးကာ လှဲချလိုက်လေသည်။ ထိုအချိန်မှစ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလိုက်သည်မှာ နိုးလာ၍ အလင်း

ရောင်ကို မြင်သောအခါမှပင် မိုးလင်းနေပြီဟု သိရတော့သည်။

× × • ×

ယောဂီ ပုဂ္ဂိုလ်က ရှေ့၊ သူတော်စင် အဖိုးအိုက နောက်မှ လိုက်ပါရင်း တဲအတွင်း ဝင်လာကြသည်နှင့် ကျွန်ုပ်သည် ကပျာကရာ အိပ်ရာမှ ထပြီးလျှင် ချောင်းစပ်သို့ ဆင်း၍ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း စသည်ဖြင့် ကိစ္စအဝဝ ပြုလုပ်ပြီးသော် တဲအတွင်းသို့ ပြန်ဝင်လာခဲ့၏။ ထိုအချိန်တွင် ယောဂီ ပုဂ္ဂိုလ်အား သူတော်စင် အဖိုးအိုသည် လက်ဝါးနှစ်ဖက်ကို ယှက်၍ ဒူးတုပ်ထိုင်လျက် ဝတ်ပြုနေလေသည်။ ကျွန်ုပ်က ခရီးသွားရန် အဆင်သင့်ပါပြီဟု ယောဂီ ပုဂ္ဂိုလ်အား ပြောကြားသဖြင့် ယောဂီ ပုဂ္ဂိုလ် သည်လည်း နေရာမှထ၍ တဲပြင်သို့ ထွက်လာခဲ့၏။

"ချောင်းကို ဖြတ်ကျော်ပါက အထက်နားဆီမှာ သစ်ပင်ကြီးတပင် ချောင်းကို ဖြတ်ပြီး လဲကျနေတဲ့ နေရာ ရှိပါတယ်။ အဲဒီသစ်ပင်ပေါ်က လျှောက်သွားရင် တဖက်ကမ်းကို လွယ်လွယ်နဲ့ ရောက်နိုင်ပါတယ်။ ဒီနေရာမှာတော့ ရေက ဒူးဆစ်အထိ ရောက်နေပါသေးတယ်"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

ယောဂီပုဂ္ဂိုလ်က အဖိုးအိုအား ပြန်ပြောလေသည်။ ထိုနောက် အဖိုးအိုအား ကျွန်ုပ်သည် ကျေးဇူးတင်စကားပြောကြားခဲ့ပြီးလျှင် ယောဂီ ပုဂ္ဂိုလ်နောက်သို့ လိုက်ခဲ့လေသည်။

ကျွန်ုပ်တို့သည် ချောင်းရိုးအတိုင်း သွားကြ၍ အဖိုးအို ပြော လိုက်သော သစ်ပင်ကြီး လဲနေသည့် နေရာကို ရောက်ကြ၏။ သစ်ပင်ကြီးမှာ ချောင်းဝဲသို့ လဲကျနေရာ တဖက်ကမ်းသို့ ရောက်ရန် ရေထဲသို့ ရောက်နေသော သစ်ပင် ထိပ်ဖျားနှင့် တဖက်ကမ်းမှာ ခြောက်ပေသာသာလောက် ရှိသေးရာ ကျွန်ုပ် တို့သည် သစ်ပင် ပင်စည်ပေါ်မှ နင်း၍ ခြေမျက်စိသာသာ လောက် နက်သော ရေထဲမှ လျှောက်၍ ကမ်းပေါ်သို့ တက် သွားကြရသည်။

ယောဂီပုဂ္ဂိုလ်က ရှေ့၊ ကျွန်ုပ်က နောက်မှ ခြေလှမ်းမှန်မှန် နှင့် လျှောက်ကြရာ လမ်းမှာ မကြမ်းတမ်းလှပဲ ဖြူးဖြူးဖြောင့် ဖြောင့်ပင် ရှိနေလေသည်။ သို့ရာတွင် သမင် ဒရယ် စသော တောတိရစ္ဆာန်များမှာ ကျွန်ုပ်တို့ ရှေ့မှ ဖြတ်သန်းသွားနေ သည်ကို လည်းကောင်း၊ ကျွန်ုပ်တို့ လက်ဝဲ လက်ယာ တဖက် တချက်တွင် လှုပ်ရှားသွားလာလျက် ရှိသည်ကို လည်းကောင်း တွေ့ရပေသည်။ သမင် စသော တောင်ကောင်များနှင့် ကြုံ ကြိုက်သည့် အကြိမ်တိုင်းလိုလိုပင် ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ် အား လှည့်ကြည့်၍ ပြုံးလေသည်။ ကျွန်ုပ်ကလည်း ပြုံး၍ ခေါင်းညိတ်ပြခြင်းဖြင့် သူ့အနေနှင့် ကျွန်ုပ်အား သတိပေး လိုသော ဆန္ဒကို ရိပ်စားမိကြောင်း ပြပါ၏။

နေမွန်းတည့်ချိန်လောက် ရောက်သောအခါ ကျွန်ုပ်တို့မှာ တောင်ခြေတနေရာသို့ ရောက်ကြလေသည်။ ထိုတောင်ခြေ သည်ပင် ဟိမဝန္တာတောင်တန်းကြီးမှ အရှေ့ဖက်ဖျား တောင် ခြေဖြစ်၍ နီပေါအမျိုးသား ငါးဦးနှင့် အမျိုးသမီး နှစ်ဦး

ပါဝင်သော ကုန်သည် အဖွဲ့ငယ်တခုနှင့် ဆုံမိကြလေသည်။ ထိုသူများတွင် တကိုယ်တနိုင် သယ်ယူလာသော အထုပ်အပိုး များ ပါရှိပြီးလျှင် ကျွန်ုပ်တို့နှင့် ဇတ္တသောအချိန်၌ နေ့လယ်စာ စားသုံးရန် အရိပ်ကောင်းသော နေရာတခုကို ရွေးချယ်ပြီးသား ဖြစ်လေသည်။

သူတို့ လူအုပ်စုထဲမှ ခေါင်းဆောင်နှင့် တူသော ပုဂ္ဂိုလ်တဦးက ထ၍ ယောဂီပုဂ္ဂိုလ်အား

"ခေတ္တခဏ နားနားနေနေ အချိန်ပေးနိုင်မယ် ဆိုရင် အရှင်နှင့် အရှင်၏ တပည့်အား ကျွန်ုပ်တို့ထံတွင် ပါလာသော စားသောက်ဖွယ်ရာများ လှူဒါန်းလိုပါတယ်" ဟု ပြောလေသည်။ ယောဂီပုဂ္ဂိုလ်သည် ပြုံး၍ ခေါင်းညိတ်ပြီးလျှင် သူတို့ ထိုင်နေသော နေရာနှင့် မလှမ်းမကမ်းတွင် ထိုင်လိုက်သည်။ ယောဂီပုဂ္ဂိုလ်နည်းတူပင် ကျွန်ုပ်သည်လည်း ယောဂီပုဂ္ဂိုလ် အနီး၌ ထိုင်လိုက်၏။

စောစောက လာပြောသောအမျိုးသားသည် သူ့အဖော်များထံသွား၍ စကားအနည်းငယ်ပြောပြီးလျှင် သူတို့တွင် ပါလာသော အထုပ်များကိုဖြည်၍ စားသောက်ဖွယ်ရာများကို ထုတ်ယူကာ ကျွန်ုပ်တို့ဆီသို့ ယူဆောင်လာပြီး ရိုသေစွာနှင့် ကျွန်ုပ်တို့ရှေ့၌ ချထားကာ ယောဂီပုဂ္ဂိုလ်အား လက်အုပ်ချီ၍ သုံးဆောင်ရန် ပြောလေသည်။ ထိုစားသောက်ဖွယ်ရာများမှာ ထောပတ်နှင့် ကြော်လှော်ထားသော ပဲဆုပ်မုန့်များ၊ သစ်သီးခြောက်များ၊ သကြားခဲများ ဖြစ်လေသည်။ ယောဂီပုဂ္ဂိုလ်သည် အနည်းငယ်မျှသာ ယူစား၍ ကျွန်ုပ်ဖက်သို့ ပို့ပေးလေ

သည်။ တနံနက်ခင်းလုံးလုံး အစားအစာဆို၍ မစားရသေးသော ကျွန်ုပ်မှာ ဆာလောင် ငတ်မွတ် နေစဉ် ကံကောင်းထောက်မ၍ တွေ့ရသော စားသောက်ဖွယ်ရာများကို အိန္ဒြေမဆောင်နိုင်တော့ပဲ ဗိုက်ပြည့်သည်အထိ စားနေမိ၏။

ကျွန်ုပ် စားသောက်ပြီးသောအခါ ယောဂီ ပုဂ္ဂိုလ်သည် နေရာမှထ၍ နီပေါကုန်သည်များအား ကျေးဇူးတင်ကြောင်း ပြောဆို နှုတ်ဆက်လေသည်။ ဤတွင် ကုန်သည်များသည် ရှေ့သို့ ခရီးဆက်တော့မည် ဖြစ်ကြောင်း စားသောက်နေရာမှပင် လက်အုပ်ချီ၍ အရိုအသေပေးကြလေသည်။

ကျွန်ုပ်တို့သည် သစ်ပင်ရိပ်များအောက်မှ နေပူရှိန်ကိုအကာအကွယ်ပြုရင်း ခရီးဆက်ကြရာ တဖြည်းဖြည်းနှင့် တောင်စောင်းမှ လျှောက်၍ သွားနေရသော ခရီးကို ရင်ဆိုင်နေရလေသည်။ သို့ခရီးသွားရင်းမှသည် ကျွန်ုပ်တို့မှာ လမ်းခရီး၌ သစ်ခုတ် ထင်းခွေနေသူ တယောက်တလေကို တွေ့မိ၏။ ကျွန်ုပ်တို့နှင့်တွေ့မိသူတိုင်းသည် ယောဂီပုဂ္ဂိုလ်အား လက်အုပ်ချီကာ အရိုအသေ ပြုကြရာ ထိုဒေသတွင် ယောဂီပုဂ္ဂိုလ်သည် ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်ရမည်ဟု ကျွန်ုပ် တထစ်ချ မှတ်ယူလိုက်၏။

သို့နှင့် တောင်ခါးပန်းလမ်းမှ သွားကြရင်းက တောင်စောင်းတနေရာတွင် နီပေါရွာကလေး တရွာသို့ ရောက်ကြသည်။ အိမ်ခြေ ဆယ်အိမ် လောက် စု၍ နေ ထိုင် ကြ သော ကြောင့်သာ ရွာဟုဆိုရသည်။ တကယ်တော့ တောစွန် တောဖျား၌ သိုးများ ဆိတ်များ မွေးမြူရင်း တောခုတ် ထင်းခွေကာ

နေထိုင်သော ဆွေမျိုးတစု စုပေါင်းနေထိုင်ကြသည့် နေရာမျိုး ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

ရွာနှင့် တဖာလုံလောက် အကွာတွင် အဖိုးအိုတဦးသည် ကျွန်ုပ်တို့ထံသို့ ခပ်သုတ်သုတ် လျှောက်လာနေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်တို့အနီးသို့ ရောက်သောအခါ အဖိုးအိုသည် ယောဂီပုဂ္ဂိုလ်အား

"ကျွန်ုပ်မြေးငယ်တွင် ပြင်းထန်သောအဆိပ် ဝင်နေသဖြင့် သေလုမြောပါး ဝေဒနာခံစားနေရပါတယ်။ အရှင် ကုသပေးမှပင် ချမ်းသာရာ ရပါတော့မယ်။ ကျွန်ုပ်တို့ အားလုံး အရှင့်ကို တောင့်တနေကြပါတယ်။ အရှင် ရောက်လာ၍ ကိုးကွယ်ရာရပြီလို့ ကျွန်ုပ်တို့အားလုံး ဝမ်းသာနေပါတယ်အရှင်။ အခုပင် ကျွန်ုပ်တို့၏အိမ်သို့ ကြွပါ"ဟု လက်အုပ်ချီ၍ ပြောနေလေသည်။

"ကျွန်ုပ်ကို တောင့်တနေတယ်ဆိုတာ သိလို့လဲ ကျုပ်တို့ သွားနေတဲ့ခရီးက ဖဲရှောင်ပြီးတော့ မိတ်ဆွေတို့ဆီကို ဝင်လာခဲ့တာပါပဲ။ အသက်ငယ်ရွယ်သူဖြစ်တော့ မေတ္တာတရား မဆင်ခြင်တတ်၊ မသုံးသပ်တတ်လို့ အခုလို အဆိပ် ပြင်းထန်တဲ့ ဝေဒနာ ခံစားနေရတာပဲ။ ကဲ ရှေ့ကသွား၊ ကျွန်ုပ်တို့ လိုက်ခဲ့ပါ့မယ်"

အဖိုးအိုသည် အိမ်ရှေ့ရောက်သောအခါ ယောဂီပုဂ္ဂိုလ်အား ရှေ့မှဝင်ရန် ပန်ကြားသဖြင့် ယောဂီပုဂ္ဂိုလ်က ရှေ့၊ နောက်မှ ကျွန်ုပ်၊ ကျွန်ုပ်နောက်မှ အဖိုးအိုတို့ အိမ်ထဲ ဝင်ကြလေသည်။

အိမ်တွင်း၌ အတော်အသင့် မှောင်နေသဖြင့် ရုတ်တရက် အလင်းမှ ဝင်လာသော ကျွန်ုပ်အဖို့ သဲသဲကွဲကွဲ မမြင်ရသေး။ အတန်အသင့် အမှောင်နှင့် ပနံရသွားသော အခါမှပင် ၁၀နှစ် အရွယ် မိန်းခလေးတဦးသည် ကွပ်ပျစ်ပေါ်တွင် အစန့်သား အိပ်လျက်၊ ကွပ်ပျစ်အောက်၌ကား ယောကျ်ားနှစ်ဦးနှင့် မိန်းမ နှစ်ဦးတို့ ထိုင်လျက်ရှိသည်။ သူတို့အားလုံးသည် ယောဂီပုဂ္ဂိုလ် အား အရိုအသေပြုသည့်အနေနှင့် မတ်တတ်ထ၍ လက်အုပ် ချီရင်း ပါးစပ်မှလည်း တိုးတိုး တိုးတိုးနှင့် ရွတ်ဖတ် နေကြ သည်။

ယောဂီပုဂ္ဂိုလ်သည် ခလေးမလေး၏နဖူးပြင်ကို လက်နှင့်စမ်း ကြည့်ပြီးနောက် ရေနှစ်ခွက် ယူခဲ့ရန် အဖိုးအိုအား ပြော၏။ ကြေးခွက်နှစ်ခုတွင် ရေထည့်၍ လာပေးသောအခါ ယောဂီ ပုဂ္ဂိုလ်သည် ကွပ်ပျစ်ဘေးတွင် ရေနှစ်ခွက်ကို ချ၍ တင်ပလ္လင် ခွေထိုင်ပြီးလျှင် တရားစာများကို ရွတ်ဖတ်လေသည်။ တခါ တခါ သူ၏ လက်ဝါးကို ရေခွက်များပေါ်၌ ဖြန့်ထားလေ သည်။

ကျွန်ုပ်သည် ရေခွက်များကို စူးစိုက်၍ ကြည့်နေမိ၏။ ကျွန်ုပ် လိုပင် အိမ်သားများကလည်း ရေခွက်ကို ကြည့်နေကြသည်။ နာရီဝက်မျှ ကြာသောအခါတွင် ခလေးမလေး အိပ်နေသည့် ကွပ်ပျစ်နှင့် နီးသောရေခွက်သည် အောက်မှ မီးနှင့် မြှိုက်ထား သည့်အလား ဆူပွက်၍ လာလေသည်။ တဖြည်းဖြည်းဆူရင်း နှင့် ခွက်၏ ဘေးနှုတ်ခမ်းများသို့ အမြှုပ်များ လျှံကျလာရာ ရေပကတိမှသည် မဲနက်ပျစ်ခဲသော အရည်များ ဖြစ်လာလေ

သည်။ ကျန်ရေတခွက်မှာမူ မည်သို့မှ ထူးထူးခြားခြား ဖြစ်မလာပဲ ငြိမ်သက်နေသည်။

ဆူနေသော ခွက်မှာ တဖြည်းဖြည်း ငြိမ်သွားသောအခါတွင် ခလေးမလေးမှာ လူးလွန့်ညည်းတွားလာပြီးလျှင် အမေအမေဟုအသံလေးလေးသဲ့သဲ့နှင့်ခေါ်နေလေရာအိမ်သားများကထ၍ ဝမ်းသာအားရ ယုယပိုက်ထွေးကြသည်။ ယောဂီပုဂ္ဂိုလ်သည် ရွတ်ဖတ်နေသည်ကို ရပ်လိုက်ပြီးနောက် မဆူ မပွက်အမြုပ်မထသော ရေခွက်ကိုယူ၍ ခလေးမလေးအား တိုက်ရန်ပေးလေသည်။ ခွက်ထဲမှ ရေကို သောက်ပြီးသော နောက်တွင်ကား ခလေးမငယ်မှာ ပင်ပန်းနွမ်းနယ်ပုံ ရသည်မှအပ ကောင်းစွာလှုပ်ရှား စကားပြောနိုင် နေလေပြီ။

"ကနေ့ညအဖို့ ဒီနေရာမှာပဲ နားပြီးတော့ နက်ဖြန်မနက်ကျမှ ကျွန်ုပ်တို့ ခရီးဆက်ကြရအောင်။ ဒီက မိတ်ဆွေတွေဟာ ကျွန်ုပ်ရဲ့ တပည့်တပန်းတွေပဲ။ သူတို့ပြုစုကြပါလိမ့်မယ်။ ကျွန်ုပ်ကတော့ တညတာအဖို့ ဗုဒ္ဓကို ဝတ်ပြုပြီးတော့ သတ္တဝါတွေအတွက် မေတ္တာပွားရမှာမို့ ဒီနေရာနဲ့ မနီးမဝေးမှာ သွားနေမယ်။ မနက်စောစောကျမှ ကျွန်ုပ်လာခဲ့မယ်" ယောဂီပုဂ္ဂိုလ်က နေရာမှထပြီး ကျွန်ုပ်အားပြော၍ ထွက်သွားရာ အိမ်သားများအားလုံး ပဆစ်တုပ်ကာ လက်အုပ်ချီကန်တော့ကြသည်။

× × ×

ထိုနေ့ညအဖို့ကား ဆယ်အိမ်စုရွာကလေးတွင် အိမ်များရှေ့၌ ထောပတ်ဆီဖြင့်ထွန်းထားသော မီးခွက်ကလေးများ တဝင်း

ဝင်း တလက်လက်နှင့် ထိန်လင်းလျက် ရှိသည့်ပြင် ဗုံများ ခေါင်းလောင်းငယ်များ တီးလျက် ဗုဒ္ဓမမ္ဂလာများကို ရွတ်ဆိုလျက်ရှိကြလေသည်။ ခလေးမလေးတဦး အသက် ချမ်းသာရသွားသဖြင့် ရွာလုံးကျွတ် ဝမ်းသာမဆုံး ဖြစ်ကြပြီး ဗုဒ္ဓအား ပူဇော်သက္ကာယ ပြုခြင်းပင် ဖြစ်၏။

ကျွန်ုပ်ကိုလည်း ထောပတ်မုန့်များ၊ ဒိန်ခဲများ၊ ပဲဖြင့် လုပ်ထားသောမုန့်များနှင့် ပျစ်ခဲနေသော ဆိတ်နို့ကို အသျှံပယ်ချ၍ ကျွေးမွေးလျက်ရှိလေသည်။ ယောဂီပုဂ္ဂိုလ်၏ ကျေးဇူးကြောင့် ကျွန်ုပ်မှာ မစားနိုင်တော့သည့်အဆုံး "တော်လောက်ပါပြီ။ ကျေးဇူးတင်လှပါပြီ" ဟု လက်မြှောက် အရှုံးပေးနေရချေပြီ။

ကျွန်ုပ်သည်ကား စားသောက်ပြီးသောအခါ အဖိုးအိုနှင့် တကွသော အိမ်သားတို့အား ခလေးမလေး၏ အဖြစ်သနစ်ကို မေးမြန်းရသည်။ ခလေးမလေးမှာလွန်ခဲ့သည့်တညနေ မိုးချုပ်ခါနီးတွင် တောစပ်သို့ သွားရာမှ အလွန်အဆိပ်ပြင်းဟန် တူသော မြွေတကောင်က ခြေဖမိုးကို ကိုက်သည်။ ခလေးမလေး ပြန်မလာသဖြင့် သူ့နောက်သို့ လိုက်ကြည့်ကြရာမှ သတိမေ့မျောနေသည်ကို တွေ့ရသောကြောင့် အိမ်သို့ပွေ့ယူခဲ့ရာ အားလုံးကပင် သေတော့မည်ဟု လက်လျှော့ထားရသည်။ နောက်ဆုံး အိမ်သားများသည် ယောဂီပုဂ္ဂိုလ်အား တမ်းတ၍ သမီးကလေးအား မေတ္တာထားကာကယ်တင်စောင့်ရှောက်ပါမည့် အကြောင်း ဆုတောင်းကြသည်။ တမ်းတသည့်အတိုင်းပင် ယောဂီပုဂ္ဂိုလ်သည် အချိန်မီ ပေါ်ပေါက်လာခဲ့သဖြင့် မိမိတို့

တမ်းတ ဆုတောင်းမှု အောင်မြင်ပါ၍ ဝမ်းသာရသည်ဟု ပြောပြလေသည်။

"မိတ်ဆွေတို့ဆီမှာ အကူအညီလိုခဲ့ရင် ဒီလိုပဲ ယောဂီပုဂ္ဂိုလ်ကို တမ်းတ ဆုတောင်းပါသလား" ကျွန်ုပ်က အဖိုးအိုအား မေး၏။

"အင်မတန်အရေးကြီးလို့ သေရေး ရှင်ရေးတမျှ ဒုက္ခနဲ့ ရင်ဆိုင်ရရင် ဒီလိုပဲ ယောဂီပုဂ္ဂိုလ်တို့ကို ကျွန်ုပ်တို့ ဆုတောင်း တမ်းတရပါတယ်"ဟု အဖိုးအိုပြန်ဖြေသည်။

"ယောဂီပုဂ္ဂိုလ်တွေ အများကြီးကိုပဲ မိတ်ဆွေတို့ တမ်းတရသလား"

"ကျွန်ုပ်တို့နေရာကို ယောဂီပုဂ္ဂိုလ်တွေ အများကြီးပဲ ကြွလာတတ်ကြပါတယ်။ ကျွန်ုပ်တို့ကလဲ ယောဂီပုဂ္ဂိုလ်များ သြဝါဒပေးတဲ့အတိုင်း တိရစ္ဆာန်များကို မသတ်ဖြတ်ဖူး။ အသားကို မစားဖူး။ ကျွန်ုပ်တို့ အချင်းချင်းလဲ မသတ်ဖြတ်ကြဖူး။ ကျွန်ုပ်တို့သတ္တဝါတွေ ချမ်းသာအောင် တဦးနဲ့တဦး တယောက်နှင့် တယောက် ချစ်ခင်စွာ နေထိုင်နိုင်ကြရအောင် ဆုတောင်းကြရတယ်။ လူငယ်တွေမှာတော့ မေတ္တာတရား အကြောင်း နားမလည်ကြသေးတော့ ခုလိုပဲ တခါတရံမှာ တောတိရစ္ဆာန်များ ဘေးအန္တရာယ်ပြုခဲ့တာကို ခံကြရတယ်။ ခုတော့ သူတို့လဲ တဖြေးဖြေးတော့ ယောဂီပုဂ္ဂိုလ်တွေဆုံးမတာ ကြားရလို့ မေတ္တာတရား ထားတတ်ဖို့ ကြိုးစားလာကြပါပြီ"

"ယောဂီပုဂ္ဂိုလ်တွေဟာ ဘယ်မှာနေကြပါသလဲ"ကျွန်ုပ်က ဝင်မေးလိုက်၏။

"ဟိမဝန္တာ တောင်ခြေတနေရာမှာ လိုဏ်ဂူကြီးတခု ရှိတယ်။ အဲဒီ လိုဏ်ဂူကြီးထဲမှာ ယောဂီတွေ တရားဆွေးနွေးကြတယ်၊ မေတ္တာ ပွားများတယ်၊ ဗုဒ္ဓရဲ့ သုတ္တရများကို ရွတ်ဖတ်ကြတယ်လို့ သိရပါတယ်။ နောက်ပြီးတော့ ဒီလိုဏ်ဂူကြီးထဲမှာ ဗုဒ္ဓရဲ့ အသုံးအဆောင် ပစ္စည်းတွေကိုလဲ ကိုးကွယ်ထားတယ်လို့ သိရတယ်။ ဒီရွာကနေ ကျွန်ုပ်တို့ သွားမယ်ဆိုရင် အင်မတန်ဝေးလှတဲ့အတွက် ယောဂီပုဂ္ဂိုလ်များနေရာကို မရောက်ဖူးကြပါဖူး။ လူပြောသူပြော ကြားဖူးရုံလောက်ပါ။ ယောဂီပုဂ္ဂိုလ်တွေကတော့ သူတို့နေရာကနေ ကျွန်ုပ်တို့နေရာကို တခဏအတွင်း ရောက်လာနိုင်ပါတယ်။ ကျွန်ုပ်တို့ ဗုဒ္ဓပွဲတော်နေ့မှာဆိုရင် ယောဂီပုဂ္ဂိုလ်တွေ ကြွလာတယ်။ အဲဒီအခါမှာ ကျွန်ုပ်တို့ဟာ အကောင်းဆုံးသော စားသောက်ဖွယ် ရာများ ကျွေးမွေး လှူဒါန်းရပါတယ်"

ကျွန်ုပ်သည် အဖိုးအိုပြောသမျှကို စူးစိုက်၍ နားထောင်နေမိသည်။

"ယောဂီပုဂ္ဂိုလ်တွေကို ကျွန်ုပ်တို့သာမက တိရစ္ဆာန်တွေကတောင် ရန်မမူကြပါဖူး။ တခါတခါ ကျား၊ဆင်၊ခြသေ့တွေဟာ ယောဂီပုဂ္ဂိုလ်တွေနောက်က ထက်ကြပ်မကွာ စောင့်ရှောက် လိုက်ပါလာတာ တွေ့ရတယ်။ ယောဂီပုဂ္ဂိုလ်တွေ ကျွန်ုပ်တို့ဆီမှာ ခဏခေတ္တနေရင်လဲ ကျွန်ုပ်တို့အိမ်တွေမှာ ညမအိပ်ကြပါဖူး။ ကျွန်ုပ်တို့နဲ့ အလှမ်းဝေးတဲ့နေရာ သစ်ပင်အောက်တွေမှာပဲ နေတယ်။ ညအချိန်မှာဆိုရင်လဲ သူတို့အနီးအနား

တဝိုက်မှာ အလင်းရောင် ရှိနေပါတယ်။ မနက်ကျလို့ ကျွန်ုပ်တို့က စားသောက်ဖွယ်ရာတွေ သွားပို့ပေးရင်လဲ သူတို့ရှေ့မှာ ဘယ်က လာပေးထားတာလဲမသိ၊ စားသောက်ဖွယ်ရာတွေ ရောက်နေတာသာ တွေ့ရတယ်။ ကျွန်ုပ်တို့ဆီမှာမရှိတဲ့ သစ်သီးများဆိုရင်လဲ ယောဂီပုဂ္ဂိုလ်ရှေ့မှာ ရောက် နေ တတ်ပါတယ်။ ကျွန်ုပ်တို့ကိုတောင်မှ အင်မတန်မှ အနံ့ အရ သာ ကောင်းတဲ့ စားသောက်ဖွယ်ရာတွေ ကျွေးမွေး ပါသေးတယ်။ မိတ်ဆွေကို ယောဂီပုဂ္ဂိုလ်တွေက တပည့်အဖြစ်နဲ့ခေါ်လာတာ အင်မတန် ကံကောင်းလှပါပေတယ်။ ကျွန်ုပ်တို့များ ယောဂီပုဂ္ဂိုလ်တွေက ခေါ်မယ်ဆိုရင် အင်မတန်မှ လိုက်ချင်ပါတယ်။ မိတ်ဆွေလို အခွင့်အရေးမျိုး မရပေဖူး။ အခု မိတ်ဆွေကို ဘယ်နေရာ ခေါ်သွားမှာလဲ”

“ကျွန်ုပ်လဲ မသိဖူး။ ထူးထူးဆန်းဆန်း အံ့ဩဖွယ်ရာ ကျွန်ုပ်တသက်တာမှာ မတွေ့သေးဖူးတဲ့ အဖြစ်အပျက် အတွေ့အကြုံများနဲ့ တွေ့ရလေမလားလို့ ကျွန်ုပ်မှာလဲ ယောဂီအရှင် ခေါ်လာတဲ့အတိုင်း လိုက်လာတာပါပဲ။ မလိုက်ချင်လို့ ကျွန်ုပ်နေထိုင်တဲ့နေရာ ပြန်မယ်ဆိုရင်လဲ မပြန်တတ်တော့ပါဖူး။ အခု အချိန်အထိတော့ ကျွန်ုပ်တွေ့ကြုံရတာတွေဟာ အထူးအဆန်း အံ့ဩဖွယ်ရာ အဖြစ်အပျက်တွေချည်း ဖြစ်နေပါပြီ။ ရှေ့ရှောက် ဘာများ ထူးခြားတာတွေ တွေ့ရအုံးမလဲတော့ မသိရပါဖူးဗျာ”ဟု ကျွန်ုပ်သည် အမဲလိုက်မုဆိုးဘဝနှင့် ကျွန်ုပ်အိမ်မှ ထွက်လာသည်မှ သည်နေရာ ရောက်လာသည်အထိ အဖိုးအိုအား ပြန်ပြောင်း ပြောပြလေသည်။

အဖိုးအိုသည် ကံကောင်းလေစွ၊ ကံကောင်းလေစွဟု မပြောရုံတမယ် ကျွန်ုပ်အား အံ့သြချီးကျူးသည့် မျက်နှာထားပုံပန်းနှင့် ကြည့်နေ၏။

ကျွန်ုပ်တို့ စကားလက်ဆုံ ကျနေသည့်အချိန်တွင် ကျွန်ုပ်တို့ ရှိနေရာ အိမ်ရှေ့၌ ဗုံတီးသံများ၊ ခေါင်းလောင်းသံများ၊ တရားစာရွတ်ဖတ်သံများ ကြားနေရပြီးလျှင် အမွှေးနံ့သာတိုင်များ မီးညှိလိုက်သဖြင့် အမွှေးနံ့သာ ရနံ့များ သင်းပျံ့ကြိုင်လှိုင်လျက်ရှိသည်။

စောစောက မြေဆိပ်တက်လျက်ရှိသော ကလေးမငယ်မှာလည်း လူကောင်းပကတိ ဖြစ်နေပြီးလျှင် လာရောက် နှုတ်ခွန်းဆက်ရင်း ဆုတောင်းပတ္တနာ ပြုသွားကြသော ဆွေမျိုး မိတ်ဆွေများအား ရယ်ကာ မောကာ ဧည့်ဝတ် ကလူ ပြု လျက်ရှိသည်ကို တွေ့ရ၏။

ဆွေမျိုး မိတ်သင်္ဂဟများ လာရောက် နှုတ်ဆက် နေသောကြောင့် ကျွန်ုပ်နှင့် အဖိုးအိုမှာလည်း စကား ပြတ်သွားပြီးလျှင် ကျွန်ုပ်သည်လည်း အိမ်ပြင်ဖက်သို့ ထွက်ခဲ့၏။ ထိုအခါမှပင် ပတ်ဝန်းကျင်ကို လေ့လာမိသည်။ ပြည့်ဝန်းအံ့ဆဲဆဲ ဖြစ်သော လမင်းကြီးသည် ကောင်းကင်တွင် တောက်ပလျက် ရှိသည်။ အဝေးတွင် မြင့်မားသော တောင်များကလည်း ဝန်းဝိုင်းနေရာ ကျွန်ုပ်ရောက်နေသော နေရာမှာ တောင်ခြေ ချိုင့်ဝှမ်းထဲမှ ချောမွေ့ ညီညာနေသည့်နေရာ ဖြစ်နေ၏။ ကျွန်ုပ်တို့သည် တောင်အထပ်ထပ်ကို ကျော်ဖြတ်၍ မလာပါပဲလျက် တောင်ချိုင့်ဝှမ်းထဲသို့ ရောက်နေရသည်မှာလည်း အံ့သြစရာ

ကောင်းနေသည်။ ကျွန်ုပ်သည် ယောဂီရှင် နောက်ပါးမှ လိုက်လာရင်း မျက်စိလျှည့်စားခြင်းကို ခံနေရလေပြီလော။

ထိုစဉ်အတွင်း ကျွန်ုပ်အနီးသို့ အမျိုးသားတဦး ရောက်လာပြီးလျှင် နှုတ်ခွန်းဆက်လျက် စကားစမြည် စပြောလာပြန်၏။

"ဒီနေရာကနေပြီးတော့ အနီးဆုံးဆိုတဲ့ ရွာဟာ ဘယ်မှာရှိသေးသလဲ"

"ဟောဟို အရှေ့စူးစူးက တောင်တလုံးကို ကျော်ရင်တော့ ရွာတရွာ ရှိလေရဲ့။ အိမ်ခြေ တရာလောက်တော့ ရှိနိုင်ပါတယ်။ အဲဒီရွာကို ကျုပ်တို့ ထင်း၊ မီးသွေး၊ ထောပတ်၊ ဒိန်ခဲများ သွားရောင်းကြတယ်။ ဒီကနေသွားရင် တနေကုန်တော့ သွားရပါတယ်။ ဒီဖက်ကသွားမှလဲ ခရီးက ချောမောတယ်လို့ ဆိုရမှာပေါ့။ အခု မိတ်ဆွေတို့ ဘယ်လမ်းက လာကြသလဲ"

ကျွန်ုပ်မှာ မဖြေတတ်ချေ။ ယောဂီပုဂ္ဂိုလ်နှင့် ကျွန်ုပ် လာသောလမ်းတွင် ရွာဆို၍ တရွာမှ မတွေ့ခဲ့ရကြောင်း ပြောပြသောအခါ ထိုသူသည် များစွာ အံ့သြဟန်ဖြင့်

"ဒီလိုဆိုရင် တောင်ကြီးတွေကို ဖြတ်လာရတော့ အတော်ခရီးပန်းမှာပေါ့" ဟု အမှတ်တမဲ့ပင် ပြောလိုက်၏။ ထိုသူမှန်းဆ ပြောပြချက်ကို ထပ်မံ မေးမြန်းနေ၍လည်း သူရော ကျွန်ုပ်ပါ အဖြေမထွက်နိုင်အောင်သာ ရှိမည်။ ကျွန်ုပ်လာခဲ့သော လမ်းတလျှောက်မှာ တောင်အဆင်းအတက်ဆို၍ ပြောပ

လောက်အောင် မရှိခဲ့သဖြင့်လည်း ကျွန်ုပ်အဖို့ သက်တောင့်သက်သာ ရှိလှ၏။ မောပန်း နွမ်းနယ်သည်လည်း မရှိ။ နေ့လယ်က ခရီးသွား ကုန်သည်တစုနှင့် တွေ့၍ ကျွေးမွေးလိုက်သော စားသောက်ဖွယ်ရာများသည်ပင် ကျွန်ုပ် ဝမ်းဗိုက်ထဲ၌ ကြေညက်သွားပြီဟု မဆိုနိုင်သေးပေ။


ကျွန်ုပ်သည် တသက်တာတွင် ထူးခြား ဆန်းကြယ်မှုများနှင့် တွေ့နေရလေပြီ။ ရှေ့တွင် မည်မျှ ကြီးကျယ်ထွေပြားသော ဆန်းကြယ်မှုများနှင့် တွေ့ရဦးမည်နည်း။


× × ×

အိမ်ရှင်တို့သည် ကျွန်ုပ်အား ကောင်းမွန်သော အိပ်ရာနေရာများကိုပေး၍ ပြုစုကြပါသည်။ နံနက် လင်းသောအခါတွင် ယောဂီပုဂ္ဂိုလ် ရောက်လာ၍ ကျွန်ုပ်အား ရှေ့ခရီး ဆက်ရန်အတွက် ခေါ်ငင်လေသည်။ အိမ်ရှင်တို့သည် လမ်းတွင် စားသောက်ရန် ဆို၍ ကျွန်ုပ်အား ထောပတ်မုန့်များ တပုံတခေါင်းကြီး ထုပ်၍ ပေးလိုက်ကြသည့်ပြင် တောစပ်အထိ လိုက်၍ ပို့ဆောင်ကြ၏။

ယောဂီပုဂ္ဂိုလ်နှင့် ကျွန်ုပ်သည် သွားရင်း သွားရင်း နှင့် အရှေ့ဖက် တောင်တလုံးနှင့် နီးကပ်နေသော်လည်း တောင်တက်ရသော အဆင့်ကို မရောက်နိုင်ပဲ တောနက်ထဲသို့ ရောက်နေခဲ့၏။ ဤဒေသ၏ တောနက်ထဲသို့ ကျွန်ုပ် ရောက်ခဲ့ရသည်မှာ ဤအကြိမ်သည်လည်း ထူးခြားနေပြန်၏။ သစ်ပင်ကြီးများမှာ လူနှပ်ယောက် သုံးယောက်လောက် လက်ချင်းဆက်

ကာ ပေ့ပိုက်ထားနိုင်သည်အထိ ပင်လုံးပင်စည်များ ကြီး ထွားသော်လည်း ယောဂီပုဂ္ဂိုလ် ဦးဆောင်သွားသော လမ်း မှာ ချုံနွယ်များ လိမ်တွန့်ကောက်ကွေး၍ ဖယ်ရှားသွားနေ ရသော လမ်းမဟုတ်ပြန်သဖြင့် ကျွန်ုပ်အဖို့ စဉ်းစားတွေးတော စရာ ဖြစ်နေပြန်၏။





## သူတော်စင်တို့ မွေ့လျော်ရာ

ကျွန်ုပ်တို့သည် လူသူ မရောက်ဖူးသေးသော အိန္ဒိယတော နက်ဒေသတခုသို့ ရောက် နေ သည်ဟု ကား သဘာဝအားဖြင့် ပျော်ရွှင် မြူးတူးလျက်ရှိသော တောကောင်များ၊ ကျေးငှက်များကို တခါတခါ ကြုံရခြင်းအားဖြင့် သိရှိရပေသည်။ ယောဂီပုဂ္ဂိုလ်သည် စကား တခွန်းမျှမပြောပဲ ရှေ့က သွားနေရာက တခါတခါတွင်မှ ကျွန်ုပ်အား လှည့်၍ "မောသလား။ ဆာနေသလား" စသည်ဖြင့် အလ္လာပ သလ္လာပ စကားကို ပြောလေသည်။

ကျွန်ုပ် မှုဆိုးဘဝနှင့် နေခဲ့ရသည့် အချိန်ကာလ တလျှောက် ကျွန်ုပ်စိတ်တွင် အိန္ဒိယတောတန်း တောအုပ်ကြီးများတွင် နေကြသော တောတိရစ္ဆာန်၊ ကျေးငှက်များသည် သဘာဝက

စိတ်ဝင်စားဖွယ် တောက်တောက်ပပ ရောင်စုံခြယ်၍ အတင့်တယ်ဆုံးဖြစ်အောင် ဖန်တီးပေးထားသည့် နေရာများပင် ဖြစ်သည်ဟု ဆိုနိုင်ပါပေသည်။ နို့တိုက် မွေးမြူ ကြီးပြင်းရသော မန်မဲလ်ခေါ် သတ္တဝါမျိုးဆိုလျှင် အမျိုးပေါင်း ၅၀၀ မက ရှိလိမ့်မည်။ ကျေးငှက်ဆိုလျှင် အမျိုးပေါင်း ၂၀၀၀ လောက် ရှိနိုင်သည်။ ဖွတ်၊ ပဒတ်၊ မြွေလို သတ္တဝါမျိုးတွေကလည်း အများအပြား ရှိသေးသည်။ ရေတဝက် ကုန်းတဝက် ကျက်စားနေသော သတ္တဝါများ၊ ငါးအမျိုးမျိုးကလည်း ဒုနဲ့ဒေး။

နို့တိုက် သတ္တဝါများတွင် နှစ် ပရိစ္ဆေဒ သိန်းသန်းမက အချိန်ကပင်ရှိနေသော ဆင်ကြီးများ၊အမွေးရှည်နွားရိုင်းများ၊ ကြံ့ကြီးများ၊တောဆိတ်များ၊ ဆတ်ကြီးများ၊ သားမင်း၊ အဖြူ ပျောက် သမင်၊ ဦးချိုလေးခုနှင့် ချေငယ်များ စသည်။ အသားစား သတ္တဝါထဲက ဆိုလျှင်လည်း ခြသေ့များ၊ ကျားများ၊ ကျားသစ်၊ နှင်းကျားသစ်၊ ဟိမဝန္တာမြေခွေး စသည်တို့ဖြစ်ကြသည်။ အချို့အချို့ကိုဆိုလျှင် ကျွန်ုပ်အဖို့ အမည်နာမပင် မသိနိုင်သော အထူးအဆန်း သတ္တဝါများ ဖြစ်သည်။

ထိုသို့သော တောသတ္တဝါမျိုးစုံသည်ကျွန်ုပ်တို့အား ရန်မပြုပဲ ရှောင်ဖယ်၍ပင် သွားနေကြသည်ကို တွေ့ရ၍လည်း မုဆိုးများ သို့မဟုတ် ဘေးအန္တရာယ်ပြုမည့် ရန်သူများ ခြေ ပေါက်နိုင်သော နေရာမျိုး မဟုတ်ဟုပင် ထင်မိပေသည်။

ကျွန်ုပ်မှာ သွားရင်းသွားရင်းနှင့် မည်သည့်နေရာ မည်သည့် အရပ်ကို သွားနေမှန်း မသိ၊ ရည်မှန်းချက်ပန်းတိုင်ဟူ၍ မရှိပဲ လျှောက်နေရသည်နှင့် တူပေသည်။ သို့ရာတွင် တောကောင်

သွားရဲ တိရစ္ဆာန်များကို အခါမလပ် တွေ့နေ ရသည် ကပင် ကျွန်ုပ်အဖို့ ကျေနပ်နေမိရကား တောတောင်တခွင် သာယာမှုကို ကြည့်ရှုရင်းပင် ဆာလောင်မွတ်သိပ်ရမှန်း မသိ ဖြစ်နေမိသည်။

ထိုသို့သွားရင်းနှင့် တဝေါဝေါမြည်နေသော ရေသံကို ကြားလာရပြီးလျှင် ကျွန်ုပ်တို့သည် ရေတံခွန်တခုအနီးသို့ ရောက်လာသည်ကို သတိပြုမိ၏။ ရေကျသံနှင့် တဖြည်းဖြည်း နီးကပ်လာပြီးနောက် ကျွန်ုပ်တို့သည် ရေတံခွန်ကြီးတခုကို ရှေ့၌ တွေ့ရလေသည်။ ရုတ်တရက်ဆိုလျှင် ရေတံခွန်ရှေ့က ကာဆီးနေပြီဖြစ်၍ ရှေ့ဆက်မသွားနိုင်တော့ဟု ထင်မှတ်မိ၏။ သို့ရာတွင် ရေတံခွန်ကြီးသည်ပင် ကျွန်ုပ်တို့ သွားကြရမည့် လမ်း၏ တံခါးဖြစ်နေလေသည်။ ကျွန်ုပ်တို့သည် ရေတံခွန်ကြီးကို အောက်ဖက်မှ ကွေ့၍ ရေတံခွန်အောက်သို့ ရောက်သောအခါ လိုဏ်ဂူတခု၏ အဝင်အဝကို တွေ့ကြရလေသည်။

ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ်အား လှည့်ကြည့်၍ စကားစပြောလေသည်။

"ဒီဂူဟာ သူတော်စင်တွေ တရားအားထုတ်ရာ နေရာဖြစ်တယ်။ ဒီဂူထဲမှာ သူတော်စင်များ သီတင်းသုံးနေကြတယ်။ ဒီနေရာမှာ သူတို့ သီတင်းသုံးနေခဲ့တာ နှစ်ပေါင်း အတော်ကြာခဲ့ပါပြီ"

"ဘယ်လိုရည်ရွယ်ချက်နဲ့များ ဒီလောက် နှစ်ရှည်လများ ဒီနေရာမှာ လာပြီးတော့ တရားကျင့်နေကြပါသလဲ"

"သင့်ကို ပြောပြရရင် သဘောပေါက်ချင်မှ ပေါက်အုံးမယ်။ ဒါပေမယ့် တနေ့ကျတော့ ဘယ်လို ရည်ရွယ်ချက်နဲ့ သူတို့ တရားကျင့်နေကြတယ်ဆိုတာ သိနိုင်ဖွယ် ရှိပါတယ်"

ကျွန်ုပ်တို့သည် ဂူထဲသို့ ဝင်ခဲ့ကြသည်။ ရုတ်တရက်ကြည့်လျှင် ဂူထဲ၌ မှောင်မဲလျက်ရှိသည်ဟု ထင်ရသော်လည်း ကျွန်ုပ်တို့ ဝင်သွားသည်မှ အလင်းရောင်သည် ကျွန်ုပ်တို့နောက်သို့ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်လာနေသည်ဟု ထင်ရလောက်အောင် ဂူအဝင်ဝမှာကဲ့သို့ပင် လင်းလျက် ရှိသည်သာမက ရေတံခွန်မှ ရေကျသံကိုလည်း လုံးဝ မကြားရတော့ပေ။ အတော် ဝင်မိသောအခါ အုန်းခံ့ရင့်ရောင် အဝတ်များကိုခြုံ၍ လက်ထဲ၌ မဲနက်နေသော ပုတီးစေ့များ သီထားသော ပုတီးကုံးကို ကိုင်လျက် ပါးစပ်မှလည်း တိုးတိုး ရွတ်ဖတ်နေကြသည့် ပုဂ္ဂိုလ်များကို တွေ့ရ၏။ သူတို့သည် အိန္ဒိယပြည် အနှံ့အပြား တွေ့နေရသော ဆာဒူးများနှင့် မတူပဲ သန့်သန့်ပြန့်ပြန့် ရှိကြသည်။ ခေါင်းတွင်လည်း ကိုယ်တွင်ဆင်ထားသော ဝတ်ရုံနှင့် တရောင်တည်းသော အဝတ်ကို ပတ်ထားလေသည်။ တဦးနှင့် တဦး ထိုင်နေသော နေရာမှာလည်း အတော်ပင် လှမ်းလှမ်း ရှိလေသည်။ ဂူအတွင်း သူတော်စင် ပေါင်း သုံးဆယ် မျှကို ဖြတ်ကျော် လာခဲ့ပြီးနောက် တဖက်ဂူပေါက်ဝကို လှမ်းမြင်ရလေသည်။ ဂူပေါက်ဝမှ ထွက်သောအခါတွင်ကား သာယာလှသော ရေကန်ကြီး တခုကို တွေ့ရလေသည်။ ရေကန်ကြီး တဖက်တွင် မြင့်မား၍ တောင်ထိပ်များတွင် ဆီးနှင်းများ

အုပ်ထားရာ ထိုရှုခင်းကို မြင်ရသည်နှင့် ကျွန်ုပ်၏စိတ်ထဲ၌ ထူးထူးခြားခြား ကြည်လင် ချမ်းမြေ့လာသည်ကို သတိပြုမိ၏။

ကျွန်ုပ်တို့သည် ရေကန်ကြီး၏ ကမ်းနဖူးမှ ဖြူဖွေး၍ ငွေရောင် တလက်လက် ထနေသော သဲပြင်ကို လျှောက်သွားရပြန်လေသည်။ စိမ်းလန်းနေသော သစ်ပင်ကြီးများမှာလည်း ကမ်းနဖူးကို အရိပ်ပေးလျက် ရှိသည့်ပြင် သစ်ရွက်ခြောက်ဟူ၍ တခုတလေမျှပင် မတွေ့ရသောကြောင့် သစ်ပင်ကြီးများသည် တချိန်လုံး ညှိုးရော်သည်မရှိ ပကတိ အစဉ်အမြဲ စိမ်းလန်းနေလေသလော ဟုပင် ထင်မိ၏။

သစ်ပင်ကြီးများအောက်တွင် အေးမြသောလေ တဟူးဟူး တိုက်ခတ်လျက် ရှိသည်။ သစ်ပင်များပေါ်တွင်လည်း ကျေးငှက် အပေါင်းသည် တကိုင်းမှ တကိုင်းသို့ ကူးယှက်ပျံသန်းရင်း ဘာသာဘာဝ အသံတစာစာ ရွှင်မြူးနေကြသည်။ ဥဒေါင်းကြီးများမှာလည်း အမြီးအတောင် ဖြန့်လျက် နေရောင်နှင့် တောက်ပစွာ တောတန်းကြီးကို ကျက်သရေတိုးစေသည်။ သူတို့လောက် ကြီးမားသော ဥဒေါင်းမျိုးကို ကျွန်ုပ်မှဆိုးတသက်တွင် မတွေ့ရဖူးသေးပါ။

လူသူမနီး တောကြီးများထဲ၌ နေရသော်လည်း သူတို့သည် ယဉ်ပါး နေကြသည်မှာ လည်း အံ့သြစရာပင် ကောင်းလှပါသည်။ တောတန်းတလျှောက် အသင့်တင့် သွားမိသောအခါတွင်ကား တောင်စောင်းမှ ဂူကြီးတခုကို တွေ့ရ ပြန်သည်။ စောစောကဂူထက် ကြီး၍ ဂူဝ၌ လူတကိုယ်သာ ဝင်နိုင်သော နေရာကို ကျောက်တုံးကြီး ကာထားသည် ဖြစ်၍ ကွေ့၍ ဝင်ရ

လေသည်။ အတွင်း၌ကား အပြင်ဖက်မှ မြင်ရစဉ်က ထင်မိသည်ထက်ပင် ကျယ်ဝန်း၍ လူပေါင်း နှစ်ရာ သုံးရာလောက်နေနိုင်လိမ့်မည်ဟု ထင်ရပါသည်။ ပတ်လည် နံရံများမှာလည်း ချောမွေ့နေလျက် မှန်ရောင်ထနေပြီးလျှင် ရေခဲတုံးကြီးများနှင့် ကာရံ အုပ်မိုးထားသည်ဟုပင် ထင်ရလောက်အောင်တောက်ပနေလေရာ အလင်းရောင် ဝင်လာသည့်နေရာကို လိုက်လံ ရှာဖွေကြည့်သော်လည်း မတွေ့ရသောအခါ အတော်ပင်အစဉ်းစားရ ကြပ်နေမိသည်။

"ကျွန်ုပ်တို့ အကျင့်တရား အားထုတ်ကြတဲ့ နေရာကိုတော့ရောက်ပါပြီ"ဟု ယောဂီပုဂ္ဂိုလ်က ပြောပြီးနောက် "ကဲ၊အနားယူလိုက်ပါအုံး။ သင်လဲ ဆာနေရော့မယ်။ ကျွန်ုပ် သစ်သီးများ ယူလာခဲ့မယ်။ ဒီနေရာမှာတော့ သစ်သီးများ အလျှံပယ် ပေါပါတယ်"ဟု ပြုံး၍ ကျွန်ုပ်အား အစားအသောက်အတွက် စိုးရိမ်မှု မရှိစေရန် အားပေးလေသည်။

ကျွန်ုပ်သည် မြက်ဖျာငယ်တခုကို ဆွဲယူ၍ ထိုင်ပြီး အပန်းဖြေနေစဉ် ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ်၏ ရှေ့တည့်တည့် နံရံဆီသို့လျှောက်သွားပြီးလျှင် တန်တိုင်းနံရံကို လက်နှင့် တွန်းလိုက်သည်။ ထိုမှပင် ယောဂီပုဂ္ဂိုလ် ကိုင်လိုက်သော နေရာသည်တံခါးနေရာ ဖြစ်သည်ကို တွေ့ရပြီးလျှင် ထိုတံခါးပေါက်မှဝင်သွားသည်။ မိနစ်အနည်းငယ် အကြာမှာပင် ပြန်ထွက်လာရာကြေးဗန်းတခုထဲ၌ ငှက်ပျောသီးများ၊ စပျစ်သီးများ၊ သခွားသီးများ၊ ပန်းသီးများ အပြည့်ထည့်၍ ကျွန်ုပ်ထံ ယူလာပြီး

လျှင် ကျွေးမွေးသည်။ ကျွန်ုပ်သည် လတ်ဆတ်သော သစ်သီးများကို အားပါးတရ စားရင်း

"ဒီနေရာအကြောင်းကို တဆိတ် ပြောပြပါ" မေးမြန်းမိသည်။

"ကျွန်ုပ်ကဲ့သို့သော ယောဂီပုဂ္ဂိုလ်များ ဗုဒ္ဓတရားများကို ကျင့်ကြံ အားထုတ်ကြတဲ့ နေရာ ဖြစ်ပါတယ်။ ဟိမဝန္တာတောင်များရဲ့အလယ်မှာ အခု ကျွန်ုပ်တို့ ရောက်နေပါတယ်။ ဒီနေရာကနေပြီးတော့ ကျွန်ုပ်တို့မှာ လူသားအားလုံး တောနေတိရစ္ဆာန်တွေအားလုံးအတွက် မေတ္တာပို့ကြပါတယ်။ အားလုံးချမ်းချမ်းသာသာနဲ့ ကောင်းမှုများ ကို တသက်တာတွင် ဆောင်ရွက် နိုင်သွား ပြီး တော့ ဘဝတပါး ပြောင်းသွားတဲ့ အခါများမှာ မြင့်မြတ် ကောင်းမွန်တဲ့ နေရာသို့ ရောက်စေဖို့ပါ။ အခု သင့်ကို ကျွန်ုပ် ခေါ်လာခဲ့ရတဲ့ အကြောင်း ဆိုရင်လဲ သူတပါးကို သတ်ဖြတ်နေတဲ့အလုပ်ကို စွန့်ပြီးရင် ကျွန်ုပ်တို့လိုပဲ ဗုဒ္ဓရဲ့တရားများကို သဘောပေါက် နားလည်ပြီးတော့ ကျွန်ုပ်တို့နှင့်အတူ နေနိုင်မယ့် ပုဂ္ဂိုလ်တဦးဖြစ်လို့ ခေါ်လာခဲ့ရတာပါ"

ကျွန်ုပ်သည် သစ်သီးများကို စားနေရင်းက တအံ့တသြဖြစ်နေမိသည်။

"အခု အံ့သြရပေမယ့် သင် အလိုအလျောက် တဖြေးဖြေး စိတ်ဝင်စားလာမှာပါ။ ဒီနေရာမှာ ပျော်သလောက်နေပါ။ သင့်နေရာကို ပြန်မယ်ဆိုရင် ကျွန်ုပ် လမ်းပြလိုက်ပါ့မယ်။ ကြောက်စရာ စိုးရိမ်စရာ မရှိပါ"

ကျွန်ုပ်မှာ ထိုအချိန်ထိ ယောဂီ ပုဂ္ဂိုလ်များနှင့်အတူ နေထိုင်ရန် စိတ်မကူးမိသေးပေ။ သို့ရာတွင် အစဉ်သဖြင့် ထူးခြား အံ့ဩဖွယ်ရာများကိုသာ တွေ့ကြုံ နေရသော ကြောင့် မည်သို့သော ပညာရပ်များကို လိုက်စား လေ့လာနေသော ပုဂ္ဂိုလ်များ ဖြစ်သည်ကိုကား သိလို စုံစမ်းလိုသည့် ဆန္ဒ ရှိခဲ့သည်။

သို့နှင့် တဖြည်းဖြည်း မိုးချုပ်လာသောအခါတွင် ကျွန်ုပ်အား ရေကန်တွင် ရေချိုးလိုက ချိုးနိုင်ပါသည်ဟု ယောဂီ ပုဂ္ဂိုလ်က ညွှန်ကြားသဖြင့် ရေကန်သို့ဆင်း၍ ရေချိုးရလေသည်။ ရေကန်မှ ရေချိုးပြီးသော အခါတွင် ကျွန်ုပ်သည် စိတ်ရောကိုယ်ပါ ပေါ့ပါးသွားသည်ဟု ထင်မိသည်။ ကျွန်ုပ်၏ အသားများမှာ မာကြောလာပြီးလျှင် အားခွန်ဗလ တိုးတက်လာသည်ဟုလည်း ယုံကြည်သလိုလို ဖြစ်လာရသည်။


· ကျွန်ုပ်၏ အဝတ်အစားများမှာ ရေစိုနေသဖြင့် ယောဂီ ပုဂ္ဂိုလ်က အနုန်းခံ့ရင့်ရောင် အဝတ်တစုံကို ပေးလေသည်။ ကျွန်ုပ်သည် ထိုဝတ်စုံကို ဝတ်ရသော အခါ နွေးလာသည်။

ပြင်ဖက်၌ မှောင်စပျိုးနေသော်လည်း ဂူတွင်း၌ကား လင်းနေလေသည်။ နံရံများမှပင် အရောင်များထွက်၍ အလင်းရောင်ပေးနေသလားဟု ကျွန်ုပ်အဖို့ ပို၍ အံ့ဩရပြန်သည်။ ထိုအချိန်တွင် ယောဂီပုဂ္ဂိုလ်များသည် တဦးပြီးတဦး ဂူတွင်းသို့ ဝင်ရောက်လာကြပြီးလျှင် တင်ပလ္လင်ခွေထိုင်၍ လက်တွင် ပုတီးများကို ကိုင်ရင်း ရွတ်ဖတ်သရဇ္ဈာယ်နေကြသည်။ တဦးစ နှစ်ဦးစ ဝင်ရောက်လာကြခြင်းဖြင့် ဂူတွင်း၌ ယောဂီပုဂ္ဂိုလ်

များ ပြည့်လျက် ရှိပြီ။ ထိုပုဂ္ဂိုလ်များသည် မည်သည့် နေရာ၌ နေ၍ မည်သည့်နေရာမှ လာကြလေသနည်း။

ဂူအနီးအနားတဝိုက်၌လည်း နေရာထိုင်ခင်း အဆောက်အအုံများ မတွေ့ရပဲလျက် ယောဂီပုဂ္ဂိုလ်များ၊ အဝတ်ဖြူများ ဝတ်ထားသော သူတော်စင်များ၊ မုတ်ဆိတ်နှုတ်ခမ်းမွေးနှင့် အညိုရောင် အင်္ကျီရှည် ခေါင်းပေါင်းကြီးများ ဝတ်ဆင်ထားသော ပုဂ္ဂိုလ်များသည် ညဖက်တွင် ဘယ်အရပ် ဘယ်ဒေသမှ ထွက်ပေါ်လာကြ၍ ထိုဂူကြီးထဲသို့ ရောက်လာကြသနည်း။ အချို့သည် စောစောက ကျွန်ုပ်အတွက် သစ်သီးများယူရန် ကျောက်တံခါးကြီးကို တွန်းဖွင့်၍ ယောဂီပုဂ္ဂိုလ်ဝင်သွားသော ဂူတံခါးထဲသို့ ဝင်သွားကြလေသည်။ အချို့မှာလည်း ပြန်ထွက်လာကြသည်။ ကျွန်ုပ်သည် ကြုံ့ကြုံ့ ရုံ့ရုံ့ထိုင်၍ ယောဂီပုဂ္ဂိုလ်အား စောင့်နေ၏။ အတန်ကြာသော အခါ ယောဂီပုဂ္ဂိုလ် ရောက်လာ၍ ကျွန်ုပ်အား ခေါ်ပြီးလျှင် ထိုတံခါးဝဆီသို့ သွားကာ ဂူထဲသို့ ဝင်လေသည်။





# ထူးမြတ်သော ဆုလာဘ်

ဂူမကြီးနှင့် ဆက်လျက်ရှိသော တဖက်ဂူတွင်းသို့ ဝင်မိသောအခါ၌ကား ကျွန်ုပ် မျက်စိကို ကျွန်ုပ် မယုံနိုင်လောက်အောင် ပြင်ဆင်ထားသည်ကို မြင်ရလေသည်။ ထိုဂူမှာလည်း မည်သည့်နေရာမှ ရောက်လာသော အလင်းရောင်ကြောင့် လင်းနေသည်ဟု အဖြေရှာမရနိုင်လောက်အောင် တောက်ပလျက် ရှိသည်။ ဂူ၏အလယ်တွင် ပန်းမျိုးစုံဖြင့် မွှမ်းမောက်၍ လှတရပ်သာသာ ရှိသော ပန်းပုံကြီးသည် မျက်နှာလေးဖက် ညီစွာရှိရာ ဘေးပတ်လည်၌ ပန်းအမျိုးမျိုးကို ကြိုးနှင့် သီကုံး၍ အစီအရီ ပတ်ထားသည်ဟု ထင်ရသည်။

ထိုပန်းခုံမြင့်ပေါ်တွင် အနုန်းခံ့ရင့်ရောင် အထည်ကို ခေါက်ထားလျက် ယင်းအပေါ်တွင် တောက်ပနေသော အဖုံးမပါ

သော ကျောက်အိုးတလုံး ရှိလေသည်။ ထိုကျောက်အိုး၏ အနားမှာ သံဓွေဖြင့် အရစ်များ ပြုလုပ်ထားသကဲ့သို့ အရစ်များကို တွေ့ရသည်။ ကျောက်အိုးအရွယ်မှာ အိန္ဒိယတွင် လူလေးယောက် တအိမ်ထောင်စာ ထမင်းချက်နိုင်သော ကြေးအိုးအရွယ် ရှိသည်။ ပန်းပေါင်းစုံ၏ ရနံ့ကြောင့် ဂူတွင်း၌ တသင်းသင်း မွှေးကြိုင်လျက်ရှိသည်။ ရွှေဖြင့် လုပ်ထားလိမ့်မည်ဟု ထင်ရသော လင်ဗန်းကြီးတခုကို ပြာလဲ့လဲ့ အရောင်တောက်ပနေသော ကျောက်တုံးကြီးတခုပေါ်တွင် တင်ထားရာ ထိုကျောက်တုံးကို အဖိုးဖြတ်နိုင်ရန် ခဲယဉ်းလိမ့်မည်ဟု ထင်မိသည်။ လင်ဗန်းထဲ၌ကား လတ်ဆတ်သော သစ်သီးမျိုးစုံ အပြည့်ထည့်ထားလေသည်။

ယောဂီပုဂ္ဂိုလ်သည် လက်ဝါးနှစ်ခုကိုယှက်၊ ဦးခေါင်းကို ငုံ့ကာ ငုံ့ကာနှင့် ဝတ်ပြုလေရာ ကျွန်ုပ်သည်လည်း သူပြုလုပ်နေသကဲ့သို့ပင် အလိုအလျောက် ပြုလုပ်နေမိလျက်သား ဖြစ်နေ၏။

"ကျွန်ုပ်တို့ အားလုံး ကိုးကွယ်တဲ့ ဘဂဝမ်ဗုဒ္ဓရဲ့ ပစ္စည်းတွေဖြစ်တယ်။ ဘဂဝမ်ဗုဒ္ဓရဲ့ ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက် ကိုးကွယ်ခဲ့တဲ့ ဘုန်းတန်ခိုးကြီးတဲ့ မင်းများ မရှိတဲ့အတွက် ကျွန်ုပ်တို့ စောင့်ရှောက် ကိုးကွယ်နေကြရတယ်။ ဘဂဝမ်ဗုဒ္ဓ သုံးစွဲခဲ့တဲ့ ပစ္စည်းများဟာဆိုရင် ဘဂဝမ်ဗုဒ္ဓ မရှိတဲ့နောက်မှာ ထောင်ပေါင်းများစွာသော သတ္တဝါတို့ကို ဒုက္ခအထွေထွေမှ ကယ်ဆယ်ခဲ့ပြီ။ ဒါပေမယ့် လူတွေဟာ အလိုရမက် ကြီးလာကြတယ်။ ဘဂဝမ်ဗုဒ္ဓကို မေ့သွားကြတယ်။

ဘဂဝမ်ဗုဒ္ဓရဲ့ ပစ္စည်းများကို လောဘကြီးတဲ့ လူတွေဆီမှာ ထားရင် သူတို့အပြစ်နဲ့ သူတို့သာဒုက္ခရောက်မှာစိုးလို့ ကျွန်ုပ်တို့က ထိန်း သိမ်း ထား ရ တယ်။ ဘဂဝမ်ဗုဒ္ဓ ပစ္စည်းကို သင် ပင့်ချီကြည့်စမ်းပါ”

ယောဂီပုဂ္ဂိုလ်သည် ကျောက်အိုးကို ပင့်ချီရန် ပြောသဖြင့် ကျွန်ုပ်သည် ပန်းခုံအနီးသို့ ရွှေ့သွား၍ ပင့်ချီ ကြည့်သည်။ လေးလံလိမ့်မည်ဟု မထင်မိသော်လည်း တင်ထားရာ အဝတ်ပေါ်မှ အနည်းအကျဉ်းလောက်ပင် မကြွချေ။ ကျွန်ုပ် လှည့်ကြည့်သောအခါ၌ ယောဂီပုဂ္ဂိုလ်သည် ပြုံးလျက် ရှိသည်။

“ကဲ၊ ဒါဖြင့် သင် ကတိပေးပါ။ အားလုံးသော သတ္တဝါတွေကို မသတ်ဖြတ်တော့ပါ၊ မုဆိုးဘဝကိုလဲ စွန့်ပါတော့မယ်၊ ကမ္ဘာကြီးအတွင်းမှာရှိတဲ့ သက်ရှိသတ္တဝါများအားလုံး ချမ်းသာပါစေ၊ ဒုက္ခဆင်းရဲ မဖြစ်ကြပါစေနဲ့လို့ မေတ္တာစကားပြောပါ။ ကဲ၊ ပြောပြီးတဲ့နောက်မှာ ပင့်ချီကြည့်အုံးပေါ့။ ကဲ၊ ကဲ။ စိတ်ထဲကလဲ တကယ်ပဲ ကောင်းသော တရားကို ဆောက်တည် ကျင့်သုံးပါ့မယ်လို့ တခါထဲ သန္နိဋ္ဌာန် ချထားလိုက်ပါ”

ကျွန်ုပ်စိတ်သည် ထူးခြားသော ကြည်နူးမှုကို ခံစားရင်း အေးချမ်းငြိမ်သက်နေလေသည်။ ထိုသို့သော အဖြစ်မျိုးနှင့် ယခင်က မကြုံခဲ့ရသည်ကိုလည်း ကောင်းစွာ သတိပြုမိပါသည်။ ကျွန်ုပ်စိတ်ထဲမှ နှစ်နှစ်ကာကာ စိတ်ပါစွာနှင့်ပင် ယောဂီပုဂ္ဂိုလ် သင်ပေးသည့်အတိုင်း ကတိပြုပါသည်။ ထိုနောက် ဦးခေါင်းငုံ့ကာဖြင့် ကျောက်အိုးကို ချီမပြန်သည်။ ထိုအခါ

တွင်ကား အထည်ပေါ်မှ ထူးဆန်းစွာ ကျွန်ုပ် လက် ထဲ သို့ ပါလာရာ ကျောက်အိုးကို ချီမနေရသည်နှင့်ပင် မတူပဲ ပေါ့ ပါးလှပါသည်။

ကျွန်ုပ်သည် ကျောက်အိုးကို ဦးခေါင်းပေါ်တွင် တခဏမျှ တင်မိပြီးမှ ခင်းထားသော အထည်ပေါ်သို့ ပြန်ချသည်။ ဦး ခေါင်းကို ညွတ်၍ အရိုအသေပြုပါသည်။

"ကဲ၊ သင့်ကတိကတော့ အောင်မြင်ပြီ။ သင့်ညာလက်ဖြင့် အထဲမှာ စမ်းယူလိုက်ပါ။ သင့်အတွက် တသက်တာ ကောင်း စွာသောအကျင့်ကို ကျင့်နိုင်ရန် ဆုရတန်ကောင်းပါရဲ့"

ကျွန်ုပ်သည် ကျောက်အိုးထဲသို့ညာလက်ကိုချ၍ရှာရာ တစုံ တခုသော ပစ္စည်းကိုတွေ့၍ ယူထုတ်လိုက်သောအခါ၌ကား မဲ နက်နေသော ပုတီးလုံးများ သီထားသည့် ပုတီးကုံးတခုကို ရရှိ လေသည်။ စောစောက ထိုကျောက်အိုးကို ချီမကြည့်စဉ် ဘာမျှမတွေ့ရပါပဲလျက် ပုတီးတကုံး ထွက်ပေါ်လာသည်ကို တွေ့ရသဖြင့် အံ့ဩရပြန်သည်။

"အင်း၊ သင့်အတွက် ကောင်းသောဆုလာဘ်ဖြစ်ပေတယ်။ ထိုပုတီးဖြင့် ဘဂဝမ်ဗုဒ္ဓရဲ့ ကြီးမားမြင့်မြတ်လှသော တန်ခိုး တော်များကို ထိုပုတီးစိတ်ရင်း ဆင်ခြင်ပါ။ ဗုဒ္ဓရဲ့ တန်ခိုး တော်များမှာသာ အာရုံထားပါ။ စိတ်ကို ထွေထွေရာရာသို့ မပြန့်ပါစေနှင့်"

ယောဂီပုဂ္ဂိုလ်သည် လက်ယှက်၍ ဦးခေါင်းကိုငုံ့လျက် အရို အသေ ပြုပြန်သည်နှင့် ကျွန်ုပ်သည်လည်း အရိုအသေပြုရန်

သတိရပြီးလျှင် ယောဂီပုဂ္ဂိုလ်နည်းတူ အရှိအသေပြု၏။ ထိုနောက် ကျွန်ုပ်တို့သည် ထိုနေရာမှ ထွက်ခဲ့၏။ ဂူမကြီးအတွင်းသို့ ပြန်ရောက်သောအခါတွင် ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ်အား ဂွမ်းစောင်တခု ခင်းထားသော နေရာကို ပြ၍ ထိုနေရာ၌ အိပ်နိုင်ကြောင်း၊သို့သော် မအိပ်မီ ဗုဒ္ဓ၏ တန်ခိုးတော်များကို ပုတီးစိတ်၍ အောက်မေ့ရန်မှာကြားလျက် ဂူပြင်သို့ ထွက်သွားတော့သည်။ ဂူတွင်းနေရာအချို့တွင် ၁၀ ဦးမျှလောက် ရှိမည်ထင်ရသော ယောဂီပုဂ္ဂိုလ်တို့သည် တင်ပလ္လင်ခွေထိုင်၍ ဆိတ်ငြိမ်စွာ ပုတီးများ ကိုင်လျက် ရှိလေသည်။ ကျွန်ုပ်သည် ထိုညအဖို့ ကျွန်ုပ်တွေ့မြင်နေရသော ထူးဆန်းအံ့သြဖွယ်ရာများသည် ဗုဒ္ဓတန်ခိုးတော်ကြောင့် ဖြစ်ပေါ်နေသည်ကို အဖန်တလဲလဲ ပုတီးစိတ်ကာ အောက်မေ့နေသည်မှာ မည်မျှ ကြာသွားသည် မသိ။တဖြည်းဖြည်းနှင့် ကျွန်ုပ်၏ တကိုယ်လုံးပင် ပျောက်သွားသည်ဟု ထင်နေမိပါသည်။ တခါတခါ စိတ်လွင့်သွား၍ မျက်လုံးဖွင့်ကြည့်သောအခါတွင် တောက်ပကြည်လင်၍ တရွေ့ရွေ့သွားနေသော ကြယ်ကြီးများနှင့် တူသည့် အရောင်လုံးများသည် ဂူတွင်းသို့ ဝင်လာလျက် ပျောက်ကွယ်သွားသည်ကိုလည်း တွေ့ရပေသည်။တခါတခါ၌ကား ဝင်းဝင်းလက်လက် အရောင်လုံးများသည် မြေပေါ်သို့ သွယ်တန်းဆင်းလာလျက် ပျောက်ကွယ်လေသည်။ ကျွန်ုပ်၏ ပတ်ဝန်းကျင်၌ကား ထူးထွေဆန်းပြားသော အရာများကိုသာ မြင်နေရသည့်အပြင် တန်ခိုးရှင်များ အနေနှင့် ကျွန်ုပ်အား ပြသနေသည်ဟုပင် ထင်ပြီးလျှင် ကြောက်လန့်ချောက်ချားမှု ကင်းနေလေပြီ။

ထိုည တညလုံး လိုလိုပင် ကျွန်ုပ်သည် ပုတီးကိုကိုင်ရင်း ပတ်ဝန်းကျင်၌ တွေ့မြင်နေရသော ထူးဆန်း၍ ရှုမငြီးဖွယ်ရာသော ရှုခင်းတွင် အာရုံစူးစိုက်နေမိသည်။ တခါတခါတွင် အလွန်မွှေးကြိုင်သော ရနံ့များသည် ဂူအတွင်းဝယ် ပျံ့နှံ့လျက်ရှိရာ မည်သည့် ပန်းရနံ့မျိုး ဖြစ်သည်ကို ကျွန်ုပ် ဝေခွဲမရနိုင်ခဲ့ပေ။ ယောဂီပုဂ္ဂိုလ် တဦးစ နှစ်ဦးစ ဝင်လာလိုက် ပြန်ထွက်သွားလိုက်နှင့်။ စောစောက ကျွန်ုပ်တို့ဝင်ခဲ့သော ကျောက်ဖျာတံခါးကြီးမှာ ပွင့်လျက်ပင် ရှိသေးသည်။ အတန်ငယ် ညဉ့်နက်စပျိုးသောအချိန် ရောက်လာသောအခါ တရားစာများ ရွတ်ဆိုသံကြားရသည်။ ပထမတွင် တစုံတယောက်သောသူ၏ အသံတသံသာ ကြားရသော်လည်း အသံပေါင်းများစွာ ကြားလာရသည်။ ထိုအသံများမှ 'ဘဂဝမ်' 'ဘဂဝမ်' ဟူသော စကားလုံးကိုသာ ကျွန်ုပ်နားထဲ၌ စွဲကျန်လျက် ရှိခဲ့၏။ ဗုဒ္ဓ၏ ဂုဏ်ပုဒ်များကို ကျူးရင့်နေသော အသံများ ဖြစ်လိမ့်မည်ဟုလည်း ကျွန်ုပ် နားလည်မိပါပြီ။ ထိုနေရာသည် အင်မတန်မှ အေးချမ်းဆိတ်ငြိမ်၍ နှစ်လိုဖွယ်ကောင်းသောနေရာပါတကားဟု ကျွန်ုပ်စိတ်၌ စွဲမြဲယုံကြည်လျက် ရှိပါပြီ။ စောစောက လင်းလျက်ရှိသော ဂူအတွင်း၌ အလင်းရောင်မှာ ဖျော့တော့လာသည်။ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပြခါနီးသောအခါ တစစ အလင်းရောင်ကို ရုပ်သိမ်းပေးသလို ဖြစ်သည်။ သို့ရာတွင် လုံးဝမှောင်မဲသွားသည့် ပုံစံမျိုး မဟုတ်ပါ။ အလင်းရောင် လုံးဝ ကွယ်ပျောက်သွားခြင်းမျိုး မဟုတ်ပါ။

တောက်ပသော ကြယ်များကဲ့သို့ တခုပြီးတခု ဝင်လာသော အလင်းရောင်လုံးများကိုလည်း မတွေ့ရတော့။ ကျွန်ုပ် သည် အသာအယာပင် ဂူမ်းစောင်ပေါ်တွင် လှဲလိုက်လေသည်။ အိပ်ပျော်သွားသလိုလို စိတ်ကတော့ ထင်မိပါသည်။ ကြာမြင့်စွာ အိပ်ရသည်ဟုကား မထင်မိ။ သို့ရာတွင် အိပ်ရေး မဝခဲ့သလိုလည်း မရှိ၊ နိုးလာသောအခါ လန်းလန်းဆန်းဆန်းပင် ရှိနေသည်။

ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ်ထံသို့ ကြေးလင်ဗန်းထဲ၌ မုန့်များထည့်၍ ယူလာသည်။ ထိုဒေသ၏ထောပတ်၊ ပျားရည်နှင့် ဂျုံကိုနယ်၍ မွှေထားသော မုန့်မျိုးဖြစ်သော်လည်း အနံ့မှာ မွှေးကြိုင်နေသည်။ လောလောလတ်လတ် ချက်ပြုတ်ပြီး ယူလာသကဲ့သို့ ပူနွေးနေသည်ကို ကြေးလင်ဗန်း ကိုင်မိသည်နှင့် သတိပြုမိသည်။

ကျွန်ုပ်သည် ကြေးလင်ဗန်းကို အသာပြန်ချ၍ ရေကန်သို့ သွား၍ မျက်နှာသစ်ရန် ဂူဝသို့ ထွက်ခဲ့သည်။ မြူများဖြင့် နေရောင်ခြည်သည် ရောထွေးနေသေးသည်။ လူရိပ် လူခြည်ပင် မတွေ့ရ။ ကျေးငှက်များသာလျှင် အသက်ဝင် ပျံသန်းနေသည်ကို တွေ့ရပါသည်။

ဂူမကြီးတွင်းသို့ ဝင်၍ ကျွန်ုပ်သည် မုန့်များကို စားပြီးသည့်နောက်တွင် ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ်အား လွန်ခဲ့သည့်ညက ခေါ်သွားသော အတွင်းဂူထဲသို့ပင် ခေါ်သွားပြန်သည်။ ထိုဂူအတွင်း၌ပင် ကျွန်ုပ်တို့သည် ကျောက်အိုးယံကို အရိုအသေပြုကြသည်။ ကျောက်အိုးယံ၏ အရောင်မှာ ညအချိန်

မြင်ရစဉ်ကလို မဟုတ်တော့။ ညိုပြာပြာဖြစ်နေသည်။ အရောင်တောက်ပ နေသည်ကိုလည်း မမြင်ရ တော့ပေ။ ခုံမြင့်တွင် ရစ်ပတ်ထားသော ပန်းများမှာလည်း ညတုန်းက တွေ့ရသော ပန်းများ မဟုတ်တော့ပဲ ဆွတ်ဆွတ်ဖြူ နေလေသည်။ ဗန်းထဲတွင် ရှိသော သစ်သီး များကို မတွေ့ရတော့ပဲ ကြေးခွက် များတွင် ထည့်ထားသော မုန့်အမျိုးမျိုးကို တွေ့ရသည်။ ကြေးရေခွက်များက ဘေးတွင် ရံလျက် ဆီဖြင့် မီးစာထည့်၍ ထွန်းရသော ရှေး ကြေးမီးခွက် များတွင်လည်း မီးလင်းလျက် ရှိလေသည်။

"ကျွန်ုပ်တို့ အားလုံး မနက်တိုင်း ဗုဒ္ဓဘဂဝမ်ကို ပူဇော်ကြတယ်။ ကျွန်ုပ်တို့သာ မဟုတ်ဖူး၊ ဒီနေရာကို လာနိုင်တဲ့ ပုဂ္ဂိုလ်အားလုံး ဒီလိုပဲ လာပြီးတော့ ပူဇော်ကြတယ်။ ခု မြင်ရတဲ့အတိုင်း မုန့်နဲ့ လာကန်တော့တဲ့ ပုဂ္ဂိုလ် ရှိသလို သစ်သီးတွေ၊ ပန်းတွေ၊ မီးခွက်တွေနဲ့ လာပြီး ပူဇော်ကြတယ်။ ကမ္ဘာမှာရှိတဲ့ သတ္တဝါတွေ ချမ်းချမ်း သာသာ ပျော်ပျော် ရွှင်ရွှင်နေနိုင်အောင် ကျွန်ုပ်တို့ ဆုတောင်းကြတယ်။ ကျွန်ုပ်တို့ အဖို့မှာတော့ ဗောဓိသတ္တ ကြွရောက်လာမယ့် အချိန်ကို စောင့်နေကြပါပြီ။ ဗောဓိသတ္တ ကြွလာရင် အခု မြင်ရတဲ့ ပစ္စည်းများကို သုံးစွဲပြီးတော့ သတ္တဝါတွေကို တရားပြ သွားပါ လိမ့်မယ်။ ကျုပ်နို့တို့လဲ အဲဒီ အချိန်မှာ ဒီနေရာကို စွန့်သွား တော့မယ်။ ကဲ ကျွန်ုပ်တို့ ပူဇော်ကြရအောင်"

ဂူတွင်း၌ တရက်နှင့် နှစ်ည နေခဲ့ရပြီးသည့်နောက် ကျွန်ုပ်သည် အာမစ်တို့ထံပြန်၍ အကျိုးအကြောင်း ပြောပြလိုကြောင်းနှင့် ယောဂီ ပုဂ္ဂိုလ်အား ပြော၍ ခွင့်တောင်းလေသည်။ ယောဂီ ပုဂ္ဂိုလ်ကလည်း ခွင့်ပြုသည်။ ကျွန်ုပ်အဖို့ကား ထိုမျှ အေးချမ်း သာယာလှသော စိတ်နှလုံး ဖြူစင်သော ပုဂ္ဂိုလ်များ နေရာ၌ ထိုပုဂ္ဂိုလ်များ၏ သွန်သင်ဆုံးမသည်ကို နာယူရင်း ဗုဒ္ဓ၏ အလို ဆန္ဒအတိုင်း သတ္တဝါ အပေါင်းတို့ ချမ်းသာစေရန် မေတ္တာပို့ ရင်းပင် ကျွန်ုပ် ဘဝကို ကုန်ဆုံးစေတော့မည်ဟု ဆုံးဖြတ်ပြီး ဖြစ်ပေသည်။ တောလိုက် မုဆိုးဘဝနှင့် ထိုမျှလောက်သော အချိန်များကိုကုန်လွန်စေခဲ့သည်ကိုပင် ကျွန်ုပ်သည် နှမြောမဆုံး ရှိသည်သာမက သတ္တဝါများကို သတ်ဖြတ်ခဲ့ရင်း ကျွန်ုပ်၏ ကိုယ်ကို အင်အားပြည့်ဖြိုးစေခဲ့သော မကောင်းမှုများအတွက် နောင်တရရင်း ကျွန်ုပ်အဖို့ အကောင်းဆုံးမှာ ကောင်းမှုများ ပြုလုပ်ရင်းနှင့် သူတော်သူမြတ် များ၏ အစေ အပါး အလုပ် ခဲ့အကျွေးဆေးပေးမီးယူလုပ်နေခြင်းသည်သာလျှင် ကျွန်ုပ်လုပ် သော မကောင်းမှုများ၏ ပြေပျောက်ရာ ပြေပျောက်ကြောင်း ဖြစ်သည်ဟု ယုံကြည်နေမိသည်။ ကျွန်ုပ်သည် မုဆိုးဘဝကို စွန့်လိုက်ပြီဟု ဆုံးဖြတ်ပြီးပါပြီ။ ကျွန်ုပ်သည် ကျွန်ုပ် ရရှိနေ သော အငြိမ်းစား လစာနှင့်တကွ ကျွန်ုပ်ပိုင် ငွေနှင့် ပစ္စည်း များကို အာမစ်တို့ မိသားစုအား လွှဲအပ်ပေးခဲ့ရန် ဆန္ဒလည်း ပေါ်နေခဲ့သည်။ ကျွန်ုပ်သည် ပစ္စည်း ဥစ္စာ များကို မက်မော ခြင်း မရှိတော့ပြီ။

ထိုအကြောင်းများကို ယောဂီပုဂ္ဂိုလ်အား ပြောပြသော အခါတွင် ကောင်းပေစွ ကောင်းပေစွဟု ဦးခေါင်းကို ညိတ်ကာညိတ်ကာနှင့် နားထောင်လျက် ရှိလေသည်။

အာမစ်တို့ မိသားစုအား 'ကျွန်ုပ်၏ဆန္ဒကို ပြောပြခဲ့မည်။ ကျွန်ုပ်၏အကိုဖြစ်သူ ကျွန်ုပ်အား စုံဝမ်းလာသော အခါ၌လည်း ကျွန်ုပ်သည် အကို သံသယကင်းလေအောင် စာတစောင် ရေးပေးခဲ့မည်။ ထိုစာကို တွေ့သောအခါတွင် သူလည်း ကျွန်ုပ်၏ ဆန္ဒကို သိရှိ၍ ခွင့်ပြုပြီး ဖြစ်ပါလိမ့်မည်။ ထိုသို့ အားလုံးသော ကျွန်ုပ်၌ ငြိတွယ်နေသော သံယောဇဉ်များကို ဖြတ်ပြီးသည့်နောက်တွင် ကျွန်ုပ်အဖို့မှာလည်း ကင်းကင်းရှင်းရှင်းနှင့် ယောဂီပုဂ္ဂိုလ်များနှင့် အတူတကွ နေထိုင်သွားတော့မည်။

ကျွန်ုပ်၏ ဆန္ဒအရ ယောဂီ ပုဂ္ဂိုလ်နှင့်အတူ လာရောက်နေထိုင်ပါမည်ဟု ဖွင့်ဟ ပြောဆိုသောအခါမှာလည်း ယောဂီပုဂ္ဂိုလ်သည် ဝမ်းမြောက်စွာပင် ခွင့် ပြု ခဲ့ ပါ သည်။ ကျွန်ုပ်ရောက်နေသော ဂူကြီးသည် ဟိမဝန္တာ၏ တောင်စွယ်တခုအောက်တွင် ဖြစ်ထွန်းနေသော ဂူကြီးဖြစ်ရာ ထိုဂူကြီးမှ အနီးဆုံးသော လူနေဒေသသို့ သွားရောက်ရန် မှာ လည်း တစုံတယောက်သော တောကျွမ်းသည့် သူတဦးတယောက်ကသာ လိုက်မပို့ပါက တောင်ကောင်များ ရန်မပြုသည် ထားဘိဦး၊ လမ်းတွင် ယောင်ချာချာ လမ်းမှားလျက် ဒုက္ခရောက်မည်မှာ သေချာလှပေသည်။ ထိုအကြောင်းကို ယောဂီပုဂ္ဂိုလ်အား ပြောပြသောအခါတွင် ယောဂီပုဂ္ဂိုလ်သည် ပြုံးလျက်

"သူတော်စင်ဘဝသို့ ရောက်ခဲ့သူများ ဤနေရာသို့ လာရောက်သည် ဖြစ်စေ၊ ပြန်သည်ဖြစ်စေ မည်သို့မျှ အန္တရာယ်မရှိပါ။ စိုးရိမ်စရာလည်း မရှိပါ။ သူတော်စင်များကို သာမန်မျက်စိနှင့် မမြင်နိုင်ပေမယ့် ဤနေရာသို့ သွားရာ လမ်းတလျှောက်မှာ ရှိနေကြလေတော့ အခက်အခဲ တွေ့နေကြသူများကို တနည်းနည်းနှင့်တော့ ကူညီကြပါတယ်"

ကျွန်ုပ်သည် ယောဂီပုဂ္ဂိုလ် မိန့်ကြားသည့် စကားများကို ကြားရသောအခါတွင် အပြန်ခရီးအတွက် စိုးရိမ်စိတ် မရှိလင့်ကစား ထိုနေရာသို့ ပြန်လာရမည့် ခရီးအတွက် အခက်အခဲ ရှိလိမ့်မည်ဟု စဉ်းစားမိပြန်သည်။ တစုံတယောက်သောသူက ကျွန်ုပ်အား တကူးတကန့် လာ၍ ခေါ်နိုင်ပါမှလည်း ပြန်ရောက်နိုင်မည် ဖြစ်ရာ ထိုနေရာသို့ တဖန် ပြန်လာရမည့် ခရီးနှင့် ပတ်သက်၍လည်း ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ်အား စိုးရိမ်စရာမရှိကြောင်း မိန့်ကြားလေသည်။

"သင် ပြန်လာမယ်ဆိုတဲ့ရက် မနက်မရောက်မီ ညဖက်မှာ သင်ဆောင်ထားတဲ့ ပုတီးကို လက်ဝါးနှစ်ဖက် ယှက်ထားသည့်ကြားထဲတွင် ထဲ့၍ နဖူးပေါ်တင်ပြီးရင် ဗုဒ္ဓကို အာရုံပြု၍ သတ္တဝါများအတွက် ဆုမွန်တောင်းပါ။ ပြီးရင် ကျွန်ုပ်အား စိတ်ထဲမှ အောက်မေ့ပါ။ နံနက်စောစောမှာ သင်ကျွန်ုပ်ကို သွား၍ ရှာခဲ့ဖူးသော ရွာပြင်ဖက်က တဲငယ်သို့ လာခဲ့ပါ။ ကျွန်ုပ် အသင့်စောင့်ခေါ်ပါမည်။ အဖော်ရယ်လို့တော့ ခေါ်မလာပါလေနှင့်"

ကျွန်ုပ်သည် ကောင်းလှပါပြီဟု ဝန်ခံပြီးနောက် ယောဂီ ပုဂ္ဂိုလ်နှင့်အတူ ဂူထဲမှ ထွက်လာခဲ့ကြသည်။ ထိုနောက် ကျွန်ုပ်တို့သည် လာလမ်းအတိုင်းပင် ကန်ကြီးဘေးမှ လာခဲ့ပြီးနောက် တောင်ကြီးကို ဖောက်ထားသော ဂူလမ်းမှ ဝင်ခဲ့ပြီးလျှင် ရေတံခွန်ကြီးရှိရာ ဂူလမ်းထွက်ပေါက်သို့ ရောက်ခဲ့ကြသည်။

"သင် သွားပေတော့။ အရှေ့စူးစူး တဲ့တဲ့သာ သွားပါ။ အဖော်တဦးဦး တွေ့ပါလိမ့်မယ်။ သူက လမ်းပြ သွားနိုင်ပါတယ်"

ကျွန်ုပ်သည် ယောဂီပုဂ္ဂိုလ်အား နှုတ်ဆက်၍ သူ့စကားကို ပုံကြည်စွာနှင့် ရှေ့တည့်တည့် သွားခဲ့လေသည်။ အတန်ကြာသွားမိသောအခါ ကျွန်ုပ်ရှေ့မှ အဝတ်ဖြူဝတ်လျက် နီညိုရောင်အဝတ် ခေါင်း၌ ပတ်ထားသော လူကြီးတယောက်ကို မြင်လိုက်ရသည်နှင့် ခပ်သုတ်သုတ် မီအောင် လျှောက်သွားသောအခါ ထိုလူကြီး လှည့်အကြည့်နှင့် ဆုံမိသည်။ ယောဂီ ပုဂ္ဂိုလ်နှင့် အလာတုန်းက ချောင်းတခုဘေး၌ တွေ့ခဲ့ရသော သူတော်စင်ကြီး ဖြစ်နေတော့သည်။ ယောဂီပုဂ္ဂိုလ် ကြိုတင် မှိန်ကြားလိုက်သော စကားကို သတိရမိပြီးလျှင် သူတော်စင်ကြီးသည်ပင် ကျွန်ုပ်ကို လမ်းညွှန်နိုင်မည်ဟု အားတက်မိလေသည်။

တိုတိုပြောရမည်ဆိုလျှင် ညနေစောင်း၌ ကျွန်ုပ်တို့သည် ချောင်းဘေးရှိ သူတော်စင် တဲယဲသို့ ရောက်ကြ၍ သူတော်စင်သည် ကျွန်ုပ်အား တဲ၌ သိမ်းထားသော သစ်သီးများကို

ကျေးလေသည်။ ထိုနေ့ညအဖို့ သူ့တဲမှာပင် အိပ်စက်ရပါသည်။ နံနက်လင်းသည်နှင့် ကျွန်ုပ်အား နှိုး၍ အဖိုးအိုသူတော်စင်သည် အာမစ်တို့ ရွာထိပ်ရှိ တဲငယ်အရောက် လိုက်ပို့လေသည်။ ကျွန်ုပ်သည် သူတော်စင်အဖိုးအိုအား ကျေးဇူးတင်စကား ပြောခဲ့ပြီးနောက် အာမစ်တို့အိမ်သို့ လာခဲ့သည်။ အသွားတုန်းက ခရီးရှည်လျားသလောက် အပြန်တွင် တညတာနား၍ နှစ်ရက်ခရီးနှင့် တိုတောင်းသော အချိန်အတွင်း ပြန်ရောက်ခဲ့သည်ကပင် ကျွန်ုပ်သည် ယောဂီပုဂ္ဂိုလ် သူတော်စင်များအား ပိုမို ကြည်ညိုနေရပြန်ပါပြီ။

အာမစ်တို့ မိသားစုမှာ ကျွန်ုပ်ကို တွေ့ကြရသော အခါများစွာ အံ့သြဝမ်းသာကြပြီးလျှင် ကျွန်ုပ် ပြန်ရောက်လာသည်ကိုပင် သေရာမှ ပြန်ရှင်၍ ရောက်လာသူတယောက်ကဲ့သို့ မယုံနိုင်လောက်အောင်ဖြစ်နေကြသည်။ ကျွန်ုပ်သည် ယောဂီပုဂ္ဂိုလ်နှင့် တွေ့၍ အသက်မသေပဲ ထူးဆန်း အံ့သြဖွယ်ကောင်းသော သူတော်စင်တို့နေရာ အရပ်သို့ ရောက်ခဲ့ရပုံများကို ပြောပြရင်း မုဆိုးဘဝကိုလည်း စွန့်၍ မြင့်မြတ်သော ဗုဒ္ဓ၏ တရားများကိုပင် သူတော်စင်များနှင့်အတူ ကျင့်ကြံအားထုတ်သွားတော့မည့် အကြောင်း ပြောပြသောအခါ သူတို့အဖို့ သာ၍ပင် အံ့သြဖွယ် ဖြစ်နေပြန်ပါတော့သည်။

ကျွန်ုပ်သည် ယောဂီပုဂ္ဂိုလ်များထံသို့ ပြန်မသွားမီ ကျွန်ုပ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက် အကြောင်းအရာများကို သိကြစေလိုသည့်ပြင် ကမ္ဘာကြီး၏ တခုသော အင်မတန်မှ စိတ်အေးချမ်းဖွယ် သာယာသည့် နေရာတွင် လူသားတို့အား

အစဉ်သဖြင့် ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင်စေဖို့ ကိုယ်ကျိုးမဖက် အများအကျိုးအတွက် ဗုဒ္ဓ၏ တရားကို ကျင့်ကြံအားထုတ်ရင်း ဆုတောင်းပေးနေကြသော ပုဂ္ဂိုလ်များရှိကြောင်းကိုလည်း အမြဲတစေ သတိပြုကြစေလိုသော ဆန္ဒ ရှိပေသတည်း။



"ချစ်သား အနန္ဒာ...။

"ဤကုသိနာရုံပြည်ကို မြို့ကြီးပြကြီး မဟုတ် - သေးငယ်လှစွာသော မြို့ကလေး - ကျတ်တီးကုန်းခင် မြေပြင်မညီသော မြို့ကလေး - သစ်ပင်၌ သစ်ခက်သဖွယ် သေးငယ်လှစွာသော မြို့ကလေးဟု မဆိုနှင့်။ ငါဘုရား မဟာသုဒဿန စကြာမင်းကြီး ဖြစ်စဉ်အခါက ဤနေရာ 'ဤဌာနသည် ကုသဝတီ နေပြည်တော်ကြီး ဖြစ်ခဲ့ဖူးပြီ"

# အင်ကြွင်းရဂုံ ကုသိနာရုံ

ပြုစုရေးသားသူ

## မောင်စိုးမောင် (သာဂရ)

[မြန်မာ့အလင်းအယ်ဒီတာချုပ်]

ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူရာ
ထူးခြားသောနေရာ ဖြစ်လင့်ကစား
နှစ်ပေါင်းများစွာ တိမ်ကောကွယ်ပျောက်ခဲ့ရပြီးနောက်
မည်သူတို့က မည်သို့မည်ပုံ တွေ့ရှိ၍
ပြန်လည်ပေါ်ထွန်းခဲ့သည့် အကြောင်းအရာများကို
ဗုဒ္ဓဝင်ကျမ်း၊ သုတ္တန်ကျမ်းများနှင့်တကွ
အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကျမ်းများမှ
ကောက်နုတ်ချက်များ ထုတ်ယူ၍
စိတ်ဝင်စားဖွယ်
ကြည်ညိုဖွယ်
သတိသံဝေဂရဖွယ် ခရီးသွားမှတ်တမ်းအဖြစ်
ပြုစုထားသည်။

**[သာဂရ စာအုပ်တိုက်မှပင် ဆက်လက်ထွက်လာဦးမည်။]**

မြန်မာ့အလင်း သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ်
လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်ကျော်ကာလမှ
ယနေ့အထိ ဆောင်ရွက်နေဆဲဖြစ်သော
၂၅ နှစ် အချိန်ကာလအတောအတွင်း
တွေ့ခဲ့- ကြုံခဲ့- ဆုံခဲ့- ရင်ဆိုင်ခဲ့ရသော
စိတ်ဝင်စားဖွယ် ဖြစ်ရပ်များနှင့်အတူ

# အယ်ဒီတာချုပ်တဦး၏
# မှတ်စုများ

## မြန်မာ့အလင်းအယ်ဒီတာချုပ်
## မောင်စိုးမောင်(သာဂရ)

**ရေးသားပြုစု မှတ်တမ်းတင်ထားသည့်**
**မြင်ရခဲ့၊ မှတ်ရခဲ့၊ တွေ့ရခဲ့သော စာတအုပ်။**

သတင်းစာများတွင် မပါခဲ့ဖူးသေးသော
သတင်းများ၊ အတ္ထုပ္ပတ္တိများ
ဆောင်းပါးကောက်နုတ်ချက်များ စသည် စသည်ဖြင့်
ပြည့်ပြည့်ဝဝ စုံစုံလင်လင် တင်ပြထားသည်။

**သာဂရ စာအုပ်တိုက်မှ**
ထူးထူးခြားခြား ထုတ်ဝေမည့် စာအုပ်။

